
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဥ ဂုဏ် အဟံ ဝန္ဒာမိ

| | |
|---|---|
| ထုတ်ဝေခြင်း | - ပထမအကြိမ် ၂၀၁၅ ခုနှစ်၊ ဩဂုတ်၊ |
| အုပ်ရေ | - ၅၀၀ အုပ် |
| တန်ဖိုး | - ၁၃၀၀ ကျပ် |
| အဖုံးနှင့်အတွင်းပုံနှိပ်သူ | - ဒေါ်ခင်ချိုချိုမြင့် (ကောင်းဆုအော့ဖ်ဆက်) အမှတ် (၅၂/ခ)၊ ရွှေယင်းမာလမ်း၊ (၁၃) ရပ်ကွက်၊ ရန်ကင်း။ |
| ထုတ်ဝေသူ | - ဦးလှနိုင် (မြိတ်စာပေ) အမှတ် (၆၆)၊ ဗိုလ်ဥတ္တမလမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်။ |
| ဖြန့်ချိရေး | - မြိတ်စာပေ၊ ဖုန်း-၀၉-၇၃၂၄၅၀၄၇ အမှတ်-၂၂၁၊ ၃၁-လမ်း (အထက်)၊ ရန်ကုန်။ |
| စီစဉ်သူ | - ဦးလှနိုင် (မြိတ်စာပေ) ဖုန်း-၀၉-၅၀ ၃၁၀၃၄ |

၃၉၀ • ၂

မင်းစက္က

မြရတနာစေတီ / မင်းစက္က ။ - ရန်ကုန်၊

မြိတ်စာပေ ၊ ၂၀၁၅ ။

၂၃၂ - စာ ၊ ၁၂ × ၁၈ စင်တီ။

မြရတနာစေတီ

# အခန်း (၁)

## မြရတနာစေတီ

နံနက် ဝေလီဝေလင်းအချိန်ဖြစ်၏။ နှင်းမှုန်များက လောကတစ်ခွင်ကို လွှမ်းမိုးမင်းမူနေ၏။ ပတ်ဝန်းကျင်တစ်ခုလုံး နှင်းကျသံ တဖြောက်ဖြောက်မှအပ တိတ်ဆိတ်ငြိမ်သက်လျက်။ ရုတ်တရက် -

'ခွပ် ခွပ် ခွပ်'

စည်းဝါးကျကျထွက်ပေးလာသောမြင်းခွာသံမှာ တဖြည်းဖြည်း ပို၍ ပို၍ ကျယ်လောင်လာသည်။ နှင်းမှုန်များအား ထိုးဖောက်ရွေ့လျားလာသော အမည်းစက်ကလေးတစ်ခုမှာ တဖြည်းဖြည်း ကြီးထွားလာသည်။

ထိုအခါ မြင်းနှစ်ကောင်ဆွဲထားသော မြင်းလှည်းတစ်စီးကို တွေ့မြင်လာရ၏။ မြင်းလှည်းမှာ အလွန်လျင်မြန်စွာ ရွေ့လျားနေလေသည်။

မြင်းလှည်းမောင်းသူမှာ အသက် ၁၅-နှစ်ခန့်သာရှိပြီး

www.burmeseclassic.com



မည့် ကောင်လေးတစ်ယောက်ဖြစ်၏။ အပြာရောင်ပျောက်၍ ဖြူလှလှနီးပါးဖြစ်နေသော အနွေးထည်နှင့် အနားများ စုတ်ဖွာနေပြီဖြစ်သော ဘောင်းဘီပွပွရှည်ရှည်ကို ဝတ်ဆင်ထား၏။

ကောင်လေးသည် ကျာပွတ်တစ်ချောင်းဖြင့် မြင်းနှစ်ကောင်ကို မနားတမ်းလိုလို ရိုက်ခြင်းဖြင့် အရှိန်ပြင်းစွာ မောင်းနှင်နေသည်။ သူသည် ကားလမ်းမကြီးပေါ်သို့ အမြန်ရောက်ရန် စိတ်စောနေမိ၏။

မြင်းလှည်းကို ကားလမ်းမပေါ်သို့ရောက်အောင် မောင်းနှင်ပြီးလျှင် သူ့ထံသို့ ငွေ ၂၀–ကျပ် ရောက်ရှိလာမည် မဟုတ်ပါလော။ (လွန်ခဲ့သော အနှစ် ၂၉–နှစ်ကာလက ဖြစ်၏)။

ငွေ ၂၀–ရမည့်အရေးကို သူ တွေးကာပျော်နေမိ၏။ မြင်းလှည်းခ ၂၀–ပေးမည်ဆိုသော ရဲနိုင်နှင့် အင်ကြင်းအောင်တို့ကို သူ မကြာခဏဆိုသလို လှည့်ကာ ပြုံးပြနေသည်။

ရဲနိုင်က အင်ကြင်းအောင်၏ပခုံးလေးအားဖက်ရင်း ပြန်လည်ပြုံးပြလေ၏။

''မောင်ထွန်းတင် . . . မြင်းလှည်းကို ဂရုစိုက်မောင်းပါကွာ''

ထွန်းတင်က ရိုရိုကျိုးကျိုးဖြင့် ခေါင်းညိတ်ပြလိုက်လေသည်။

''ဟုတ်ကဲ့ အစ်ကို၊ ဒီလမ်းတွေနဲ့ ကျွန်တော့်ကောင်တွေက ရင်းနှီးပြီးသားပါ၊ စိတ်မပူပါနဲ့''





''သတိတော့ထားကွာ၊ နှင်းတွေ သိပ်ကျနေတယ်''

''ဟုတ်ကဲ့ ဟုတ်ကဲ့''

ထွန်းတင် မြင်းလှည်းကို အရှိန်အနည်းငယ်လျှော့ချလိုက်သည်။

ရဲနိုင်ကပြုံးပြီး မိန်းမဖြစ်သူ အင်ကြင်းအောင်ဘက် ပြန်လှည့်သွားသည်။ အင်ကြင်းအောင်က ခရီးဆောင်အိတ်တစ်လုံးကို ရင်ခွင်ပိုက်ရင်း ချစ်စဖွယ် ပြုံးနေ၏။

ယင်းအခိုက် ရုတ်တရက် . . .

'ဟီ ဟီ ဟီ'

မြင်းများ၏ ထိတ်လန့်တုန်လှုပ်မှုများ ပြည့်နှက်နေသော ဟီသံများက ကျယ်လောင်စူးရှစွာ ထွက်ပေါ်လာသည်။ တစ်ပြိုင်နက်တည်းမှာပင် မြင်းနှစ်ကောင်တို့မှာ ပြိုလဲသွားကြ၏။

'ဘုန်း'

'ဝုန်း'

မြင်းနှစ်ကောင်ဆွဲသော လှည်းမှာလည်း အရှိန်ပြင်းစွာ တိမ်းမှောက်သွားရသည်။

'ဝုန်း'

''အား''

''အမေ့''

''အမလေးဗျ''

ရဲနိုင်၏ညာဘက်ပခုံးက လမ်းဘေးသစ်ပင်နှင့် ဝင်

www.burmeseclassic.com

www.burmeseclassic.com



ဆောင့်မိသဖြင့် ပြင်းပြင်းထန်ထန် နာကျင်အောင့်မျက်သွားရ၏။ သူ နာကျင်မှုကို လျစ်လျူရှုပြီး လူးလိမ့်ထကာ အင်ကြင်းအောင်ကို ရှာဖွေလိုက်သည်။

အင်ကြင်းအောင်က တိမ်းမှောက်နေသော မြင်းလှည်းနောက်တွင် လဲကျနေ၏။ သူမက ခရီးဆောင်အိတ်ကို ရင်ခွင်ထဲ၌ တင်းတင်းကျပ်ကျပ် ပွေ့ပိုက်ထားဆဲ။

''အင်ကြင်း''

ရဲနိုင် စိုးရိမ်တကြီးအော်ခေါ်ရင်း ပြေးလွှားသွားစဉ် အင်ကြင်းအောင်က ခါးအား လက်တစ်ဖက်ဖြင့်ထောက်ရင်း ထထိုင်လေသည်။ သူမ၏မျက်နှာလေးမှာ ရှုံ့မဲ့နေ၏။

''အား ... ကျွတ် ကျွတ်''

''ဘာဖြစ်သွားသေးလဲ၊ ဘာဖြစ်သွားသေးလဲ ဟင်''

''ဘာမှမဖြစ်ဘူး ရဲနိုင်၊ ငါ ခါးနည်းနည်းအောင့်သွားလို့ မြင်းလှည်းက ဘယ်လိုဖြစ်သွားတာလဲ''

အင်ကြင်းအောင်၏မေးသံ မဆုံးမီမှာပင် ထွန်းတင်၏ အထိတ်တလန့်အော်သံက ထွက်ပေါ်လာသည်။

''အစ်ကိုရေ ... ကျွန်တော့်ကောင်တွေရဲ့ရှေ့ခြေတွေမှာ ဒဏ်ရာရနေကြပြီ၊ တောက် ... ဘယ်ကောင်တွေ လက်ကမြင်းကြော ထထားကြတယ် မသိဘူး ... ကြည့်ပါဦးဗျာ''

ပါးလျပြောင်လက်နေသော သံမဏိကြိုးမျှင်တန်းကို တွေ့ရ၏။ ကြိုး၏အစနှစ်ဖက်ကို လမ်းဘေးတစ်ဖက်တစ်ချက်ရှိ





သစ်ပင်တစ်ပင်စီ၌ ချည်နှောင်ထားသည်။ မြေပြင်မှ တစ်ထွာခန့် ခွာ၍ ချည်နှောင်ထားခြင်းဖြစ်သည်။

မြင်းများက ထိုကြိုးကို ဝင်တိုးမိသဖြင့် လဲပြိုသွားကြရခြင်း ဖြစ်သည်။

ရဲနိုင်နှင့်အင်ကြင်းအောင်တို့ မျက်နှာပျက်သွားကြ၏။ စိုးရိမ်ပူပန်မှုအရိပ်အယောင်များက သူတို့မျက်နှာပေါ်တွင် ထင်ဟပ်လာကြသည်။ ယင်းအချိန် ရုတ်တရက် –

''မလှုပ်နဲ့''

ဩရှရှအသံက သူတို့၏နောက်ကျောဘက်မှ ထွက်ပေါ်လာသည်။ တစ်ဆက်တည်းမှာပင် အေးစက်ပါးလွှာသောဓားသွားက ရဲနိုင်၏လည်ကုပ်ကို လာရောက်ထိကပ်၏။

ထို့အတူ အင်ကြင်းအောင်၏ကျောပြင်ကိုလည်း ချွန်ထက်သော ဓားဦးတစ်ချောင်းက ထောက်ထားပြီးဖြစ်သည်။

မျှော်လင့်မထားသော အခြေအနေကြောင့် မောင်ထွန်းတင် အံ့ဩထိတ်လန့်မှုဖြင့် ငေးငိုင်သွား၏။ မျက်လုံးအပြူးသား ပါးစပ်အဟောင်းသား ဖြစ်နေ၏။

ထိုစဉ် ရုတ်တရက် သူ၏နောက်ကျောသို့ မျက်နှာဖုံးထားသည့် ယောကျ်ားတစ်ဦး လျှပ်တစ်ပြက် ရောက်ရှိလာသည်။ ထိုအခြင်းအရာကို ရဲနိုင်နှင့်အင်ကြင်းအောင်တို့က တွေ့မြင်လိုက်၏။

''နောက်မှာ''



www.burmeseclassic.com

www.burmeseclassic.com



တစ်ပြိုင်နက်ပင် အော်ဟစ်သတိပေးလိုက်ကြ၏။

ထွန်းတင် သတိဝင်လာစဉ်မှာပင် မျက်နှာဖုံးထားသူက လက်ထဲရှိ ဓားရိုးဖြင့် သူ၏ဦးခေါင်းကို ထုလိုက်၏။

'ဒုတ်'

''အင့်''

'ဝုန်း'

သူ၏ခန္ဓာကိုယ်မှာ မြေပေါ်သို့ လဲပြိုကျသွား၏။

သူ့အား ဓားရိုးဖြင့်ထုလိုက်သူက သူ၏ သတိလစ်နေသော ခန္ဓာကိုယ်ကြီးကို ကျော်၍ လျှောက်လာသည်။ သူ၏လက်ဖြာသော မျက်လုံးအစုံက အင်္ကြင်းအောင်ပိုက်ထားသော ခရီးဆောင်အိတ်အပေါ် ကျရောက်နေသည်။

အင်္ကြင်းအောင်က အိတ်ကို လက်နှစ်ဖက်ဖြင့် ပို၍ တင်းကျပ်စွာ ပိုက်လိုက်၏။

''ရှင် ရှင်တို့''

''ခင်ဗျားတို့ ဘာလုပ်တာလဲဗျ''

ရဲနိုင်တို့ဇနီးမောင်နှံရှေ့ ရောက်လာသော မျက်လုံးအောက်ပိုင်းကို ပိတ်စပိုင်းဖြင့် ဖုံးထားသူက ရဲနိုင်၏ရင်ဝကို ဓားဦးဖြင့် လှမ်းထောက်ပြီး –

''ဓားပြတိုက်တာလေ၊ မင်းတို့ သူဌေးကြီးနေမင်းယုဆီက အမွေရခဲ့တဲ့ ရတနာပစ္စည်းအားလုံးကို လိုချင်တယ်၊ ကဲ မိန်းကလေး ...အိတ်ကို ကျုပ်ဆီပေးစမ်း''





အင်္ကြင်းအောင် မျက်စိပျက်မျက်နှာပျက်ဖြင့် ရဲနိုင်ကို ခေါင်းလှည့်ကြည့်၏။ ရဲနိုင်က သူ့ရှေ့ရှိလူ၏ ဓားကိုင်လက်ကိုသာ ဂရုတစိုက် ကြည့်နေသည်။

မျက်နှာဖုံးထားသူက ဒေါသထွက်သွားဟန်ရှိ၏။

''ဟေ့ ... ဘာကြောင်နေတာလဲ၊ ပေးဆိုပေးစမ်း၊ ငါ့ကို ဒေါသထွက်အောင် မလုပ်နဲ့၊ မဟုတ်ရင်''

သူက စကားမဆက်ဘဲ ဓားဦးအဖျားကို ရဲနိုင်၏ရင်ဝသို့ အနည်းငယ် အားစိုက်ဖိသွင်းလိုက်သည်။

ရဲနိုင်၏ခန္ဓာကိုယ် ဆတ်ခနဲ တစ်ချက်တုန်ခါသွား၏။

သူ့ရင်ဝမှသွေးများ ထွက်လာတာကို အင်္ကြင်းအောင် မြင်တော့ ထိတ်လန့်တုန်လှုပ်သွားသည်။ ဦးလေးလူပျိုကြီးထံမှ အမွေအဖြစ်ရလာသော ရတနာပစ္စည်းများနှင့် အဝတ်အချို့ထည့်ထားသော ခရီးဆောင်အိတ်ကို တုန်ယင်သောလက်နှစ်ဖက်ဖြင့် ချက်ချင်းထိုးပေးလိုက်၏။

''မလုပ်ပါနဲ့ မလုပ်ပါနဲ့ ... ယူ ယူပါ''

''အဲ ဒီလို လိမ္မာမှပေါ့''

မျက်နှာဖုံးထားသူက သဘောကျစွာပြောရင်း အင်္ကြင်းအောင်လှမ်းပေးသောအိတ်ကို အားနေသောလက်တစ်ဖက်ဖြင့် လှမ်းဆွဲယူလိုက်၏။ သို့သော် သူ၏လက်သည် လေကိုသာ ဖမ်းဆုပ်မိသွား၏။

အကြောင်းကား ရဲနိုင်က လျင်မြန်ဖျတ်လတ်စွာဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အသက်ရှူနှုန်းမှန်လိုက်သောကြောင့်ဖြစ်၏။ သူသည် အင်ကြင်းအောင်လက်ထဲရှိ ခရီးဆောင်အိတ်ကို မျက်နှာဖုံးထားသူထက် ဦးအောင်လုယူလိုက်၏။

တစ်ဆက်တည်းမှာပင် အင်ကြင်းအောင်ကို ပခုံးဖြင့် တိုက်ထုတ်ပြီး သူကိုယ်တိုင်လည်း မြေပေါ်လိမ့်ချကာ ရှောင်ထွက်သွားသည်။ ဓားပြသုံးယောက်၏ အော်ဟစ်ကြိမ်းမောင်းသံနှင့်အတူ ဓားချက်များက သူ့အပေါ် ကျရောက်လာ၏။ တစ်ချက်မှ မထိ။ အားလုံးကို ကပ်သီးလေးရှောင်တိမ်းနိုင်ခဲ့သည်။

ယင်းနောက် သူ တွန်းထုတ်လိုက်သောအရှိန်ဖြင့် လဲပြိုနေသော အင်ကြင်းအောင်လက်တစ်ဖက်ကို ဆွဲကာ ပြေးရန်ပြင်လိုက်သည်။

ယင်းအချိန်မှာပင် သူ့နောက်မှ ကပ်လိုက်လာသော ဓားပြတစ်ဦးက သူ့နောက်ကျောကို ဓားဖြင့် ထိုးစိုက်လိုက်သည်။

"သေစမ်း"

"အား"

ရဲနိုင် နာကျင်မှုကြောင့် အသံကုန်အော်ဟစ်လိုက်၏။

"အမလေး ... သေပါပြီတော်"

အင်ကြင်းအောင်က ထိတ်လန့်တုန်လှုပ်စွာ အော်ဟစ်ရင်း ယိုင်လဲလာသော ရဲနိုင်၏ခန္ဓာကိုယ်ကို အလိုက်သင့် ဖေးမလိုက်သည်။

"ရဲနိုင် ရဲနိုင်"





ရဲနိုင်၏ပါးစပ်ထဲမှ သွေးများ စီးကျလာ၏။ သူက အံကို တင်းတင်းကြိတ်ရင်း ခရီးဆောင်အိတ်ကို အင်ကြင်းအောင်လက်ကြားထဲထည့်ပေးရင်း –

"ပြေး ပြေး"

ထိုစဉ် –

"ဟာ ဟော့ကောင် ... မင်း ဘယ်လိုလုပ်လိုက်တာလဲ၊ ဝဏ္ဏ ... မင်း မင်း"

ဓားပြနှစ်ယောက်ထံမှ ထွက်လာသော အော်သံများကို ကြားရသောအခါ အင်ကြင်းအောင်၏ခန္ဓာကိုယ် တစ်ချက်တုန်ခါသွားသည်။

"ဟင် ဝဏ္ဏ ... နင် နင် တော်တော်ယုတ်မာတာပဲ"

ရဲနိုင်အား ဓားဖြင့်ထိုးသည့် ဝဏ္ဏအမည်ရှိသော ဓားပြ၏ နဖူးပေါ်တွင် ချွေးလုံးများသီးနေပေပြီ။ သူက ရဲနိုင်ကိုယ်ထဲ စိုက်ဝင်နေသော သူ၏ဓားကို ပြန်ဆွဲထုတ်လိုက်၏။

"အင့်"

'ဂုန်း'

ရဲနိုင်၏ခန္ဓာကိုယ်မှာ အင်ကြင်းအောင် ဖေးမထားသည့်ကြားမှ မြေပေါ် လဲပြိုကျသွားသည်။

သူ့ကို အင်ကြင်းအောင်က ပွေ့ဖက်ထားရင်း မြေပေါ် ဒူးထောက်ကျသွားသည်။

ရတနာများရှိနေသည်ဆိုသော ခရီးဆောင်အိတ်က မြေ



www.burmeseclassic.com

www.burmeseclassic.com



ပေါ် 'ဘုတ်' ခနဲ ပြုတ်ကျသွားသည်။ ထိုအိတ်ကို အပြေးအလွှား ရောက်လာသော ဓားပြနှစ်ဦးအနက် တစ်ဦးက လျင်မြန်စွာ ကောက်ယူလိုက်၏။

"ဟော့ကောင်တွေ လာ . . . အမြန် လစ်ကြရအောင်"

"အေး . . . လာ ဝဏ္ဏ၊ တို့ အမြန်ပြေးမှဖြစ်မယ်"

ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ်တုန်ယင်နေသော ဝဏ္ဏအား ဓားပြတစ်ယောက်က လက်လှမ်းဆွဲလိုက်၏။ ထိုအခါမှ ဝဏ္ဏ သတိဝင်လာသည်။

"နေဦး ဟေ့ကောင်တွေ . . . သူ ငါ့ကိုသိသွားပြီ၊ ငါ့ကို သိမှတော့ သူ အသက်ဆက်ရှင်နေရင် မင်းတို့နှစ်ယောက်ကိုပါ ဒုက္ခပေးနိုင်တယ်နော်"

ဓားပြနှစ်ယောက် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြပြီး ရဲနိုင်၏အလောင်းကို တင်းတင်းကျပ်ကျပ်ဖက်ရင်း တသိမ့်သိမ့် ရှိုက်ငိုနေသော အင်ကြင်းအောင်ကို လှမ်းကြည့်လိုက်ကြသည်။

အင်ကြင်းအောင်က ဓားပြသုံးယောက်နှင့်တကွ လောကကြီးတစ်ခုလုံးကို မေ့လျော့လျက်ရှိသည်။ သူမ၏မျက်စိထဲတွင် သူမကို အလုပ်ကြမ်းမျိုးစုံလုပ်၍ ရှာဖွေကျွေးမွေးခဲ့သော ခင်ပွန်းသည်၏ အကြင်နာလွှမ်းသောပုံရိပ်များကိုသာ တစ်ခုပြီးတစ်ခု ပြန်လည်မြင်ယောင်နေ၏။

မိဘ၏အမွေဖြစ်တဲ့ စွန့်လွှတ်မှုကို ခံယူခဲ့သော အင်ကြင်းအောင်ကို ရဲနိုင်က အစစအရာရာ အသေးစိတ် ဂရုစိုက်ခဲ့သည်။





ပင်ပင်ပန်းပန်းဖြင့် ပြည့်စုံအောင်ဖန်တီးပေးခဲ့ရှာသည်။

မမျှော်လင့်ဘဲ အင်ကြင်းအောင်၏ဦးလေး တောသူဌေးကြီးနေမင်းယုက သူတို့ကိုခေါ်ယူပြီး ရင်းနှီးစားသောက်ရန် ရတနာပစ္စည်း အများအပြားကို အမွေအဖြစ်ပေးခဲ့သည်။

ယခု ကံကြမ္မာအလှည့်အပြောင်းကြောင့် မပင်မပန်းနှင့် နေထိုင်စားသောက်နိုင်မည့် အခြေအနေနှင့် ကြုံရတော့မည်ဆိုပါမှ တစ်ချိန်လုံး ပင်ပန်းနေခဲ့ရရှာသည့် ရဲနိုင်ခမျာ သူ အလွန်ချစ်မြတ်နိုးသော ဇနီးမယားကိုပါ ကျောခိုင်းသွားရရှာပေပြီ။

ရဲနိုင်အတွက် အင်ကြင်းအောင်မှာ ဖြေမဆည်နိုင်အောင် ပူဆွေးကြေကွဲနေရ၏။

"ရဲနိုင်ရယ် . . . ငါ့ဘဝကို နင်မရှိဘဲ ဘယ်လိုရပ်တည်ရမှာလဲ၊ ငါ ငါ့ဘဝလည်း နင်နဲ့အတူ သေဆုံးသွားပါပြီ . . . အဟင့် ဟင့်"

ရုတ်တရက် –

"အင်ကြင်း . . . မရည်ရွယ်ဘဲ နင့်ယောကျ်ားကို သတ်မိသွားတာပါ၊ နင့်ကို နင့်ကိုလည်း ငါ မသတ်လို့ မဖြစ်တော့ဘူး"

ဝဏ္ဏက သွေးစွန်းနေသောဓားရှည်ကို မြှောက်ရင်း အင်ကြင်းအောင်ထံသို့ ဦးတည်ရွေ့လျားလာသည်။

အင်ကြင်းအောင်က နီရဲတောက်ပသောမျက်လုံးအစုံဖြင့် ဝဏ္ဏကို ခေါင်းမော့ကြည့်လိုက်၏။ ခံပြင်းနာကြည်းမှုများ ပြည့်သိပ်နေသော သူမမျက်နှာမှာ တင်းမာခက်ထန်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



''လူယုတ်မာ၊ ကျေးဇူးမသိတတ်တဲ့လူ၊ ဦးယုရဲ့ကျေးဇူးတွေကိုမှ မထောက်၊ ရက်စက်လိုက်တာ၊ နင့်လို လမ်းဘေးက မိဘမဲ့ကလေကချေကို မွေးစားသားအဖြစ် ကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ ဦးယုရဲ့ကျေးဇူးတွေကို တန်ဖိုးမထားဘူး ... တောက်''

''ဖေယု ငါ့အပေါ်ရှိတဲ့ကျေးဇူးနဲ့ နင်နဲ့ ဘာဆိုင်လို့လဲ၊ ဖေယုကို ငါပဲ စောင့်ရှောက်ပေးနေခဲ့တာ၊ ဖေယုရဲ့ပစ္စည်းတွေကို မွေးစားသားဖြစ်တဲ့ ငါပဲ ရသင့်တာပေါ့၊ နင်နဲ့ပတ်သက်စရာ ဘာရှိလို့လဲ''

''နင့်အတွက် လယ်ကေတွေ အများကြီးရှိနေတာပဲ၊ ဘာလို့ လောဘကြီးနေရတာလဲ၊ နင် အတော်ကြောက်ဖို့ကောင်းတဲ့ လူယုတ်မာ''

''တော်စမ်း အင်ကြင်း၊ နင့်ကို ငါ မကျေနပ်တာကြာပြီ၊ ငါ့ကို စိတ်ဓာတ်မကောင်းဘူးဆိုပြီး နင် အမြဲ မတူသလို မတန်သလို ဆက်ဆံခဲ့တာ ငါမမေ့ဘူး၊ နင့်ကိုငါ ...''

''ဟောကောင် ဝဏ္ဏ ... အခုချိန်က အပိုစကားတွေ ပြောနေရမယ့်အချိန်မဟုတ်ဘူး၊ လုပ်စရာရှိတာ အမြန်လုပ်''

ကျန်ဓားပြနှစ်ယောက်အနက် ခရီးဆောင်အိတ်ကိုင်ထားသော တစ်ယောက်က စိတ်မရှည်သလို လှမ်းအော်သည်။

ဝဏ္ဏက ရက်စက်လိုဟန်အပြည့်ဖြင့် ခေါင်းတစ်ချက်ညိတ်ပြီး အင်ကြင်းအောင်ထံသို့ ပြေးဝင်သွားပြီး ဓားဖြင့်ထိုးလိုက်၏။





သေဘေးကို ရှောင်လွှဲမရနိုင်တော့မှန်းကို အင်ကြင်းအောင် ထိတ်လန့်မှုများဖြင့်ပင် ရိပ်မိလိုက်သည်။ ချစ်ခင်ပွန်းမရှိတော့မှ သူမ အသက်ဆက်ရှင်နေ၍လည်း ပျော်ရွှင်မှုဆိုတာကို ခံစားနိုင်တော့မည်မဟုတ်ပါ။

ထို့ကြောင့် အံကိုတင်းတင်းကြိတ်ရင်း မျက်လုံးများကို မှိတ်ကာ သူမ၏သေမင်းတမန် ဝဏ္ဏ၏ဓားချက်ကိုသာ စောင့်မျှော်နေလိုက်သည်။

ရုတ်တရက် –

'ဝုန်း'

''အား''

ဝဏ္ဏ၏ စူးရှကျယ်လောင်သောအော်သံကြောင့် သူမ တအံ့တသြဖြင့် မျက်လုံးဖွင့်ကြည့်လိုက်လေသည်။ ထိုအခါ တစ်ဖက်လမ်းဘေးရှိ သစ်ပင်များကြား၌ လဲကျနေသော ဝဏ္ဏ၏ ခန္ဓာကိုယ်ကြီးကို တွေ့မြင်ရ၏။

ၡင်းအပြင် သူမဘေး၌ ရှမ်းလူငယ်တစ်ဦး ရောက်ရှိနေတာကို သိရှိလိုက်ရလေသည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

## ထူးဆန်းသောရှမ်းလူငယ်

ရှမ်းတိုင်းရင်းသားဝတ်စုံကို ဝတ်ဆင်ထားသည့် လူငယ်လေးသည် အလွန်ချောမော ခန့်ညားဏ်။ အေးစက်သော အငွေ့အသက်တစ်မျိုးက ထိုလူငယ်လေးထံမှ ထွက်ပေါ်လာတာကို အင်ကြင်းအောင် ထူးဆန်းစွာ သတိပြုမိလိုက်သည်။

ထိုလူငယ်လေးက သူမကို ဓားဖြင့်ထိုးရန်ပြေးလာသော ဝဏ္ဏကို တွန်းထုတ်ပစ်လိုက်ဟန်ရှိ၏။ သူမကို ကယ်တင် ကာကွယ်ပေးသည့် ရှမ်းလူငယ်ချောချောလေး၏ အားကို သူမ အံ့ဩသွားမိသည်။

သူမနည်းတူပင် ဝဏ္ဏမှာလည်း အံ့ဩမှုနှင့်အတူ ထိတ်လန့်တုန်လှုပ်သွားရ၏။ မျက်စိရှေ့မှာတင် "ဘွားခနဲ" ပေါ်လာသော လူငယ်လေးသည် သူ့ခန္ဓာကိုယ်ကြီးကို ဝါးတစ်ရိုက်အကွာအထိ ဓားတခြား လူတခြားလွင့်အောင် မည်သို့မည်ပုံ ပြုလုပ်လိုက်မှန်းကို မသိ။





သူ့အဖော်နှစ်ယောက်ကလည်း အံ့ဩထိတ်လန့်သွားကြ၏။ သူတို့အား စိုက်ကြည့်နေသော လူငယ်လေး၏ ရူးရှုလွန်းသော အကြည့်အောက်၌ အားငယ်ကြောက်လန့်လာသလို ခံစားနေရသည်။ ကျောရိုးတစ်လျှောက် စိမ့်တက်သွားပြီး ကြက်သီးတဖြန်းဖြန်း ထလာ၏။

ထိုရှမ်းလူငယ်လေးမှာ ထူးဆန်းလျှို့ဝှက်သော အစွမ်းဝ ဖွ့ိ များ ပိုင်ဆိုင်ထားသည်ဟု ကိုယ်စီယုံကြည်သွားမိကြတာက မည်သည့်အကြောင်းကြောင့်မှန်း အတိအကျ မသိ။

ရှမ်းလူငယ်လေးက စကားတစ်ခွန်းမျှ မပြော။ မလှုပ်မယှက်ရပ်တန့်ရင်း ဓားပြသုံးယောက်ကို တစ်ဦးချင်းစီ အေးစက်စက် လိုက်ကြည့်နေသည်။

ဝဏ္ဏက တအံ့တဩဖြင့် ငြိမ်သက်နေရင်း စဉ်းစားမိ၏။

"ငါ ရဲနိုင်ကိုသတ်ပြီးသွားပြီ၊ ဒီကိစ္စကို သိတဲ့လူမှန်သမျှ ဘယ်သူ့ကိုမဆို ငါ ရှင်းပစ်မှဖြစ်မယ်၊ ဒီရှမ်းကောင်ကိုလည်း ရှင်းမှ ...ဟုတ်တယ်"

ထိုအတွေးဖြင့် သူ၏ သွေးစွန်းနေသောဓားကို ပြေးကောက်လိုက်သည်။ တစ်ဆက်တည်းမှာပင် ငေးကြောင်နေသော သူ့လူနှစ်ယောက်ကို အော်ဟစ်သတိပေး၏။

"ဟေ့ကောင်တွေ ...ဒီတစ်ယောက်ကိုပါ ရှင်းမှဖြစ်မယ်၊ မဟုတ်ရင် ငါတို့အားလုံး ဒုက္ခရောက်လိမ့်မယ်ကွ"

သူကပြောပြီးသည်နှင့် ရှမ်းလူငယ်ထံ ဦးတည်ပြေးလွှား



www.burmeseclassic.com

www.burmeseclassic.com



သွားပြီး ဓားရှည်ဖြင့် စလွယ်သိုင်း ခုတ်ချလိုက်သည်။

ရှမ်းလူငယ်က အင်ကြင်းအောင်ကို ဘေးသို့တွန်းထုတ်ပြီး ဝဏ္ဏ၏ဓားပြားကို လက်ချောင်းလေးနှစ်ချောင်းဖြင့် လှမ်းညှပ်၏။ ဓားပြားကို မိမိရရညှပ်မိသောအခါ ဝဏ္ဏ၏ရင်ဝကို ခြေဖြင့်ကန်လိုက်၏။

''အင့်''

ဝဏ္ဏ၏ခန္ဓာကိုယ်မှာ လွင့်စဉ်သွားပြန်၏။ အားပြင်းသောကန်ချက်က သူ၏အရှိက်ကို မိမိရရ ထိသွားသဖြင့် အသက်ပင်မရှူနိုင်ဖြစ်ပြီး ချက်ချင်းပြန်မထနိုင်ချေ။

သူ၏ဓားပြဖော်နှစ်ယောက်တို့သည် ဓားရှည်များကိုဝင့်လျက် ပြေးလွှားလာရာမှ တန့်ခနဲ ရပ်တန့်လိုက်ကြသည်။ ထို့နောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး မျက်ရိပ်ပြလိုက်ကြသည်။

လက်တစ်ဖက်က ခရီးဆောင်အိတ်ကိုင်ထားသူက ချက်ချင်း လှည့်ပြေး၏။ ကျန်လူကလည်း ခရီးဆောင်အိတ်ကို လှမ်းဆွဲပြီး အတူတကွ ပြေးလွှားသွားကြသည်။

ရှမ်းလူငယ်က ခန္ဓာကိုယ်ကို တစ်ချက်လှုပ်ရှားလိုက်သည်နှင့် ချက်ချင်းပင် ထိုလူနှစ်ဦးရှေ့သို့ ရောက်ရှိသွားသည်။

''ဟင်''

''ဟာ''

ဓားပြနှစ်ယောက်တို့က မျက်လုံးအပြူးသား၊ ပါးစပ်





အဟောင်းသားဖြင့် ရှမ်းလူငယ်ကို ထိတ်လန့်အံ့သြစွာကြည့်ကြသည်။ မျက်တောင်တစ်ခတ်အတွင်း သူတို့ရှေ့မှာ ''ဘွားခနဲ'' ပေါ်လာသောလူငယ်ကို ပို၍ ကြောက်ရွံ့သွားကြ၏။

''မင်း မင်းက လူမှဟုတ်ရဲ့လား''

တစ်ယောက်က အိတ်ကိုလွှတ်ပြီး ဓားရိုးကို ကျစ်ကျစ်ပါအောင် ဆုပ်ရင်း မေး၏။ ရှမ်းလူငယ်က ဟန်မူရာကင်းမဲ့သော မျက်နှာထားတည်တည်ဖြင့် –

''ကျုပ်က လူမဟုတ်ဘူး၊ တစ္ဆေတစ်ကောင်လို့တော့ ပြောလို့ရပါတယ် ဦးကောင်းကျော်''

ဟု လိုဏ်သံပါသော စူးရှရှအသံဖြင့် တစ်လုံးချင်းပြော၏။

''ဟင် ... မင်း မင်း ငါ့ကို ဘယ်လိုသိတာလဲ၊ မင်းကို ငါ မသိပါလား၊ မင်း ဘယ်သူလဲ''

''ကျုပ်က ခင်ဗျားနာမည်အပြင် ခင်ဗျားအကြောင်းအားလုံးကို သိတယ်၊ ခင်ဗျားဘေးက အသက်နှစ်ဆယ်တောင်မပြည့်သေးတဲ့ မြတ်ခိုင်ဆိုတဲ့ ကောင်လေးအကြောင်းကိုလည်းသိတယ်၊ ဝဏ္ဏဆိုတဲ့ လူယုတ်မာအကြောင်းကိုလည်း ကျုပ်သိတာပဲ၊ သေသွားတဲ့ရဲနိုင်နဲ့ အခုငိုနေတဲ့ အင်ကြင်းအောင်တို့အကြောင်းကိုပါ ကျုပ်မသိတာ မရှိဘူး''

သူ၏ အေးစက်စူးရှသောစကားသံကို နားထောင်ရင်း ဦးကောင်းကျော်နှင့် မြတ်ခိုင်တို့ သွေးပျက်သွားကြသည်။ မျက်နှာ

www.burmeseclassic.com



များ ဖြူဖပ်ဖြူရော် ဖြစ်လာကြ၏။ အရာခပ်သိမ်းကိုသိနေသော တစ္ဆေတစ်ကောင်ကို သူတို့ ရန်ပြုဖို့ သတ္တိမရှိပါ။

ယင်းကြောင့် မတိုင်ပင်ဘဲ တစ်ပြိုင်နက်ပင် နောက်သို့ ပြန်လှည့်ပြေး၏။ ရှိသမျှ အားအကုန်သုံးကာ ပြေးခြင်းဖြစ်သည်။ သူတို့နောက်မှ ဝဏ္ဏက အသည်းအသန် လိုက်ပြေးသည်။ နှင်း တဖွဲဖွဲကျနေသည့်ကြားမှ သူတို့တစ်ကိုယ်လုံး ဖောချွေးပြန်နေကြ ၏။ သို့သော် –

"ပြေးလို့မလွတ်ပါဘူးလေ"

စကားသံနှင့်အတူ သူတို့ရှေ့သို့ ရောက်လာပြန်သော ရှမ်းလူငယ်လေးကိုအတွေ့၌ သူတို့ခန္ဓာကိုယ်များ တုန်ယင်သွား ကြသည်။

လေပြင်းနှင့်အတူ လျှပ်တစ်ပြက် ရောက်,ရောက်လာ သော ရှမ်းလူငယ်လေးမှာ သာမန်လူမဟုတ်နိုင်ဟူသော အတွေး ကိုယ်စီတို့ဖြင့် ဆောက်တည်ရာမရအောင် ကြောက်ရွံ့တုန်လှုပ် သွားကြ၏။

သူတို့အားလုံး တစ်ယောက်တစ်မျိုး အထိတ်တလန့် အော်ဟစ်ရင်း ပြန်လှည့်ပြေးပြန်၏။ ယခုတစ်ကြိမ်၌ လူငယ်လေး က သူတို့ရှေ့သို့ ချက်ချင်းရောက်မလာသဖြင့် အားတက်သရော ပြေးနေကြစဉ် ရုတ်တရက် သူတို့ခန္ဓာကိုယ်ပေါ်သို့ ကြီးမားလေး လံသော ဖိအားများ ကျရောက်လာသဖြင့် တစ်ပြိုင်နက်တည်းပင် မြေပေါ် ဒူးထောက်ကျသွားကြသည်။





သုံးယောက်စလုံး တစ်ပြိုင်နက်တည်း ဖြစ်သွားသည့် အခြေအနေကြောင့် ထိတ်လန့်မှုနှင့်အတူ အံ့ဩသွားကြသည်။ သူတို့ မြေကို လက်ဖြင့်ထောက်ပြီး ထရန် အမြန်ကြိုးစား၏။ ဘယ်လိုမှ ထမရ။ ဖိအားကြီးတစ်ခုအောက်မှာ သူတို့ လှုပ်ပင် မလှုပ်နိုင်ပါ။

ဦးကောင်းကျော်သည် အားကုန် ကုန်းရုန်းထရင်းမှ ထူးခြားချက်တစ်ခု သူ့ကိုယ်မှာရှိနေတာကို သတိထားမိသွား သည်။ ရှမ်းဘောင်းဘီဝတ်ဆင်ထားသော ခြေထောက်နှစ်ချောင်း က သူ့ပခုံးနှစ်ဖက်ပေါ်မှ တွဲလျောင်းကြနေခြင်းဖြစ်၏။ ဖိနပ်မပါ သော ခြေဖဝါးဖြူဖြူနှစ်ဖက်ကို မြင်သည်နှင့် သူ အသက်မရှူနိုင် လောက်အောင် ထိတ်လန့်သွားသည်။

"အမယ်လေး ...ငါ့ကုပ်ကို သရဲခွစီးနေပြီကွ ... ကယ်ကြပါဦး"

"ကျွန်တော့်ခေါင်းကို လက်တစ်ဖက်နဲ့ ဖိထားတာ လုံးဝ ထမရဘူး။ လုပ် လုပ်ပါဦးဗျ။ မြတ်နိုင် ...မင်း မင်းကော"

"ငါ့ခေါင်းကိုလည်း သရဲက လက်တစ်ဖက်နဲ့ဖိထားတာ လှုပ်လို့တောင်မရဘူး၊ အား ...နာတယ်၊ ကြောက်ပါပြီဗျ"

သူတို့သည် ရုန်းကန်ရင်း ကြောက်ရွံ့တုန်လှုပ်စွာဖြင့် ဆူညံစွာ အော်ဟစ်နေကြလေသည်။

❑



www.burmeseclassic.com

www.burmeseclassic.com



အင်ကြင်းအောင်က တအံ့တသြဖြင့် ထူးဆန်းသော မြင်ကွင်းကို ငေးကြည့်နေမိသည်။ သူမ၏ကယ်တင်ရှင် ရှမ်းလူငယ်လေးကို အထူးအဆန်းဖြင့် ပါးစပ်အဟောင်းသားနဲ့ကို ပြူးကြည့်နေမိ၏။

ထိုလူငယ်လေး၏ လှုပ်ရှားမှုမှာ လေအလျင်လို မြန်ဆန်လှ၏။ ဝဏ္ဏတို့နောက်မှ ပြေးလိုက်သွားပုံမှာ မြေနှင့်ခြေ မထိဘဲ လေထဲလွင့်မျောသွားသလိုပင်။ လေပေါ်ခုန်တက်ပြီး ဦးကောင်းကျော်ကုပ်ပေါ် ခုန်တက်ခွစီးရင်း ဝဏ္ဏနှင့်မြတ်နိုင်တို့၏ ဦးခေါင်းများကို လက်ဝါးတစ်ဖက်စီ ဖိဆုပ်ဟန့်တားထားပုံက မယုံကြည်နိုင်ဝရာပင်။

ယင်းအချိန်တွင် ထူးခြားထက်မြက်သော ရှမ်းလူငယ်လေးထံမှ အေးစက်သောစကားသံခပ်တိုးတိုး ထွက်ပေါ်လာသည်။

"မင်းတို့ ကိုယ့်အပြစ်ကို ကိုယ့်ဘာသာ ဝန်ခံကြမလား၊ ကျုပ်ကိုယ်တိုင်ပဲ အပြစ်ဒဏ် စီရင်ပေးရမလား။ ပြောစမ်း"

"ဦးလေး ... ဦးလေးတို့ ကိုယ့်အပြစ်ကိုယ် ဝန်ခံပါ့မယ် ကွယ်၊ ဦးလေးကို လွှတ်ပေးပါ"

ဦးကောင်းကျော်က တုန်ယင်ထစ်ငေါ့စွာ တောင်းပန်၏။ မြတ်နိုင်ကလည်း ချက်ချင်းပင် သဘောတူလက်ခံလေသည်။

"စိတ်ချပါ ညီလေးရယ် ... အစ်ကိုတို့ မှားမှန်းသိပါပြီ။





သက်ဆိုင်ရာမှာ ကိုယ်တိုင် ဖွင့်ဟဝန်ခံပြီး သွားအဖမ်းခံပါ့မယ်"

"ဝဏ္ဏ ... မင်းကော"

"ကျွန်တော် ကျွန်တော်က"

လူသတ်မှုကျူးလွန်ခဲ့သော ဝဏ္ဏက နှုတ်လေးနေ၏။ ရှမ်းလူငယ်လေးက သူ၏လက်ချောင်းလေးများကို အားစိုက်ဖိလိုက်ရာ ဝဏ္ဏ၏ဦးခေါင်းခွံမှာ မခံမရပ်နိုင်အောင် နာကျင်သွားသည်။

"အား ... ကျွတ် ကျွတ်"

"မင်းရဲ့ပြစ်ဒဏ်ကို ကျုပ်ကိုယ်တိုင်ပဲ စီရင်ပေးမယ် ... ဟုတ်ပြီလား"

တစ်လုံးချင်းပြောသော လူငယ်၏ အေးစက်စူးရှသော စကားသံက ဝဏ္ဏကို အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားစေလေသည်။

"မလုပ်ပါနဲ့ မလုပ်ပါနဲ့၊ ကျွန်တော် ရဲစခန်းသွားပြီး အဖမ်းခံပါ့မယ်"

အလျင်အမြန်ပင် ကတိပေးလိုက်၏။ သူ၏ကတိစကား အဆုံး၌ သြဇာညောင်းသော အသံစူးစူးကြီးက ထပ်မံထွက်ပေါ်လာသည်။

"ကောင်းပြီ၊ ကျုပ် မင်းတို့ကို စောင့်ကြည့်မယ်၊ သုံးရက်အတွင်း မင်းတို့ကတိအတိုင်းမလုပ်ရင် ကျုပ်ကို အဆိုးမဆိုနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



ဦးကောင်းကျော်၊ ဝဏ္ဏနှင့် မြတ်ခိုင်တို့က ကတိစကားကို ထပ်မံပြောကြ၏။ ထိုအခါ လူငယ်က ဝဏ္ဏနှင့်မြတ်ခိုင်တို့ ခေါင်းပေါ်က သူ၏လက်များကို ဖယ်ရှားသလို ဦးကောင်းကျော်၏ ကုပ်ပေါ်မှ ခုန်ဆင်းပေးလိုက်သည်။

သူတို့သုံးယောက် အလွန်ပင်ပန်းနွမ်းနယ်နေကြ၏။ အတော်ကြီးလည်း ကြောက်ရွံ့ထိတ်လန့်နေကြဆဲ။ လူငယ်က ခရီးဆောင်အိတ်ကို ကောက်ယူလိုက်သည်။

"ကျုပ်ဟာ တစ္ဆေတစ်ကောင်ဆိုတာကို မမေ့ပါနဲ့"

❑

ထူးဆန်းသော ရှမ်းလူငယ်ထိုးပေးသည့် ခရီးဆောင်အိတ်ကို အင်ကြင်းအောင် စိတ်ညို့ခံရသူတစ်ယောက်ပမာ လှမ်းယူလိုက်၏။ လက်ထဲ အိတ်ရောက်တော့မှ သတိဝင်လာလေသည်။

"ကျေးဇူးတင်ပါတယ် မောင်လေးရယ်"

"ရပါတယ်၊ အပန်းမကြီးပါဘူး၊ ကျွန်တော်သွားတော့မယ်နော်"

"နေ နေပါဦးကွယ်၊ မောင်လေးရဲ့နာမည်လေးကို သိပါရစေ"





"စိုင်းဆိုင်မော်ပါ"

"အစ်မ မှတ်ထားလိုက်ပြီ၊ မောင်လေးက ဘယ်ရွာမှာနေတာလဲ"

စိုင်းဆိုင်မော်က အင်ကြင်းအောင်ကို စေ့စေ့ကြည့်လိုက်၏။

"ဒီမေးခွန်းကို ကျွန်တော် မဖြေလို့မရဘူးလား"

အင်ကြင်းအောင် အံ့သြသွားသည်။

"ဘာဖြစ်လို့လဲ ဟင်"

"ဘာလို့ သိချင်ရတာလဲ"

"ကိုယ့်အသက်သခင်ကျေးဇူးရှင်တစ်ယောက်ရဲ့ လိပ်စာလောက်ကိုတော့ သိထားမှဖြစ်မယ်လေ၊ ရွာနာမည်လေး ပြောပြဖို့ကိစ္စမှာ ဘာအခက်အခဲ ရှိနေလို့လဲကွယ်"

"သိတော့ ဘာလုပ်မှာလဲ"

"ဩော် . . . သိတော့ ကိုယ့်ကျေးဇူးရှင်အပေါ် တစ်ခုခု ကျေးဇူးတုံ့ပြန်နိုင်မှာပေါ့ကွယ်"

စိုင်းဆိုင်မော်က နှစ်လိုစဖွယ်ပြုံးရင်း ခေါင်းခါယမ်း၏။

"မလိုပါဘူးဗျာ၊ ဖြစ်နိုင်ရင် ဒီကိစ္စကို ခေါင်းထဲက လုံးဝထုတ်ပစ်လိုက်ပါ၊ ကျွန်တော်က ဘယ်ရွာမှာမှ အတည်တကျ မနေနိုင်သေးတဲ့ တစ္ဆေတစ်ကောင်လေ"

အင်ကြင်းအောင်က ခင်ပွန်းသည်ရဲနိုင်အတွက် ပူပင်မိန်းနည်းနေသည့်ကြားမှ ရှားရှားပါးပါး ငွေ့ငွေ့လေးပြုံးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့မောင်ကတော့ ပြောရောမယ်၊ တစ္ဆေတွေက မောင်လေးလို လူ့အသက်ကို ကယ်တင်ပါ့မလား။ ပြီးတော့ မင်းလို ကြည့်ကောင်းပါ့မလား၊ မင်းက အတိုက်အခိုက် အသတ်အပုတ် အတော်ကျွမ်းကျင်တယ်နော်၊ မြန်လိုက်တာမှ အလင်းတန်းတစ်ခုလိုပဲ၊ ဒီပညာတွေကို ဘယ်လိုတတ်နေတာလဲဟင်"

စိုင်းဆိုင်မော်၏မျက်နှာတစ်ခုလုံး တည်ကြည်လေးနက်သွားသည်။

"ကျွန်တော် တကယ်ပြောနေတာပါ၊ မယုံဘူးလား"

"ထားပါတော့၊ မင်းပြောတဲ့အတိုင်း မင်းမှာ အတည်တကျ နေစရာမရှိဘူးဆိုရင် အစ်မနဲ့လာနေလေ"

"အစ်မ အစ်မက ကျွန်တော့်ကို လက်ခံနိုင်လို့လား"

အင်ကြင်းအောင်က ချစ်စဖွယ်ကောင်းသောကောင်လေးကို စေ့စေ့ကြည့်ရင်း ခေါင်းညိတ်လိုက်သည်။

"လက်ခံနိုင်တာပေါ့၊ တို့တွေ မောင်နှမအဖြစ် တစ်ယောက်နဲ့တစ်ယောက် အားကိုးနေကြရင် ကောင်းမယ်"

စိုင်းဆိုင်မော်၏မျက်လုံးအစုံမှာ အရောင်တောက်ပသွားသည်။

"တကယ်နော်"

"ဩော် ... တကယ်ပါဆို"

"ပျော်လိုက်တာဗျာ၊ ဒီလိုဆို ကျွန်တော် လာခဲ့ပါ့မယ်၊ လုပ်သင့်တာတွေလည်း လုပ်ရဦးမယ်၊ ကျွန်တော် သွားပြီနော်"





ပြုံးရိပ်သန်းသောမျက်နှာဖြင့် ရှင်လန်းတက်ကြွစွာ အလျင်အမြန်ပြေးထွက်သွားသော စိုင်းဆိုင်မော်ကိုကြည့်ရင်း အင်ကြင်းအောင် သက်ပြင်းတစ်ချက် ချမိသည်။

"အင်း ... တကယ့်ကို အတည်ပေါက်နဲ့ နောက်တတ်တဲ့ ကောင်လေးပဲ၊ ကျေးဇူးအတင်ခံရမှာကိုကြောက်တာနဲ့ပဲ မလိုမ့်တစ်ပတ် လုပ်သွားတယ်"

သူမထံ လာမည်ဆိုပြီး လိပ်စာမမေးသွားသည့် စိုင်းဆိုင်မော်သည် နှင်းမှုန်များအကြား တိုးဝင်ပျောက်ကွယ်သွားသည်။

ထိုအခါမှ အင်ကြင်းအောင်က ပတ်ဝန်းကျင်တစ်ခုလုံးတွင် အသက်ရှင်ရပ်တန့်နေနိုင်တာ သူမတစ်ဦးတည်းရှိကြောင်းကို သတိပြုမိလိုက်၏။

လှည်းတွင်ဆင်ထားသောမြင်းနှစ်ကောင်က တစ်ကောင်၏ ရှေ့ခြေမှသွေးများကို တစ်ကောင်က လျှာဖြင့်လျက်၍ လဲကျနေရာမှမထဘဲ ငြိမ်နေကြသည်။ သူတို့၏သခင်ဖြစ်သူ မောင်ထွန်းတင်ကလည်း သတိလစ်နေဆဲ။

သွေးအိုင်ထဲရှိ ရဲနိုင်၏အလောင်းက အင်ကြင်းအောင်ကို နင့်နင့်စေလေသည်။ သူမ အိတ်ကိုပစ်ချပြီး ရဲနိုင်၏အလောင်းပေါ် မျက်နှာအပ်ရင်း စိတ်လွတ်ကိုယ်လွတ်ပင် ပြင်းပြင်းပြပြ ငိုကြွေးလေတော့သည်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

## အတူနေမည့်ညီ့သည်

''မအင်ကြင်းအောင်''

''ဟင် ... စိုင်းဆိုင်မော်''

မျက်စိရှေ့သို့ ဖြုန်းစားကြီးရောက်လာသော စိုင်းဆိုင်မော်ကို အင်ကြင်းအောင် တအံ့တသြကြည့်မိသည်။ စိုင်းဆိုင်မော်က ကြည်ကြည်လင်လင်ကလေး ပြုံးနေ၏။

''ကျွန်တော် အစ်မနဲ့အတူ နေမလို့၊ အစ်မ ကျွန်တော့်ကို ကြည်ကြည်ဖြူဖြူနဲ့ လက်ခံနိုင်ပါတယ်နော်''

''လက်ခံနိုင်တာပေါ့၊ အစ်မက မင်းကို မြင်မြင်ချင်း သွေးသားရင်းတစ်ယောက်လိုကို သံယောဇဉ်ဖြစ်မိတာ''

အင်ကြင်းအောင်က မဆိုင်းမတွပင် ဖြေ၏။ ပီဘီကလေးငယ်တစ်ယောက်ပမာ ရိုးသားဖြူစင်မှုများ ပြည့်နှက်နေသော စိုင်းဆိုင်မော်မျက်နှာလေးကို သူမ မော့ကြည့်လိုက်သည်။

စိုင်းဆိုင်မော်၏မျက်နှာပေါ်၌ စိတ်လှုပ်ရှားမှုနှင့်အတူ





ဝမ်းသာပျော်ရွှင်မှုများ အထင်းသားပေါ်လွင်နေသည်။

''ကျေးဇူးတင်ပါတယ်၊ ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါနဲ့ အခု အစ်မက အစ်မမိဘတွေနဲ့ အတူနေနေတာ မဟုတ်လား''

''ဟုတ်တယ်လေ''

''သူတို့က ကျွန်တော့်ကို လက်ခံပါ့မလား''

အင်ကြင်းအောင် တွေဝေသွား၏။ မိဘများအနေဖြင့် အရွယ်ရောက်နေပြီဖြစ်သော ယောကျ်ားပျိုတစ်ယောက်ကို တစ်အိမ်တည်းအတူနေခွင့် ပေးမည်မထင်ပါ။ သူမကတော့ ဒီကောင်လေးအပေါ် ဖြူစင်သန့်ရှင်းသော မေတ္တာမျိုးကို ထားမိနေပေပြီ။ အဘယ်ကြောင့်မှန်းမသိ၊ သူ့အပေါ် သူမ အကြွင်းမဲ့ ယုံကြည်နေမိ၏။

''အစ်မရဲ့အသက်နဲ့ ဥစ္စာပစ္စည်းတွေကို ကာကွယ်ကယ်တင်ပေးခဲ့တဲ့ ကျေးဇူးရှင်တစ်ယောက်အပေါ် ဖေဖေကော မေမေပါ ငြင်းဆန်မယ်တော့ မထင်မိပါဘူး''

ထိုသို့သာ ပြောလိုက်ရသည်။ သူမက စိတ်ထဲမှာတော့ သူ့ကိုလက်ခံအောင် မိဘတွေကို ဘယ်လိုပြောရမလဲဆိုတဲ့စကားတွေကို ရွေးချယ်စဉ်းစားနေရ၏။ စိုင်းဆိုင်မော်၏မျက်နှာတစ်ခုလုံး ဝင်းကြည်လေးနက်သွားသည်။

''သူတို့ ကျွန်တော့်ကို လက်ခံနိုင်မယ့်နည်းလမ်းရှိတယ်၊ ကျွန်တော့်ကို သူတို့ ကျေကျေနပ်နပ်နဲ့ကို လက်ခံနိုင်မယ့်နည်းလမ်းမျိုးပါ''

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုနည်းလမ်းမျိုးလဲ"

"လာ ... ကျွန်တော့်နောက်လိုက်ခဲ့"

သူက ပြောပြောဆိုဆိုပင် ချာခနဲလှည့်ထွက်သွား၏။ အင်ကြင်းအောင်က ခုတင်ပေါ်မှဆင်းပြီး သူ့နောက်မှ ထက်ကြပ်မကွာ လိုက်ပါသွားလေသည်။

❑

ည ... ကောင်းကင်ပေါ်တွင် လခြမ်းလေးနှင့်အတူ ကြယ်ပွင့်ကလေးများ တလက်လက်တောက်ပနေသည်။ နှင်းမှုန်များက ခပ်ဖွဲဖွဲလေး ကျဆင်းနေ၏။

အင်ကြင်းအောင်က ကောင်းကင်ပေါ်သို့ တစ်ချက်မော့ကြည့်ပြီး စိုင်းဆိုင်မော်နောက်သို့ လိုက်သွားသည်။ သူမ၏ခန္ဓာကိုယ်မှာ အလွန်ပေါ့ပါးလန်းဆန်းနေတာကို သတိပြုမိလိုက်၏။

စိုင်းဆိုင်မော်က လျှောက်နေရာမှ အင်ကြင်းအောင်ကို တစ်ချက်လှည့်ကြည့်ရင်း ပြုံး၏။ ထို့နောက် ရုတ်တရက် လေအလျင်တစ်ခုပမာ ပြေးထွက်သွား၏။

အင်ကြင်းအောင် ချက်ချင်းပင် သူ့နောက်သို့ ပြေးလိုက်သွားသည်။ တော်တော်ကြာမှ စိုင်းဆိုင်မော်က ခြေလှမ်းရပ်တန့်သဖြင့် သူမလည်း ပြေးလွှားခြင်းကို ရပ်တန့်လိုက်၏။





ထိုအခါ သစ်ပင်ချုံနွယ်ကြီးများ ထူထပ်ရှုပ်ထွေးစွာ ပေါက်နေကြသည့် တောကြီးတစ်ခုထဲ ရောက်နေသည်ကို သတိပြုမိ၏။ သူမက မျက်မှောင်ကုတ်သွားသည်။

"ဒါ ဘယ်နေရာလဲ စိုင်းဆိုင်မော်"

"ကျွန်တော် လက်ရှိကျင်လည်နေတဲ့ ပတ်ဝန်းကျင်လေးပဲ ဆိုပါတော့၊ လာ ... ကျွန်တော့်ရဲ့အိမ်လေးဆီ သွားမယ်"

စိုင်းဆိုင်မော်က ပြောပြောဆိုဆိုဖြင့် ဘယ်ဘက်ရှိ သစ်ပင်ကြီးများကြားသို့ တိုးဝင်သွားသည်။ အင်ကြင်းအောင် သူ့နောက်မှ မကြောက်မရွံ့လိုက်သွား၏။

မကြာပါချေ ... စိုင်းဆိုင်မော်က သဘာဝကျောက်လိုဏ်ဂူလေးတစ်ခုထဲသို့ လှမ်းဝင်သွားသည်။ အင်ကြင်းအောင် နားမလည်အောင် ဖြစ်သွား၏။

"ဒီဂူက မင်းအိမ်ဆိုတာလား"

သူမက စိုင်းဆိုင်မော်နောက်မှ ကပ်လိုက်သွားရင်း မေး၏။ စိုင်းဆိုင်မော်က ခေါင်းကို ဆတ်ခနဲတစ်ချက်ညိတ်ပြီး ကျောက်ဖျာကြီးတစ်ချပ်ကို လက်ညှိုးထိုးပြသည်။

"အစ်မ ... အဲဒီကျောက်ဖျာပေါ်မှာ လှဲလိုက်ပါ၊ ခဏလောက်ကလေး လှဲပေးနော်"

"ဟင် ... ဘာဖြစ်လို့လှဲရမှာလဲ၊ မလှဲဘူး"

"အစ်မ ... ကျွန်တော့်ကို အစ်မနဲ့အတူနေဖို့ လက်ခံတယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



အင်ကြင်းအောင်ရင်ထဲ ထိတ်ခနဲဖြစ်သွား၏။ ရှက်ရွံ့စိတ်နှင့်အတူ ဒေါသထွက်သွားမိ၏။ သူမက စိတ်လှုပ်ရှားဟန်ရှိသည့်တိုင် စိုင်းဆိုင်မော်ကို အထင်သေးစွာဖြင့် မော့ကြည့်ကာ လက်ညှိုးငေါက်ငေါက်ထိုးရင်း အော်ပစ်လိုက်၏။

"ငါက မင်းကို အပြစ်ကင်းစင်တဲ့ကလေးတစ်ယောက်အဖြစ် သတ်မှတ်မိလို့ မင်းစကားတွေအားလုံးကို ရိုးသားစွာ အဓိပ္ပာယ်ကောက်ယူခဲ့တာ၊ မင်း မင်းက"

"အင်း စိုင်းဆိုင်မော် စိုင်းဆိုင်မော် ... မင်းက စကားကို ရှင်းရှင်းလင်းလင်း မပြောတတ်ဘဲကိုး၊ ဒီပုံစံမျိုးဖြစ်လာမှာကို အဘသိလို့ လိုက်လာတာ"

အေးချမ်းကြည်လင်သော စကားသံနှင့်အတူ သူတို့နံဘေးသို့ ဝတ်ဖြူစင်ကြယ်ဝတ်ဆင်ထားသော သူတော်စင်ကြီးတစ်ဦး ရောက်ရှိလာသည်။ သူတော်စင်ကြီး၏ ကြည်လင်သောဥပမိရုပ်ကိုမြင်သည်နှင့် အင်ကြင်းအောင်၏ဒေါသမှာ ပျောက်ကွယ်ငြိမ်းချမ်းသွားသည်။ ကြောက်ရွံ့စိုးရိမ်စိတ်လည်း မရှိတော့ချေ။ သူတော်စင်ကြီးကိုမြင်သည်နှင့် စိုင်းဆိုင်မော်၏မျက်နှာတစ်ခုလုံး ပြုံးရွှင်သွား၏။

"အဘ အဘ ကျွန်တော့်ဆီလာတယ် ဟုတ်လား"

"လာသင့်တဲ့အချိန်မို့ လာရတာပေါ့ကွယ်၊ ချန်နီအတွက်တော့ အဆင်ပြေသွားပြီ၊ မင်းပဲကျန်တော့တယ်၊ မင်းပုံစံနဲ့ အဆင်မပြေနိုင်မှန်း အဘသိနှံ့မှန်းမိလို့ လာခဲ့တာ"





"ကျေးဇူးတင်ပါတယ် အဘရယ်"

အင်ကြင်းအောင် သူတို့စကားများကို နားထောင်ရင်း နားမလည်နိုင်ခြင်းနှင့်အတူ ထိတ်လန့်တုန်လှုပ်သွားမိသည်။ သို့သော် ချက်ချင်းပင် အကြောက်ပြေသွား၏။ သူတော်စင်ကြီးကို သူမ လေးစားကြည်ညိုမိသလို အကြွင်းမဲ့ယုံကြည်ထားသည်။

ထိုစဉ် သူတော်စင်ကြီးက အင်ကြင်းအောင်နှင့် မျက်နှာချင်းဆိုင်ပြီး သူမ၏မျက်လုံးအစုံကို စိုက်ကြည့်လိုက်သည်။ သူ၏မျက်လုံးအစုံ၌ မည်သည့်အရိပ်အယောင်မျှ မတွေ့ရဘဲ ပကတိကြည်လင်တောက်ပနေ၏။ သို့သော် အင်ကြင်းအောင်မှာ သူတော်စင်ကြီး၏မျက်လုံးများကို ကြည့်မိသည်နှင့် ဦးနှောက်တစ်ခုလုံး စုပ်ထုတ်ခံလိုက်ရသလို သတိကင်းမဲ့သွားခဲ့သည်။

သူတော်စင်ကြီး၏ နှုတ်ခမ်းအစုံက ဖြည်းဖြည်းလေး လှုပ်ရှားလာသည်။

"သမီး သမီး ... မကြောက်ပါနဲ့၊ အဘတို့က သမီးကို အန္တရာယ်ပေးမယ့်သူတွေ မဟုတ်ပါဘူး၊ အထီးကျန်နေတဲ့ သမီးအတွက် အဖော်ကောင်းလေး ပေးမလို့ပါကွယ်၊ သမီးလက်ခံတယ်ဆိုမှ အဘတို့က ပေးလို့ရမှာ၊ သမီးလက်ခံလိုက်ပါ ဟုတ်ပြီလား"

"ဟုတ်ကဲ့"

အင်ကြင်းအောင်က မလှုပ်မယှက်ရပ်ရင်းမှ ခေါင်းညိတ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



''ကဲ ... ဒီလိုဆို သမီး ဟောဟိုက လရောင်လေးဖြာကျနေတဲ့ ကျောက်ဖျာကြီးပေါ်မှာ အိပ်လိုက်ချည် ... သွား''

သူတော်စင်ကြီး၏ တိုက်တွန်းချက်အတိုင်း အင်ကြင်းအောင် လုပ်ဆောင်လေသည်။ သူမ ဘာကိုမှ မစဉ်းစားမိချေ။ စိတ်ညှို့ခံထားရသူလို သတိကင်းမဲ့နေလေ၏။

သူမက ကျောက်ဖျာကြီးပေါ်၌ ပက်လက်ကလေး လှဲလျောင်းနေလိုက်သည်။

ထိုစဉ် စိုင်းဆိုင်မော်က သူမအနီးသို့ လျင်မြန်စွာ ချဉ်းကပ်လာ၏။ သူမ သူ့ကို ငေးကြည့်နေမိသည်။

ရုတ်တရက် စိုင်းဆိုင်မော်၏ခန္ဓာကိုယ်မှ အလင်းတန်းအချို့ ယှက်ဖြာထွက်လာပြီး အရေပြားများက တဆတ်ဆတ်တုန်ယင် လှုပ်ရှားလာသည်။

ထိုအရေပြားပေါ်တွင် အကြေးခွံကြီးများ တစ်ချပ်ပြီးတစ်ချပ် ပေါ်လာသည်။ သူ၏ဆံပင်နှင့် ခြေလက်တို့မှာ တဖြည်းဖြည်း တို၍ ပျောက်ကွယ်သွား၏။

သူက ပါးစပ်ကို ဟလိုက်သည်နှင့် အပေါ်သွားစွယ်နှစ်ချောင်းမှာ ရှည်ထွက်လာသလို လျှာမှာလည်း ကျဉ်းမြောင်းရှည်လျားလျက် နှစ်ခွဖြစ်သွား၏။

ထိုအခါ ပါးပျဉ်းထောင်နေသော တောကြီးမြွေဟောက်တစ်ကောင်အဖြစ် လုံးဝပြောင်းလဲသွားသည်ကို တွေ့မြင်လိုက်ရသည်။





အချိန်တိုအတွင်း စိုင်းဆိုင်မော်၏ပုံသဏ္ဌာန် ပြောင်းလဲသွားပုံမှာ မယုံကြည်နိုင်စရာ အံ့သြစရာကောင်းလှ၏။

အင်ကြင်းအောင် အလွန်ကြောက်ရွံ့ထိတ်လန့်သွား၏။ မျက်လုံးအပြူးသားဖြင့် ကြီးမားလှပသော တောကြီးမြွေဟောက်ဖိုကြီးကို ငေးကြောင်ကြည့်နေသည်။ အော်ဟစ်ထပြေးဖို့ကိုတော့ သတိပင်မရတော့။

ယင်းအချိန် စိုင်းဆိုင်မော်တစ်ဖြစ်လဲ တောကြီးမြွေဟောက်ဖိုကြီးသည် 'ရှူး' ခနဲတွန်ပြီး ကျောက်ဖျာပေါ်မှာ မလှုပ်မယှက် ငြိမ်သက်နေသော အင်ကြင်းအောင်၏ ဝမ်းဗိုက်ပြင်ကို ဆိုးဖောက်တိုးဝင်သွားသည်။

မြွေကြီး၏ခန္ဓာကိုယ်မှာ အင်ကြင်းအောင်၏ ဝမ်းဗိုက်ထဲသို့ လျင်မြန်စွာတိုးဝင်နေသည်နှင့်အမျှ ဝမ်းဗိုက်ကြီးမှာ ချက်ချင်းပင် ဖောင်းကာ မြင့်တက်လာ၏။ ထိုဝမ်းဗိုက်ပူပူကြီးကို ကြည့်ရင်း အင်ကြင်းအောင် သတိဝင်လာကာ သည်းခြေပျက်မတတ် အော်ဟစ်လိုက်လေသည်။

''အား''

❑

''ငါ့ဗိုက် ငါ့ဗိုက်''



www.burmeseclassic.com

www.burmeseclassic.com



အင်ကြင်းအောင် အိပ်မက်မှလန့်နိုးလာသည်နှင့် ဝမ်းနိုက်ကို ယက်ဝါးနှစ်ဖက်ဖြင့်စမ်းရင်း ငေါက်မနဲ ထထိုင်လိုက်သည်။ ပြားချပ်လျက်ရှိသော ဝမ်းဗိုက်ပြင်က ယားကျိကျိ ဖြစ်နေသလို ခံစားနေရ၏။ စိတ်အစွဲအလမ်းကြောင့် ဖြစ်ပေလိမ့်မည်။

''ဟူး ...ငါ အိပ်မက်မက်နေတာပဲ၊ ဒါပေမဲ့ ငါ ဒီထူးဆန်းတဲ့ဖြစ်ရပ်ကြီးနဲ့ တကယ့်ကို ကြုံခဲ့ရသလိုပဲ၊ အသည်းယားဖို့ကောင်းလိုက်တာ''

သူမ ကြမ်းတမ်းသောခရီးရှည်ကြီးကို ဖြတ်ခဲ့ရသလို အလွန်ပင်ပန်းနွမ်းနယ်နေ၏။ ချွေးတွေကလည်း တစ်ကိုယ်လုံးရွှဲရွှဲစိုနေပေပြီ။

အိပ်မက်ဆန်းအကြောင်း ပြန်စဉ်းစားမိတော့ ကြောက်ရွံ့ထိတ်လန့်ခြင်းထက် စဉ်းစားစရာတွေ ရှိလာသည်။

''စိုင်းဆိုင်မော် ...ဒီကောင်လေးဟာ လူမှဟုတ်ရဲ့လား၊ သူ့ကိုယ်သူ တစ္ဆေတစ်ကောင်လို့ ပြောခဲ့တယ်၊ အရာအားလုံးကိုလည်း သူသိနေခဲ့တယ်၊ လှုပ်ရှားပုံကလည်း ဝိညာဉ်တစ်ခုလိုပဲ ဒီအတိုင်းဆို''

သူမ ဆက်မတွေးတတ်တော့ပါ။

စိုင်းဆိုင်မော်သည် တောကြီးမြွေဟောက်ဖိုအဖြစ် ပြောင်းလဲသွားပြီး သူမဝမ်းဗိုက်ထဲ ဝင်ခဲ့သည့်ပုံစံက မျက်စိထဲက မထွက်ချေ။ သူတော်စင်ကြီးအပေါ် လည်း သူမ နားမလည်နိုင်ပါ။ ချုန်နီဆိုသောနာမည်ကလည်း သူမအတွက် အထူးအဆန်းပင်





သူမ ထူးဆန်းသောအိပ်မက်၏အဓိပ္ပာယ်ကို ဖော်ထုတ်နိုင်ရန် စဉ်းစားနေစဉ် ခြေသံများနှင့်အတူ အမျိုးသမီးတစ်ဦး၏အသံ ထွက်ပေါ်လာသည်။

''အင်ကြင်း ဘာဖြစ်လို့လဲ''

'ဒေါက် ဒေါက် ဒေါက်'

''သမီးရေ တံခါးဖွင့်ဦး''

အမျိုးသားတစ်ဦး၏အသံကလည်း အလောတကြီးထွက်ပေါ်လာ၏။ စိုးရိမ်ပူပန်မှုများက သူ့အသံမှာ ရောယှက်ပါဝင်နေသည်။

အင်ကြင်းအောင် အနွေးအကျီလက်ဖြင့် မျက်နှာပေါ်မှ ချွေးများကို ကမန်းကတန်းသုတ်ပြီး ခုတင်ထက်မှဆင်းကာ တံခါးရှက်နားသို့ ပြေးသွားသည်။

''ဘာမှမဖြစ်ပါဘူး ဖေဖေ၊ သမီး အိပ်မက်မက်ရင်း ယောင်အော်မိတာပါ''

တံခါးအားဖွင့်ပေးရင်း တိုးလျဖျော့တော့သောအသံဖြင့် ပြောပြီး အခန်းမီးများကို လိုက်ဖွင့်လိုက်သည်။

အိပ်ခန်းထဲသို့ အင်ကြင်းဖေဖေ ဦးအောင်ကိုကိုနှင့် မိထွေးဖြစ်သူ ဒေါ်မျိုးကေသွယ်တို့ ဝင်လာကြသည်။ ဦးအောင်ကိုကိုက သမီးဖြစ်သူ၏ ဖြူဖပ်ဖြူရော်ဖြစ်နေသော မျက်နှာလေးချောင်ချောင်လေးကို ကရုဏာသက်သောမျက်လုံးအစုံဖြင့် ကြည့်ရင်း အနားသို့ကပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးက အစားအသောက်မှ မမှန်ဘဲကိုး၊ လှုပ်လှုပ်ရှားရှားလည်း မရှိ တစ်နေ့လုံး အခန်းထဲအောင်းနေတာပဲ၊ ကြာတော့ Pale ဖြစ်လာတာပေါ့၊ သမီးက ဒီလိုပုံစံဖြစ်နေမှတော့ မောင်ရဲနိုင်လည်း တမလွန်မှာ ဘယ်စိတ်ချမ်းသာနိုင်ပါ့မလဲ၊ ကိုယ့်ကျန်းမာရေးကို အထိခိုက်မခံပါနဲ့ကွယ်"

ဦးအောင်ကိုကိုမှာ အထွေထွေရောဂါကုဆရာဝန်တစ်ဦးဖြစ်၏။ သူက အင်ကြင်းအောင်အား အသာအယာ ပွေ့ဖက်လိုက်သည်။

အင်ကြင်းအောင်က ဖခင်၏ရင်ခွင်ထဲ မျက်နှာအပ်ကာ နင့်နင့်သည်းသည်း ငိုကြွေးမိ၏။

မျိုးကေသွယ်၏ သွေးခွဲမှုကြောင့် ဝေးကွာနေခဲ့ကြရသော သားအဖနှစ်ဦး တစ်ဦးကိုတစ်ဦး တင်းကျပ်စွာ သိုင်းဖက်ထားကြသည်။ အတန်ကြာမှ ဦးအောင်ကိုကိုက လူချင်းခွာထုတ်ပြီး–

"ဒီလောက်ငိုရရင် ကျေနပ်ပါတော့သမီးရယ်၊ လာ … ငါ့သမီးကို ဖေဖေကိုယ်တိုင်စမ်းသပ်ပေးမယ်၊ နော် သမီး … ဟုတ်ပြီလား"

ဖေဖေ့တောင်းဆိုချက်ကို ယခုတစ်ကြိမ်တွင်တော့ အင်ကြင်းအောင် လက်ခံလိုက်၏။ ဒေါ်မျိုးကေသွယ်ကို ဖေဖေလက်ထပ်ယူလိုက်ကတည်းက ကျွန်မ ခပ်စိမ်းစိမ်းဆက်ဆံခဲ့သည်။ ဖေဖေမကြိုက်တာတွေကိုမှ အရွဲ့တိုက် လုပ်ပြခဲ့၏။ ရဲနိုင်နှင့် ခိုးရာလိုက်ပြေးပြီးနောက်ပိုင်း လုံးဝအဆက်အသွယ်





ဖြတ်ထားလိုက်သည်။

မကြာပါချေ။ သတင်းစာမှာ အမွေပြတ်စွန့်လွှတ်ကြောင်း ပါလာခဲ့၏။ မိထွေး၏စနက်ကြောင့်လည်း ပါမည်ဆိုတာကို နားလည်လိုက်၏။ ဖေဖေ့ကိုလည်း စိတ်နာသွားခဲ့သည်။

ကျွန်မ၏သတင်းဆိုးကိုကြားတော့ ဖေဖေ မနေနိုင်ဘဲရောက်လာခဲ့သည်။ နောက်ပိုင်း ဖေဖေက အချိန်ပေးကာ ဂရုစိုက်ခဲ့သော်လည်း ကျွန်မ လက်မခံခဲ့ချေ။

ကိုယ့်ကိုယ်ကိုယ် နှိပ်စက်နေတာဟာ ဖေဖေ့ကို နာကျင်စေချင်တာလည်းပါ၏။

ယခုလို အားငယ်ထိတ်လန့်ချိန်မျိုးမှာတော့ ဖေဖေကို ကျွန်မ မရှိမဖြစ် လိုအပ်နေသေးတာကို သိလိုက်ရသည်။

ဖေဖေက နားကြပ်တစ်စုံဖြင့် ကျွန်မကို စမ်းသပ်နေ၏။ ဖေဖေ့မျက်နှာ တဖြည်းဖြည်း ပြုံးလာတာကို တွေ့ရ၏။ ဦးအောင်ကိုကို၏မျက်နှာပေါ်၌ စိတ်လှုပ်ရှားပျော်ရွှင်မှုက ထင်ထင်ရှားရှား ပေါ်လွင်လာ၏။

"သမီး သမီးလေး အင်ကြင်း … ငါ့သမီးမှာ ရင်သွေးသား ရှိနေပြီကွယ့်၊ မောင်ရဲနိုင်ရဲ့ ကိုယ်ပွားလေးကို ငါ့သမီး မွေးတော့မယ်"

"ရှင်"

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

## အိပ်မက်များနှင့် ကြီးပြင်းလာသူ

လပြည့်ညဖြစ်၏။ ကောင်းကင်ပေါ်တွင် လဝန်းက ပြည့်ပြည့်ဝဝ လှလှပပရှိနေ၏။ ကြယ်ကလေးများကလည်း အစွမ်းကုန် ထွန်းလင်းတောက်ပနေသည်။

ပြည့်နိုင်မင်းသည် ပြတင်းဝ၌ရပ်ရင်း လဝန်းကို ငေးကြည့်နေ၏။ သူ၏မျက်လုံးအစုံမှာ တဖြည်းဖြည်း ညို့မှိုင်းလာသလို ခန္ဓာကိုယ်ကလည်း တဖြည်းဖြည်း ယိမ်းထိုးလှုပ်ရှားလာသည်။ အတန်ကြာ မျက်လုံးများကို ဖြည်းညင်းစွာပိတ်ပြီး လေချွန်ရင်း ခန္ဓာကိုယ်ကို ယိမ်းနွဲ့နေ၏။ သူ၏လေချွန်သံမှ ငြိမ့်ညောင်းသာယာသော သံစဉ်တစ်ခု ထွက်ပေါ်နေသည်။ သူ လောကကြီးတစ်ခုလုံးကို မေ့လျော့လျက်ရှိနေ၏။ ထိုစဉ် ရုတ်တရက် –

''အစ်ကိုကြီး''

''အစ်ကိုစိုင်းဆိုင်မော်''

အသံစူးစူးလေးများက ခပ်တိုးတိုး ထွက်ပေါ်လာသည်။





စိုင်းဆိုင်မော်ဟု အခေါ်ခံရသော ပြည့်နိုင်မင်းက မျက်လုံးဖွင့်ကြည့်လိုက်သည်။ ရှမ်းရိုးရာဝတ်စုံများကို ဝတ်ဆင်ထားကြသော လုလင်ပျိုနှင့် လုံမပျိုလေးတို့ကို တွေ့ရ၏။

လုလင်ပျိုမှာ လုံးအွန်ဆိုင်ဖြစ်ပြီး လုံမပျိုမှာ နန်းအိနိုင်ဖြစ်ကြောင်းကို သူသိရှိထားသည်။ သူတို့ သူ့ထံကိုရောက်လာတာ သခုတစ်ခါ ပထမဆုံးအကြိမ်မဟုတ်။ သူနှင့် ရင်းနှီးပြီးသားဖြစ်၏။

''ဩော် ... နန်းအင်နဲ့နန်းအိမ်တို့ မလာတာကြာပြီ၊ နောက်တစ်ခါ သူတို့မောင်နှမနှစ်ယောက်ကို ဖွတ်လိုက်ပါ''

''ဟုတ်ကဲ့ အစ်ကိုကြီး၊ ညီလေးနဲ့ညီမငယ်တို့ကလည်း ဒီကို လာချင်နေကြရှာတယ်၊ အခု ကျွန်တော်တို့နှစ်ယောက်လာတာက အရေးကြီးတဲ့အချိန် ရောက်နေလို့ပါ''

လုံးအွန်ဆိုင်က တရိုတသေဖြင့် ပြော၏။ ပြည့်နိုင်မင်း ရင်ထဲ ဘာကိုစိုးရိမ်မှန်းမသိ စိုးရိမ်သွားသည်။

''ဘာဖြစ်နေလို့လဲ ညီလတ်''

''ကျွန်တော်တို့နယ်ကို ဦးမင်းဒင်ဆိုတဲ့ သိုက်ဆရာတစ်ယောက် ရောက်နေတယ်၊ ပြီးတော့ ဟိုမြွေအလမ္မာယ်ဆရာ ကောင်ပါ ပါတယ်၊ တပည့်တွေလည်း မနည်းဘူး၊ အဲဒီအတွက် ကျွန်တော်စိုးရိမ်နေရတယ်''

''ညီလတ်က စိုးရိမ်နေတယ်ဆိုမှတော့ သူတို့အရည်အချင်းက မညံ့လောက်ဘူးဆိုတာ အစ်ကိုကြီး ခန့်မှန်းမိပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



[illegible] ညီအစ် သိပ်စိတ်ပူမနေပါနဲ့၊ သူတို့လို လူယုတ်မာတွေ [illegible] နိမ်နင်းနိုင်မှာပါ၊ သူတို့အတွက် မကောင်းတဲ့ [illegible] စောင့်ကြိုနေပါလိမ့်မယ်''

''[illegible]ကြီးကတော့ ဒီအတိုင်းပဲ၊ အစ်ကိုကြီး စိတ်အေး [illegible]သယ့် ညီမလေးတို့ကတော့ ရင်မအေးနိုင်ဘူးရှင့်၊ ညီမလေးတို့ပစ္စည်းတွေနဲ့ ဘုရားတည်ချင်လို့ပြီ၊ ဒါ ညီမလေးတို့မောင်နှမငါးယောက်ရဲ့ ရည်မှန်းချက်ပဲ မဟုတ်လား၊ ညီမလေးကတော့ ဒီကိစ္စကို အမြန်ဆုံး အကောင်အထည်ဖော်ချင်ပြီ''

နန်းအိခိုင်က အားတက်သရောပြော၏။ ပြည့်နိုင်မင်း၏ မျက်နှာပေါ်တွင် စိတ်လှုပ်ရှားဟန်များ ထင်ထင်ရှားရှား ပေါ်လွင်လာသည်။

''အစ်ကိုကြီးလည်း ညီမလေးလိုပါပဲ၊ တို့ရဲ့ဆန္ဒတွေ ပြည့်ဝတော့မယ့်အချိန် ရောက်လုနီးပါပြီကွယ်''

''ဒီစကားနဲ့တင် ကျေနပ်လာရတာ နှစ်နဲ့ချီနေပြီ၊ အစ်ကိုကြီးတောင် ဒီဘဝမှာ အနှစ်နှစ်ဆယ်ပြည့်တော့မယ်၊ ညီမလေးတို့ ဘယ်လောက်တောင် ထပ်စောင့်ရဦးမှာလဲ''

''အဘကတော့ ဒီနှစ်အတွင်း အစ်ကိုကြီးတို့ဆန္ဒတွေ ပြည့်ဝမယ်လို့ ပြောသွားတယ် ညီမလေးရဲ့''

''အို ... ဟုတ်လား၊ ဒါ တကယ့်သတင်းကောင်းပဲ၊ မောင်လေးနဲ့ညီမငယ်တို့ကြားရင် သိပ်ပျော်ကြမှာ၊ သူတို့လည်း ဒီဘဝခန္ဓာကိုယ်ကြီးကို ငြီးငွေ့စွန့်ခွာနေချင်ပြီလေ''





ပြည့်နိုင်မင်း စိတ်မကောင်းဖြစ်သွား၏။

''အစ်ကိုကြီးတစ်ယောက်တည်း ကိုယ်လွတ်ရုန်းပြီး တစ်ကိုယ်ကောင်းဆန်ခဲ့မိတာ ခွင့်လွှတ်ပါ၊ ညီမလေးတို့ဆန္ဒ ပြည့်ဝအောင် အစ်ကိုကြီးကြိုးစားပေးပါ့မယ်''

နန်းအိခိုင်က သက်ပြင်းလေးချပြီး လုံးအွန်ဆိုင်ကို လှည့်ကြည့်သည်။ လုံးအွန်ဆိုင်က ပြည့်နိုင်မင်း၏လက်နှစ်ဖက်ကို ဆုပ်ကိုင်လိုက်၏။

''ပြီးခဲ့တာတွေကို ပြန်မပြောပါနဲ့တော့ အစ်ကိုကြီး၊ အခု ကျွန်တော်ဖြစ်စေချင်တာကတော့ အစ်ကိုကြီး ကျွန်တော်တို့ဆီကို အမြန်လာဖို့ပဲ၊ ဦးမင်းဒင်တို့ကို အထင်သေးထားလို့ မရဘူး၊ သူတို့ကို ကျွန်တော်တို့ချည်းပဲ ဟန့်တားဖို့မလွယ်ဘူး၊ အစ်ကိုကြီးရဲ့အကူအညီတွေ လိုတယ်''

''ဟုတ်တယ် အစ်ကိုကြီး၊ ညီမလေးတို့ဆီကို အမြန်လာခဲ့ပေးပါ၊ လာမယ်မဟုတ်လားဟင်''

ပြည့်နိုင်မင်းက ညီလတ်နှင့်ညီမလေးတို့၏ မျှော်လင့်ချက်များ ပွတ်သီးနေသောမျက်နှာလေးကိုကြည့်ရင်း ခေါင်းညိတ်ပြလိုက်သည်။

''လာခဲ့မယ် ... အစ်ကိုကြီး လာခဲ့ပါ့မယ်''

လုံးအွန်ဆိုင်းနှင့် နန်းအိခိုင်တို့၏မျက်နှာပေါ်မှာ အပြုံးပန်းတွေပေါ်လာ၏။ သူတို့က တစ်ယောက်မျက်နှာတစ်ယောက် သုမ်းကြည့်ပြီး အသီးသီး နှုတ်ဆက်စကားဆိုကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆို ကျွန်တော်တို့ပြန်တော့မယ်"

"အစ်ကိုကြီးကို ညီမလေးတို့စောင့်နေမယ်နော်"

"အေး အေး"

ရုတ်တရက် လုံးအွန်ဆိုင်းနှင့် နန်းအိခိုင်တို့၏ ခန္ဓာကိုယ်မှ အဖြူရောင်အလင်းတန်းတချို့ ဖြာထွက်လာပြီး အကြေးခွံများဖုံးလွှမ်းလာသည်။ တဆက်တည်းမှာပင် ခြေလက်နှင့်ဆံပင်များပျောက်ကွယ်သွားပြီး ကြီးမားလှပသော မြွေကြီးများအဖြစ် ပြောင်းလဲသွားဟာကို ပြည့်နိုင်မင်းက အံ့သြတုန်လှုပ်ခြင်း အလျဉ်းမရှိဘဲငေးကြည့်နေသည်။

မြွေကြီးနှစ်ကောင်သည် ပါးပျဉ်းကြီးများကို ဘယ်ညာခါယမ်းပြီးနောက် ပြတင်းပေါက်မှ လျှောဆင်းသွားကြ၏။

ပြည့်နိုင်မင်းက ပြတင်းဝနားကပ်သွားပြီး အောက်သို့ငုံ့ကြည့်လိုက်၏။ လရောင်အောက်တွင် မြွေကြီးနှစ်ကောင်သည် အုတ်နံရံပေါ်သို့ လျှင်မြန်စွာတက်သွားပြီး တစ်ဖက်သို့ ဆင်းကာပျောက်ကွယ်သွားတာကို တွေ့ရသည်။

ညလေပူက ပြင်းပြင်းထန်ထန်တိုက်ခတ်လာ၏။ လေပူ၏ ထိတွေ့မှုက ပြည့်နိုင်မင်းကို လူပ်လှုပ်ရှားရှား ဖြစ်သွားစေသည်။

"ဟင် ...ငါ ဘာဖြစ်သွားတာပါလိမ့်"

တီးတိုးရေရွတ်မိ၏။ ထိုသို့ ရေရွတ်မိတာ အကြိမ်ပေါင်းမနည်းတော့ချေ။ သူ၏မောင်နှမများဟု သူသိထားသော လုံးအွန်





ဆိုင်းနှင့် နန်းအိခိုင်၊ နန်းအင်နှင့် နန်းအိမ်တို့ကို သူ မကြာခဏတွေ့ဆုံစကားပြောဖြစ်ကြသည်။ မြွေအသွင်ဖြင့် သူတို့ပြန်သွားတာကို သတိကင်းမဲ့စွာဖြင့်ပင် ကြည့်ရင်းမှ သတိဝင်လာချိန်တိုင်းအတွေးများစွာတွေးဖြစ်၏။

"ငါ အိပ်မက်မက်တာလည်း မဟုတ်ပါဘူး၊ ငါ့ရဲ့အတိတ်ဘဝဖြစ်စဉ်ကတော့ အတော်လေးထူးဆန်းမယ် ထင်တယ်၊ အဲဒီဖြစ်ရပ်တွေကို ငါ သိနေသလိုလိုနဲ့ အသေအချာပြန်စဉ်းစားကြည့်တော့ ဘာမှန်းမသိတော့ပြန်ဘူး ...ဟင်း"

သူ မကြာခဏ ကြုံတွေ့တတ်သော ယခုကဲ့သို့ ဖြစ်ရပ်မျိုးအပြင် သူကောင်းကောင်းနားမလည်နိုင်သော အိပ်မက်ဆန်းတွေကိုလည်း တစ်ခါတစ်ရံ မက်တတ်သေးသည်။ ထူးခြားချက်တစ်ခုကတော့ သူ့အိပ်မက်တိုင်းမှာ မြွေတွေပါနေခြင်းဖြစ်၏။

အိပ်မက်ဆန်းများကို ကျွန်တော် လူမှန်းသိတတ်စကတည်းက မက်ခဲ့၏။ ထိုအိပ်မက်များအကြောင်း မိခင်ဖြစ်သူဒေါ်အင်ကြင်းအောင်ကို ပြောပြမိလျှင် မေမေ့မှာ ကျွန်တော့်အတွက် စိုးရိမ်ပူပန်သွားတတ်ပြီး ကျွန်တော့်ကို နတ်ကတော်တွေထံ ခေါ်ခေါ်သွားတတ်၏။ ကျွန်တော် စိတ်ရှုပ်လွန်းတာကြောင့်နောက်ပိုင်း မေမေ့ကို ဘာမှမပြောပြတော့ပါ။ မေမေ့ကို စိတ်မပူစေချင်တာလည်း ပါသည်။ ဒါတောင် မေမေက ကျွန်တော့်အခြေအနေကို အမြဲအကဲခတ်နေလေသည်။

ပြည့်နိုင်မင်း သူ ကြုံတွေ့နေရသော ဖြစ်ရပ်များကို



www.burmeseclassic.com

www.burmeseclassic.com



သုံးသပ်နေစဉ် ရုတ်တရက် -

'ဒေါက် ဒေါက် ဒေါက်'

''သားရေ တံခါးဖွင့်ပါဦးကွယ်''

ဒေါ်အင်ကြင်းအောင်အသံကြားမှ သူ အတွေးများကို ရပ်တန့်ပြီး တံခါးသွားဖွင့်ပေးလိုက်သည်။

''မေမေ မအိပ်သေးဘူးလား''

''အိုက်စပ်စပ်ကြီးဖြစ်နေတာနဲ့ အိပ်မပျော်ပါဘူးကွယ်၊ သားလည်း အိပ်မရဘူးထင်တယ်၊ ဟုတ်လား''

ဒေါ်အင်ကြင်းအောင်က ပုံစံမပျက်ရှိနေသော အိပ်ရာကို စိုက်ကြည့်ရင်းမေးရာ ပြည့်နိုင်မင်းက ခေါင်းညိတ်ပြလိုက်ရသည်။

''ဟုတ်တယ် မေမေ၊ မေမေက အအေးခံလို့လည်း မဖြစ်ဘူးနော်၊ ပူအိုက်တာကို မေ့ထားနိုင်အောင် ကြိုးစားပါဗျာ''

''အေးပါကွယ်၊ ကဲ ... တို့သားအမိနှစ်ယောက် အိပ်မရတဲ့အတူတူ စကားပြောကြရအောင် ... ဟုတ်လား''

''ဟုတ်ကဲ့''

မေမေ ဘယ်လိုစကားတွေပြောမယ်ဆိုတာ ကျွန်တော် ကြိုသိပြီးသားပါ။ တစ်ဦးတည်းသောသားအတွက် မေမေ အမြဲ စိုးရိမ်နေတာကို ကျွန်တော် သိပ်သနားမိပါသည်။ အဆုတ်အားနည်းသော မေမေ့ကို ကျွန်တော် ဂရုစိုက်ရပေမည်။

''မေမေ ... အကျႌပါးလက်ရှည်လေးတော့ ဝတ်ထားသင့်တယ်၊ ကျွန်တော် မေမေ့အိပ်ခန်းသွားပြီး ယူပေးမယ်၊





ဝတ်မယ်မဟုတ်လားဟင်''

ဒေါ်အင်ကြင်းအောင်က ချစ်စဖွယ်ကောင်းသော သား၏ မိနစ်ဖက်ကို အသာအယာဆွဲရင်း ပြုံးလိုက်သည်။

''ငါ့သား ဝတ်စေချင်မှတော့ မေမေဝတ်မှာပေါ့၊ သွား သွားယူချည်၊ မေမေ အအေးဖျော်လိုက်ဦးမယ်၊ သံပရာရည်ပဲ ဖျော်လိုက်မယ်နော်''

''ဟုတ်၊ ကျွန်တော် အကျႌယူပြီး မေမေ့ကို လာကူညီ မယ်''

ယဉ်ကျေးလိမ္မာလွန်းသော သား၏နောက်ကျောကို ဒေါ် အင်ကြင်းအောင်ကြည့်ရင်း ကြည်ကြည်နူးနူး ပြုံးမိလေသည်။

❑

ဒေါ်အင်ကြင်းအောင်က သံပရာရည်ခွက်ကို စားပွဲပေါ် အသာအယာ ပြန်ချလိုက်သည်။ သူမက ခပ်သဲ့သဲ့လရောင်လေး အောက်ရှိ ပြည့်နိုင်မင်း၏ ရှင်းသန့်တည်ကြည်သော မျက်နှာလေး ကို စေ့စေ့ကြည့်လိုက်၏။

''သား''

''ဗျာ မေမေ''

''သား ဟိုအိပ်မက်မျိုးတွေ မက်သေးလား''



www.burmeseclassic.com

www.burmeseclassic.com



''ဘယ်လိုအိပ်မက်မျိုးကိုပြောတာလဲ မေမေ''

''သားက အိပ်မက်ထဲမှာ မြွေတစ်ကောင်ဖြစ်နေတာမျိုး၊ သားကို မြွေကြီးလေးကောင်က လာခေါ်တာမျိုး၊ တောကြီးမြွေဟောက်မတစ်ကောင်နဲ့ သား နေထိုင်ခဲ့တာမျိုးတွေလို အိပ်မက်ဆိုးတွေကို ပြောတာ''

''သြော် . . . သား ကလေးဘဝတုန်းက မက်ခဲ့တဲ့ အိပ်မက်တွေကို ပြောတာကိုး၊ မမက်တော့ပါဘူး မေမေရဲ့''

ပြည့်နိုင်မင်း လိမ်ညာပြောလိုက်ရသည့်အတွက် စိတ်မကောင်းပါ။ ဒီလိုမှ မလိမ်လျှင်လည်း မေမေ ယောက်ယက်ခတ်နေပေဦးမည်။

ဒေါ်အင်ကြင်းအောင်၏မျက်နှာ ကြည်လင်သွား၏။

''ကောင်းတယ်၊ ထူးထူးဆန်းဆန်း ဘာပဲမက်မက် မေမေ့ကို ပြောပြရမယ် . . . ကြားလား''

''ဟုတ်ကဲ့''

ဒေါ်အင်ကြင်းအောင်က ပြုံးပြီး ထရပ်ကာ ပြည့်နိုင်မင်းနား ချဉ်းကပ်သွား၏။ ထို့နောက် သူမ၏ရင်ခွင်ထဲသို့ ပြည့်နိုင်မင်း၏ဦးခေါင်းကို ဆွဲသွင်း၍ ပွေ့ပိုက်ထားသည်။

''မေမေ့ရဲ့သားလိမ္မာလေးကို မေမေ သိပ်ချစ်တာပဲ၊ သားသာမရှိရင် မေမေ အခုလို အသက်ဆက်ရှင်နေမှာမဟုတ်ဘူး၊ သားက မေမေ့အသက်, မေမေ့ကမ္ဘာပါကွယ်၊ မေမေ့ကို သား ဘယ်လိုနည်းနဲ့မှ ခွဲမသွားရဘူးနော် . . . ကြားလား''



''စိတ်ချပါ မေမေရယ်''

ပြည့်နိုင်မင်း မိခင်ဖြစ်သူကိုဖက်ရင်း လှိုက်လှိုက်လှဲလှဲ ကတိပေးလိုက်၏။ မိခင်ရင်းကို သူလည်း အင်မတန်ချစ်ခင်သည်ပဲ။

ထိုခံစားမှုမျိုးကို သူ၏မောင်နှမများဟုဆိုသော ရှမ်းမောင်နှမများနှင့် တွေ့ဆုံချိန်မှာလည်း ခံစားဖူးတာကို သတိထားမိလိုက်၏။ ပြည့်နိုင်မင်း၏ရင်ထဲတွင် သူတို့ကို သွေးသားရင်းအဖြစ် သတ်မှတ်ထားမိပြီ မဟုတ်ပါလား။ သူတို့ကို စတွေ့ကတည်းက အင်မတန်ရင်းနှီးနေသလို ခံစားခဲ့ရခြင်း ဖြစ်လေသည်။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

## နှောင်းပုံရိပ်

အင်ကြင်းအောင်သည် ဈေးခြင်းတစ်လုံးကို မနိုင်မနင်း မရင်း ခပ်သွက်သွက်လျှောက်နေသည်။ သားဖြစ်သူအတွက် ဝယ်လာသော အရုပ်လေးများကို ငုံ့ကြည့်ရင်း ပြုံးမိ၏။

သူမသည် ပါရမီကားနှစ်စီးဝယ်ကာ လိုင်းဝင်ပြီး ဆွေမျိုး မကင်းသူများကို အလုပ်ပေးထား၏။ အစစအရာရာ အဆင်ပြေ နေသဖြင့် သူမ သားနှင့် ရင်အုပ်မကွာ နေနိုင်လေ၏။

မိထွေးဖြစ်သူ ဒေါ်မျိုးကေသွယ်မှာလည်း ဖခင်ဖြစ်သူ ဦးအောင်ကိုကိုနှင့် ကွာရှင်းပြီး သူမ၏ရပိုင်ခွင့်များကို ယူ၍ အိမ်ပေါ်ကဆင်းသွားပေပြီ။ ယခု သူမသည် ဖခင်နှင့်သားငယ်တို့ အတွက် ဝေယျာဝစ္စအဝဝကို လုပ်ဆောင်ပေးရင်း ပျော်ရွှင်နေမိ သည်။

သူမ ခပ်ပြုံးပြုံးဖြင့် လျှောက်လာသည်မှာ အိမ်ရှေ့သို့ ပင် ရောက်လာပေပြီ။ အိမ်ရှေ့၌ လူတချို့ စုစုရုံးရုံးရှိနေတာကို



ဆွေ့၍ သူမ ရင်ထိတ်သွားမိသည်။ သူမ အပြေးလေးသွားပြီး–

"ဘာဖြစ်နေတာလဲ၊ ဘာဖြစ်နေတာလဲ ... ဟင်"

"မိအင်ကြင်း ... ငါတို့ နင့်ကိုစောင့်နေတာ၊ နင် စိတ် အေးအေးထားနော်၊ ပေး ... ငါ့ကို ဆွဲခြင်းပေး"

ဒေါ်အေးမြင့်က ပြောပြောဆိုဆိုဖြင့် အင်ကြင်းအောင်၏ ဆွဲခြင်းကို ဆွဲယူကာ မြေပေါ်ချထားလိုက်သည်။ အင်ကြင်းအောင် ပို၍ စိုးရိမ်ထိတ်လန့်သွားရ၏။

"အမြန်ပြောပါ ဒေါ်ကြီးရယ်၊ ကျွန်မတို့အိမ်မှာ ဘာဖြစ် နေလို့လဲ"

"နင် စိတ်ကို ငြိမ်ငြိမ်ထားနော်၊ နင့်သားလေး ခြံထဲ ဆင်းဆော့ရင်း မြွေပွေးကိုက်ခံရလို့၊ အဲဒါ နင့်အဖေ ဆေးရုံကို ခေါ်သွားပြီ"

"အို ဘုရား ဘုရား ... သား သား"

အင်ကြင်းအောင် မျက်လုံးတွေပြာဝေပြီး ဒူးညွတ်ကျသွား သည်။ ဘေးနားကလူတွေက သူမ၏ခန္ဓာကိုယ်ကို ဝိုင်းဝန်းဖေးမ ရင်း နှစ်သိမ့်ဖျောင်းဖျကြ၏။ ထိုစကားသံတွေကို သူမ ကြားနေရ သော်လည်း အာရုံ လုံးဝမရှိသဖြင့် ဘာတွေပြောနေမှန်း သူမ မသိတော့။

မျက်ရည်က ကျမလာဘဲ ဘဝမှာ အလုံးကြီးတစ်လုံး ဆို့နေသလို ခံစားရလျက် အသက်မရှူနိုင်ဘဲ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ယင်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အသက်သုံးနှစ်တောင် မပြည့်သေးသော ကလေးငယ်ကို အဆိပ်ပြင်းလှသော မြွေပွေးကိုက်သွားမှတော့ အသက်ရှင်နိုင်ပါဦးမည်လော။

ချစ်စရာကောင်းသော သားကို ဆုံးရှုံးရတော့မည် ဟူသော အသိ၏ခြောက်လှန့်မှုက တစ္ဆေတစ်ကောင်၏ ခြောက်လှန့်မှုနှင့်မခြား။ သူမ၏ကမ္ဘာလေး ပျက်သုဉ်းတော့မည်ဆိုပါလျှင် ...။ သူမ ဆက်မတွေးဝံ့တော့ချေ။

ယင်းအချိန် ကားသံကြားရ၍ အားလုံးသောလူများ လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။ ဦးအောင်ကိုကို ပြန်လည်ရောက်ရှိလာပြီ မဟုတ်ပါလော။

ဖေဖေနှင့်အတူ ပါလာမည့်သတင်းကို နားထောင်ရမှာ ကျွန်မ ကြောက်နေမိ၏။ သူမ လုံးဝ လှည့်မကြည့်ဘဲ သံပန်းတံခါးကိုသာ တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားသည်။

ထိုစဉ် အာမေဋိတ်သံများနှင့်အတူ ကားတံခါးဖွင့်သံနှင့် သား၏ တကွိကွိမြည်နေသော ဖိနပ်သံတို့ ထွက်ပေါ်လာသည်။ ၎င်းအပြင် ဖေဖေ၏ အမောတကောအသံကိုလည်း ကြားရ၏။

''သမီးရေ မြေးလေး ဘာမှမဖြစ်ဘူး၊ ဒီမှာကြည့်ပါဦး''

''ဟင်''

အင်ကြင်းအောင် ချာခနဲလှည့်ကြည့်လိုက်၏။ ထိုအခါ အဘိုးဖြစ်သူ၏ လက်ချောင်းကို ဆုပ်ကိုင်ရင်း ဆတ်တောက်ဆတ်တောက်ဖြင့် လျှောက်လာသောသားကို သူမ မမျှော်လင့်ဘဲ



တွေ့လိုက်ရလေသည်။

''သား ပြည့်နိုင်မင်း ... ငါ့သားလေး''

အင်ကြင်းအောင် သားဆီပြေးသွားပြီး ပွေ့ဖက်နမ်းရှိုက်လိုက်သည်။ ယခုမှ သူမ၏မျက်လုံးအစုံမှ မျက်ရည်များ စီးကျလာသည်။ ဝမ်းသာလွန်း၍ ဖြစ်လေသည်။

❑

''မယုံနိုင်လောက်အောင်ကို အံ့ဩစရာတော့ ကောင်းနေပြီ သမီးရေ၊ မြေးလေးကို ကိုက်တဲ့မြွေပွေးက ဖေဖေမသတ်ရဘဲ သူ့ဘာသာသေသွားတာကွဲ့၊ မြေးလေးကတော့ ဘာမှကို မဖြစ်ဘူး၊ သူက ရယ်တောင်ရယ်နေသေးတယ်''

ဦးအောင်ကိုကိုက ဆိုဖာပေါ်ထိုင်ချရင်း ပြော၏။ အင်ကြင်းအောင်က သား၏ခြေနှင့် လက်များမှာရှိနေသော မြွေကိုက်ရာများကိုကြည့်ရင်း စိုးရိမ်နေမိသေးသည်။

''ကလေးက မြွေဆိပ်မသင့်တာ သေချာရဲ့လား ဖေဖေရယ်''

''သြော် သမီးနယ် ... ဖေဖေက ဆရာဝန်တစ်ယောက်ပါကွယ်.. Medical Check တွေ အကုန်လုပ်ခဲ့ပြီးပြီ၊ ဘာမှ မဖြစ်ဘူး''





www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ဒီအတိုင်းဆို ထူးတော့ထူးဆန်းနေပြီ၊ မြွေပွေးမှာ အဆိပ်မရှိဘူးထင်တယ်"

"အဲဒါတော့ ဖေဖေမသိသေးဘူး၊ မြွေလေး မြွေဆိပ်မသင့်ဘူးဆိုတာကို သေချာအောင်ပဲ အလေးထားနေတာနဲ့ မြွေကိုတောင် မေ့သွားတာ၊ မြွေသေက ကားပေါ်မှာပဲ ရှိတယ်၊ သမီးကြည့်ချင် သွားကြည့်လေ"

အင်ကြင်းအောင် ခေါင်းခါပြီး သားကို ရင်ခွင်ထဲထည့်ကာ တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားလိုက်သည်။

"မကြည့်တော့ပါဘူး ဖေဖေရယ်၊ အဲဒီမြွေသေကို ဖယ်ဖို့လုပ်ပါဦး"

စိတ်မြန်လက်မြန်ရှိသော ဖေဖေက ခေါင်းတော့ညိတ်သည်။ ထိုင်ရာက မထဘဲ ပြည့်နိုင်မင်းက ကြည့်ရင်း သက်ပြင်းတစ်ချက်ချ၏။

"အင်း . . . ဒီလမ်းကလူတွေ ငါ့မြေးလေးအကြောင်းကို ချဲ့ကားပြီး ပြောကြဦးမှာပဲ၊ သူတို့က မြေးလေးကို အမြဲအကဲခတ်နေကြတာ"

အမိဝမ်းမှကျွတ်ကတည်းက ပြည့်နိုင်မင်း၏ တစ်ကိုယ်လုံး အကြေးခွံအပျော့တွေ ကပ်ပါလာသည့်သတင်းက လူအများအတွက် စိတ်ဝင်စားစရာ ဖြစ်နေခဲ့သည်။ စူးရှသောအသံကိုထောက်၍ "မြွေဝင်စား" ဟု ပြောနေကြသည်။

အင်ကြင်းအောင်သည် ကိုယ်ဝန်ဆောင်ကာလအတွင်း





တော်ခဲ့သောအိပ်မက်များအရ သူတို့၏ထင်မြင်ချက် မှန်ကန်ကြောင်းကို သိနေ၏။ သို့သော် သူမက ရှမ်းအမျိုးသား တစ်ယောက် ဝင်စားတာပါဟူ၍သာ ချေပနေခဲ့လေသည်။

သူမ သား၏အကြောင်းကို စဉ်းစားနေစဉ် ဖခင်ဖြစ်သူ၏ စကားသံ ထွက်ပေါ်လာ၏။

"မနေ့က မောင်ဘသိန်းတစ်ယောက် ဖေဖေ့ကို လာပြောသွားတဲ့ကိစ္စက ခပ်ဆန်းဆန်းပဲ သမီးရဲ့"

ဘသိန်းမှာ ဦးအောင်ကိုကိုတို့၏ ခြေရင်းခြံမှ အလုပ်သမားတစ်ဦး ဖြစ်သည်။

"ဘာပြောသွားလို့လဲ ဖေဖေ"

"လပြည့်ညက ဖေဖေတို့ခြံထဲကို ရှမ်းရိုးရာဝတ်စုံတွေဝတ်ဆင်ထားကြတဲ့ မိန်းကလေးနှစ်ဦး ဝင်သွားတာကို တွေ့လိုက်တယ်တဲ့၊ တော်တော်လေးကို ချောတယ်ဆိုပဲ၊ အဲဒါနဲ့ သူ ပြန်အထွက်လာကို ထိုင်စောင့်နေတာ ခဏလောက်ကြာတော့ အင်မတန်ကြီးတဲ့ မြွေကြီးနှစ်ကောင် ထွက်လာလို့ ပြေးခဲ့ရတယ်တဲ့"

အင်ကြင်းအောင် တော်တော်လေး အံ့သြသွားရသည်။ သူမ ပါးစပ်အဟောင်းသားဖြင့် တွေဝေငေးငိုင်သွားသည်။

ဦးအောင်ကိုကိုက ပြုံးလိုက်၏။

"ဒီကောင်က အရက်သမားဆိုတော့ မြင်ချင်ရာ လျှောက်မြင်တာဖြစ်မယ်၊ စကားမရှိစကားရှာပြီး လာပြောသွားတာလည်း ဖြစ်နိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ၏မှတ်ချက်ကို အင်ကြင်းအောင် ခေါင်းညိတ်ထောက်ခံပေးလိုက်၏။ စိတ်ထဲမှာတော့ သူမဘာသာ မှတ်ချက်ချနေမိသည်။

''သားလေးဟာ မြွေသိုက်ကလာတာ ဖြစ်မယ်၊ ငါ စောစောစီးစီး ဆရာကောင်းရှာပြီး သိုက်ကြိုးဖြတ်ထားမှပဲ၊ အင်း . . . သားလေးကိုယ်တိုင်လည်း သူ့ဘဝဟောင်းကို မမှတ်မိအောင် ငါ ကြိုးစားဟန့်တားရမယ်''

သည်လိုတွေးမိတော့ ပထမဆုံးအခက်အခဲမှာ သားလေးအကြောင်းကို သိနေသော ပတ်ဝန်းကျင်ပင်ဖြစ်သည်။ သားလေးကို ဤပတ်ဝန်းကျင်နှင့် ဝေးရာမှာ ကြီးပြင်းစေရပါမည်။

''ဖေဖေ''

''ဘာလဲ သမီး . . . ပြောလေ''

''သားကို ဒီပတ်ဝန်းကျင်မှာ ဆက်ထားဖို့ မသင့်တော်ဘူး၊ အခန့်မသင့်ရင် သားလေး စိတ်ဒဏ်ရာရလာမှာစိုးရတယ်''

ဦးအောင်ကိုကို၏ မျက်နှာတစ်ခုလုံး တည်ကြည့်လေးနက်သွားသည်။ သူက ခေါင်းတဆတ်ဆတ်ညိတ်လိုက်၏။

''ဟုတ်တယ်၊ ကလေးဘဝမှာ အသေးအဖွဲလေးကအစ လျစ်လျူရှုထားလို့ မဖြစ်ဘူး၊ စိတ်ရောကိုယ်ပါ ကျန်းမာအောင် ဂရုစိုက်ပေးရမယ်၊ ဒီတော့ ဖေဖေတို့ ဒီကပြောင်းဖို့ အမြန်ဆုံး စီစဉ်ရလိမ့်မယ်''

❑





ဒေါ်အင်ကြင်းအောင်သည် ကွယ်လွန်သွားပြီဖြစ်သော ခင်ပွန်းဖြစ်သူ ဦးအောင်ကိုကို၏ စကားသံများကို ပြန်လည်ကြားယောင်နေမိသည်။ စကားသံတွေ တဖြည်းဖြည်းတိုးသွားပြီး ပုံရိပ်တွေ ဝိုးတဝါးဖြစ်ကာ ပျောက်ကွယ်သွားတော့မှ သူမ သတိဝင်လာသည်။

ပြည့်နိုင်မင်းပင် ခုတင်ထက်၌ နှစ်ခြိုက်စွာ အိပ်ပျော်နေပေပြီ။

သားဖြစ်သူ၏ ချောမောသန့်ပြန့်သော မျက်နှာဖွေးဖွေးကို ဒေါ်အင်ကြင်းအောင် စိုက်ကြည့်ရင်း ကျေနပ်စွာ ပြုံးလိုက်၏။

သူမ၏ စောင့်ရှောက်ပျိုးထောင်ပေးမှုအောက်တွင် ပြည့်နိုင်မင်းသည် အရည်အချင်းရှိသော ပညာတတ်လူချောအဖြစ်လည်းကောင်း၊ အကျင့်သီလကောင်းမွန်သော လူလိမ္မာအဖြစ်လည်းကောင်း၊ စိတ်ဓာတ်ခိုင်မာရဲရင့်သော လူစွမ်းကောင်းလေးအဖြစ်လည်းကောင်း ရှင်သန်ကြီးပြင်းနေပေပြီ။

သူမက စောင်ပါးလေးကို ပြည့်နိုင်မင်းကိုယ်ပေါ် အသာအယာ လွှမ်းခြုံပေးပြီးနောက် ပြတင်းတံခါးကို အသေအချာ ပိတ်လိုက်သည်။ ထို့နောက် မီးခလုတ်များကိုပိတ်ပြီး အခန်းတံခါးကို ဖြည်းဖြည်းလေး ပွင့်ထွက်ပြီး အသံမကြားအောင် ပြန်စေ့သွား၏။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ခန်းတစ်ခုလုံး မည်းမှောင်နေ၏။ ပြည့်နိုင်မင်း၏ အသက်ရှူသံ ခပ်မှန်မှန်ထွက်ပေါ်နေ၏။

အတန်ကြာ ရှတ်တရက် အခန်းထဲသို့ အလင်းတန်းတစ်ခု တိုးဝင်လာ၏။ အေးမြကြည်လင်သော လ၏အလင်းရောင်မျိုးဖြစ်သည်။

ထိုအလင်းရောင်ဖြင့် ပြည့်နိုင်မင်း၏ ခုတင်ဘေး၌ ဝတ်ဖြူစင်ကြယ် ဝတ်ဆင်ထားသော အဘိုးအိုတစ်ဦး ရပ်တန့်နေတာကို တွေ့ရသည်။ အလင်းရောင်က ထိုအဘိုးအို၏ ခန္ဓာကိုယ်မှ ထွက်ပေါ်နေဟန် ရှိ၏။

(ထိုအဘိုးအိုမှာ စိုင်းဆိုင်မော်ကို ကူညီပေးခဲ့သော အင်ကြင်းအောင်မြင့်ဖူးသည့် သူတော်စင်ကြီး ဖြစ်သည်)

သူတော်စင်ကြီးက နှစ်ခြိုက်စွာအိပ်ပျော်နေသော ပြည့်နိုင်မင်း၏မျက်နှာပေါ်ကို တစ်တောင်ခန့်မှခွာ၍ လက်ဝါးတစ်ဖက်ဖြင့် သပ်လေသည်။

ထိုအခါ ပြည့်နိုင်မင်း၏မျက်လုံးများ ဖြည်းညင်းစွာ ပွင့်လာလေသည်။

❑ ❑ ❑



## အခန်း (၆)

## လာစေချင်သူ နောက်တစ်ဦး

''ဟင် အဘ''

ပြည့်နိုင်မင်း ချက်ချင်း ထ၍ ဝမ်းသာအားရ ခေါ်သည်။ သူတော်စင်ကြီးက အေးချမ်းတည်ငြိမ်သောအပြုံးကို ဆောင်ရင်း ခေါင်းညိတ်ပြ၏။ ပြည့်နိုင်မင်းက ဒူးတုပ်ထိုင်ပြီး ရိုကျိုးစွာ ကန်တော့လေသည်။

''ကျွန်တော် အဘလမ်းညွှန်တဲ့အတိုင်း သမထကမ္မဋ္ဌာန်းကို ပုံမှန်အားထုတ်နေပါတယ်''

''အိမ်း ... ဒါပေမဲ့ မင်းရဲ့စိတ်အာရုံဟာ မကြာခဏ လွင့် လွင့်နေတယ် မဟုတ်လား''

''ဟုတ်ပါတယ် အဘ၊ ကျွန်တော့်ဘဝမှာ ပဟေဠိတချို့ ရှိနေတာ အဘလည်းသိမှာပါ၊ ကျွန်တော် ဒီဖြစ်ရပ်ဆန်းတွေကို အမြဲလိုလို တွေးတွေးနေမိတယ်၊ ကျွန်တော် သိသလိုလို ရှိနေတဲ့ ကိစ္စတချို့ဟာ ဘာမှန်း အသေအချာမသိနိုင်ဘဲ အစဉ်ပျောက်နေ



www.burmeseclassic.com

www.burmeseclassic.com



တာကို မကျေနပ်ဘူး၊ အဘရယ်''

သူတော်စင်ကြီးက ပြည့်နိုင်မင်းကို စေ့စေ့ကြည့်ရင်း–

''မင်း အခုလက်ရှိ ခန္ဓာကိုယ်ကို မရမီ ရှေးဘဝက ကြုံတွေ့ခဲ့ရတဲ့ အဖြစ်အပျက်တချို့တွေကို မင်းအိပ်မက်အဖြစ် ပြန်သိခွင့်ရနေတာပါ၊ မင်း အိပ်မက်တွေကို မှတ်ထားပြီး ဆက်စပ်တွေးကြည့်ရင် အတိတ်ဘဝက မင်းရဲ့ အံ့သြဘူးဆန်းမှုတွေနဲ့ ပြည့်နှက်နေတဲ့ဖြစ်ရပ်တွေကို ခန့်မှန်းသိနိုင်မှာပါ၊ မင်း တွေးကြည့်ပေါ့''

ပြည့်နိုင်မင်းက တွေးတွေးဆဆဖြင့် –

''ကျွန်တော်တွေးကြည့်ပြီးသားပါ၊ ကျွန်တော့်အိပ်မက်ထဲမှာ ကျွန်တော်ဟာ လူဖြစ်လိုက်, မြွေဖြစ်လိုက်နဲ့ ဘာမှန်းကိုမသိဘူး၊ နားမလည်ဘူး၊ ကျွန်တော်ဟာ အတိတ်ဘဝမှာ လူဖြစ်ခဲ့သလား၊ မြွေဖြစ်ခဲ့သလားဟင်''

သူတော်စင်ကြီး၏မျက်နှာပေါ်ရှိ တည်ကြည်လေးနက်မှုက ပို၍ အားကောင်းလာ၏။ မျက်လုံးများကလည်း ပို၍ စူးလက်လာသည်။

''မင်းဟာ အတိတ်ဘဝက အင်မတန်ကြီးမားလှပတဲ့ တောကြီးမြွေဟောက်ဖိုတစ်ကောင် ဖြစ်ခဲ့တယ်၊ မြွေမှ ရိုးရိုးမြွေမဟုတ်ဘူး၊ လိုအပ်ရင် လူယောင်ဖန်ဆင်းလို့ရတဲ့ နတ်မြွေဖြစ်ခဲ့တာ''

''ဗျာ ... နတ်မြွေ''





''ဟုတ်တယ်''

''ဒါ ဒါဆို ချန်နီဆိုတဲ့ မိန်းကလေးဟာလည်း ကျွန်တော့်လိုပဲ နတ်မြွေမတစ်ကောင်ပဲလား''

''မှန်တာပေါ့ကွယ်၊ အဲဒီဘဝဟာ ပျာရိလားလ်နဲ့ ရာနာဘီဘီဆိုတဲ့ မြွေအလမ္ပာယ်ပညာရှင် လင်မယားနှစ်ယောက်ရဲ့ သက်ချက်ကြောင့် အဆုံးသတ်သွားခဲ့တာကို မင်း သိပြီးပြီမဟုတ်လား''

ပြည့်နိုင်မင်းသည် အံ့သြခြင်းမက အံ့သြနေရင်းမှ ခေါင်းညိတ်လိုက်သည်။

''ဟုတ်ကဲ့ ဟုတ်ကဲ့၊ ကျွန်တော် ဒီအချက်ကိုသိရတာနဲ့တင် အားလုံးကို နားလည်နိုင်ပါပြီ၊ ဟား ... ထူးဆန်းလိုက်တဲ့ဘဝ၊ ဒဏ္ဍာရီတစ်ပုဒ်လို့ပဲ ယူဆကြမယ့် ထူးဆန်းတဲ့ဘဝလေးတစ်ခုကို ကျွန်တော်ဖြတ်သန်းခဲ့ရတာဟာ မယုံနိုင်စရာပါပဲ''

''မယုံနိုင်ရင်တောင် လက်ခံရလိမ့်မယ်၊ မင်းဟာ စိုင်းဆိုင်မော်ဆိုတဲ့ ဘဝဆန်းဆန်းလေးကို တကယ်ပိုင်ဆိုင်ခဲ့ရပြီးပြီ၊ အဲဒီဘဝမှာ မင်းရဲ့ရည်မှန်းချက်တွေပြည့်ဝအောင် မလုပ်နိုင်ခဲ့ဘူး''

''အဲဒီရည်မှန်းချက်ကို အခုဘဝမှာ ဖြစ်မြောက်အောင် ကျွန်တော်ကြိုးစားမယ် အဘ''

ပြည့်နိုင်မင်းက လှိုက်လှိုက်လှဲလှဲဖြင့် အားတက်သရော ပြော၏။ သူတော်စင်ကြီးက ကျေနပ်စွာ ပြုံးသည်။



www.burmeseclassic.com

www.burmeseclassic.com



''မင်း လုပ်နိုင်မှာပါ၊ အဘလည်း မင်းကို ကူညီပေးပါ့မယ်''

''ကျေးဇူးတင်ပါတယ် အဘရယ်၊ ကျွန်တော် အားလုံးနားလည်ပါပြီ၊ ကျွန်တော် ကျွန်တော် ဝမ်းသာလိုက်တာဗျာ''

''မင်းအတွက် အနှောင့်အယှက်, အခက်အခဲတွေတော့ အသင့်ရှိနေတယ်နော်''

သူတော်စင်ကြီးက သတိပေး၏။ ပြည့်နိုင်မင်း၏မျက်လုံးအစုံမှာ အရောင်တလက်လက် တောက်ပနေသည်။

''အဲဒီအခက်အခဲတွေ ဘယ်လောက်ကြီးစမ်းပါစေ အဘရယ်၊ ကျွန်တော် အသက်စွန့်ပြီး ဖြေရှင်းသွားပါ့မယ်''

သူတော်စင်ကြီးက ပြုံးရင်း ခေါင်းညိတ်၏။

''အဘယုံကြည်ပါတယ်၊ မင်းကိုကူညီမယ့်လူတွေလည်း အသင့်ရှိနေပါတယ်၊ ရွှေမြို့တော်ဟောင်းမှာ သာသနာဟာ ထွန်းလင်းတန်သလောက်တော့ ထွန်းလင်းနေပါပြီ၊ အထွန်းလင်းဆုံးဖြစ်အောင် ဆက်ပြီးကြိုးစားကြမယ်''

ပြည့်နိုင်မင်း ကြည်နူးပီတိဖြင့် စိတ်လှုပ်ရှားနေမိသည်။

''ကျွန်တော်လည်း အဲဒီရွှေမြို့တော်ဟောင်းမှာ သာသနာ့အောင်လံ လာထူမယ်၊ လာကိုလာခဲ့မယ်''

''မင်းကို အဘ လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်ပါတယ်၊ မကြာမီ နက္ခတ်တွေစုံတော့မယ်၊ မင်း အမြန်ဆုံးလာခဲ့တော့''

''စိတ်ချပါ အဘ''





သူတော်စင်ကြီးက ခေါင်းတဆတ်ဆတ်ညိတ်၏။ သူ၏ပုံရိပ်သည် တဖြည်းဖြည်း မှုန်ဝါးလာ၏။ အလင်းရောင်ကလည်း တဖြည်းဖြည်း လျော့ပါးပျောက်ကွယ်သွားသည်။ နောက်ဆုံး၌ အရာအားလုံး ပျောက်ကွယ်သွားပြီး အမှောင်ထု၏ ဝါးမျိုခြင်းကို ခံလိုက်ရသည်။

ထိုအခါ ပြည့်နိုင်မင်း၏မျက်ခွံများ ဖျတ်ခနဲ ပွင့်လာ၏။

''ဟင် ... ငါ သူတော်စင်ကြီးကို အိပ်မက်မက်ပြန်ပြီပဲ''

သူ မှတ်ချက်ချပြီး ခုတင်မှဆင်းကာ ပြတင်းဝသို့ အပြေးသွားပြီး တံခါးချပ်များကို ဖွင့်လိုက်သည်။ လရောင်အောက်တွင် နွေညကလေးမှာ လှပတိတ်ဆိတ်နေ၏။

ပြည့်နိုင်မင်း၏မျက်လုံးအစုံသည် လမ်းချိုးလေးထဲသို့ ကွေ့ဝင်သွားသော အဖြူရောင်လူရိပ်တစ်ခုထံသို့ ရောက်ရှိသွား၏။ ထိုလူရိပ်သည် လျင်မြန်စွာပင် ပျောက်ကွယ်သွားလေသည်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

## နေရာဟောင်းသို့

"အင်း ... အနှစ်နှစ်ဆယ်အတွင်း အစစအရာရာအားလုံး ပြောင်းလဲတိုးတက်နေပါလား"

ဒေါ်အင်ကြင်းအောင်က သဲ့သဲ့မျှသောအသံဖြင့် မှတ်ချက်ချ၏။ သူမ၏စကားသံကို ပြည့်နိုင်မင်းက ကောင်းစွာကြားသွားသည်။

"မေမေ လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်က ဒီလှည်းကူးမြို့လေးကို ရောက်ဖူးတယ်ပေါ့ ... ဟုတ်လား မေမေ"

"ဟုတ်တယ်သား၊ ဒီနေရာ, ဒီအရပ်ဒေသကို မေမေ တစ်သက် ဘယ်တော့မှ ခြေမချတော့ဘူးလို့ ဆုံးဖြတ်ထားခဲ့တာ၊ ဒီနယ်မြေမှာ မေမေနဲ့ သားဖေဖေတို့ အပြီးသတ် ခွဲခွာခဲ့ကြရတယ်လေ"

"ကျွန်တော့်ကိုခွင့်လွှတ်ပါ မေမေ၊ မေမေ့စကားကို ကျွန်တော် ပထမဦးဆုံးနဲ့ နောက်ဆုံးအကြိမ် ပယ်ရှားခြင်း ဖြစ်ရ



ပါစေမယ်"

ပြည့်နိုင်မင်းသည် စိတ်မကောင်းခြင်းကြီးစွာဖြင့် တောင်းပန်စကားဆို၏။ သား၏အနားမှာ အမြဲ မခွဲမခွာနေတတ်သော ဒေါ်အင်ကြင်းအောင်သည် သား၏ဆန္ဒကို ဟန့်တားမရသည့်အဆုံး၌ သည်ခရီးစဉ်ကို စိတ်နလုံးကြေကွဲခံကာ လိုက်ပါလာခဲ့သည်။

ဒေါ်အင်ကြင်းအောင်က ညှိုးနွမ်းနေသော ပြည့်နိုင်မင်း၏ပုံစံကိုမြင်သည်နှင့် ချက်ချင်းပင် ဟန်ဆောင်ပြုံးလိုက်သည်။ သူမ၏အပြုံး၌ လျှို့ဝှက်မှုများ ပျော်ဝင်နေ၏။

"သားကို မေမေ ကောင်းကောင်းနားလည်ပါတယ်ကွယ်၊ သားက ပဟေဠိတွေကို အဖြေရှာချင်နေတာဟာ အပြစ်မရှိပါဘူး၊ ဒီကို သားက မေမေ့ကို အမှန်အတိုင်းမပြောဘဲ တစ်ဖက်လှည့်နဲ့ မလာတာကိုပဲ ကျေးဇူးတင်နေပါပြီ"

"ဪ မေမေရယ်"

"မေမေ့ကြောင့် ငါ့သားစိတ်တွေကို မလေးလံပါစေနဲ့၊ သား ဆန္ဒရှိရာကိုသာ လွတ်လွတ်လပ်လပ် လုပ်ပါ၊ သတိတော့ထားပါကွယ်"

"ကျွန်တော့်အတွက် စိတ်မပူပါနဲ့၊ ကျွန်တော့်မှာ အန္တရာယ်မရှိပါဘူး၊ စိတ်သာချ"

ပြည့်နိုင်မင်းက ယုံကြည်မှုအပြည့်ဖြင့်ပြော၏။ အင်ကြင်းအောင်၏မျက်နှာပေါ်မှ စိုးရိမ်ပူပန်ရိပ်များ တဖြည်းဖြည်း လျော့

www.burmeseclassic.com

www.burmeseclassic.com



ပါးသွားသည်။ ပြည့်နိုင်မင်း ကလေးဘဝကတည်းကပင် သူ ပိုင်ပိုင်နိုင်နိုင်ပြောသောကိစ္စများဆိုလျှင် မတော်တဆ လွဲချော်ခဲ့ဖူး ခြင်းမရှိခဲ့ပြီ မဟုတ်ပါလား။

❑

"ဟော့ကောင် ပြည့်နိုင်မင်း …ငါ ဒီမှာလေ"

ကားပေါ်မှ ပြည့်နိုင်မင်း ဆင်းပြီးနောက် ဒေါ်အင်ကြင်း အောင်ထံမှ အထုပ်အပိုးများကို ယူချနေစဉ်မှာပင် အောင်သူက အော်ဟစ်ရင်း ပြေးလာပြီး ကူညီသည်။ ဒေါ်အင်ကြင်းအောင် ဆင်းပြီးနောက် ၁၃၃ ကားလတ် (စိမ်း) လေးမှာ အရှိန်ပြင်းစွာ မောင်းထွက်သွား၏။

"အောင်သူ …မင်းစောင့်နေတာ ကြာပြီလား"

ပြည့်နိုင်မင်းက ကျောပိုးအိတ်ကိုလွယ်ရင်း မေးလိုက်၏။

"မနက်ကတည်းက စောင့်နေတာ၊ အန်တီ အဲဒါတွေ ကျွန်တော်သယ်ပေးမယ်၊ အန်တီမသယ်ပါနဲ့"

အောင်သူက ထုံးစံအတိုင်း အသံကျယ်ကျယ်ဖြင့် ပြော ရင်း ဒေါ်အင်ကြင်းအောင်ထံမှ ခရီးဆောင်အိတ်ကို လှမ်းယူလိုက် သည်။ ထိုအိတ်ကို စလွယ်သိုင်းလွယ်ပြီး ကျန်အိတ်နှစ်လုံးကို လည်း ကောက်ကိုင်လေ၏။





"မောင်အောင်သူ …အကုန်လုံးမသယ်နဲ့လေကွယ်၊ သားကို ပေးသယ်လိုက်ပါဦး"

"ဟုတ်တယ် အောင်သူ …ပေး ဖပေး"

"နေ နေ ဟော့ကောင်၊ မင်း အန်တီ့ကို ထီးဆောင်းပေး ဖို့သာလုပ်၊ တစ်အိတ်တော့ပေးကွာ"

ပြည့်နိုင်မင်းက ပြောပြောဆိုဆိုဖြင့် အောင်သူ၏ ဘယ် လက်မှအိတ်ကို လှမ်းယူလိုက်၏။

ဒေါ်အင်ကြင်းအောင်က သူမ၏ပခုံးလွယ်အိတ်ထဲမှ ထီး နှစ်ချောင်းထုတ်ယူပြီး တစ်ချောင်းကိုဖွင့်ကာ အောင်သူ့လက်ထဲ ထည့်ပေးလိုက်သည်။

"သားလည်းဆောင်း၊ အန်တီ မင်းသူငယ်ချင်းကို ဆောင်းပေးလိုက်မယ်၊ နေက တော်တော်ပြင်းတယ်ကွယ်"

သူမကပြောရင်း ကျန်ဖဲထီးကိုဖွင့်ကာ ပြည့်နိုင်မင်းကို ဆောင်းပေး၏။ ပြည့်နိုင်မင်း၏ ရှည်လျားသောအရပ်ကို မီအောင် သူမလက်ကို မြှောက်၍ ဆောင်းရသည်။

ပြည့်နိုင်မင်းက ထီးကို လှမ်းယူလိုက်၏။

"ကျွန်တော်ကိုင်ပေးမယ်"

"သားဘက်ကိုဆောင်း၊ သားဘက်က နေပူနေတာ"

ဒေါ်အင်ကြင်းအောင်က ပြောရင်း လက်ကိုင်ပဝါဖြင့် ပြည့်နိုင်မင်း၏မျက်နှာပေါ်ရှိ ချွေးသီးလေးများကို အသာတို့ပေး ပေး၏။ သူမ၏ သည်းသည်းလှုပ်ဂရုစိုက်မှုသည် အောင်သူ့



www.burmeseclassic.com

www.burmeseclassic.com



အတွက်တော့ အထူးအဆန်း မဟုတ်တော့ပေ။

အောင်သူသည် ဆယ်တန်းကျောင်းသားအရွယ်မှ ယခုဖြေဆိုထားသော နောက်ဆုံးနှစ်စာမေးပွဲပြီးချိန်အထိ ဒေါ်အင်ကြင်းအောင်တို့အိမ်မှာနေကာ ပညာသင်ခဲ့ခြင်းဖြစ်၏။

သူ ရန်ကုန်မြို့မှာပဲ အလုပ်ဝင်ရန် ဆုံးဖြတ်သည်ကို မိဘများဖြစ်သော ဦးထွန်းကြည်နှင့် ဒေါ်မြကြွေတို့က လက်မခံဘဲ သူ၏မွေးရပ်မြေဖြစ်သော လှည်းကူးမြို့နယ် မင်းလွင်ကုန်းရွာသို့ အတင်းလာခေါ်၍ ပြန်ရောက်နေသည်မှာ လပိုင်းမျှသာ ရှိပေသေးသည်။

ပြည့်နိုင်မင်းထံမှ စာရောက်လာ၏။ သူတို့သားအမိ မင်းလွင်ကုန်းရွာသို့ လာရောက်လည်ပတ် အပန်းဖြေမည်ဆိုသည့် အကြောင်း ရေးထားသောစာဖြစ်သည်။ သူတို့မိသားစု အလွန် ဝမ်းမြောက်သွားကြလေသည်။

"နိုင်မင်း ... မင်း ငါနဲ့ခွဲပြီး ကြာကြာမနေနိုင်ဘူး မဟုတ်လား ... ဟဲ ဟဲ"

အောင်သူက ရှေ့မှဦးဆောင်သွားနေရာမှ လှည့်ကြည့်ပြီး စပ်ဖြဲဖြဲဖြင့်မေး၏။

"အေးကွာ ... မင်းမရှိတော့ ငါ အတော်နားအေးပါးအေး နေရတယ်၊ ကြာတော့ ပျင်းလာတာပေါ့"

"အေး ... ဒီလိုဆို အခုချိန်ကစပြီး မင်း မပျင်းစေရဘူး၊ ငါ မင်းကို ကောင်းကောင်းကြီး ဧည့်ဝတ်ပြုပေးမယ် ...





ဟုတ်ပြီလား"

အောင်သူ၏စကားသံအဆုံး၌ အားလုံး ရယ်မောမိကြလေသည်။

❑

ဦးထွန်းကြည်နှင့် ဒေါ်မြကြွေတို့က ခြံဝမှ အသင့်စောင့်ကြိုနေကြသည်။ ဒေါ်မြကြွေက ဒေါ်အင်ကြင်းအောင်ထံသို့ အပြေးအလွှားသွားကာ ဆီးကြိုလေ၏။

"လာ လာ မမအင်ကြင်း ... မြကြွေတို့ဆီ လာလည်မယ်လို့ မထင်ထားခဲ့မိဘူး၊ ဝမ်းသာလိုက်တာ မမရယ်"

"မမတို့သားအမိအတွက် အထူးတလည်တော့ ဘာမှ မလုပ်ပါနဲ့ကွယ်၊ ကြိုပြောထားပါရဲ့"

"အို မမကလည်း ... မမတို့ဆီမှာ မြကြွေသားလေး နေခဲ့တာ ဘာမှကိုလိုလေသေးမရှိအောင် မမဧည့်ဝတ်ကျေခဲ့တယ်၊ မြကြွေတို့လင်မယားတောင် မမအိမ်မှာ လနဲ့ချီပြီး ထိုင်စားခဲ့သေးတယ်၊ မမ မြကြွေတို့ဆီလာတဲ့အချိန်မှာ အားလုံးပြည့်စုံအောင် စီစဉ်ပေးရမှာပေါ့၊ အားမနာပါနဲ့နော်"

"မြကြွေတော့ အလုပ်ရှုပ်တော့မှာပဲ"

"မြကြွေက အလုပ်ရှုပ်ချင်နေတာ၊ ဒါပေမဲ့ အလုပ်မရှုပ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး မမရေ၊ ညည့်သည်လာမယ်ဆိုတာနဲ့ ရွာထဲကအိမ်တချို့က ဟင်းတစ်ခွက်စီ လာပို့သွားကြပြီ၊ မြကြွေတောင် နဂိုစီစဉ်ထားတဲ့ ဟင်းအမယ်တွေကို လျှော့ပစ်လိုက်ရတယ်၊ လာ မမ ... ခဏနားပြီးရင် ထမင်းစားကြမယ်၊ မြကြွေ အဆင်သင့်ပြင်ထားပြီးပြီ''

''မြကြွေတော့ ပင်ပန်းနေရောပေါ့''

''မပင်ပန်းပေါင်၊ စေတနာရှိလွန်းနေတော့ ပင်ပန်းဖို့တောင် မေ့နေတယ်''

ဒေါ်အင်ကြင်းအောင် ရယ်မောမိသည်။

''အမယ်လေး ... ထမင်းစားလို့တော့ကောင်းမှာ သေချာနေပါပြီ သာလိကာမလေးရေ၊ စေတနာတွေကို စားရမှာမို့လေ ... ဟင်း ဟင်း''

သူမတို့နှစ်ယောက် တစ်ယောက်ခါး တစ်ယောက်ဖက်ရင်း အိမ်ထဲဝင်သွားကြသည်။

ပြည့်နိုင်မင်းနှင့် အောင်သူတို့က ခရီးဆောင်အိတ်သုံးလုံးကို ဒေါ်အင်ကြင်းအောင်အတွက် စီစဉ်ပေးထားသော အခန်းထဲသို့ ထည့်ကာ ပြန်ထွက်လာကြသည်။

စိတ်ထားကောင်းသော်လည်း စကားနည်းသော ဦးထွန်းကြည်က ဆေးပြင်းလိပ်ကို ဖွာရှိုက်ရင်း သူတို့ကို ပြုံးကြည့်နေသည်။

❑





ထမင်းစားပြီးနောက် ဦးထွန်းကြည်က သူ၏စိုက်ခင်းများတို့ လှည့်ပတ်စစ်ဆေးရန် ထွက်သွားသည်။ ပြည့်နိုင်မင်းကိုလည်း အောင်သူက ခေါ်ကာထွက်သွား၏။ ဒေါ်အင်ကြင်းအောင်နှင့် ဒေါ်မြကြွေတို့က လက်ဖက်သုပ်တစ်ပွဲဖြင့် ခြံထဲဆင်းလာကြသည်။

သူမတို့သည် သရက်ပင်ကြီးအောက်ရှိ ဝါးကွပ်ပျစ်လေးပေါ်မှာ နေရာယူရင်း ရောက်တတ်ရာရာစကားများ ပြောနေကြသည်။

''ဒီ မင်းလွင်ကုန်းရွာလေးက အတော်လေး စည်ပင်သာယာနေပြီပဲ၊ လူနေမှုအဆင့်အတန်းလည်း တိုးတက်လာလိုက်တာနော်''

''မမက ဒီကို ဘယ်တုန်းကရောက်ခဲ့လို့လဲ''

''၁၉၇၈–ခုနှစ်အကုန်ပိုင်းလောက်က ရောက်ခဲ့တာ၊ အခု ၁၉၉၈ ဆိုတော့ အနှစ်နှစ်ဆယ်ကြာပြီလို့ ပြောရမှာပေါ့ ... ဟင်း''

ဒေါ်အင်ကြင်းအောင်သည် အတိတ်မှပုံရိပ်များကို ပြန်လည် မြင်ယောင်လာပြန်သည်။

သူမ၏ သိသိသာသာ ညှိုးနွမ်းသွားသောသွင်ပြင်ကြောင့် ဒေါ်မြကြွေ စိတ်ဝင်တစား ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမကိုကြည့်ရတာ တစ်မျိုးပဲ၊ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်က ဒီမြို့လေးမှာ မမအတွက် မမေ့နိုင်စရာ အဖြစ်အပျက်တစ်ခုရှိခဲ့တယ်ထင်တယ်"

"ဟုတ်တယ်၊ မမအသက်ရှင်နေသရွေ့ ဘယ်တော့မှ မမေ့နိုင်တဲ့အဖြစ်ဆိုးတစ်ခုရှိတယ် ... သိလား မြကြွေ"

"မမက မြကြွေကို ပြောပြမလို့လား"

ဒေါ်မြကြွေက လိမ္မာပါးနပ်စွာဖြင့် မေးလိုက်၏။ ဒေါ်အင်ကြင်းအောင်၏ မျက်လုံးအစုံမှာ ရီဝေဖျော့တော့သွားသည်။ နှုတ်ခမ်းအစုံက တလှုပ်လှုပ်ဖြင့် အသံတိုးတိုးလေးထွက်လာသည်။ ချစ်ခင်ပွန်းရဲနိုင်၏ဖြစ်ရပ်ဆိုးကို ပြန်လည်ပြောပြလိုက်လေသည်။

❑

ဓားအိမ်ပါသော ဝါးရှည်တစ်လက်စီ လွယ်ထားသော ပြည့်နိုင်မင်းနှင့် အောင်သူတို့သည် တောလမ်းကျဉ်းလေးတစ်ခု၏ ဘေးတွင် ထိုင်ရင်း ပါလာသောငှက်ပျောသီးများကို စားနေကြ၏။ သူတို့သည် နေရာအနှံ့ လိုက်လံလျှောက်လည်ရင်း ပျော်ရွှင်နေကြသည်။

"ရေကုန်နေပြီပဲ"





အောင်သူက ရေဘူးကို ကောက်ယူပြီး မျက်နှာရှုံ့မဲ့ရင်း ပြော၏။

ပြည့်နိုင်မင်းက ငှက်ပျောခွံကို လွှင့်ပစ်လိုက်သည်။

"မင်းတစ်ယောက်တည်း သောက်တာနော်၊ ငါ လုံးဝမသောက်လိုက်ရဘူး"

"အေးကွာ၊ ငါက ရေများများသောက်တတ်တာကိုး"

"တစ်ချိန်လုံး စကားပြောနေတဲ့လူက ရေများများသောက်တတ်တာ မဆန်းပါဘူး"

"အေး ... ငါ ရေများများသောက်တာ မဆန်းဘူး၊ ဆန်းနေတာက မင်းပဲ နိုင်မင်း"

"ပြောစမ်းပါဦး ... ငါက ဘာဆန်းလို့လဲ"

"မင်းကိုကြည့်ရတာ ဒီနေရာတွေနဲ့ ရင်းနှီးပြီးသားလူလိုပဲ သွားလိုက်လာလိုက်တာလည်း မြန်မှမြန်၊ ပြီးတော့ မမော မပန်းတဲ့အတိုင်းပဲ၊ လန်းဆန်းတက်ကြွနေလိုက်တာ၊ မင်း ဘာလို့ ဒီလောက်တောင် ကြံ့ခိုင်နေရတာလဲ ... ပြောစမ်းပါဦး၊ မင်းမှာ ဆေးစွမ်းကောင်းတစ်လက် ရှိနေတယ်မဟုတ်လား"

"မဟုတ်ပါဘူးကွာ၊ ကဲ ကဲ ... ဒါကိုထားတော့၊ ငါတို့ ရေရနိုင်မယ့်နေရာကို ရှာကြရမယ်၊ ငါ့စိတ်ထင် ဒီနားမှာ အင်မတန်ကြည်လင်သန့်ရှင်းတဲ့ ရေကန်တစ်ကန် ရှိမယ်ထင်တယ်"

"မရှိပါဘူးကွာ၊ နေလည်းစောင်းပြီ၊ ငါတို့ပြန်ကြစို့"

အောင်သူက ပြောရင်း ထရပ်လိုက်သည်။ ပြည့်နိုင်မင်း



www.burmeseclassic.com

www.burmeseclassic.com



က ထရပ်ပြီး အောင်သူ့ပခုံးကိုဆွဲကာ ဟန့်တားလိုက်သည်။

"နေပါဦး အောင်သူရာ ... ဒီနားမှာ ရေကန်တစ်ကန် ရှိပါတယ် ... လာ"

ပြည့်နိုင်မင်းဆွဲခေါ်ရာနောက်သို့ အောင်သူ ဖရိုဖရဲဖြင့် ပါသွား၏။

"ဟော့ကောင် ... ငါ့ကိုလွှတ်၊ နာတယ်ကွ"

အောင်သူ ဒေါသတကြီးအော်မှ ပြည့်နိုင်မင်းက ရယ်ရင်း လွှတ်ပေးလိုက်သည်။

"အေး နိုင်မင်း ... မင်း ရေကန်ကိုတွေ့အောင်သာရှာ၊ မတွေ့ရင်တော့ နာပြီသာ မှတ်ပေတော့ ... ဟုတ်လား"

ပြည့်နိုင်မင်းက တစ်ခွန်းတစ်ပါဒမျှ တုံ့ပြန်စကားမဆိုဘဲ တည်ကြည်လေးနက်သောမျက်နှာထားဖြင့် သစ်ပင်များကြားသို့ တိုးဝင်သွားသည်။ အောင်သူက ပုဆိုးပြင်ဝတ်ပြီး သူ့နောက်မှ လိုက်ပါသွားသည်။

အတန်ကြာ မြေကြီးက တဖြည်းဖြည်း အောက်သို့ နိမ့်ဆင်းသွားတာကို အောင်သူ သတိပြုမိလိုက်သည်။

"နိုင်မင်း ... ငါ ဒီလိုချောင်ကြိုချောင်ကြားကို မလာဖူးဘူးကွ၊ တော်ကြာ ပြန်မထွက်တတ်ရင် ခက်မယ်၊ ပြန်ကြရအောင်ကွာ"

"ငါ လမ်းမှတ်မိပါတယ် အောင်သူ၊ မင်း စိတ်မပူပါနဲ့"

"ဒီနယ်မြေမှာ မြွေကြီးတွေရှိတယ်ကွ၊ နှစ်ချို့မြွေကြီး





တွေ ရှိတယ်လို့ ငါကြားဖူးတယ်"

"မင်းကြောက်လို့လား"

ပြည့်နိုင်မင်းက လှောင်သလိုမေးလျှင် အောင်သူ ရှက်ရွံ့ဒေါသဖြင့် အော်၏။

"ဘာလို့ကြောက်ရမှာလဲကွ၊ မင်းသာ မကြောက်နဲ့"

"ဒါဆို လိုက်မယ့်သာ လိုက်ခဲ့ကွာ၊ ငါ့ကိုမတားနဲ့"

အောင်သူ ပါးစပ်ပိတ်ပြီး ပြည့်နိုင်မင်းနောက်မှ ထက်ကြပ်မကွာ လိုက်ပါသွားသည်။ သစ်ပင်ချုံနွယ်များက ပို၍ ထူထပ်လာသည်။ တဖြည်းဖြည်း သဲမြေပေါ်သို့ ခြေချမိ၏။

ပြည့်နိုင်မင်းက ဓားကိုထုတ်ကာ ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းရင်း ရှေ့ဆက်တိုးသွားသည်။ အောင်သူလည်း ဓားကိုဆုတ်၍ အသင့်ကိုင်ရင်း နောက်မှလိုက်ပါသွား၏။

"နိုင်မင်း ... ပြန်ကြရအောင်ကွာ၊ မင်းအမေ စိတ်ပူနေလိမ့်မယ်"

ပြည့်နိုင်မင်း၏ခြေလှမ်းများ တုံ့ခနဲ ရပ်သွားသည်။ အောင်သူ အားတက်သွား၏။

"မင်းကို စိန်ခေါ်မိသလိုဖြစ်သွားတဲ့ကိစ္စကို ငါ တောင်းပန်ပါတယ်ကွာ၊ ငါပဲ အရှုံးပေးပါတယ်၊ ပြန်ကြစို့"

အောင်သူက ပြည့်နိုင်မင်း၏ကျောကို လက်ဝါးဖြင့် ခပ်သာသာလေးရိုက်၍ ပြော၏။

ပြည့်နိုင်မင်းက သူ့ကို လှည့်မကြည့်ပါ။ သူက မလှုပ်



www.burmeseclassic.com

www.burmeseclassic.com



ပြောက်ရုပ်တန့်ရင်း ပုံမှန်မဟုတ်သောအသံဖြင့် ပြောသည်မှာ–

"ဒီနေရာပဲ ဟုတ်တယ်၊ ဒါ ငါနေခဲ့ဖူးတဲ့ နေရာဟောင်းလေးပဲ"

သူ၏စကားသံမှတစ်ဆင့် စိတ်လှုပ်ရှားမှုအတိုင်းအတာကို အောင်သူ ခန့်မှန်းမိ၏။ အောင်သူ ကြောင်အမ်းအမ်းဖြစ်သွားသည်။

"နိုင်မင်း ... မင်း ဘာတွေပြောနေတာလဲ"

အောင်သူကမေးရင်း ပြည့်နိုင်မင်း၏ခန္ဓာကိုယ်ကို ကျော်၍ ရှေ့ထွက်ကြည့်လိုက်သည်။

ထိုအခါ စိမ်းမြကြည်လင်နေသော ရေကန်ကြီးတစ်ကန်ကို တွေ့လိုက်ရ၏။ ရေကန်၏ဘေးနား၌ သစ်ပင်ကြီးများ ရှိနေသော်လည်း ရေကန်ပြင်ပေါ်၌ ရွက်ကြွေတစ်ရွက်မရှိဘဲ သန့်ရှင်းနေသည်မှာ အံ့ဩဖွယ်ကောင်းနေသည်။

သဘာဝကျောက်ဆောင်ကြီးများက လှပဆန်းကြယ်စွာ ရှိနေ၏။ သစ်ပင်များထက်၌ အရောင်အသွေးစုံလင်သော ငှက်များ တေးသီနေကြသည်။ ကန်၏အလယ်တည့်တည့်မှာ ပေသုံးဆယ်ပတ်လည်ခန့်ရှိသော ကျွန်းတစ်ကျွန်းရှိနေ၏။ ထိုကျွန်းပေါ်၌ မြက်ခင်းစိမ်းစိမ်းရှည်ရှည်များ ရှိနေ၏။

မြက်ခင်းရှည်များကြားတွင် ညောင်ပင်ကြီးတစ်ပင် ထီးထီးရှိနေ၏။ ထိုကျွန်းပေါ်ရှိ အပင်များမှာ စိမ်းလန်းရှင်သန်နေကြသည်။ ရွက်ဝါတစ်ရွက် မရှိ။ နွေရာသီမှာပင် စိမ်းစိမ်းစိုစိုဖြင့်



နှင်းသပ်ရှုမောဖွယ် အဆန်းတကြယ် လှပနေလေသည်။

"ဟာ ... သာယာလိုက်တဲ့ နေရာလေး၊ အမောကို ပြေသွားတာပဲကွာ"

အောင်သူက ပြောရင်း ရှေ့ဆက်လျှောက်သွားသည်။

ပြည့်နိုင်မင်းကတော့ မလှုပ်မယှက်ရပ်တန့်နေဆဲ။ သူ၏ မျက်လုံးအစုံ၌ လှပဆန်းကြယ်သော ကန်ရေပြင်ကြီး ထင်ဟပ်နေတာ မထူးဆန်းပါ။ ထိုကန်ရေပြင်ထက်တွင် ပေါ်ရှင်မြှုးထူးနေသော ကြီးမားလှပသည့် တောကြီးမြွေဟောက်မောင်နှံ၏ ပုံ ထင်ထင်ရှားရှား ပေါ်လွင်လာနေသည်ကတော့ အံ့ဩစရာကောင်းနေလေသည်။

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

## မေငြိမ်းချမ်း

ဆည်းဆာရောင်ခြည်က တောလမ်းကလေးပေါ်သို့ ယှက်ဖြာကျနေသည်။ တောလမ်းကလေးပေါ်သို့ လူငယ်နှစ်ယောက် တက်လာသည်။ ပြည့်နိုင်မင်းနှင့် အောင်သူတို့ဖြစ်၏။

"နိုင်မင်း ... မင်း အဲဒီနေရာကို ဘယ်လိုသိနေတာလဲ"

ထိုမေးခွန်းကို အောင်သူ နှုတ်က ထုတ်မေးချင်စိတ် အလွန်ပြင်းပြနေ၏။ သို့သော် သူ ခရီးလမ်းတစ်လျှောက်လုံး နှုတ်ဆိတ်နေခဲ့သည်။

အကြောင်းကား ပြည့်နိုင်မင်း၏မျက်နှာပေါ်၌ ဝမ်းနည်းပူဆွေးခြင်း၊ လွမ်းဆွတ်ကြေကွဲခြင်းနှင့် နာကြည်းခံပြင်းခြင်း စသော အရိပ်အယောင်မျိုးစုံကို ထင်ထင်ရှားရှား တွေ့မြင်နေရသောကြောင့် ဖြစ်သည်။ စိတ်လှုပ်ရှားနေဟန်လည်း ရှိ၏။

သူ ဘာဖြစ်သွားသည်ဆိုတာကို အောင်သူ နားမလည်နိုင်ပါ။ ထိုအရိပ်အငွေ့မျိုးကို ပြည့်နိုင်မင်း၏မျက်နှာပေါ်မှာ သူ





မကြာခဏ တွေ့မြင်ဖူးခဲ့သည်။ ပထမဆုံးအကြိမ်မှာ သူ တအံ့တသြဖြင့် မေးခဲ့၏။ ပြည့်နိုင်မင်း လုံးဝမဖြေခဲ့။ နောက်ပိုင်းတွင် အောင်သူ လုံးဝမမေးတော့။ အောင်သူသည် စကားများလွန်းသော်လည်း နားလည်မှုရှိသူတစ်ဦး ဖြစ်သည်မဟုတ်ပါလော။

ပြည့်နိုင်မင်း၏နှလုံးသားမှာ လျှို့ဝှက်ဒဏ်ရာတစ်ခု ရှိသည်ဟု သူ မှတ်ချက်ချထားခဲ့သည်။ ထိုလျှို့ဝှက်ချက်ဟာ ဘာလဲဆိုတာကို သူ အရိပ်အငွေ့လောက်တောင် မခန့်မှန်းနိုင်ချေ။ ပြည့်နိုင်မင်းသည် အောင်သူ့အတွက် ပဟေဠိဆန်သော ထူးခြားလွန်းသော သူငယ်ချင်းတစ်ယောက်ပင်ဖြစ်သည်။

အောင်သူသည် နှုတ်ဆိတ်စွာဖြင့် ပြည့်နိုင်မင်းနောက်သို့ လိုက်လာသည်။ ပြည့်နိုင်မင်းက ရှေ့မှဦးဆောင်၍ လျှောက်နေသည်။

ရုတ်တရက် ပြည့်နိုင်မင်း၏ခြေလှမ်းများ တုံ့ခနဲရပ်တန့်သွားသဖြင့် အောင်သူကလည်း ခြေလှမ်းရပ်တန့်ပြီး ခြေဖျားထောက်ရင်း ပြည့်နိုင်မင်း၏ပခုံးမှကျော်၍ ကြည့်လိုက်သည်။

ထိုအခါ လိမ္မော်ရောင်ဝတ်စုံကို အထက်အောက်ဆင်တူဝတ်ဆင်ထားသော အလွန်ချောမောလှပသည့် မိန်းမပျိုလေးတစ်ဦးကို တွေ့မြင်ရ၏။

ဆည်းဆာရောင်ခြည်အောက်တွင် မိန်းမပျိုလေး၏ ဝင်းဝါစိုပြည်သော အသားအရေမှာ ကြည်လင်တောက်ပနေသည်။ မည်းနက် ကွေးညွတ်သော မျက်ခုံးနှစ်တန်းအောက်ရှိ မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



အစုံမှာ မည်းနက်စိုလက်သော မျက်လုံးအိမ်ကြီးကြီးလေးက ထူးခြားလှပလွန်း၏။ မည်းနက်ကော့ညွတ်လျက်ရှိသော မျက်တောင်ထူထူတွေက သူမ၏မျက်လုံးတွင်းရှိ ညို့ဓာတ်ကို အားဖြည့်ပေးထားသည်။ ဖြောင့်စင်းသော နှာတံအောက်ရှိ နှုတ်ခမ်းသေးသေးဖူးဖူးလေးမှာ အသည်းယားစဖွယ် နီထွေးဖူးကြွနေ၏။ မျက်ခုံးနှစ်တန်းကြားရှိ မှဲ့နီလေးက သူမ၏မျက်နှာလေးကို ဂမ္ဘီရဆန်ဆန် လှပအောင် ပံ့ပိုးပေးထားသည်။ ဆံနွယ်ခွေခွေလေးများက ပခုံးထက်မှာ ပုံကျလျက်ရှိသည်။

ပြည့်နိုင်မင်းသည် ထိုမိန်းကလေးကို ညို့ရီသောမျက်လုံးအစုံဖြင့် ငေးကြည့်နေ၏။ သူ၏စိတ်ထဲတွင် ထိုမိန်းမလှလေးကို ရင်းရင်းနှီးနှီး သိကျွမ်းနေပြီးသားလို ဖြစ်နေသည်။ သူ ကြာကြာမစဉ်းစားလိုက်ရ။ ချက်ချင်းပင် အမှတ်ရလာ၏။

''ချန်နီ ချန်နီ''

သူ့အိပ်မက်တွေထဲမှာ ပါလာတတ်တဲ့ မိန်းကလေးချန်နီပေပဲ။ သူ စိတ်လှုပ်ရှားစွာဖြင့် တုန်ယင်အက်ကွဲသောအသံဖြင့် ခေါ်လိုက်၏။

သူ့ကိုငေးကြည့်ရင်း တွေဝေနေသော မိန်းမလှလေး၏ ခန္ဓာကိုယ်လေးမှာ ဆတ်ခနဲ တုန်ခါသွားသည်။ မျက်လုံးအစုံက အရောင်တဖျပ်ဖျပ် လက်သွား၏။

''စိုင်းဆိုင်မော်''

သူမ၏နှုတ်မှ ထွက်လာသော အသံရှရှလေးက ပြည့်နိုင်





မင်း၏စိတ်ကို အတိုင်းအဆမဲ့ လှုပ်ရှားသွားစေလေသည်။ သူ့ရင်ထဲ လှိုက်လှိုက်လှဲလှဲ ကြည်နူးလာမိ၏။ သူ မိန်းမလှလေးထံသို့ ပြေးသွားဟန်ပြင်လိုက်သည်။

ရုတ်တရက် သူ့ကို အောင်သူက နောက်မှဖက်ကာ တန့်တားလိုက်၏။

''နိုင်မင်း . . . မင်းစိတ်ကို ငြိမ်ငြိမ်ထားပါ၊ အဲဒီကောင်မလေးက စုန်းပညာတတ်တယ်၊ ဝမ်းတွင်းစုန်းကွ၊ သူ မင်းကို ပြုစားနေတာ၊ သတိမလွတ်စေနဲ့''

လေသံတိုးတိုးဖြင့် ပြောလေသည်။ ပြည့်နိုင်မင်း၏ မျက်လုံးအစုံ မှိုင်းစက်ပြူးကျယ်သွားသည်။ သူ မယုံကြည်နိုင်စွာဖြင့် မိန်းမလှလေးကို လှမ်းကြည့်လိုက်သည်။ မိန်းကလေး၏ မျက်နှာ ပျက်နေ၏။

သူမ၏နှုတ်ခမ်းဖူးဖူးသေးသေးလေးက တလှုပ်လှုပ်ဖြင့် စိတ်လှုပ်ရှားနေဟန်ရှိသည်။ မျက်ရည်များဖြင့် စိုလက်နေသော မျက်လုံးအစုံကို ကြည့်မိသည်နှင့် ပြည့်နိုင်မင်းရင်ထဲ နင့်ခနဲဖြစ်သွား၏။

ထိုမိန်းကလေး၏ မျက်လုံးအိမ်ထဲမှ ပုံရိပ်တချို့ ထွက်ပေါ်လာတာကို ပြည့်နိုင်မင်း၏ စူးရှသောမျက်လုံးအစုံက ပြတ်သားစွာ မြင်လေသည်။

ထိုပုံရိပ်မှာ သူနှင့် ထိုမိန်းကလေးတို့ ရေဇာန်ကြီးသားမှာ ပျော်ရွှင်မြူးထူးနေကြ၏။ သူက ရှမ်းရိုးရာဝတ်စုံကို ဝတ်



www.burmeseclassic.com

www.burmeseclassic.com



ဆင်ထား၏။ မိန်းကလေးက လိမ္မော်ရောင် ဇာဝမ်းဆက်ကို ဝတ်ဆင်ထားပြီး လည်တိုင်မှာ ဇာပဝါတစ်စကို လွှမ်းခြုံရစ်သိုင်းထားသည်။

ရုတ်တရက် သူသည် အလွန်ကြီးမားလှပသော တောကြီးမြွေဟောက်ဖိုတစ်ကောင်အဖြစ်သို့ ပြောင်းလဲသွားသလို မိန်းကလေးကလည်း လိမ္မော်ရောင်အကွက်များဖြင့် လှပနေသော တောကြီးမြွေဟောက်မအဖြစ် ပြောင်းလဲသွားလေသည်။

ယခု သူ ကောင်းကောင်းသိလိုက်ပေပြီ။ ထိုမိန်းကလေးမှာ သူ့အိပ်မက်ထဲက ချစ်သူချန်နီမှ ချန်နီဖြစ်ပေသည်။ သူ အံ့ဩမှုနှင့်အတူ ဝမ်းမြောက်သွား၏။

"ချန်နီ"

သူ အောင်သူ့လက်နှစ်ဖက်ကို ကြမ်းကြမ်းတမ်းတမ်း ဆွဲဖယ်ပြီး မိန်းကလေးထံသို့ ပြေးလွှားသွားသည်။ မိန်းကလေးက ပြုံးရွှင်သောမျက်နှာလေးဖြင့် လက်နှစ်ဖက်ကို ရှေ့သို့ ဆန့်ထုတ်ကာ ဆီးကြိုနေ၏။

ရုတ်တရက် သူ၏ရှေ့သို့ အဘွားအိုတစ်ဦး လျှပ်တစ်ပြက် ရောက်ရှိလာပြီး ဟန့်တားလိုက်၏။ အသက် ၆၀ ခန့်ရှိသော အဘွားအိုမှာ သန်မာတောင့်တင်းဟန်များ ရှိနေ၏။ သူမက ပြည့်နိုင်မင်းကို စူးစူးရဲရဲ စိုက်ကြည့်လိုက်သည်။

"သူငယ် ... မင်းက ငါ့သမီး မေငြိမ်းချမ်းအကြောင်းကို မသိဘူးထင်တယ်"





ပြည့်နိုင်မင်းက ကြောင်အမ်းအမ်းဖြင့် ခြေလှမ်းရပ်တန့်လိုက်၏။

"ဗျာ ... ကျွန်တော် ကျွန်တော်"

သူ ဘာပြောရမှန်းမသိ ဖြစ်နေစဉ် မိန်းမလှထံမှ စကားသံ ထွက်ပေါ်လာသည်။

"မေမေ ... သူက သမီးရဲ့မိတ်ဆွေပါ"

အဘွားအိုမျက်နှာပေါ်၌ အံ့ဩဟန်များ ပေါ်လာသည်။ ထိုစဉ် ဆူညံသောအသံများ ထွက်ပေါ်လာသည်။

သူတို့အားလုံး လှမ်းကြည့်လိုက်ကြ၏။ ရွာသား ၄–ဦးခန့်အပြင် ဒေါ်အင်ကြင်းအောင်နှင့် ဒေါ်မြကြွေတို့ လာနေတာကို တွေ့ရသည်။

အဘွားအိုက ချက်ချင်းပင် မိန်းမလှလေးထံသို့ ပြေးသွား၏။

"သမီးရေ ... မေမေတို့ ပြန်ကြပါစို့"

ပြောပြောဆိုဆိုပင် မိန်းကလေး၏လက်ကိုဆွဲကာ လမ်းခွဲလေးတစ်ဖက်သို့ မပြေးရုံတမည် ခပ်သွက်သွက် ထွက်ခွာသွားကြသည်။

"နေပါဦး ခဏလေး"

ပြည့်နိုင်မင်း ဟန့်တားရင်း ပြေးလိုက်ဟန်ပြင်လိုက်၏။ သူ့ကို အောင်သူက ပြေးဖက်ကာ ဟန့်တားပြန်လေသည်။

"မလိုက်နဲ့ နိုင်မင်း၊ မင်း သေသွားလိမ့်မယ်၊ အဲဒီစုန်းမ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း မင်းမသိဘူးနော်''

''စုန်းမ၊ သူက စုန်းမလို့ မင်းကို ဘယ်သူပြောလဲ''

''တို့တစ်ရွာလုံးအသိကွ၊ နောက်မှ မင်းကိုပြောပြမယ်၊ ဟိုမှာ မင်းအမေပါ လိုက်လာပြီ၊ ငါတို့ ပြန်ရောက်မယ်လို့ ပြောခဲ့တဲ့အချိန်ထက် နောက်ကျနေလို့ စိတ်ပူပြီ လိုက်လာကြရှာပြီ''

အောင်သူက အလောတကြီးပြောၡ၏။ ပြည့်နိုင်မင်း ယခုမှပင် လွင့်မျောနေခဲ့သော စိတ်အစဉ်ကို သတိကပ်လိုက်နိုင်၏။ တစ်ဦးနှင့်တစ်ဦး ပထမဆုံးအကြိမ် တွေ့ဖူးခြင်းဖြစ်သော်လည်း တရင်းတနှီးဖြစ်နေသလို ခံစားဖြစ်ပျက်ခဲ့ရသည့်အပေါ် အံ့သြသွားမိသည်။

သူမအပေါ် ရွံရှာကြောက်လန့်သလို ပြောနေသော အောင်သူ့ကို ကြည့်မရဖြစ်သွား၏။ သို့သော် ယခုလောလောဆယ်တော့ အောင်သူ့အပေါ် သူ ပေါက်ကွဲလို့မဖြစ်ချေ။

''အောင်သူ . . . မေမေတို့ကို ငါ့အကြောင်းတွေ ဘာတစ်ခုမှ မပြောမိစေနဲ့နော်၊ ပြောရင်တော့ မင်းနဲ့ငါ သေခန်းပြတ်ပဲ''

အောင်သူ သူ့ကို တအံ့တသြကြည့်ပြီးမှ ရယ်ချလိုက်၏။

''ဟား ဟား . . . မင်းက ကလေးလည်းမဟုတ်, မိန်းမလည်းမဟုတ်ဘဲ ဘယ်လိုကြောင့် ဒီပုံစံထွက်နေရတာလဲ၊ ယောကျ်ားမဟုတ်တဲ့အတိုင်းပဲ''





''မင်း ကတိပေး''

''အေး အေး . . . ပေးပါတယ်ကွာ၊ မင်းမတားလည်း ငါ မပြောပါဘူး၊ တော်ကြာ ငါတို့ ခြေချုပ်မိနေပါဦးမယ်၊ ဒါပေမဲ့''''

''ဒါပေမဲ့ ဘာဖြစ်လဲ''

''ဒါပေမဲ့ မင်းကို ပြောသင့်ပြောထိုက်တဲ့ကိစ္စတွေကို ငါ ပြောပြရလိမ့်မယ် နိုင်မင်း''

''အေး . . . ညကျမှပြော၊ လောလောဆယ် မေမေတို့ စိတ်မပူအောင် ကြည့်ပြောရမယ် . . . လာ''

ဒေါ်အင်ကြင်းအောင်က သူမ၏ ဝဝဖိုင့်ဖိုင့်ခန္ဓာကိုယ်ကြီးကို မညှာမတာပင် ရှေ့မှဦးဆောင်၍ ပြေးလာပြီး ပြည့်နိုင်မင်း၏ ရင်ခွင်ထဲသို့ ပြေးဝင်လိုက်သည်။

''သား နိုင်မင်း . . . မင်း ဘာဖြစ်နေလို့လဲဟင်၊ ပြောတော့ ငါးနာရီထက် နောက်မကျစေရဘူးဆို၊ အခု ခြောက်နာရီထိုးအောင် ခွဲနေပြီ၊ ဘာတွေဖြစ်နေလို့လဲ''

''ဖြည်းဖြည်းမေးပါ မေမေရယ်၊ ကျွန်တော်တို့ အိပ်ပျော်သွားတာပါ၊ ဘာမှ မဖြစ်ဘူး . . . စိတ်မပူနဲ့၊ မေမေ့သား ဘာမှမဖြစ်ဘူး''

ပြည့်နိုင်မင်းက ဒေါ်အင်ကြင်းအောင်ကို ချော့မော့ရင်းရင်ခွင်တွင်းမှ ဆွဲထုတ်လိုက်သည်။ ဒေါ်အင်ကြင်းအောင် ရှားပါးချွေးစီးများရှိနေတာကို သတိပြုမိသည့်အခါ အနေရခက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဒေါ်မြကြွေက အောင်သူ့ကိုလက်တို့ပြီး –

"ခုနက မင်းတို့ဘေးနားမှာ ဒေါ်မေဝင်းတို့သားအမိ နှစ်ယောက်ကို တွေ့လိုက်သလိုပဲ"

အောင်သူက ပျာပျာသလဲဖြင့် ငြင်း၏။

"ဟာ ... ပေါက်တက်ကရ အမေရာ၊ ဘုရားဖူးသွား အမိနှစ်ယောက် လမ်းလာမေးလို့ ပြောပြနေတာပါ"

"အဝေးကဆိုတော့ မသဲမကွဲဘဲ မြင်လို့ပါ အောင်သူ ရယ်၊ ဖြစ်သွားတဲ့ပုံက သေမလိုပဲ"

"အမေကလည်း၊ ဒီ မငြိမ်းချမ်းဆိုတဲ့ စုန်းမအကြောင်း မှ လာပြောတာကိုး"

ပြည့်နိုင်မင်း အောင်သူ့ကို လှမ်းကြည့်လိုက်၏။ သူ့ ရင်ထဲ စိတ်မကောင်းခြင်းနှင့်အတူ ခံပြင်းစိတ်များ ဖြစ်ပေါ်လာ လေသည်။

❑ ❑ ❑



## အခန်း (၉)

## မငြိမ်းချမ်း၏ အတိတ်ဘဝ

ဒေါ်မေဝင်းသည် ဆန်စက်သို့သွားရန် ထမင်းချိုင့်နှင့် တကွ စားသောက်ဖွယ်ရာပစ္စည်းအချို့ကို ကြိမ်ခြင်းထဲသို့ စနစ် တကျ ထည့်နေသည်။ သူတို့သည် လွန်ခဲ့သောငါးနှစ်က အောင် မောင်းနှင့် မေဝင်းတို့လို လယ်သမားဘဝမျိုး မဟုတ်တော့ပါ။ ဤမင်းလွင်ကုန်းရွာတစ်ဝိုက်ရှိ တစ်ခုတည်းသောဆန်စက်၏ ပိုင် ရှင်သူဌေးများ ဖြစ်နေပေပြီ။

သူမသည် သစ်သီးဝလံအမျိုးအစား အတော်များများကို ထည့်ပြီးနောက် ရေတစ်ဘူးထည့်ခြင်းဖြင့် အပြီးသတ်လိုက်သည်။ ထို့နောက် ဆွဲခြင်းကို မရင်း အိမ်ထဲမှထွက်လာ၏။

"မေကြည်ရေ ... အိမ်ကို သော့လာခတ်ပေးစမ်းပါဦး"

တစ်ဖက်ခြံရှိ ညီမဖြစ်သူကို လှမ်းအော်ရသည်။ ပန်းပင် များကို ရေလောင်းနေသော မေကြည်က ခေါင်းညိတ်ပြသည်။

"စိတ်ချအစ်မရေ၊ အကြီးကောင်ကို လွှတ်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မေဝင်း ခြံထဲမှထွက်လာ၏။ ရှာလမ်းမပေါ်တွင် ကလေးတစ်သိုက် ပြေးလွှားဆော့ကစားနေကြသည်။ ထိုကလေးများထဲတွင် ချစ်စရာကောင်းလွန်းသော ကလေးမလေး တစ်ယောက်က ပေါ်လွင်ထင်ရှားလွန်းနေ၏။

အဖြူရောင်ဂါဝန်ရှည်လေးကို ဝတ်ဆင်ထားသော ထိုကလေးမလေး၏ လှုပ်ရှားမှုမှာ အလွန်လျင်မြန်ဖျတ်လတ်၏။ အသံစူးစူးလေးက ဆူညံသံများကြားမှ ထိုးဖောက်ထွက်ပေါ်နေ၏။

''စန္ဒာကို မိပြီဟေ့၊ စန္ဒာလိုက်တော့''

စန္ဒာဆိုသော ကလေးမလေးက ငိုမဲ့မဲ့ဖြစ်သွား၏။

''ငါမလိုက်ချင်ဘူး၊ ပြေးပဲပြေးချင်တယ် မေငြိမ်းချမ်းရယ်''

ချစ်စရာကောင်းသော ကလေးမလေးမှာ ဦးအောင်မောင်းနှင့် ဒေါ်မေဝင်းတို့၏ တစ်ဦးတည်းသောသမီး မေငြိမ်းချမ်းဖြစ်၏။ မေငြိမ်းချမ်းက ခြေတစ်ဖက်ဆောင့်ပြီး ခေါင်းခါ၏။

''မရဘူး၊ နင်က အမြဲဒီလိုပဲ၊ ဒါကြောင့် နင့်ကို ငါမိအောင်လိုက်တာ၊ နင့်ကို လိုက်စေချင်လို့''

''ဟင် ... နင် ဒါ တမင်အကျင့်ယုတ်တာပဲ မေငြိမ်းချမ်း၊ ငါ့ညီမကို နင် အနိုင်ကျင့်တယ်ပေါ့လေ ... ဟုတ်လား''

အော်သံနှင့်အတူ သူမတို့အနား ရောက်လာသူက ၈-နှစ်ခန့်ရှိသော ကောင်မလေးတစ်ယောက်ဖြစ်သည်။ သူမက စန္ဒာ၏အစ်မ ဝေမာဖြစ်၏။





ဝေမာ့ကို မေငြိမ်းချမ်းက မော့ကြည့်ပြီး ခေါင်းခါယမ်းသည်။

''မဟုတ်ပါဘူး မမဝေမာ၊ သူက ပြေးပဲပြေးဖူးတာ တကယ်တော့ လိုက်ရတာက ပိုပျော်ဖို့ကောင်းတယ်၊ သူ့ကို ပျော်စေချင်လို့ပါ''

''မဟုတ်တာမပြောနဲ့၊ လိုက်ရတာ ပျော်စရာကောင်းတယ်ဆိုရင် ငါ့ညီမအစား နင်ပဲလိုက်ပေးလိုက်၊ ကြားလား''

''မလိုက်ပေးနိုင်ပါဘူး၊ သမီးက တမင်အမိခံပြီး လိုက်ပေးပြီးပြီပဲ၊ အခု သူလိုက်အလှည့်၊ စန္ဒာ ... နင် လိုက်မှာလား မလိုက်ဘူးလား ... ပြော''

စန္ဒာက အစ်မဖြစ်သူကို အားကိုးတကြီး မော့ကြည့်လိုက်သည်။ ဝေမာက မေငြိမ်းချမ်းကို စူးစူးရဲရဲ စိုက်ကြည့်လိုက်၏။

''နင်က ငါ့စကားကို နားမထောင်ဘူး ... ဟုတ်လား''

''မမဝေမာရဲ့စကားက တရားနည်းလမ်းမှမကျဘဲ၊ ဘာလို့ နားထောင်ရမှာလဲ''

မေငြိမ်းချမ်းက ကြောက်ရွံ့သွားခြင်းမရှိဘဲ ခပ်အေးအေးပင် ပြန်ပြောသည်။ ဝေမာ၏ဒေါသက ကြီးထွားသထက် ကြီးထွားလာသည်။

''အေး ... နားမထောင်ဘူးဆိုမှတော့ နာပြီသာမှတ်''

ဝေမာက ပြောပြောဆိုဆိုပင် သွားများကိုတင်းကျပ်ကြိတ်ပြီး ပြေး



www.burmeseclassic.com

www.burmeseclassic.com



လွှားလာသည်။

ထိုစဉ် ဒေါ်မေဝင်းက ဝေမာရှေ့သို့ ရောက်ရှိလာပေပြီ။

"ဟဲ့ ဝေမာ ... နင်က အကြီးဖြစ်ပြီး ကလေးတွေကြား ထဲ ဘာဝင်ရှုပ်တာလဲ၊ ငါ့သမီးကို မတရားမလုပ်ပါနဲ့"

လူကြီးကိုမြင်တော့ ဝေမာ ကိုယ်ရှိန်သတ်သွားသည်။

"ဒေါ်ကြီးသမီးက သမီးညီမလေးကို မဲလိုက်တာကိုး"

"ငါအားလုံးသိတယ်၊ ငါ့သမီး မေငြိမ်းချမ်းရဲ့စိတ်ရင်းကို ပိုလို့တောင် သိသေးတယ်၊ ဒီကိစ္စမှာ ငါ့သမီး လုံးဝမမှားဘူး၊ ပြေးတမ်းလိုက်တမ်းကစားကြတာ မိတဲ့လူ လိုက်ရမှာပေါ့၊ မလိုက်ချင်ရင် မပါနဲ့ ... ဟုတ်ပြီလား၊ ကဲ ... နင်တို့နှစ် ယောက် ပြန်ကြတော့၊ မေငြိမ်းချမ်းရေ ... နောက်ဆို ဒီညီ အစ်မနှစ်ယောက်နဲ့ မကစားမိစေနဲ့ ... ကြားလား"

ဒေါ်မေဝင်းက သူမန်ဘေးလာရပ်သော သမီးဖြစ်သူ၏ ခေါင်းကို ပွတ်ရင်းပြော၏။ မေငြိမ်းချမ်းက ခေါင်းညိတ်ပြီး ဝေမာ နှင့်စန္ဒာတို့ ညီအစ်မနှစ်ယောက်ကို စူးရှလွန်းသောမျက်လုံးအစုံ ဖြင့် တစ်လှည့်စီကြည့်သည်။

"ဟုတ်ကဲ့ မေကြီး"

သည်လိုဆိုတော့လည်း စန္ဒာက ဝမ်းနည်းသွား၏။ မျက်နှာငယ်လေးဖြင့် မေငြိမ်းချမ်းကို လှမ်းကြည့်ရှာသည်။

"ဒီလိုတော့ မလုပ်ပါနဲ့ဟယ်၊ ငါ လိုက်ပေးပါတော့ မယ်"





မေငြိမ်းချမ်းနှင့် သူမ၏မောင်နှမဝမ်းကွဲများမှာ ကစား နည်းအထူးအဆန်းများကို တီထွင်ဖန်တီးနိုင်ပြီး ရွာရှိကလေးများ အားလုံးကို ဦးဆောင်ဦးရွက်ပြုနေကြသဖြင့် သူတို့နှင့်မှ အဆင် မပြေလျှင် စန္ဒာ ကစားရတော့မည်မဟုတ်ချေ။

သူမ တောင်းတောင်းပန်ပန်ဖြင့် ပြောပုံကို ဝေမာ မြင် တော့ ခံပြင်းဒေါသဖြစ်လာ၏။

"ဟဲ့ စန္ဒာ ... နင်က ဒီလိုတိရစ္ဆာန်မျိုးကို အောက်ကျခံ ရသလားဟဲ့၊ နင့်ကို အမေနဲ့တိုင်ပြောမယ် ... လာခဲ့စမ်း"

စန္ဒာ၏လက်တစ်ဖက်ကို ဆောင့်ဆွဲပြီး လှည့်ထွက်သွား ၏။

"နေဦး မမဝေမာ၊ တိရစ္ဆာန်မမျိုးဆိုတာ ဘယ်သူ့ကို ပြောတာလဲ"

မေငြိမ်းချမ်းက နောက်မှပြေးလိုက်ပြီး မေး၏။ ဝေမာက သူမကို တစ်ချက်လှည့်ကြည့်ပြီး –

"နင့်ကိုပြောတာပေါ့၊ နင့်ကိုမွေးတုန်းက တစ်ကိုယ်လုံး မွေအကြေးခွံတွေနဲ့ ဖုံးနေတာ၊ အသံကလည်း မြွေတွန်သံလိုပဲတဲ့၊ နင့်လျှာကိုလည်း အသေအချာပြန်ကြည့်ဦး တိရစ္ဆာန်မရဲ့"

သူမက ပြောပြီးသည်နှင့် စန္ဒာ့လက်ကိုဆွဲကာ ချက်ချင်း ပြေးသွားသည်။ မေငြိမ်းချမ်း၏မျက်နှာလေးမှာ တင်းမာခက်ထန် သွား၏။ သူမကို ဒေါ်မေဝင်းက ချက်ချင်းပင် ကောက်ချီလိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီစကားက သူ့အမေ ခင်လှဲဆီက ကြားထားတာဖြစ်မယ်၊ သမီး ... ဒီကိစ္စကို မေမေရှင်းပေးမယ်"

ဒေါ်မေဝင်းက ခြင်းကို ဒေါ်မေကြည်၏သားလက်လက်ထဲထည့်ကာ ဆန်စက်ရှိ ဦးအောင်မောင်းထံသို့ ပို့ခိုင်းလိုက်သည်။ ထို့နောက် မေငြိမ်းချမ်းကိုချီရင်း ဝေမာနှင့်စန္ဒာတို့၏နေအိမ်သို့ ခပ်သွက်သွက် လျှောက်သွားလေသည်။

❑

"ဒေါ်ခင်လှဲ ဒေါ်ခင်လှဲ"

သမီးဖေါနှင့် ဒေါသထွက်နေသော ဒေါ်မေဝင်း၏အသံက ခက်ခက်ထန်ထန်နှင့် ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာသည်။ ခြံတံခါးကိုတွန်းဖွင့်ပြီး အထဲဝင်သွားလိုက်၏။

"လာခဲ့ လာခဲ့၊ ကျုပ်ကလည်း တော့်ဆီ လာမလို့ပြင်နေတာ"

အိမ်ထဲမှ ရန်လိုနေဟန်ရှိသည့် စကားသံနှင့်အတူ အသက် ၃၀–အရွယ် မိန်းမကြီးတစ်ဦး ထွက်လာသည်။ သူမက ဝေမာနှင့်စန္ဒာတို့၏မိခင် ဒေါ်ခင်လှဲဖြစ်၏။

ဒေါ်ခင်လှဲတို့မိသားစုသည် ဒေါ်မေဝင်းတို့ မိသားစုပြီးလျှင် ဤပတ်ဝန်းကျင်၌ တစ်ခုတည်းသောဆီစက်ကို ပိုင်ဆိုင်





ထားသည့် အချမ်းသာဆုံးဖြစ်၏။ ဒေါ်ခင်လှဲသည် ဒေါ်မေဝင်းတို့မိသားစုအပေါ် အမြင်စောင်း၍ ရန်လိုနေသူဖြစ်သည်။

ထဘီတိုတိုပြင်ဝတ်ရင်း လျှောက်လာသော သူမ၏ပုံစံက ဒေါ်မေဝင်း၏ဒေါသကို ထကြွစေ၏။

"ညည်းက ဘာကိစ္စရှိလို့ ငါ့ဆီလာမှာလဲ"

"ကိစ္စသိပ်ရှိတာပေါ့၊ တော့်သမီးက ကျုပ်သမီးကို ဘယ်လိုပုံစံနဲ့ နှိပ်စက်လိုက်သလဲဆိုတာ လာမေးမလို့"

"ဘာ ဘာပြောတယ်"

"ကျုပ်သမီးငယ်လေး ငိုကြီးချက်မနဲ့ ပြန်ရောက်လာတာ၊ တော့်သမီးက အနိုင်ကျင့်လိုက်တာလေ၊ အဲဒါ ကျုပ်လုံးဝ မကျေနပ်ဘူး၊ ကျုပ်ရှေ့မှာ ကျုပ်ကျေနပ်တဲ့အထိ တော့်သမီးကို ဆုံးမပေးရမယ်"

ဒေါ်မေဝင်းမှာ ဒေါသထွက်လွန်းသဖြင့် အသားများ တဆတ်ဆတ်တုန်လာသည်။

"အမယ်လေးတော် ... သူနိုးက လူပြန်ဟစ်တဲ့အဖြစ်မျိုးနဲ့ တိုးနေပါပေါ့လား၊ ဒီမှာ ... ငါ့သမီးက နင့်သမီးအပေါ် နည်းနည်းလေးမှ မတရားမလုပ်ခဲ့ဘူး၊ နင့်သမီးကြီးကသာ ငါ့သမီးကို စော်ကားသွားတာ၊ အဲဒါ နင့်ဆီလာတိုင်တာ၊ နင်ဆုံးမပေးပါ"

သူမကပြောပြီး မေငြိမ်းချမ်းကို အောက်သို့ချလိုက်သည်။

"သမီး ဝေးဝေးသွားနေ ... သွား"



www.burmeseclassic.com

www.burmeseclassic.com



ဆေးခြမ်းချမ်းက ဒေါ်ခင်လှဲကို တစ်ချက်မော့ကြည့်ပြီး အောက်ဆုတ်သွား၏။ ထိုစဉ် ဒေါ်ခင်လှဲက ဖားလျားချထားသော ဆံပင်ရှည်များကို ထုံးနေသည်။

“ဝေမာက တော့်သမီးကို ဘယ်လိုစော်ကားနိုင်မှာမို့လဲ မဟုတ်တမ်းတရားတွေ လာပြောမနေနဲ့ ဒေါ်မေဝင်း၊ ရှင်တို့ မိသားစုရဲ့စိတ်ဓာတ် သေးသိမ်တာကို ကျုပ်ဒီတယ်၊ ဒါပေမဲ့ ဒီလောက်ထိ နိမ့်ကျနေတာကိုတော့ အခုမှပဲ သိရတော့တယ်၊ တော့်သမီးက စန္ဒာလေးကို အနိုင်ကျင့်လို့ ဝေမာဝင်တားတော့ တော်က လူကြီးတန်မဲ့ အော်ငေါက်လို့ ကျုပ်သမီးတွေခမျာ ကြောက်ကြောက်လန့်လန့်နဲ့ ပြန်ပြေးခဲ့ကြရှာတယ်၊ အောက်တန်းကျလိုက်တဲ့ မိန်းမယုတ်”

ဒေါ်မေဝင်း၏ မျက်နှာတစ်ခုလုံး နီရဲခက်ထန်သွားသည်။

“ဟင် . . . ဒါ ဝေမာပြောတာမဟုတ်လား”

“အပိုတွေ ဟန်လုပ်ပြမနေနဲ့၊ အခု တော်က လူကြီးတန်မဲ့ ကလေးတွေအပေါ် လိမ်ညာကောက်ကျစ်ချင်တာလား”

“နင့်ပါးစပ်ပိတ်စမ်း၊ နင့်သမီး ကလိမ်ကျတာ၊ အဖြစ်မှန်ကို ငါပြောပြမယ်”

ဒေါ်ခင်လှဲက မျက်နှာကို မဲ့ရွဲ့ရင်း လက်ကာပြသည်။

“မပြောနဲ့၊ တော့်စကားကို ယုံမှာမဟုတ်ဘူး၊ တော့်သမီးကို တော်ကိုယ်တိုင် ဆုံးမမလား မဆုံးမဘူးလားပဲ ပြော”

ထိုသို့သောတောင်းဆိုချက်ကို ဒေါ်ခင်ဝင်းထံမှ ဒေါ်မေ





ဝင်း တောင်းဆိုရန် ရည်ရွယ်ပြီး လာခဲ့ခြင်းဖြစ်၏။ ယခုတော့ မူ ဒေါသထွက်လွန်းသဖြင့် စကားပင် မပြောနိုင်ပါ။

ယင်းအချိန် သူမတို့အနီးသို့ ရောက်လာသော ရွာသူရွာသားများက နှစ်ယောက်စလုံးကို အသီးသီး ဖျန်ဖြေကြလေသည်။

“တစ်ရွာတည်းသားတွေအချင်းချင်း သည်းခံကြပါ ကွယ်၊ ဘယ်လိုဖြစ်တယ်ဆိုတာ ပြေပြေလည်လည် ပြောပြကြမှ ပေါ့”

“ဒေါသတွေကို လျှော့လိုက်ကြပါရှင်၊ ကလေးချင်းဖြစ်တဲ့ကိစ္စက ဒီလောက်ထိ မကြီးသွားသင့်ပါဘူးလေ”

ဒေါ်မေဝင်းက သူမကို အတင်းဆွဲခေါ်နေသော မေကြည့်သတ်ကို ကြမ်းကြမ်းတမ်းတမ်း ဆွဲဖယ်ပစ်လိုက်သည်။

“ငါ့ကိုမဆွဲနဲ့၊ ဒီကောင်မက ငါ့သမီးလေးကို တိရစ္ဆာန်မသို့ အမြဲပုတ်ခတ်စော်ကားနေတာ”

“ဟဲ့ . . . ငါ မှန်တာပြောတာပဲ၊ နင့်သမီးအကြောင်း တစ်ရွာလုံးသိတယ်၊ နင့်သမီးက မြွေဝင်စားဆိုတာထက် ငါ့စိတ်ထင် စုန်းမပဲဖြစ်မယ်၊ ဝမ်းတွင်းစုန်းမ ဖြစ်မယ်”

“အေး . . . သူများသားသမီးကို စော်ကားတဲ့မိန်းမ သေဖို့သာပြင်”

ဒေါ်မေဝင်း၏နားထဲ ဝင်ရောက်လာသော ဒေါ်ခင်လှဲ၏ စကားက သူမ၏အသိတရားကို ပျောက်စေသည်အထိ နာကြည်း



www.burmeseclassic.com

www.burmeseclassic.com



ခံပြင်းစေ၏။ သူမသည် မေကြည့်ကို ဆောင့်တွန်းပြီး ဒေါ်ခင်လှဲ့ရှိရာသို့ တစ်ဟုန်ထိုး ပြေးလွှားသွားသည်။

"ဟဲ့ ဟဲ့ . . . မလုပ်ကြနဲ့လေ"

ရွာထဲမှာ မကြာခဏ ရန်ဖြစ်တတ်သော ဒေါ်ခင်လှဲ့က ပါးနပ်လှ၏။

"ဟော့ . . . နင်တို့က ငါ့ကို ချုပ်ပေးထားတာလား လွှတ်စမ်း"

ရန်တွေ့စကားဆိုရင်း ဆောင့်ရုန်း၏။ သူမကိုဆွဲနေသော မိန်းမနှစ်ယောက်မှာ ဝမ်းတွင်းစုန်းဟူသော စကားလုံးအပေါ် အာရုံရောက်နေကြသည်။ ဒေါ်ခင်လှဲ့မှာ သူမတို့လက်မှ အလွတ်ရုန်းထွက်လိုက်နိုင်သည်။

ထို့ကြောင့် သူမထံပြေးဝင်လာသော ဒေါ်မေဝင်းကို ဆီးကြို့တိုက်ခိုက်နိုင်၏။ အကြိမ်ကြိမ်သတ်ပုတ်ဖူးသော ဒေါ်ခင်လှဲ့သည် ဒေါ်မေဝင်းလို မိန်းမကြီးမျိုးကို စာမဖွဲ့ပါ။

သူမက အနီးသို့ လက်ကားယား ခြေကားယားဖြင့် ရောက်လာသော ဒေါ်မေဝင်း၏ဆံပင်ကို ဆောင့်ဆွဲသွားပြီး သရက်ပင်စည်နှင့် အရှိန်ပြင်းစွာ တိုက်စေရန် ဆောင့်တွန်းပစ်သည်။

'ဘုန်း'

"အ"

ဒေါ်မေဝင်း၏ခန္ဓာကိုယ်ကြီးမှာ မြေပေါ် ပက်လက်ကျ





သွား၏။ သူမ၏မျက်နှာမှာ သွေးများထွက်လာသည်။

ဒေါ်ခင်လှဲ့က သူမကိုယ်ပေါ် တက်ခွထိုင်ရန်ပြင်စဉ် ယောက်ျားကြီးများက မနေနိုင်ဘဲ အတင်းပြေးဆွဲပြီး လူချင်းခွဲကြသည်။

မေငြိမ်းချမ်းသည် ဒေါ်မေဝင်းရှိရာသို့ အပြေးလေး ရောက်လာ၏။

"မေကြီး မေကြီး"

ဒေါ်မေဝင်းမှာ ရက်ရှည်ဒေါသနှင့်အတူ နာကျင်ခြင်းဝေဒနာများကို တနင့်တပိုး ခံစားနေရသည်။ သမီးအတွက် အသုံးမကျတဲ့ အမေတစ်ယောက်ဟု ခံယူလိုက်မိ၏။ စိတ်မကောင်းခြင်းက သူမကို မျက်ရည်သွန်ထုတ်စေသည်။

မေငြိမ်းချမ်းသည် မွှိုင်မျက်နှာပေါ်ရှိ သွေးများနှင့် မျက်ရည်တို့ကို မြင်ရသောအခါ မျက်နှာတစ်ပြင်လုံး ကြောက်လန့်ဖွယ်ကောင်းအောင် တင်းမာခက်ထန်သွားသည်။ သူမက ယောက်ျားကြီးနှစ်ယောက် ဆွဲခေါ်သွားသော ဒေါ်ခင်လှဲ့ထံသို့ ပြေးလွှားသွား၏။

ယင်းနောက် နီရဲတောက်ပသော မျက်လုံးအစုံဖြင့် ဒေါ်ခင်လှဲ့ကိုစိုက်ကြည့်ရင်း လက်ညှိုးထိုးကာ စူးရှရှအသံဖြင့် တစ်လုံးချင်း ပြောသည်မှာ –

"ငါတို့အပေါ် မတရားစော်ကားတဲ့မိန်းမကြီး သေခြင်းဆိုးနဲ့ သေပါစေ" ဟု ကျိန်စာတိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တစ်ပေါက် ဆူညံစွာအော်ဟစ်နေကြသူများ ချက်ချင်း ငြိမ်သက်သွားကြသည်။

ဒေါ်ခင်လှဲ့သည် မေငြိမ်းချမ်း၏မျက်နှာကို မျက်စိပျက်မျက်နှာပျက်ဖြင့် ကြည့်၏။ သူမ၏ခန္ဓာကိုယ်တစ်ခုလုံး အေးစိမ့်သွားခဲ့သည်။ နိမိတ်ဆိုးတစ်ခုကို လက်ခံလိုက်ရပြီလားဟူသော အတွေးဖြင့် ချောက်ချားသွားခဲ့၏။

ထိုစဉ် မေကြည်က သတိဝင်လာပြီး မေငြိမ်းချမ်းကို ချက်ချင်းပြေးချီလိုက်၏။

"အစ်မတို့စကားပြောရင် ကျိန်ကျိန်ပြောနေတာနဲ့ ကလေးက ဘာမှန်းညာမှန်းမသိ လိုက်တုကုန်ပြီ"

ဒေါ်မေဝင်းကလည်း ခေါင်းညိတ်ပြီး မေငြိမ်းချမ်းကို လွှဲပြောင်းချီလိုက်၏။ ထို့နောက် မျက်လုံးပေါင်းများစွာအောက်မှ မေငြိမ်းချမ်းကို ချီကာ အပြေးတစ်ပိုင်း ထွက်ခဲ့လေတော့သည်။

❑

"အဲဒီနောက်ပိုင်း ဘာဆက်ဖြစ်လဲ အောင်သူ"

ပြည့်နိုင်မင်းက စိတ်ဝင်တစားဖြင့် မေးလိုက်သည်။ အောင်သူက အေးစက်နေပြီဖြစ်သော ရေနွေးကြမ်းကို မော့သောက်လိုက်သည်။



"အဲဒီညနေမှာပဲ ဒေါ်ခင်လှဲ့ကြီး သေသွားတယ်၊ မြွေကိုက်ခံရလို့၊ မြွေပွေးကိုက်သွားတာ၊ မြွေပွေးက အိမ်ပေါ်တက်ပြီး သေတာ့ကို ကိုက်သွားတာကွ"

"ဟုတ်လား"

ပြည့်နိုင်မင်း အကြောင်းပြချက် ရေရေရာရာမရှိဘဲ စိတ်လှုပ်ရှားနေမိသည်။ အောင်သူ၏မျက်နှာတစ်ခုလုံး တည်ကြည်လေးနက်သွားသည်။

"မြွေပွေးဆိုတဲ့တိရစ္ဆာန်က တစ်ချိန်လုံးလိုလို ခွေနေတာ၊ သူ့ကိုထိမှသာ တုံ့ပြန်တတ်တာလေ၊ အေး ... အဲဒီလို တိရစ္ဆာန်က အိမ်ပေါ်ထိတက်ပြီး ဒေါ်ခင်လှဲ့ကို ပေါက်သွားတာ သွေးရိုးသားရိုးမဟုတ်တာ သေချာတယ်ကွ"

"မတော်တဆ တိုက်ဆိုင်သွားတာ ဖြစ်မှာပါ အောင်သူရာ"

"မဟုတ်ဘူးနိုင်မင်း၊ အဲဒီမိန်းမဟာ စုန်းပညာတတ်ထားတာပါ၊ ဝမ်းတွင်းစုန်းပေါ့"

"မင်းကွာ ... ခေတ်ပညာတတ်တစ်ယောက်ဖြစ်ပြီး ဒီလိုအယူအဆမျိုးတွေကို လက်ခံထားရသလား"

ပြည့်နိုင်မင်းက အခံရခက်စွာ မချိတင်ကဲ မေးလိုက်သည်။ ထိုမိန်းကလေးဘက်မှ ခံပြင်းနေတာ ဘာကြောင့်မှန်း မတွေးတတ်ချေ။

အောင်သူ၏မျက်နှာပေါ်မှ တည်ကြည်လေးနက်မှုသာ ပို၍



www.burmeseclassic.com

www.burmeseclassic.com



အားကောင်းလာသည်။

"ဒါမျိုးတွေကို မယုံလို့မရဘူး နိုင်မင်း၊ မင်း စဉ်းစားကြည့်လေ . . . သူဟာ ဝမ်းတွင်းစုန်းတစ်ယောက်ဖြစ်တာကို ထောက်ပြနိုင်တဲ့အချက်တွေ ရှိတယ်"

"ပြောပါဦး"

"သူမွေးကတည်းက ထူးခြားတဲ့ပုံစံနဲ့ ထွက်လာတယ်၊ အဲဒီညမှာ မြွေတွန်သံတွေလည်း ဆူညံနေတာပဲ၊ သူ့ပုံစံကိုကြည့်ပြီး အဲဒီတုန်းကတော့ မြွေဝင်စားမလေးအနေနဲ့ပဲ သတ်မှတ်ခဲ့ကြတယ်၊ နောက်တော့မှ သူက ကလေးဘဝကတည်းကိုက မြွေတွေကို လိုသလိုခိုင်းစေနိုင်တဲ့ ဝမ်းတွင်းစုန်းမဆိုတာကို သိလာကြတာ"

"စွဲချက်က ကြီးလှချည်လားကွာ၊ ဒီကိစ္စလေးတစ်ခုအတွက်လောက်နဲ့ ကလေးမလေးတစ်ယောက်အပေါ် ဒီလောက်ရက်စက်ကြတာ မလွန်လွန်းဘူးလား"

"မလွန်ဘူး ဟေ့ကောင်၊ အဲဒီထင်မြင်ချက်ကို ခိုင်လုံစေတာက ဒေါ်ခင်လှဲ့ကိုကိုက်သွားတဲ့ မြွေပွေးပဲ၊ လူတစ်ယောက်လုံးကို သေအောင်ကိုက်သွားတဲ့မြွေဟာ ပျောက်ခြင်းမလှ ပျောက်သွားတာ မျက်စိရှေ့မှာတင်ပဲတဲ့၊ တစ်ခြံလုံးက ချောင်ကျိုချောင်ကြားမကျန် အိမ်ဘေးကခြုံတွေထဲမှာ အသေအချာရှာကြတာ မြွေနဲ့တူတဲ့ တီကောင်တောင် မတွေ့ခဲ့ကြဘူး၊ တကယ်ဆို လူဆိပ်မိပြီး အနီးအနားတစ်ဝိုက်မှာတင် ငြိမ်နေသင့်တယ် မဟုတ်လား"





ပြည့်နိုင်မင်းက သက်ပြင်းမောကို ရှည်လျားစွာ ချလိုက်သည်။ အောင်သူက ဆက်ပြောပြန်သည်။

"အဲဒီနောက်ပိုင်း မိဘတွေက သူတို့ကလေးတွေကို သမငြိမ်းချမ်းနဲ့ မကစားအောင် တိတ်တဆိတ် မှာကြတာပေါ့၊ ဒီ့အမေဆိုရင် ငါ့ကို အိမ်ပြင်တောင် ထွက်ခွင့်မပြုတော့ဘူး"

"ဩော်"

"သူကလည်း ဘယ်သူ့ကိုမှ ဂရုမစိုက်ပါဘူး၊ သူ့ရဲ့မောင်နှမဝမ်းကွဲတွေနဲ့ပဲ ပျော်ပျော်ရွှင်ရွှင် ဆက်ကစားနေတာပဲ"

ပြည့်နိုင်မင်း၏မျက်လုံး တစ်ချက်အရောင်တောက်သွားသည်။

"အေး . . . သူ့နေရာမှာ ငါသာဆိုရင် ငါ့ကို လူရာမသွင်းတဲ့ မင်းတို့တစ်ရွာလုံးကို မြွေတွေသုံးပြီး သတ်ပစ်လိုက်ပြီပေါ့၊ မင်းတို့ယူဆထားသလို စုန်းပညာတတ်နေတယ်ဆိုရင်ပေါ့လေ"

"အဲဒီလောက်ထိ သူ့မှာ အစွမ်းအစမရှိလို့ဖြစ်မှာပေါ့၊ ပြီးတော့ ဆရာတော်ဦးဝိဇယကလည်း အဲဒီကောင်မလေးကို တစ်ယောက်တည်း သီးသန့်ခေါ်ခေါ်ထားတတ်တယ်၊ သူ့ရဲ့ပညာရပ်တွေကို စွန့်ပစ်ဖို့ တရားချနေတာ ဖြစ်မှာပေါ့"

"မင်းတို့ကလည်းကွာ မကောင်းတဲ့ဘက်ကပဲ တွေးနေခဲ့တာချည်းပဲ"

အောင်သူ မျက်မှောင်ကုတ်ရင်း ပြည့်နိုင်မင်းကို စူးစူး



www.burmeseclassic.com

www.burmeseclassic.com



စိုက်စိုက် ကြည့်လိုက်သည်။

"ပြည့်နိုင်မင်း ... မင်း ပြုစားခံလိုက်ရပြီထင်တယ်"

သူ ထိုသို့မှတ်ချက်ချပြီးနောက် ရုတ်တရက် သူ နားမလည်နိုင်သော ကိစ္စတစ်ရပ်ကို ပြန်အမှတ်ရလာသည်။ ပြည့်နိုင်မင်းနှင့် မေငြိမ်းချမ်းတို့သည် တစ်ယောက်ကိုတစ်ယောက် သိကျွမ်းရင်းနှီးနေဟန်ဖြင့် မှားယွင်းသောအမည်များကို ခေါ်ခဲ့ကြသည့်ကိစ္စ ဖြစ်၏။

သူ့ရင်ထဲ ထိတ်လန့်စိုးရိမ်သွား၏။

"ကြည့်ရတာ ဟိုစုန်းမ နိုင်မင်းကို ပြုစားလိုက်လို့ဖြစ်မယ်၊ ဟုတ်ပါပြီ ... ဒီကိစ္စကို လူကြီးတွေကို တိုးတိုးတိတ်တိတ် အသိပေးထားမှပဲ"

သူ့ရင်ထဲမှာ ကျိတ်၍စီစဥ်နေရသည်။ ပြည့်နိုင်မင်း၏ မျက်နှာရိပ် မျက်နှာကဲကိုလည်း အကဲခတ်နေရသေးသည်။ ပြည့်နိုင်မင်းက သက်ပြင်းချနေ၏။

"အင်း ... သူ့ရဲ့ဝဋ်ကြွေးတွေကြောင့် အခုလို အထင်လွဲခံနေရတာဖြစ်မယ်"

အောင်သူက မနှစ်မြို့ဟန်များ ဖုံးလွှမ်းနေသော သူ၏ မျက်နှာသွင်ပြင်ကို ချက်ချင်းပြောင်းလဲပစ်လိုက်သည်။

"အေးကွာ ... အဲဒီလိုပဲ ပြောရမယ်ထင်တယ်၊ ဩော် ... သူ ၁၀-နှစ်သမီးအရွယ်လောက်တုန်းက လူတစ်ယောက်ရဲ့ အသက်ကို ကယ်ဖူးတယ်"





"ဟေ ဟုတ်လား ... ပြောပါဦးကွ"

"သူ့အဒေါ်မေကြည် ပိုးထိတုန်းကပေါ့၊ သူက အဲဒီမြွေရဲ့ လည်မျိုကို ကောက်ကိုင်ပြီး ဒေါ်မေကြည်ရဲ့ခြေဖမိုးပေါ်က မြွေကိုက်ရာကို မြွေခေါင်းကိုတော့ပေးတယ်၊ အံ့သြစရာပဲကွ၊ အဲဒီမြွေက အဆိပ်တွေကို သူ့ဘာသာပြန်စုပ်ထုတ်ပေးပြီး ထွက်သွားတယ်"

ပြည့်နိုင်မင်း ငေးငိုင်သွားသည်။ သည်အဖြစ်အပျက်က ရွာသားများ၏အမြင်ကို နိုင်လုံအောင် အထောက်အထားပြုလိုက်သလို ဖြစ်နေကြောင်း ဆင်ခြင်မိသွား၏။

"လူတွေ သူ့အပေါ်ကိုပြီးအမြင်စောင်းသွားကြမယ်ထင်တယ်"

"ဟုတ်တယ်၊ သူ့အသိုင်းအဝိုင်းကလွဲပြီး သူ့ကို အားလုံး ရှောင်နေကြတယ်၊ စာသင်ကျောင်းက ဆရာ ဆရာမတွေကတော့ သူ့ကိုချစ်ကြပါတယ်"

"သူက ဘာမေဂျာယူထားတာလဲ"

"သူ တက္ကသိုလ် ဆက်မတက်ဘူး၊ ဆယ်တန်းအောင်ပေမယ့် သူက ဒီနေရာလေးကို မခွဲနိုင်လို့ဆိုပြီး ပညာဆက်မသင်တော့ဘူးလေ"

"ဩော် ... သူက သိပ်အစွဲအလမ်းကြီးတာပဲကိုး၊ ဒါနဲ့ သူ အခု ရွာထဲမှာနေဟန်မတူဘူး၊ ဘယ်မှာနေနေသလဲဟင်"

"သူ့အဖေ ဦးအောင်မောင်းက ရဟန်းဝတ်နဲ့ ပဲဘာထဲ



www.burmeseclassic.com

www.burmeseclassic.com



[illegible] သွားတွေ့နေတယ်လေ၊ အဲဒါ သူ့အမေက သမီးကို [illegible] ပါမိဖြည့်ရင်း အတူနေကြတယ် ကြားတာပဲ"

"ဘယ်နေရာမှာလဲ"

အောင်သူက တွေခနဲဖြစ်သွားပြီးမှ –

"ငါလည်း သေသေချာချာ မသိဘူးကွ"

ပြည့်နိုင်မင်းက အောင်သူ၏မျက်လုံးအစုံကို စိုက်ကြည့်ရင်း –

"မင်းသိပါတယ်၊ ငါ့ကိုပြောပြပါ"

"မင်း ဘာလုပ်မလို့လဲ နိုင်မင်း၊ မင်းသူငယ်ချင်းအရင်းကြီးဖြစ်တဲ့ ငါ့ကို ပြောပြဦးမှပေါ့"

"ဘာရယ်မဟုတ်ဘဲ . မေးဖြစ်သွားတာပါကွာ မင်းကလည်း၊ ဒါနဲ့ သူတို့ရဲ့ စားရေးသောက်ရေးက အဆင်ပြေရဲ့လား မသိဘူးနော်"

"ပြေပါတယ်၊ ဒေါ်မေကြည်တို့မိသားစုက သူတို့ရဲ့ ဆန်စက်ကို လွှဲပြောင်းယူပြီး အသေအချာ အလုပ်လုပ်ကြပါတယ်၊ သူတို့ကပဲ မေငြိမ်းချမ်းတို့မိသားစုရဲ့ အရေးကိစ္စတွေကို တာဝန်ယူဖြေရှင်းပေးကြတယ်လေ"

"ဩော် . . . တော်သေးတာပေါ့၊ မေငြိမ်းချမ်းရဲ့အဖေက အားလုံးကိုစွန့်လွှတ်ပြီး သာသနာ့ဘောင်ထဲ ဝင်သွားနိုင်တဲ့ တရားထူးကို သိမြင်ကြိုးပမ်းတာ ချီးကျူးစရာပါပဲ"

အောင်သူ့မျက်နှာပေါ်၌ ထူးခြားလျှို့ဝှက်သော အရိပ်





အယောင်တစ်မျိုး ဖြတ်ပြေးသွားသည်။

"ဦးအောင်မောင်းကြီးကို သာသနာ့ဘောင်ထဲဝင်အောင် [illegible]ဆောင်ပေးနိုင်ခဲ့သူ ရှိတယ်လေ"

"ဘယ်သူလဲကွ"

"သူ့သမီး မေငြိမ်းချမ်းပေါ့"

ပြည့်နိုင်မင်း အံ့သြခြင်းကြီးစွာဖြင့် မျက်လုံးပြူးသွားလေ၏။

"ဟုတ်လား၊ စိတ်ဝင်စားစရာကောင်းမယ် ထင်တယ်"

"အေး . . . ဆိုပါတော့ကွာ"

"ငါ့ကိုပြောပြလေ"

အောင်သူက ကောင်းကင်ပေါ်တွင် တွယ်ကပ်ရှိနေသော အနည်းငယ်ချိုင့်နေသည့် လဝန်းနှင့်တကွ စိန်ပွင့်တွေဖြန့်ကြဲထားသလို အရောင်တောက်နေသည့် ကြယ်ကလေးများဖြင့် လှပနေသည့် ကောင်းကင်ကို မော့ကြည့်ရင်း ခေါင်းခါယမ်းသည်။

"ဒီကိစ္စကို ငါလည်း အသေအချာ မသိဘူးကွ၊ ငါ ထမနစ်တက်နေတုန်း ရွာမှာ အုတ်အော်သောင်းတင်း ဖြစ်သွားခဲ့တဲ့ ထူးဆန်းအံ့သြစရာဖြစ်ရပ်ကို သူ ဖန်တီးခဲ့တယ်၊ အဲဒီဖြစ်ရပ်ကို မင်းမမေးနဲ့တော့၊ ညဉ့်နက်လှန်းနေပြီ၊ အိပ်ကြမယ်ကွာ"

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

## ပြန်လည်ဆုံတွေ့ကြရဝယ်

''အန်တီ့ကို အရေးကြီးတဲ့ကိစ္စတစ်ခု အသိပေးချင်တယ်''

အောင်သူက ခိုးကြောင်ခိုးဝှက်အမူအရာဖြင့် ဒေါ်အင်ကြင်းအောင်နား ကပ်၍ပြောလိုက်ရာ ဒေါ်အင်ကြင်းအောင့် တစ်ယောက် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။

''ပြောပါသား၊ သားသူငယ်ချင်းနဲ့ ပတ်သက်နေတယ် မဟုတ်လား''

''ဟုတ်တယ် အန်တီ၊ သိပ်လည်း စိတ်မပူနဲ့ဦးနော်၊ ဒီကောင် မေငြိမ်းချမ်းပြုစားတာကို ခံလိုက်ရပြီ ထင်တယ်''

''မေငြိမ်းချမ်းဆိုတာက''

''ဝမ်းတွင်းစုံနီးမတစ်ယောက်ပါ၊ မနေ့ညနေက သူတို့နှစ်ယောက် တွေ့သွားကြတယ်၊ တွေ့တွေ့ချင်းပဲ သူတို့က ရင်းနှီးပြီးသားမိတ်ဆွေတွေ နှစ်ပေါင်းများစွာ ခွဲခွာပြီးမှ ပြန်တွေ့ကြရ



တဲ့ပုံစံမျိုးတွေနဲ့ တစ်ယောက်ကိုတစ်ယောက် နှုတ်ဆက်ကြတယ်''

ဒေါ်အင်ကြင်းအောင်၏မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

''ဝမ်းတွင်းစုန်းမ၊ စုန်းမ . . . ဟုတ်လား အောင်သူ''

''ဟုတ်ပါတယ်''

''ဘာတွေ ဘယ်လိုဖြစ်ကုန်ပြီလဲ အောင်သူ၊ အန်တီ့ကို အသေးစိတ်လေးပြောပြပါကွယ်၊ အန်တီ မင်းပြောတဲ့အခြေအနေကို နားလည်နိုင်ဖို့ ခက်နေပြီလေ''

''ဟုတ်ကဲ့ . . . အဲဒါတွေကို ပြောပြချင်လို့ ကျွန်တော် နိုင်မင်းနောက်ကို မလိုက်ဘဲ တမင် အိပ်ချင်ယောင်ဆောင်ပြီး နေခဲ့တာ၊ လာ အန်တီ . . . ဒီကိစ္စကို ကျွန်တော် အေးအေးဆေးဆေး ပြောပြမှဖြစ်မယ်၊ အမေ့ကိုတော့ ပြောပြထားပြီးပြီ၊ အမေက အဖေ့ကိုပြောပြပြီး ဘယ်လိုလုပ်ကြမယ်ဆိုတာကို စဉ်းစားနေကြပါတယ်''

ဒေါ်အင်ကြင်းအောင်မှာ သားဖြစ်သူအတွက် စိုးရိမ်ကြီးစွာဖြင့်ပင် အောင်သူပြောသမျှကို နားစိုက်ထောင်နေလေသည်။

❑

ပြည့်နိုင်မင်းသည် အောင်သူပါမလာသည့်အတွက်

www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်ဝမ်းမြောက်နေမိ၏။ ဘုရားတက်မည်ဟုပြောခဲ့သော်လည်း တကယ်တမ်းတော့ သူ အဆန်းတကြယ်လုပနေသော သူ ရှာဖွေတွေ့ရှိခဲ့သည့် ရေကန်ကြီးထံသို့သာ ရောက်ရှိလာခဲ့သည်။

ယနေ့မနက်မှာ သူသည် ထိုနေရာလေးသို့ လာချင်စိတ်ပြင်းပြလွန်းသဖြင့် နံနက်စောစော ဘုရားတက်မည်ဆိုကာ အမြန်ထွက်ခဲ့သည်။ အဲလောက်ထိ ခံစားချက်ပြင်းထန်နေတာ ဘာကြောင့်မှန်း သူမသိချေ။

သူ ကျောက်တုံးကျောက်ဆောင်များကို ကွေ့ပတ်ရှောင်ရှားရင်း ကန်စပ်သို့ ဦးတည်လျှောက်လာသည်။ နွေရာသီ ဖြစ်သည်နှင့်အညီ နေရောင်က စောစီးစွာပင် စိမ့်ဝင်ရောက်ရှိနေပေပြီ။

ရုတ်တရက် သူ၏ခြေလှမ်းများ ထုံ့ခနဲ ရပ်တန့်သွားသည်။ သူ၏နှလုံးအစုံမှာ လှိုက်ခနဲ ခုန်တက်လှုပ်ရှားလာပြီးနောက် နွေးထွေးတုန်ယင်လာ၏။ အကြောင်းကား သူမျှော်လင့်ထားသော လူကို မမျှော်လင့်သောနေရာ၌ တွေ့မြင်လိုက်ရသောကြောင့် ဖြစ်သည်။

"ချန် နီ"

သူ့အား ကျောပေးကာရပ်နေသော မေငြိမ်းချမ်း၏ ခန္ဓာကိုယ်လေးမှာ တစ်ချက်တုန်ခါသွားသည်။ သူမက ခန္ဓာကိုယ်တစ်ခုလုံးကို ချာခနဲ လှည့်လိုက်၏။



"အို ... စိုင်းဆိုင်မော်ပါလား"

သူမ၏မျက်နှာလေးမှာ ပြုံးရွှင်သွားသလို အသံစူးစူးလေးမှာလည်း တုန်ယင်နေ၏။

သူတို့သည် အသီးသီး ပြေးလွှားလာကြ၏။ ကျောက်ဆောင်ကြီးတစ်ခုဘေး၌ သူတို့မျက်နှာချင်းဆိုင်ကာ ရပ်တန့်လိုက်ကြ၏။ ထို့နောက် တစ်ယောက်လက်ကို တစ်ယောက်က ရင်းနှီးနွေးထွေးစွာ ဆုပ်ကိုင်ရင်း စိုက်ကြည့်မိကြသည်။ သူတို့၏မျက်လုံးအစုံ၌ မျက်ရည်ကြည်တွေ ပြည့်နှက်နေသော်လည်း နှုတ်ခမ်းများက လှပစွာ ပြုံးနေကြလေသည်။

ရုတ်တရက် သူတို့သည် တစ်ယောက်ကိုတစ်ယောက် ထင်းတင်းကျပ်ကျပ် ပွေ့ဖက်လိုက်ကြသည်။ စကားတစ်ခွန်းမှ မဆိုဘဲ ငြိမ်သက်သွားကြလေသည်။

❑

"မေငြိမ်းချမ်းက သားကို စိုင်းဆိုင်မော်လို့ခေါ်ပြီး သားက သူ့ကို ချန်နီလို့ခေါ်တယ် ... ဟုတ်လား"

ဒေါ်အင်ကြင်းအောင် အံ့သြတကြီးဖြင့် မယုံကြည်နိုင်သလို ထပ်မေးလိုက်သည်။

အောင်သူက ခေါင်းညိတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အန်တီ"

ဒေါ်အင်ကြင်းအောင်၏ စိုးရိမ်ပူပန်စိတ်များ အတန်ငယ် လျော့ပါးသွား၏။ သား၏ ထူးခြားချက်များအပေါ် အံ့သြစိတ်က တော့ ကြီးထွားသထက် ကြီးထွားလာသည်။ သူမ ကြုံတွေ့ခဲ့ရ သောဖြစ်ရပ်မှာ မယုံကြည်နိုင်ဖွယ် လျှို့ဝှက်ထူးဆန်းမှုများနှင့် ပြည့်နှက်နေသည် မဟုတ်ပါလား။

သူမ မြင်ခဲ့ရသောမြင်ကွင်းနှင့် ကြားခဲ့ရသောစကားလုံး များမှာ အိပ်မက်တွေများ ဖြစ်လေမလားဟူသော အံ့တွေးဖြင့် အကြိမ်ကြိမ် ပြန်စဉ်းစားနေခဲ့မိတာ ယနေ့တိုင်အောင်ပါပဲ။ အိပ် မက်မဟုတ်တာကို လက်ခံမိတိုင်း ကိုယ်တွေ့ဖြစ်ရပ်ဆန်းအပေါ် အံ့သြမှု ပိုရပြန်သည်။

ပြည့်နိုင်မင်းနှင့်ပတ်သက်၍တော့ သူမဘဝတစ်လျှောက် လုံး အံ့သြထူးဆန်းမှုတွေနဲ့သာ ကြုံတွေ့ခဲ့ရပါသည်။ ယခု အောင်သူပြောသောကိစ္စအပေါ်မှာလည်း သူမ အံ့သြမှုနှင့်အတူ စိတ်ဝင်စားလာမိ၏။

အောင်သူနှင့် သူ၏မိဘနှစ်ပါးကတော့ အလွန်အမင်း စိုးရိမ်ပူပန်နေဟန်ရှိ၏။ ဒေါ်အင်ကြင်းအောင် ပြည့်နိုင်မင်း အကြောင်းကို ပြောသင့် မပြောသင့် စဉ်းစားကြည့်သည်။ အယူ သီး သော ဒီလူတွေက သားအပေါ် နားလည်မှုလွဲသွားနိုင်သည် ကို တွေးမိ၍ မပြောရန် ဆုံးဖြတ်လိုက်သည်။

"အောင်သူ ... ဒီအတိုင်းဆို အန်တီတို့ ဘာလုပ်ကြရင်



ကောင်းမလဲ"

အောင်သူက သူ့အမေကို လှမ်းကြည့်၏။ ဒေါ်မြကြွေက ခင်ပွန်းဖြစ်သူ ဦးထွန်းကြည်ကိုကြည့်နေသည်။ ဦးထွန်းကြည်က ဆေးပြင်းလိပ်ကို အားပါးတရ ရှိုက်ဖွာရင်း စဉ်းစားခန်းဝင်နေဟန် ရှိ၏။

စကားဝိုင်းမှာ တိတ်ဆိတ်ငြိမ်သက်သွား၏။ အားလုံးက မီးခိုးငွေ့တွေကို ငေးမောကြည့်ရင်း အတွေးကိုယ်စီနှင့် ငြိမ်သက် နေကြသည်။

အတန်ကြာ ဦးထွန်းကြည်က ဆေးပြင်းလိပ်ကို မီးသတ် ပြီး ဆေးလိပ်ခွက်ထဲ ပစ်ထည့်လိုက်၏။

"အစ်ကိုသန့်စင်ထွန်း၊ အဲ မှားလို့ ... ဆရာတော်ဦးဝိ ဇယဆီ သွားလျှောက်ကြတာ အကောင်းဆုံးပဲ ဖြစ်လိမ့်မယ်"

"ဟုတ်သားပဲ၊ ဟာ ... မဟုတ်သေးပါဘူး၊ ဆရာ တော်ဘုရားကြီးက ဘယ်နေရာမှာ တရားအားထုတ်နေမှန်းမှ ကျွန်မတို့မသိဘဲ"

"လိုက်ရှာရမှာပေါ့ကွာ၊ ဆရာတော်က သာမန်ပုဂ္ဂိုလ် ဟုတ်တော့ဟန်မတူဘူး၊ ရဟန္တာအဖြစ်မရောက်သေးတောင် သောတာပန်အဆင့်လောက်ကိုတော့ ရောက်နေမှာသေချာတယ်၊ ဒါတို့မှာ ဆရာတော်ကို ဖူးချင်စိတ် ပြင်းပြနေတာပဲ၊ ငါတို့ကို နှုတွေ့ခွင့်ပြုပါလိမ့်မယ်"

ဒေါ်မြကြွေက ခေါင်းတဆတ်ဆတ်ညိတ်ပြီး ခက်ပြင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်ချလိုက်သည်။

"အင်း . . . လူယုတ်မာတွေသာ ဘုန်းကြီးကျောင်းလေးကို မဖျက်ဆီးခဲ့ရင် ကျွန်မတို့ ဆရာတော်ဘုရားကြီးကို အလွယ်တကူ ဖူးတွေ့နိုင်မှာပဲနော်၊ ဆရာတော်ဘုရားကြီးကလည်း အဲဒီကိစ္စ ဖြစ်ပြီးကတည်းက လုံးဝကိုပျောက်သွားတော့တာပဲ၊ တကယ်ဆို ကျောင်းအသစ်ဆောက်ဖို့ဆိုတာ ကျွန်မတို့ရွာအတွက် အလွယ်လေးပါ"

"သူကြီး ဆရာတော်ကို ဖူးရတုန်းက ဒီကျောင်းကိစ္စကို လျှောက်တာ ဆရာတော်က ငြင်းပယ်လိုက်တယ်တဲ့၊ အဲဒီနေရာအပေါ် အမြစ်တွယ်နေတဲ့ ဆရာတော်ရဲ့သံယောဇဉ်ကို အပြီးသတ်ပယ်ဖျက်လိုက်ပြီးလို့ မိန့်ကြားလိုက်တယ် မြကြွေရဲ့၊ သူကြီးနဲ့ စကားစပ်မိလို့ သိလာရတာ"

"ဩော် . . . ဒါကြောင့်ကိုး၊ သူကြီးက ကျောင်းအသစ်ဆောက်ဖို့ကိစ္စနဲ့ပတ်သက်ပြီး အရင်က တက်ကြွခဲ့သလောက် အခု အသံကိုမထွက်တော့ဘူး"

ဦးထွန်းကြည်က မှန်ပျပျလေး လှမ်းမြင်နေရသော တောအုပ်လေးကို လှမ်းကြည့်ရင်း ပြုံးသည်။

"ဆရာတော်က ဝိပဿနာကို တစိုက်မတ်မတ် အားထုတ်နေတာ အတော်လေးခရီးပေါက်နေပြီထင်တယ်၊ သူ့မှာ အရင်တုန်းက အဲဒီနေရာလေးအပေါ် သံယောဇဉ်ကြီးလွန်းလို့ မခွာနိုင်ဖြစ်နေတာ၊ အစွဲအလမ်းပေါ့လေ"





"ကျွန်တော့ နတ်ဒေဝါတွေက ဆရာတော်ရဲ့ အစွဲအလမ်းကို ဖျက်ဆီးဖို့ ဟို ဓားပြဝရမ်းပြေးတွေကို ဒီရောက်အောင် ခေါ်လာခဲ့တာဖြစ်မယ်"

"အင်း . . . ဒီကိစ္စက လွန်ခဲ့တဲ့ သုံးနှစ်လောက်က ဖြစ်ခဲ့တာနော်"

"ဟုတ်တယ်လေ"

ဒေါ်မြကြွေတို့ လင်မယားနှစ်ယောက်၏ အပြန်အလှန်စကားများကို ဒေါ်အင်ကြင်းအောင် ငြိမ်သက်စွာ နားထောင်နေရာမှ စိတ်ဝင်စားမှုကို မချုပ်တည်းနိုင်တော့ပါ။

"အဲဒီကိစ္စကို ပြောပြပါလား မြကြွေ"

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

### မုန်တိုင်း

"ရှင်လောင်းမောင်သာထူးအောင်ကို ဆရာတော် ဦးဝိဇယ ကိုယ်တော်တိုင် ဆံချပေးမယ်တဲ့ဟေ့"

ရွာသူကြီးဦးမြကြိုင်က ဆူညံနေသောအသံများကို ဖုံးလွှမ်းသွားစေရန် ကျယ်ကျယ်လောင်လောင် အော်လိုက်သည်။

ရှင်လောင်းမောင်သာထူးအောင်၏မိဘများဖြစ်သော ဦးဘတိုးနှင့် ဒေါ်ဝတ်ရည်တို့၏ မျက်နှာများမှာ ပို၍ ပြုံးရွှင်သွားကြ၏။ ဆယ်နှစ်သားအရွယ် မောင်သာထူးအောင်ကို ဆံချဖို့ အားလုံး ဝိုင်းဝန်းပြင်ဆင်နေကြသည်။

ထိုစဉ် သိမ်ကျောင်းဆောင်ရှေ့သို့ ဦးအောင်မောင်း အပြေးတစ်ပိုင်း ရောက်လာသည်။ ဒေါ်မေဝင်းက သူ့ကို ဆီးကြိုလိုက်သည်။

"ရှင် ဒီတစ်ခါ ရန်ကုန်သွားတာ ကြာလှချည်လား ဟိုမှာ ရှင့်တပည့်ဘတိုး လည်ပင်းရှည်နေပြီ"



"အလုပ်ကိစ္စတွေ မပြတ်လို့ပါကွာ၊ ဒါတောင် ငါ အမြန်ဖြတ်ခဲ့လို့ ရွာကို အမြန်ဆုံးပြန်လာတာပဲ၊ လမ်းမှာ သတင်းတစ်ခု ငါကြားခဲ့တယ်"

"ဘာသတင်းမို့လို့လဲရှင်၊ ရှင့်ပုံစံက ထိတ်ထိတ်ပျာပျာနဲ့"

"ဖမ်းဝရမ်းထုတ်ထားခံရတဲ့ ဓားပြငါးယောက် ဒီဘက်ကို ပြေးလာနေတယ်ကြားလို့၊ ရွာအတွက် စိတ်ပူနေတာ၊ တော်သေးတာပေါ့ . . . ရွာမှာ ဘာမှမဖြစ်ပေလို့"

ယင်းအချိန် ဦးအောင်မောင်းရှေ့သို့ တပည့်ကျော် ဘတိုး ခပ်သွက်သွက်လျှောက်လာသည်။

"ဆရာ့ကို ကျွန်တော် မျှော်နေတာ၊ ကျွန်တော်တို့ ...င်းလွင်ကုန်းရွာလေးကို ဘယ်ဓားပြမှ မရောက်နိုင်ပါဘူး၊ အခု ...ဲ့ ကုသိုလ်ယူနေတဲ့ မင်္ဂလာအချိန်မှာ ပိုလို့တောင် ဝေးသေး...ယ်၊ ဆရာ စိတ်မပူပါနဲ့"

"အေး အေး . . . ငါ ဘာကူညီဖို့လိုသေးလဲ ဘတိုး"

"အားလုံးပြီးပြည့်စုံပါတယ် ဆရာ၊ အချက်အပြုတ် ...ပိုင်းကို မငြိမ်းချမ်းလေးက တာဝန်ယူပေးထားတော့ တစ်ရွာ...း စားဖို့ ဝါးဖို့ စိတ်ရောက်နေကြလေရဲ့"

"ဟုတ်လား"

"ဟုတ်ပါတယ်၊ မကြည့်သားတွေ ရှင်ပြုတုန်း... မငြိမ်းချမ်းရဲ့လက်ရာ ဘယ်လောက်ကောင်းတယ်ဆိုတာ အားလုံး

www.burmeseclassic.com

www.burmeseclassic.com



သိထားကြတာကို၊ အခု အားလုံးက စားမယ့် သောက်မယ့် အကြောင်းတွေပဲ ပြောနေကြတာကြားတယ်''

ဦးအောင်မောင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်။ ထိုစဉ် ဦးဘတိုး၏ဇနီး ဒေါ်ဝတ်ရည်က အပြုံးပန်းဆင်ရင်း ရောက်လာ၏။

''ဆရာအမီရောက်လာလို့ တော်သေးတာပေါ့၊ ခဏနားလိုက်ပါဦး၊ ဆရာကတော်လည်း ပင်ပန်းနေလောက်ပြီ၊ အားလုံးကိုလိုက်ပြီး စီမံခန့်ခွဲပေးနေရတော့လေ''

''ရပါတယ် ဝတ်ရည်ရယ် . . . အားနာမနေပါနဲ့၊ ဟိုမှာ ဆရာတော်ကြီးကြွလာနေပြီ၊ အမြန်သွားကြတော့''

''ဟုတ်ကဲ့ ဟုတ်ကဲ့''

ဦးဘတိုးနှင့် ဒေါ်ဝတ်ရည်တို့ ဆီးခံရန်အမြန်ပြေးလွှားသွားကြသည်။

ထိုအခါမှ ဦးအောင်မောင်းက ဒေါ်မေဝင်းအနားကပ်ပြီး အသံတိုးတိုးဖြင့် ပြော၏။

''မေဝင်း . . . ငါတို့သမီးလေးကို လှလှပပ ပြင်ပေးထားရဲ့လား''

ဒေါ်မေဝင်းက ကျေနပ်ဂုဏ်ယူဟန်ဖြင့် ခေါင်းကိုမော့ကာရယ်ပြီးမှ လက်ကာပြလေသည်။

''မလှမှာတော့ မပူနဲ့ ကိုအောင်မောင်းရေ၊ ကျွန်မတို့ သမီးလေးက ဘယ်အချိန် ဘယ်နေရာကကြည့်ကြည့် လှနေတာ ရှင်အသိ၊ တကယ့်မိန်းမချောလေးပဲဟာကို''

''အေးပါ၊ အခု မင်း သမီးကို ဘယ်လိုပြင်ပေးထားတာဘဲ''

''မျက်နှာပေါ် မိတ်ကပ်တွေ၊ နှုတ်ခမ်းနီတွေ တင်ဖို့ ပြောနဲ့၊ သနပ်ခါးတောင် တောင်းတောင်းပန်ပန်နဲ့ လူးပေးထားရတယ်၊ ဆံပင်ကို ထုံးပေးထားပြီး စံပယ်ကုံးတွေ ဝေနေအောင် ကျွန်မကိုယ်တိုင် ပန်ပေးထားတယ်၊ ပန်းနုရောင်ဇာဝမ်းဆက်လေးနဲ့ အရမ်းလှတာပဲ၊ ကိုယ့်သမီးအလှကို မွေးထားတဲ့အမေရှင်းတောင် တအံ့တသြနဲ့ ငေးယူရတဲ့အဖြစ်ရှင့်''

ဦးအောင်မောင်း၏မျက်နှာမှာ ပြုံးရွှင်နေသည်။

''မင်းစကားတွေက သမီးကို မမြင်ဖူးတဲ့လူတွေအတွက် အပိုချဲ့ကားပြောတယ် ထင်ကြမှာပဲ၊ ငါတို့သမီးလေးက လောကပေါ်မှာ အချောဆုံးနဲ့ ဆွဲဆောင်မှုအရှိဆုံး မိန်းကလေးပဲနော်''

''ဟုတ်ပါ့ရှင်''

''ဒါနဲ့ ရွာကလူတွေကကော သမီးအပေါ် ဘယ်လို မျက်လုံးမျိုးတွေနဲ့ ကြည့်နေကြသလဲ''

ဦးအောင်မောင်းက တည်ကြည်လေးနက်သော မျက်နှာသွင်ပြင်ဖြင့် လေသံကိုပို၍နှိမ့်ရင်း မေးသည်။ ဒေါ်မေဝင်း၏ မျက်နှာ ဖျတ်ခနဲ တည်သွား၏။

''ရွာကကာလသားတွေကတော့ သမီးကို တမေ့တမော ငိုင်းငေးနေကြလေရဲ့၊ မောင်မြင့်နိုင်လေ . . . သူကြီးသားကို သိ




မြဝတီစာပေ

www.burmeseclassic.com

www.burmeseclassic.com



တယ်မဟုတ်လား''

''သိတာပေါ့၊ ဒီကောင် အိမ်ကို အကြောင်းမရှိ အကြောင်းရှာပြီး နေ့တိုင်း လာနေတဲ့ဟာကို''

''အေး . . . သူတို့အုပ်စုက သမီးကို ကူညီလုပ်ပေးနေကြတယ်၊ အဲဒီလူငယ်လေးကို ရှင် ဘယ်လိုမြင်လဲ''

''မဆိုးပါဘူး၊ သူက ရဲစွမ်းသတ္တိရှိတယ်၊ အရည်အချင်းလည်း မညံ့ဘူး၊ ရုပ်ကလည်းချောတော့ ရွာထဲက ကလေးမလေးတွေရဲ့ ပါးစပ်ဖျားမှာ ရေပန်းစားနေတာ ငါသိတာပေါ့၊ သူက သမီးကို ငယ်ငယ်လေးကတည်းက လိုက်ရောနေတာ၊ စိတ်သဘောထား ပြည့်ဝကောင်းမွန်ပုံရတယ်''

ဒေါ်မေဝင်း ခေါင်းညိတ်ရင်း နှုတ်ခမ်းမဲ့ကာ –

''အဲဒါကြောင့်ဖြစ်မှာပေါ့၊ အဲဒီရုပ်ဆိုးမတွေက သမီးကိုဆို အမြဲသွားပုပ်လေလွင့် ပြောနေကြတာ၊ သမီးရှင်တွေပါပါသေး၊ လူကြီးတွေဖြစ်ပြီး ကလေးမလေးတစ်ယောက်အပေါ် အမြင်စောင်းနေကြတုန်းပဲ''

''စိက်ထဲမထည့်ထားပါနဲ့ကွာ၊ သူတို့က နောက်ကွယ်မှာသာ သမီးကို စုန်းလိုလို ကဝေလိုလို ပြောနေကြတာ၊ ငါတို့ရှေ့ကျရင်တော့ အလိုက်အထိုက် မြှောကြသားပဲ''

''အဲဒါကို ကျွန်မ မခံချင်တာပေါ့၊ သမီးအသက် ၁၇-နှစ်ရှိပြီ၊ သမီးက သူတို့ထိခိုက်အောင် ဘာတွေများလုပ်နေလို့လဲ၊ ငယ်ငယ်တုန်းက ဖြစ်ခဲ့တဲ့တိုက်ဆိုင်မှုတစ်ခုကို လက်ညှိုးထိုးထိုးပြီး ပုံကြီးချဲ့နေကြတယ်၊ သမီးသာ စိတ်ခုတ်ပျော့ညံ့ရင် မလွယ်ဘူး''

ဦးအောင်မောင်း ခေါင်းတစ်ချက်ညိတ်လိုက်သည်။

''အေးကွ၊ သမီးလေးက ဘယ်သူ့ကိုမှလည်း ဂရုမစိုက်ဘူးနော်၊ သူ့ဘာသာနေနေတာပဲ၊ ဒီရွာကပြောင်းမယ်ဆိုတာဆောင် လက်မခံဘူး၊ တကယ့်ကို စိတ်ဓာတ်ကြံ့ခိုင်တဲ့ မိန်းကလေးပဲ''

''ကိုယ့်သမီး ကိုယ်ချီးမွမ်းပြောရရင်တော့ ကုန်မှာမဟုတ်ဘူး၊ ကဲ လာ . . . သမီးဆီသွားကြမယ်''

သူတို့သည် ဘုန်းကြီးကျောင်းဆောင်တွင်းသို့ စကားအပြောပြောဖြင့် လျှောက်သွားကြသည်။ ဦးအောင်မောင်းက ကျောင်းထဲမဝင်မီ တည်ကြည်လေးနက်သော မျက်နှာထားဖြင့် ဒေါ်မေဝင်းကို နှစ်ကိုယ်ကြားရုံလေသံဖြင့် ပြော၏။

''သမီးနဲ့ မောင်မြင့်နိုင်သာ အကြောင်းပါသွားရင် ကောင်းမယ် အမေကြီးရေ၊ ရွာကလူတွေ သမီးအပေါ် မြင်နေတဲ့ အမြင်တွေ ပြောင်းလဲကောင်း ပြောင်းလဲသွားနိုင်တယ်နော်''

ဒေါ်မေဝင်းက ခေါင်းညိတ်ထောက်ခံလိုက်သည်။

''ဟုတ်တယ်၊ ကျွန်မတို့ အခြေအနေကို မသိမသာ အကဲခတ်ကြည့်ကြတာပေါ့''

သူတို့ ထမင်းဝိုင်းများ တစ်ဝိုင်းပြီးတစ်ဝိုင်းကို ကြည့်ပြီး တည်းလိုလို မြန်မြန်ဆန်ဆန်၊ လှလှပပ၊ စနစ်တကျပြင်နေသော



www.burmeseclassic.com

www.burmeseclassic.com



မေငြိမ်းချမ်းထံသို့ ချက်ချင်းမသွားဘဲ ထောင့်တစ်နေရာမှ ရပ်၍ လှမ်းကြည့်နေကြသည်။

မေငြိမ်းချမ်းကို ကူညီသူများမှာ အိမ်တွင်လာနေသော ဒေါ်မြကြင်၊ မောင်နမဝမ်းကွဲများနှင့် မြင့်နိုင်တို့သူငယ်ချင်း သုံးယောက်ဖြစ်သည်။ ရွာရှိ မိန်းကလေးများကတော့ ဟန်ပြလုပ်ပြနေကြတာကိုတွေ့ရသည်။

မြင့်နိုင်က မေငြိမ်းချမ်းနားကပ်၍ ရယ်မောပျော်ရွှင်ဖွယ် စကားများဖြင့် တရင်းတနှီး နောက်ပြောင်နေ၏။ မေငြိမ်းချမ်းက ချစ်စဖွယ် လှလှပပရယ်ရင်း အလုပ်မပျက် စကားပြောနေ၏။ ထိုမြင်ကွင်းကို မိန်းကလေးများက ကြည့်မရဟန်ဖြင့် မျက်စောင်းတခဲခဲ ရှိနေကြသည်။

ယင်းအချိန် ရုတ်တရက် –

❑

'ခွပ် ခွပ် ခွပ် ‥ ဖြောင်း'

'ဒိုင်း'

''ဗိုလ်မိုးကြိုးတဲ့ဟေ့''

ဆူညံသောအသံများက တစ်ခဏချင်းမှာပင် လျင်မြန်စွာ နီးကပ်လာသည်။ အားလုံးသောလူများမှာ ထိတ်ထိတ်ပျာပျာ





ဖြစ်သွားကြ၏။

''ဟာ ‥‥ ဓားပြဗိုလ်မိုးကြိုး လာနေပြီ''

''ဟေ့ ‥‥ အမြန်ပုန်းကြ၊ အမြန်လုပ်''

''မြင်းခွာသံတွေနားထောင်ကြည့်ရတာတော့ ဒီဘက်ကို လာနေကြတာ ဖြစ်မယ်၊ မိန်းကလေးတွေ မိန်းကလေးတွေ အမြန်ပုန်းနေကြလေ၊ ဘာကြောင်နေကြတာလဲ''

အားလုံး လှုပ်လှုပ်ရှားရှားဖြစ်နေကြစဉ် မြင်းငါးကောင်က ဘုန်းကြီးကျောင်းဝင်းတွင်းသို့ အရှိန်အဟုန်ပြင်းစွာ ပြေးဝင်ရောက်ရှိလာကြသည်။ ရွာသားအချို့ မြင်းများဖြင့် အတိုက်ခံရသဖြင့် လွင့်စဉ်လဲကျနေရာမှ မထနိုင်ဘဲ ညည်းညူနေကြ၏။

ရှေ့ဆုံးမှ ဦးဆောင်ဝင်လာသောမြင်းပေါ်၌ ခေါင်းပြောင်နေသော အသက် ၅၀–ခန့်ရှိ အမျိုးသားကြီးတစ်ဦး လိုက်ပါလာ၏။ သူက လက်ထဲရှိ သေနတ်ကို အပေါ်ထောင်ကာပစ်လိုက်၏။

'ဒိုင်း'

''ဗိုလ်မိုးကြိုးဆိုတာ ငါပဲဟေ့၊ တစ်ယောက်မှမလှုပ်နဲ့နော်၊ ငါ့မျက်စိနောက်အောင် လုပ်လို့ကတော့ ကျည်တစ်တောင့် သက်ဆောင်ပေးပြီး မရဏာလမ်း ပို့ပေးလိုက်မယ်''

အားလုံး ကျောက်ရုပ်များပမာ ငြိမ်သက်သွားကြသည်။ ကြောက်ရွံ့ထိတ်လန့်မှုတွေကို သူတို့၏မျက်နှာပေါ်မှာ ထင်ရှားစွာ တွေ့မြင်နေရသည်။ သက်ဆိုင်ရာမှ လိုက်လံဖမ်းဆီးရန် ကြိုးစားနေသော ဓားပြမိုးကြိုးတို့အဖွဲ့၏ ရက်စက်ပုံကို သူတို့ ကြားသိဖူး



www.burmeseclassic.com

www.burmeseclassic.com



ထားကြသည်မဟုတ်ပါလား။

ဗိုလ်မိုးကြိုးက လူသတ်လိုသောအရိပ်အငွေ့များ ပြည့်နက်နေသော မျက်လုံးအစုံဖြင့် အားလုံးကိုဝေ့ကြည့်လိုက်ရာ ဒေါ်ဝတ်ရည်မှာ ကြောက်ဒူးတုန်ကာ မြေပေါ်သို့ ဒူးထောက်ကျသွားသည်။ ဗိုလ်မိုးကြိုးက အကြည့်ရဆိုးအောင် မျက်နှာကို မဲ့ရွဲ့ရင်း ပြုံး၏။ သူ၏မျက်လုံးအစုံက ရွာသူရွာသားများ၏ ခန္ဓာကိုယ်ပေါ်ရှိ လက်ဝတ်ရတနာများကို လိုက်ကြည့်ရင်း အရောင်တောက်ပလာသည်။

ရွာသူရွာသားများ ထိတ်လန့်စိုးရိမ်နေကြ၏။ တစ်ဦးနှင့်တစ်ဦး အပြိုင်အဆိုင် ရှိသမျှ ထုတ်ကာဝတ်ထားခဲ့ခြင်းအပေါ် နောင်တရနေကြသည်။ အားလုံး ဖောချွေးပြန်နေစဉ်မှာ တည်ငြိမ်နေသူတစ်ဦးက ဆရာတော်ဦးဝိဇယဖြစ်၏။ ဆရာတော်ဦးဝိဇယက ကိုရင်လေးသာထူးအောင်၏ ရှေ့မှာ မားမားမတ်မတ် ရပ်တန့်ရင်း မျက်လွှာချထားလေသည်။

ထိုစဉ် ကျန်လူလေးဦးက မြင်းများပေါ်မှ ဆင်းလာကြ၏။ ထိုလူများအနက် သုံးဦးမှာ အသက် ၄၀-ဝန်းကျင်ခန့်ရှိကြပြီး ကျန်တစ်ဦးမှာ အသက်နှစ်ဆယ်ခန့်သာရှိဦးမည့် လူငယ်တစ်ယောက်ဖြစ်၏။ ထိုလူငယ်လေးမှာ မိုးကြိုး၏သား မုန်တိုင်းဖြစ်သည်။

"ကဲ ... အားလုံး ပါလာသမျှပစ္စည်းတွေကို အသာတကြည် ချွတ်ပေးကြစမ်း၊ တစ်ခုမှ မကျန်စေနဲ့နော်၊ ရှုတ်ရှုတ်





ရှုတ်ရှုတ် လုပ်လို့ကတော့ သေပြီသာမှတ်၊ ဗိုလ်မိုးကြိုးအကြောင်း ကြားဖူးကြမှာပါ"

ဗိုလ်မိုးကြိုးသည် လူသတ်ရန် ဝန်မလေးသော ဓားပြဖြစ်၏။ သူတို့အဖွဲ့သည် လူနည်းသော်လည်း သေနတ်ကိုယ်စီကိုင်ထားနိုင်ကြသည်။ အရှောင်အတိမ်းကောင်းလွန်းသဖြင့် တစ်နှစ်ကျော်ကြာလာသည်အထိ မဖမ်းဆီးနိုင်သေးချေ။ သူတို့က သုံးလကို ဓားပြမှုတစ်မှုနှုန်းဖြင့် ဓားပြမှုငါးခုကို ကျူးလွန်ခဲ့ပြီးပြီ။

သူတို့သည် ပတ်ဝန်းကျင်တစ်ခု၌ ကြာကြာအခြေချမနေတတ်ကြပေ။

မင်းလွင်ကုန်းရွာသူရွာသားအားလုံးတို့သည် ၎င်းတို့အကြောင်းကို ကြားဖူးထားကြ၏။ သူတို့သည် အသက်ချမ်းသာရာရရေးအတွက် ပါသမျှပစ္စည်းများကို နှမြောခြင်းကြီးစွာဖြင့်ပင် အသာတကြည် ချွတ်ပေးကြရသည်။

ဗိုလ်မိုးကြိုးက မြင်းပေါ်မှ မာန်အပြည့်၊ ဟန်အပြည့်ဖြင့် အခန့်သားထိုင်ရင်း အားလုံးကို အကဲခတ်ကြည့်နေသည်။ သူ၏လက်ထဲတွင် ပစ္စတိုသေနတ်လေးက အသင့်ပစ်နိုင်သည့် အနေအထား၌ ရှိနေ၏။ ရုတ်တရက် သူ၏မျက်လုံးအစုံသည် ဘုန်းကြီးကျောင်းဆောင်ထဲသို့ ရောက်ရှိသွားသည်။

"ဟော့ ... ကျောင်းထဲမှာလည်း လူတွေရှိမှာသေချာတယ်၊ မုန်တိုင်း ... အထဲကလူတွေကို ခေါ်ထုတ်လိုက်စမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့အဖေ"

မုန်တိုင်းက ရွှေငွေရတနာများထည့်ထားသော အဝတ်အိတ်ကို မိုးကြိုးထံသွားပေးပြီး ကျောင်းဆောင်ရှေ့သို့ လျှောက်သွားကာ ရပ်တန့်လိုက်သည်။

"ဟော့ . . . အထဲကလူတွေ အားလုံးထွက်ခဲ့စမ်း၊ ပုန်းပြီးကျန်ခဲ့တဲ့လူ မရှိစေနဲ့၊ ပစ္စည်းတွေကိုလည်း ဗွက်ထားခဲ့ဖို့ မစဉ်းစားလေနဲ့နော်၊ ငါတို့က ဒီကျောင်းကို မီးရှို့ပစ်မှာ၊ ပစ္စည်းမပါတဲ့လူကို အသက်ရှင်ခွင့်မပေးဘူး၊ ထွက်ခဲ့ကြ"

အော်ဟစ်ခြိမ်းခြောက်ရင်း ကျောင်းဆောင်အတွင်းသို့ ကျည်ဆန်တစ်တောင့် ပစ်သွင်းလိုက်သည်။ သေနတ်သံ 'ဒိုင်း' ခနဲ ထွက်ပေါ်လာပြီးနောက် အထိတ်တလန့်အော်သံများ ထွက်ပေါ်လာ၏။

မုန်တိုင်းက ကျေနပ်ဟန်ဖြင့် ပြုံးပြီး –

"ဦးနိုင်ထက်ရေ မီးတုတ်တစ်ချောင်းကို အသင့်ပြင်ထားတော့၊ ကဲ . . . ငါ တစ်ကနေ ငါးအထိရေမယ်၊ ငါးပြည့်တာနဲ့ ဒီကျောင်းကို မီးရှို့မယ်၊ နောက်ကျမှ ထွက်လာတဲ့လူအတွက်ကတော့ သေဒဏ်ပဲဟေ့"

အားလုံးမှာ စိုးရိမ်ထိတ်လန့်သွားသလို ခံပြင်းဒေါသထွက်လာကြသည်။ ဆရာတော်ဦးဝိဇယကတော့ မျက်လွှာချလျက် တည်ငြိမ်နေဆဲ။ ရုတ်တရက် –

'ဒိုင်း'





"အား"

ဗိုလ်မိုးကြိုးထံမှ သေနတ်သံတစ်ချက် ထွက်ပေါ်လာပြီးနောက် ရွာသားလူငယ်တစ်ဦး၏ ခန္ဓာကိုယ်မှာ နောက်သို့ လွင့်စဉ်သွားသည်။ သူ၏နဖူးတည့်တည့်၌ ကျည်ပေါက်ရာတစ်ခု ရှိနေ၏။ သူ၏ရုပ်အလောင်းက လှုပ်လှုပ်ရှားရှား ဖြစ်နေသူ အားလုံးကို ထိတ်လန့်ဆွံ့အသွားစေလေသည်။

အချို့က ပါးစပ်ဖျားကို တင်းတင်းစေ့ရင်း အသံမထွက်အောင်ကျိတ်ငိုကြရှာသည်။ သေဆုံးသွားသောလူငယ်၏ ဆွေမျိုးများပင် ဖြစ်၏။ အားလုံး ဝိညာဉ်ကင်းမဲ့နေကြသလို ငြိမ်သက်သွားကြသည်။ ထိုစဉ် –

"တစ်"

မုန်တိုင်းက အသံသြသြကြီးဖြင့် အမှတ်စဉ်များကို စတင်ရေတွက်လေသည်။ ကျောင်းဆောင်အတွင်းမှ လုလုပပ ဆင်ယင်ဝတ်စားထားကြသူများ အသံတိတ်ဆိတ်စွာဖြင့် အလျှိုလျှို ထွက်လာကြသည်။ သူတို့၏ခန္ဓာကိုယ်ပေါ်၌ ဇောချွေးများဖြင့် စိုရွှဲနေကြ၏။

ယင်းအချိန်တွင် ဗိုလ်မိုးကြိုးက တစ်စုံတစ်ခုအား သတိရသွားဟန်ဖြင့် မြင်းကို ကျောင်းဆောင်ဘေးမှကပ်၍စီးနင်းပြီး ကျောင်းနောက်ပိုင်းသို့ ရောက်လာသည်။ ထိုအခါ ဘုန်းကြီးကျောင်းဝင်း အုတ်နံရံပေါ်တက်ရန် ခုံအမြင့်များကို တိတ်ဆိတ်စွာ ရွှေ့နေကြသည့် မိန်းကလေးတစ်စုကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



“ဟဲ ဟဲ ... ဗိုလ်မိုးကြိုးလက်က လွတ်ရိုးထုံးစံ မရှိပါဘူးကွာ ... ကဲ”

‘ဒိုင်း ဒိုင်း’

သေနတ်သံနှစ်ချက် ထွက်ပေါ်လာပြီးနောက် မိန်းကလေးနှစ်ယောက်တို့ နာနာကျင်ကျင် ညည်းညူရင်း ပြိုလဲကျသွားကြသည်။

“အသက်ချမ်းသာပေးပါရှင်၊ ချမ်းသာ ချမ်းသာပေးပါ”

“ကျွန်မတို့ပစ္စည်းအားလုံးကို တစ်ခုမကျန်ပေးပါ့မယ်၊ မသတ်ပါနဲ့နော်”

ကျန်မိန်းကလေးငါးယောက်တို့က ဒူးထောက်ပြီး ထိတ်ထိတ်လန့်လန့်ဖြင့် တောင်းပန်ကြလေသည်။

ဗိုလ်မိုးကြိုး ကျေနပ်သွား၏။ သူက မိန်းကလေးများ၏ လက်ဝတ်လက်စားတို့ကို အရောင်တောက်ပသောမျက်လုံးများဖြင့် ဝေ့ကြည့်ရင်း ပြုံးသည်။

“အေး ... ငါလိုချင်တာ အဲဒါပဲ၊ ကဲ ... မင်းတို့ငါးယောက် ရှေ့ကလျှောက်ကြစမ်း ... သွား”

မိန်းကလေးများက တုန်တုန်ယင်ယင်ဖြင့် ထပြီး ကျောင်းဝင်း၏ရှေ့ပိုင်းသို့ တစ်ဦးနှင့်တစ်ဦးပူးကပ်ပြီး လျှောက်လာကြသည်။ သူမတို့၏နောက်မှ ဗိုလ်မိုးကြိုးက မြင်းကို ခပ်မှန်မှန်စီး၍ လိုက်ပါလာသည်။

သူတို့ရှေ့သို့ ပြန်ရောက်သောအခါ မုန်တိုင်းက ဦးနိုင်ထက်အား ဘုန်းကြီးကျောင်းကိုမီးရှို့ရန် ခိုင်းစေနေပေပြီ။ ဦးနိုင်ထက်က ကျောင်း၏ လေးဖက်လေးတန်ကို မီးစွဲလောင်စေရန် မီးတုတ်တစ်ချောင်းဖြင့် လိုက်လံ၍ စိတ်ရှည်လက်ရှည်ဖြင့် ဖန်တီးနေလေ၏။



မီးစွဲလောင်စပြုနေသော ကျောင်းကိုကြည့်ရင်း ဗိုလ်မိုးကြိုးက ရွံရှာမုန်းတီးစဖွယ် ပြုံး၏။ လက်ဝတ်လက်စားများကို လိုက်ယူနေသော သူ၏ ကျန်တပည့်နှစ်ဦး၏ ကြောက်လန့်စဖွယ် ဟန်များကို သူမြင်တော့ ပို၍ကျေနပ်သွားသည်။ အဝတ်အိတ်ထဲ ရောက်ရောက်သွားသော လက်ဝတ်လက်စားများကိုကြည့်ရင်း သူ့မျက်နှာပေါ်၌ မြင်ပြင်းကတ်ဖွယ်ရာအပြုံးက ပို၍ ပီပြင်လာလေသည်။

“ဒီတစ်ချီတော့ ငါတို့ တကယ့်ခွင်ကြီးမိတာပဲ၊ ဒီပစ္စည်းတွေနဲ့ဆို ငါတို့ အေးအေးဆေးဆေး တစ်နှစ်လောက် ကောင်းကောင်းထိုင်စားလို့ရပြီ၊ လူခွဲပြီး တစ်နှစ်လောက် ခြေရာဖျောက်နေလိုက်ဦးမယ်”

သူ့အတွေးဖြင့် သူပျော်နေစဉ် သူ၏မျက်လုံးများသည် သားဖြစ်သူမုန်တိုင်းထံ ရောက်ရှိသွားသောအခါ အပြုံးများ ပျောက်ကွယ်သွားသည်။ အံ့သြလွန်းသောကြောင့် ဖြစ်၏။

မုန်တိုင်းသည် ကျောက်ရုပ်တစ်ရုပ်လို မလှုပ်မယှက် ရပ်တန့်နေ၏။ မျက်လုံးအစုံမှာ ရီဝေစိုလက်နေ၏။ စိတ်လှုပ်ရှားနေဟန်ကတော့ မျက်နှာပေါ်မှာ အထင်းသား ပေါ်လွင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မိုးကြိုးက တအံ့တသြဖြင့် မုန်တိုင်းမျက်လုံးများ စူးနစ်စွာ ကျရောက်နေသောနေရာကို လှမ်းကြည့်လိုက်သည်။ ထိုအခါ ခေါင်းငုံ့ကာရပ်တန့်နေသော အလွန်ဆွဲဆောင်နိုင်စွမ်း ရှိသည့် ပန်းနုရောင်ဝတ်ထားသော မိန်းကလေးကို တွေ့မြင်ရ၏။ ထိုမိန်းကလေးမှာ မေငြိမ်းချမ်းဖြစ်၏။

ဦးအောင်မောင်းနှင့် ဒေါ်မေဝင်းတို့မှာ သမီးဖြစ်သူ အတွက် အလွန်စိုးရိမ်နေကြသည်။ မြင့်နိုင်ကလည်း မျက်စိ မျက်နှာပျက်ဖြစ်နေပေပြီ။ သူ၏မျက်နှာပေါ်၌ စိုးရိမ်ပူပန်ဟန်များ ပြည့်နှက်နေသည်။

''ဘုရား ဘုရား ...ဟိုဓားပြ မေငြိမ်းချမ်းလေးကို ဒုက္ခပေးတော့မယ် ထင်တယ်၊ ဖွဟဲ့ ... လွဲပါစေ ဖယ်ပါစေ''

မြင့်နိုင်က သူ၏ထင်မြင်ချက်ကို မျှော်လင့်ချက်နည်းပါး စွာဖြင့်ပင် လွဲမှားစေရန် ရင်ထဲကိုျတ်၍ တောင်းဆုပြုနေမိသည်။

ထိုစဉ် ဗိုလ်မိုးကြိုးက မုန်တိုင်းနားသို့ မြင်းကိုစီးရင်း ရောက်လာသည်။ သူက မြင်းပေါ်မှဆင်းပြီး မုန်တိုင်း၏ပခုံးကို ဖက်လိုက်သည်။

''သားက အဲဒီကလေးမလေးကို လိုချင်လို့လား''

မုန်တိုင်းက သတိဝင်လာဟန်ဖြင့် ဖခင်ကိုလှည့်ကြည့် ရင်း ခေါင်းညိတ်ပြသည်။

''ဟုတ်တယ်အဖေ၊ ကျွန်တော် သူ့ကိုလက်ထပ်ချင် တယ်''





''သားပုံစံကိုမြင်တာနဲ့ သားရဲ့ခံစားချက်ကို အဖေ နား လည်ပါတယ်၊ ဟင်း ဟင်း ... အဖေ့တုန်းကလည်း မင်းအမေကို အခုလိုအခြေအနေမျိုးနဲ့ တွေ့ခဲ့တာပဲ''

ဗိုလ်မိုးကြိုး ပြောရင်း မျက်နှာညှိုးသွားသည်။ မုန်တိုင်း ကို မွေးပေးပြီး သူ့ကိုအယုံသွင်းကာ ထွက်ပြေးလွတ်မြောက်သွား သော ဇနီးသည်ကို သတိရလာပြန်သည်။ ထိုအချိန်က သူသည် တောပုန်းဓားပြအဖွဲ့မှ လက်အောက်ငယ်သားတစ်ဦးသာ ဖြစ်၏။ နောက်ပိုင်းတွင် သူ သားကိုခေါ်ကာ ထွက်ပြေးလာပြီး ဇနီးသည် ကို လိုက်ရှာနေသည်မှာ ယခုအချိန်အထိဖြစ်၏။

သူနှင့်သား၏ ဝမ်းနှစ်ခုအတွက် သူ ပင်ပင်ပန်းပန်း ရုန်းကန်ခဲ့ရသည်။ ကြာတော့ ဆင်းရဲဒဏ်ကို မခံနိုင်တော့ဘဲ ငွေရလွယ်သော အလုပ်ဟောင်းကို ပြန်လုပ်ခြင်းဖြစ်လေသည်။

''အဖေ''

မုန်တိုင်း၏ခေါ်သံကြောင့် ဗိုလ်မိုးကြိုး သတိဝင်လာ၏။

''ပြော သား''

''ကျွန်တော် သူ့ကိုခေါ်လာခဲ့ချင်တယ်''

''ခေါ်ခဲ့လေ၊ သား အဆင်ပြေအောင် အဖေစီစဉ်ပေးမှာ ပေါ့''

''ဝမ်းသာလိုက်တာဗျာ၊ ကျေးဇူး ဖေဖေ''

မုန်တိုင်း ဝမ်းသာအားရဖြင့် မေငြိမ်းချမ်းထံသို့ ခပ် သွက်သွက် လှမ်းလိုက်သည်။ မေငြိမ်းချမ်း၏ဦးခေါင်းမှ ဆတ်



www.burmeseclassic.com

www.burmeseclassic.com



ခနဲ မော့လာ၏။ သူမ၏မျက်နှာပေါ်၌ ကြောက်ရွံ့ထိတ်လန့်ဟန် တစိုးတစမျှမရှိဘဲ ပကတိတည်ငြိမ်နေသည်။

''နင် မသေချင်ရင် အခုချက်ချင်း နောက်ပြန်လှည့်သွားပါ''

မုန်တိုင်း တအံ့တဩဖြင့် ခြေလှမ်းရပ်တန့်သွားသည်။ ဦးအောင်မင်းက မေငြိမ်းချမ်းရှေ့၌ ပိတ်၍ ရပ်တန့်လိုက်သည်။

''လူလေးကို ဦးလေးတောင်းပန်ပါတယ်၊ သမီးလေးကို ခေါ်မသွားပါနဲ့နော်''

''လူလေးတို့ တခြားလိုချင်တာကို တောင်းပါ၊ ဒေါ်ကြီး ရအောင်ကြိုးစားပေးပါ့မယ်၊ သမီးကိုတော့ ချမ်းသာပေးပါကွယ်''

ဒေါ်မေဝင်းက တုန်တုန်ယင်ယင်ဖြင့် လက်အုပ်ချီ ကန်တော့ရင်း တောင်းပန်လေသည်။ မြင့်နိုင်က အခွင့်အခါကောင်း ရလျှင် အလစ်တိုက်ခိုက်နိုင်ရန် အသင့်ပြင်ထားသည်။

ထိုစဉ် ဗိုလ်မိုးကြိုးက သေနတ်မောင်းကို တင်ပြီး ဦးအောင်မောင်း၏နားထင်ကို ထောက်လိုက်သည်။

''ခင်ဗျားကြီး သေချင်ပြီထင်တယ် ... ဟုတ်လား''

မေငြိမ်းချမ်း မျက်နှာပျက်သွား၏။

''ရှင့်သေနတ်ကို ဖယ်လိုက်ပါ၊ ကျွန်မ ရှင်တို့နဲ့အတူ လိုက်ခဲ့မယ်''

''သမီး သမီးလေး''

''မေငြိမ်းချမ်း''





မိဘများက ကြေကြေကွဲကွဲ ဆို့ဆို့နင့်နင့်ဖြင့် ရင်ကွဲမတတ် ခေါ်ကြသလို မြင့်နိုင်ကလည်း လှမ်းခေါ်သည်။ သူ့အသံကို မည်သူမျှ သတိမထားမိကြချေ။ အားလုံးက မေငြိမ်းချမ်း အပေါ်သာ အာရုံရောက်နေကြသည်။

ဗိုလ်မိုးကြိုးက အရုပ်ဆိုးစွာပြုံးရင်း ခေါင်းတဆတ်ဆတ် ညိတ်လိုက်သည်။

''ကောင်းပြီ၊ ဒီလိုဆို ငါ လူထပ်မသတ်တော့ဘူး၊ ကဲ သား ... မင်းကောင်မလေးကို ခေါ်သွားတော့ ... သွား''

မုန်တိုင်း၏မျက်နှာမှာ အရောင်လက်ဖြာနေလေသည်။ သူက မေငြိမ်းချမ်း၏လက်ကိုဆွဲကာ ခေါ်သွားပြီး မြင်းပေါ်သို့ တင်ပေးလိုက်သည်။ ထို့နောက် သူပါ ကျွမ်းကျင်စွာ ခုန်တက်ပြီး မြင်းကို အသားကျ စီးနင်းထွက်ခွာသွား၏။

ထိုမြင်ကွင်းကိုကြည့်ရင်း ဒေါ်မေဝင်းမှာ စိတ်ထိခိုက်လွန်းသဖြင့် သတိလစ်မေ့မြောသွားရှာသည်။ ဦးအောင်မောင်းမှာ ဒေါ်မေဝင်းအား ပွေ့ရင်း မျက်ရည်များစီးကျနေသည်။

ရွာသူရွာသားများမှာလည်း မီးလောင်ကျွမ်းနေသော ကျောင်းဆောင်လေးအားကြည့်ရင်း စိတ်ထိခိုက်နေကြသည်။ ခံပြင်းနေကြ၏။ သံဃာတော်များမှာ မျက်ရည်များပင် ဝဲနေကြပေပြီ။

ဆရာတော်ဦးဝိဇယကတော့ မျက်လွှာချရင်း ငြိမ်သက်နေဆဲ။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးကို ဗိုလ်မိုးကြိုးက ဝေ့ကြည့်ရင်း အားပါးတရ ပြုံးလိုက်သည်။ ထို့နောက် သူ့လူသုံးယောက်ကို အချက်ပြလိုက်သည်။

သူ့လူသုံးယောက်က ကြိုးများကို ရှာဖွေပြီး လူများအား ခြေလက်တို့ကို တုပ်နှောင်ခြင်း၊ ပါးစပ်အား အဝတ်စထိုးထည့်ခြင်းတို့ကို လျင်မြန်ကျွမ်းကျင်စွာ ပြုလုပ်ကြသည်။ သူတို့သည် ဆရာတော်ဦးဝိဇယနှင့် သံဃာတော်များကိုပါ ချုပ်နှောင်ထားခဲ့ကြ၏။ ထို့နောက် မြင်းကိုယ်စီဖြင့် ပျော်ရွှင်စွာ ပြန်လည်ထွက်ခွာသွားကြလေတော့သည်။

❑❑❑

## အခန်း (၁၂)

## အဆိပ်လူသား

'ခွပ် ခွပ် ခွပ်'

မုန်တိုင်းသည် မေငြိမ်းချမ်း၏ခါးလေးကို လက်တစ်ဖက်ဖြင့် ဖက်ရင်း ကျန်လက်တစ်ဖက်က မြင်းဇက်ကြိုးကို ကိုင်မောင်းရင်း ပျော်ရွှင်ကြည်နူးစွာဖြင့် စကားများ တတွတ်တွတ် ပြောနေလေသည်။

သူ့စကားတွေကို မေငြိမ်းချမ်း ကြားဟန်မတူပါ။ သူမက တစ်စုံတစ်ရာကို တွေးတောစဉ်းစားနေဟန်ဖြင့် ငြိမ်သက်နေသည်။ ထို့နောက် မျက်လုံးများကိုမှိတ်ရင်း နှုတ်ဆိတ်စွာဖြင့် အလိုက်သင့်ပါလာလေသည်။

အလွန်ကြီးမားသော ရောမညောင်ပင်ကြီးရှေ့၌ မုန်တိုင်းက မြင်းကို ရပ်တန့်လိုက်၏။ သူက မေငြိမ်းချမ်း၏ခါးကို ပို၍ တင်းကျပ်စွာ ဖက်လိုက်သည်။

"ဒီညောင်ပင်ကြီးရဲ့နောက်မှာ ဘာရှိလဲ ... ခင်လား"



www.burmeseclassic.com

www.burmeseclassic.com



မေငြိမ်းချမ်းက မျက်လုံးများကို ဖြည်းညင်းစွာ ဖွင့်လိုက်၏။

''ဘာရှိလဲ''

''ဂူငယ်တွေ, ကျောက်ဆောင်ကြီးတွေ ရှိတယ်၊ အပြင်က ကြည့်ရင်တော့ ချုံနွယ်တွေပဲ ရှိတယ်လို့ ထင်ရမှာ၊ အခု လောလောဆယ် ကိုယ်တို့ ဒီနေရာလေးမှာ စခန်းချနေတာလေ''

''ဪ''

''သဘာဝရဲ့ဖန်တီးထားမှုတွေကို မေ တွေ့ရပါလိမ့်မယ်လား''

မန်တိုင်းက မေငြိမ်းချမ်း၏လက်တစ်ဖက်ကိုဆွဲကာ ချုံပင်ကြားထဲ တိုးဝင်သွားသည်။ ခြေဆယ်လှမ်းခန့် လှမ်းပြီးသော အခါ ချုံပင်များထဲမှ လွတ်မြောက်လာ၏။ ထိုအခါ ကျောက်ဂူငယ်များ၊ ကျောက်တုံးကြီးများရှိနေသည့် ကျောက်မြေပြင်တစ်ခုပေါ်သို့ ရောက်ရှိလာသည်။

ငြိမ်ငြိမ်သက်သက် လိုက်ပါလာသော မေငြိမ်းချမ်းအား မန်တိုင်းက စိုလက်သောမျက်လုံးအစုံဖြင့် အကဲခတ်ကြည့်ပြီး ကျေနပ်စွာပြုံးလိုက်သည်။ မေငြိမ်းချမ်းက မျက်လွှာချရင်း စိတ်အာရုံကို စုစည်းနေ၏။

မန်တိုင်းက မေငြိမ်းချမ်း၏လက်ကို လွှတ်ပြီး ချုံကြားထဲရှိ သူ၏မြင်းကို ဆွဲထုတ်ကာ မြင်းဇက်ကြိုးကို ကျောက်စွန်းတစ်ခု၌ အလျင်အမြန် ချည်နှောင်လိုက်သည်။





ထို့နောက် မေငြိမ်းချမ်းနှင့် မျက်နှာချင်းဆိုင်၍ ရပ်လိုက်သည်။ သူ၏မျက်နှာမှာ အလွန်နူးညံ့ပျော့ပျောင်းနေသည်။

''ကိုယ်နဲ့မေတို့ရဲ့ မင်္ဂလာပွဲကို တင့်တောင့်တင့်တယ် ဖြစ်အောင် ကိုယ်လုပ်ပေးပါ့မယ်၊ ပြီးတော့ ကိုယ် လူသစ်စိတ်သစ်နဲ့ မေ့ကို အစစအရာရာ ပြည့်စုံအောင် ထားမယ်၊ မေ စိတ်ချမ်းသာစေရမယ်လို့ ကိုယ်ကတိပေးပါတယ် မေရယ်''

မန်တိုင်းက စိတ်လှုပ်ရှားစွာဖြင့် လှိုက်မောစွာပြောရင်း မေငြိမ်းချမ်း၏ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။ မေငြိမ်းချမ်း၏မျက်လွှာများက ဖျတ်ခနဲ ပင့်တက်သွားသည်။

''ငါက မေမဟုတ်ဘူး၊ ငါက မြွေတစ်ကောင်ပဲ''

မေငြိမ်းချမ်းက ထူးဆန်းသောစကားကို တစ်လုံးချင်း ပြောပြီးသည်နှင့် မန်တိုင်း၏ ဘယ်ဘက်လက်ခုံကို ကိုက်ချလိုက်သည်။

သူမ၏ ချွန်ထက်သောသွားစွယ်များက မန်တိုင်း၏ အသားတွင်းသို့ နစ်ဝင်သွားသည်။

''အ ... မေ မေ ... လွှတ်၊ ကိုယ့်ကို ဒေါသထွက်အောင် မလုပ်နဲ့ ... လွှတ်စမ်း''

မန်တိုင်းက ထိုသို့အော်ရင်း သူ့လက်ကို ဆောင့်ရုန်း၏။ တစ်ပြိုင်နက်တည်းမှာပင် မေငြိမ်းချမ်း၏ပခုံးကို ကျန်လက်ဖြင့် ဆောင့်တွန်းလိုက်သည်။

'ဝုန်း'



www.burmeseclassic.com

www.burmeseclassic.com



'မငြိမ်းချမ်း၏ ခန္ဓာကိုယ်လေးမှာ မြေပေါ်လဲပြိုကျသွားသည်။ မုန်တိုင်းက သူ၏လက်ခုံပေါ်ရှိ မငြိမ်းချမ်း၏သွားရာများကို ငုံ့ကြည့်လိုက်သည်။ ထိုအခါ ဒဏ်ရာများမှ ညိုမည်းသောသွေးများ စီးကျလာသည်ကို တွေ့ရ၏။

''ဟင်''

မုန်တိုင်း၏မျက်လုံးအစုံမှာ ပြာဝေသွား၏။ ဒဏ်ရာမှာ မီးစနှင့်ထိုးသလို နာကျင်ပူပြင်းလာတာကို သတိထားမိလိုက်သည်။

သူ့အာခေါင်တွေ ချက်ချင်းခြောက်သွေ့သွား၏။ မောဟိုက်လာသည်။

သူ မငြိမ်းချမ်းကို လှမ်းကြည့်လိုက်သည်။ မငြိမ်းချမ်းက လူးလိမ့်ထပြီး လှည့်ပြေး၏။ မုန်တိုင်းက သူမကို ခုန်အုပ်လိုက်သည်။

''အမေ့''

မုန်တိုင်းက အံကိုတင်းတင်းကြိတ်ရင်း မငြိမ်းချမ်းအပေါ် သူ့ကိုယ်လုံးဖြင့် ဖိရင်း သူ့အား ထုရိုက်နေသော မငြိမ်းချမ်း၏လက်နှစ်ဖက်ကို ဖမ်းချုပ်လိုက်သည်။ ထို့ပြင် သေနတ်ကို ဆွဲထုတ်ပြီး မငြိမ်းချမ်း၏နားထင်ကို တေ့ထောက်လိုက်၏။

''ငြိမ်ငြိမ်နေစမ်း''

သူ မောဟိုက်သံဖြင့် အော်ငေါက်ရင်း မောင်းတင်လိုက်သည်။





'ကလစ်'

ယင်းအချိန်လေးအတွင်း မငြိမ်းချမ်းက မိုက်မိုက်မဲမဲပင် စွန့်စားလိုက်လေသည်။ သူမက ခေါင်းကိုစောင်းကာ မုန်တိုင်း၏ သေနတ်ကိုင်လက်ကို ကိုက်ချလိုက်ပြန်၏။

''အား''

'ဒေါက်'

မုန်တိုင်း၏လက်ထဲမှ သေနတ်လွတ်ကျသွား၏။ သူက ကျန်လက်တစ်ဖက်ကိုလွှဲ၍ မငြိမ်းချမ်း၏ပါးကို လက်ပြန်ရိုက်ချလိုက်သည်။ မငြိမ်းချမ်းက အသားနာခံကာ လုံးဝမလွှတ်ဘဲ ခဲထားသည်။

သူမ၏နားထဲတွင် ဆူဆီရှိဆိုသော အိပ်မက်များထဲက အမျိုးသမီး၏စကားသံကိုသာ အထပ်ထပ် အပြန်ပြန်ကြားနေမိသည်။

''သခင်မချန်နီ ... သခင်မကို ကာလသားတချို့ စော်ကားဖို့ ကြံစည်နေကြပါတယ်၊ သခင်မ သတိထားပြီး သွားလာပါ၊ တကယ်လို့ ရှောင်လွှဲမရတဲ့အခက်အခဲကြုံလာရင် သခင်မရဲ့ အသွေးအသားထဲမှာ မြွေဆိပ်က ကိန်းဝပ်ခိုအောင်းနေတုန်းပဲ၊ သခင်မဟာ အဆိပ်ရှိတဲ့ လူသားတစ်ဦးဖြစ်ပါတယ်''

မငြိမ်းချမ်းသည် မျက်စိစုံမှိတ်ကာ အားကုန်ကိုက်ထားသည်။ မုန်တိုင်း၏လက်က လက်ဝါးအဖြစ်တစ်မျိုး၊ လက်သီးအဖြစ်တစ်သွယ် သူမ၏ခန္ဓာကိုယ်ပေါ်သို့ အရှိန်ပြင်းစွာ



www.burmeseclassic.com

www.burmeseclassic.com



ကျရောက်နေ၏။ ဝေဒနာတစ်ခုကို မချိမဆံ့ ခံစားနေရဟန်ပေါ်သည်။ ညည်းညူသံကိုလည်း ကြားနေရသည်။

ခဏအကြာ သူမအပေါ် ကျရောက်နေသော ထုနက်ရိုက်ပုတ်ချက်များမှာ တစ်စတစ်စ လေးလံအားလျော့လာသည်။ ညည်းညူသံကလည်း တစ်ချက်တစ်ချက်မှသာ ထွက်ပေါ်လာသည်။ နောက်ဆုံး၌ မုန်တိုင်း၏ရိုက်ပုတ်ချက်များက သူမ၏ခန္ဓာကိုယ်ပေါ်သို့ မကျရောက်လာတော့သလို အသံလည်း လုံးဝမထွက်တော့ချေ။

မေငြိမ်းချမ်း အသက်ပြင်းပြင်းရှူရင်း မျက်လုံးဖွင့်ကြည့်လိုက်သည်။ ထိုအခါ နီရဲသောသွေးကြောမျှင်များ ပြည့်နှက်နေသည့် မုန်တိုင်း၏မျက်လုံးအစုံမှာ အပြင်သို့ ပြူးထွက်နေသည်ကို ဦးစွာ တွေ့မြင်လိုက်ရသည်။

မုန်တိုင်း၏ နား၊ နှာခေါင်းနှင့် နှုတ်ခမ်းထောင့်စွန်းတို့မှ သွေးမည်းများ ယိုစီးကျနေ၏။ နီညိုရင့်ရောင် အကွက်များက ခပ်လတ်လတ်ရှိသော သူ့အရေပြားပေါ်၌ နေရာအတော်များများတွင် ထင်ထင်ရှားရှား ပေါ်နေသည်။ အဆိပ်ပြင်းလွန်းသော မြွေတစ်ကောင်အကိုက်ခံရသည့် လက္ခဏာမျိုး ဖြစ်သည်။

သူ့အလောင်းကိုကြည့်ရင်း မေငြိမ်းချမ်း တုန်လှုပ်ချောက်ချားသွား၏။ မုန်တိုင်း၏အသားထဲ နစ်ဝင်နေသသော သူမ၏ သွားစွယ်များကို အမြန်နုတ်ယူပြီး ကုန်းရုန်းထလိုက်သည်။ ထိုစဉ် ...





'ခွပ် ခွပ် ခွပ် .. ဖြောင်း ဖြောင်း'

မြင်းခွာသံများက မေငြိမ်းချမ်းနားထဲ ဝင်ရောက်လာသည်။ သူမ ပို၍တုန်လှုပ်သွားသည်။ တဖြည်းဖြည်းကျယ်လောင်လာသော မြင်းခွာသံက သူမနားထဲ မိုးခြိမ်းသံကဲ့သို့ မြည်ဟည်းဝင်လာနေ၏။

ရုတ်တရက် သူမ သတိဝင်လာပြီး မြေပေါ်ရှိ မောင်းတင်ပြီးသားသေနတ်ကို သတိကြီးစွာ ကောက်ယူလိုက်သည်။ ထို့နောက် ချာခနဲလှည့်ကာ လာရာလမ်းအတိုင်း ပြန်ပြေး၏။ ချုံပင်များနားသို့အရောက်၌ သူမ ခြေလှမ်းများ တုံ့ခနဲ ရပ်တန့်သွားသည်။

''ဩ ပြေးလို့မလွတ်နိုင်ဘူး၊ ဒီတော့ ပုန်းနေမှဖြစ်မယ်''

ထိုသို့ စဉ်းစားမိသည်နှင့် သူမပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်သည်။ ကျောက်ဆောင်ကျောက်တုံးကြီးများ ပေါများစွာရှိနေ၏။

သူမ ကျောက်ကုံးကြီးတစ်တုံး၏ နောက်သို့ဝင်ကာ ကျုံ့ကျုံ့လေးထိုင်ပြီး ရင်တထိတ်ထိတ်ဖြင့် မြင်းခွာသံများကို နားစွင့်နေသည်။

မကြာပါချေ၊ မြင်းခွာသံများ ပျောက်ကွယ်သွားပြီး စကားသံများ ထွက်ပေါ်လာသည်။

''အစ်ကိုကြီး ... ကျုပ်တို့ ဒီနေရာမှာ ဆက်ပြီးနေလို့ ဖြစ်တော့ဘူးနော်၊ ဝေစုခွဲပြီးတာနဲ့ လူခွဲပြီး အမြန်ထွက်ကြစို့''

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ ... မင်းတို့ကို ငါ အခုချက်ချင်း အညီအမျှ ခွဲပေးမယ်၊ မင်းတို့စိတ်တိုင်းကျ ဖြစ်စေရမယ်"

"ကျုပ်တော့ ထုံးစံအတိုင်း ကော့သောင်းမှာပဲ သွားနေမယ်"

"ကျုပ်ကတော့ ဇာတိမြေဖြစ်တဲ့ ဥက္ကံမှာ သွားနေမယ် နိုင်ထက် ... မင်းကော"

"ငါက ဆိပ်ဖြူမြို့နယ်မှာနေမယ်၊ ငါနဲ့အစ်ကိုကြီးက အဆက်အသွယ်ပြတ်မှာမဟုတ်ဘူး၊ အလုပ်ပြန်လုပ်မယ့်အချိန်ကျရင် ငါ မင်းတို့ဆီ လာအကြောင်းကြားမယ်၊ ဩော် ... ဒါနဲ့ အစ်ကိုကြီးတို့သားအဖက ဘယ်မှာနေကြမလဲ"

"အင်း ... ဒီကိစ္စကို မုန်တိုင်းနဲ့တိုင်ပင်ရဦးမယ်၊ ငါတို့က အရင်လို ပြီးစလွယ်ဖနေလို့ မဖြစ်တော့ဘူးလေ၊ မုန်တိုင်းမှာ မိန်းမ ရှိနေပြီမဟုတ်လား၊ ငါတို့သားအဖကတော့ ဒီမှာ တစ်ညလောက်ဆက်နေပြီး စဉ်းစားရဦးမယ်"

စကားသံများနှင့်အတူ ချုံတိုးသံများကို မပြေမ်းချမ်းကြားနေရသည်။ အသံများက တဖြည်းဖြည်း ပို၍နီးကပ်လာပြီး ခြေသံများကိုပါ ကြားလာရ၏။

ဗိုလ်မိုးကြိုးက ပြုံးပျော်နေသည့်မုန်တိုင်း၏မျက်နှာကို မြင်ယောင်နေမိသည်။ သူ၏အပြုံးမှာ ချက်ချင်းပင် ပျောက်ကွယ်သွားသည်။

ဝါးတစ်ရိုက်လောက်အကွာမှာ ခွေခွေလေးလဲကျနေ



သော မုန်တိုင်း၏ခန္ဓာကိုယ်ကြီးကို တွေ့မြင်လိုက်ရပြီ မဟုတ်ပါလား။

"ဟာ ... မုန်တိုင်း ဘာဖြစ်နေတာလဲမသိဘူး အစ်ကိုကြီး"

ဦးနိုင်ထက် စကားမဆုံးမီမှာပင် မိုးကြိုးက မြင်းဖက်ကြိုးကို လွှတ်ပြီး တစ်ဟုန်ထိုး ပြေးလွှားသွားသည်။ ရုပ်ပျက်ဆင်းပျက်ဖြစ်သော မုန်တိုင်း၏အလောင်းကို မိုးကြိုးအတွက် သွေးပျက်ဖွယ်ရာ၊ မယုံကြည်နိုင်ဖွယ်ရာ၊ ကြေကွဲဖွယ်ရာတို့ဖြင့် ဆီးကြိုနေသည်။

"သား"

မိုးကြိုးက ရင်ပွင့်မတတ် အော်ခေါ်ရင်း အလောင်းကို ပွေ့ယူလှုပ်ယမ်းလိုက်သည်။ မျက်ရည်များက တာကျိုးသောဆည်မှ ထွက်ကျလာသောရေများကဲ့သို့ အလုံးလိုက် ပြိုဆင်းလာသည်။

သူ့အနားသို့ ရောက်လာသော ဦးနိုင်ထက်တို့သုံးယောက်ကလည်း လုံးဝ မျှော်လင့်မထားသောမြင်ကွင်းကြောင့် ငေးငိုင်သွားကြကာ တွေတွေကြီး ရပ်ကြည့်နေကြသည်။

"သား သားလေး ... ဘယ်လိုဖြစ်ရတာလဲ သားရယ်"

မိုးကြိုးက ယူကျုံးမရဖြစ်ကာ ဖြေသူမဲ့သောမေးခွန်းကိုသာ အထပ်ထပ်အခါခါ မေးနေမိသည်။ အတော်ကြီးကြာမှ

www.burmeseclassic.com

www.burmeseclassic.com



သူ အနည်းငယ် စိတ်တည်ငြိမ်လာသည်။ ထိုအခါ သူ အခြေ
အနေကို ခန့်မှန်းသုံးသပ်လိုက်၏။

''ဟိုကလေးမလေးကော''

သူက စလိုက်သည်နှင့် နိုင်ထက်တို့သုံးယောက် လှု
လှုပ်ရှားရှား ဖြစ်သွားကြသည်။

''ဟုတ်ပါရဲ့ ... အဲဒီကောင်မလေးကို မြွေများ မျိုသွား
ပြီလားမသိဘူး''

''မြွေဆိုတာ အစာကိုမျိုပြီးရင် မရွေ့နိုင်တော့ဘူး။ကျ
လူတစ်ကိုယ်လုံးကို မျိုပြီးရင်တော့ လှုပ်နိုင်မှာတောင် မဟုတ်ဘူး
ပြီးတော့ အလောင်းက ပျော့ပျော့ပျောင်းပျောင်းပဲ ရှိသေးတာကို
ကြည့်ရင် ဒီကိစ္စဖြစ်သွားတာ မကြာသေးဘူးဆိုတာ သိနိုင်တယ်
ဒီအချိန်လောက်နဲ့ လူကိုကိုက်ထားတဲ့မြွေက ဝေးဝေးမပြေးနိုင်
ဘူး၊ ငါ့အထင် မြွေမဟုတ်တဲ့ တခြားအဆိပ်ပြင်းရှိတဲ့ တိရစ္ဆာန်
တစ်ကောင်ကောင် ကိုက်သွားတာထင်တယ်၊ ဒဏ်ရာရာကြည့်
ပါဦး''

ဦးနိုင်ထက်၏မှတ်ချက်ကို ကြားမှ မိုးကြိုး သတိဝင်လာ
ပြီး မုန်တိုင်း၏အလောင်းကို စစ်ဆေးလိုက်သည်။ ထိုအခါ လက်
နှစ်ခုပေးရှိ မေငြိမ်းချမ်း၏သွားရာအပေါက်များကို တွေ့မြင်သွား
၏။

''ကြည့်စမ်း ... ဒီသွားရာတွေကြောင့် ငါ့သားသေသွား
တာ၊ ဟိုကောင်မနဲ့အတူ သေနတ်ကလည်း ပျောက်ခြင်းမ



ပျောက်နေပြီ၊ ငါ့သားကိုသတ်တာ မေငြိမ်းချမ်းဆိုတဲ့ ဟိုကောင်မ
ပဲ ဖြစ်မယ်''

''မဖြစ်နိုင်တာ အစ်ကိုကြီးရာ၊ ဒီကိုက်ရာလောက်လေး
နဲ့ မုန်တိုင်း သေနိုင်ပါ့မလား''

''တချို့လူတွေရဲ့ခန္ဓာကိုယ်ထဲမှာ အက်ဆစ်ဓာတ်တွေ
များကြီးရှိနေတတ်တယ်၊ အဲဒီလိုလူမျိုးတွေ ကိုက်မိတာတို့
ကုတ်မိတာတို့ကို ခံရရင် အဆိပ်မိသလို ခံစားရတယ်၊ ခံရတဲ့
သူမှာ အက်ဆစ်ဓာတ်နည်းပါးနေရင် ပိုဆိုးတာပေါ့၊ ဟိုကောင်မ
ကြည့်ရတာ အေးတိအေးစက်နဲ့ သူ့ကိုယ်သူ ယုံကြည်မှုရှိနေ
သာမန်ဆို သူ ငိုယိုပြီး အော်ဟစ်ရှုန်းကန်နေသင့်တယ်
ဟုတ်လား''

''ဟုတ်တယ်၊ သူက မုန်တိုင်းကိုတောင် နင်မသေချင်
ရင် အခုချက်ချင်း နောက်ပြန်လှည့်သွားပါဆိုပြီး ခြိမ်းခြောက်
လိုက်သေးတယ်''

ဦးနိုင်ထက်က မေငြိမ်းချမ်း၏ပုံစံကို ပြန်လည်မြင်ယောင်
ရင်း တွေးတွေးဆဆဖြင့် ပြောလိုက်သည်။ မိုးကြိုးက သွား
ရာကိုစေ့ရင်း လက်သီးတစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်
လိုက်၏။

''သေချာပါတယ်၊ ဒီကောင်မ သူ့အကြောင်းသူသိထား
သော အေးအေးဆေးဆေးလိုက်လာပြီး ငါ့သားကိုသတ်သွား
တာ ငါ့သားသေသလို ဒင်းလည်း သေရမယ်''



www.burmeseclassic.com

www.burmeseclassic.com



မိုးကြိုးက ကြိမ်းဝါးရင်း လက်သီးများဖြင့် ကျောက်သားများဖြစ်သော မြေပြင်ပေါ်သို့ လက်သီးဖြင့် ထိုးချလိုက်သည်။ သူ့လက်တစ်ခုလုံး သွေးချင်းချင်းနီသွား၏။

သူ၏တပည့်သုံးယောက်က ဖျောင်းဖျောင်းဖျဖျဖြင့် မိုးကြိုးလက်ထဲမှ မုန်တိုင်း၏အလောင်းကိုယူကာ ဂူတစ်လုံးအတွင်းသို့ သွားထားလိုက်သည်။ မိုးကြိုးက မုန်တိုင်းအလောင်းကို စိုက်ကြည့်ရင်း နာကြည်းခံပြင်းစိတ်များ ထိန်းသိမ်းမရအောင်ကြီးထွားလာသည်။

"တောက် . . . ဒီကောင်မ၊ ဝေးဝေးပြေးဖို့ အချိန်ရတာမဟုတ်ဘူး၊ ငါ့အထင် ဒီနားတစ်ဝိုက်မှာ ပုန်းနေတာပဲ ဖြစ်ရမယ်"

သူ၏ထင်မြင်ချက်ကို ဦးနိုင်ထက်က ထောက်ခံလိုက်သည်။

"ဟုတ်တယ်၊ သူ တောလမ်းအတိုင်းပြေးရင် ကျုပ်တို့လှမ်းမြင်ရမှာပဲ၊ ဒီလမ်းရှေ့ပိုင်းမှာက ဘေးနှစ်ဖက်လုံး တောင်ကြီးတွေရှိနေတော့ သူ မစဉ်းစားဘဲပြေးမှာမဟုတ်ဘူး၊ ဒီနားမှာပဲပုန်းနေတာ သူ့အတွက် အကောင်းဆုံးပဲ၊ ကဲ . . . ကျုပ်တို့လေးယောက် လိုက်ရှာကြရအောင်၊ ဒီကောင်မလေးလွတ်သွားရင် ကျုပ်တို့ အေးအေးဆေးဆေးနေနိုင်ဖို့ မလွယ်ဘူး"

ထိုအခါ မိုးကြိုးတို့သည် သေနတ်များကို မောင်းတင်လိုက် ကြပြီး ဂူများ၊ ကျောက်တုံးကျောက်ဆောင်တို့၏နောက်သို့





သတိအပြည့်ဖြင့် လိုက်လံရှာဖွေကြ၏။ အကာအကွယ်ယူပြီးပုန်းအောင်းနိုင်သောနေရာများကို ရှာနေကြသည်။ မငြိမ်းချမ်းမှာမုန်တိုင်း၏သေနတ်ရှိနေကြောင်းကို သူတို့ ခန့်မှန်းသိထားသည်တော့ပါလော။

အကာအကွယ်ရှာဖွေ၍ လိုက်လံရှာနေရသောကြောင့်အချိန်ကြာ၏။ ဤနေရာတစ်ဝိုက်၌ ပုန်းအောင်းနိုင်သော နေရာများက များပြားလွန်းလှသဖြင့် ပို၍ဆိုးသည်။ အချိန်များ တဖြည်းဖြည်း ကုန်ဆုံးသွားသည်။ အမှောင်ထုက လောကကြီးတစ်ခုလုံးကို ဖုံးလွှမ်းပစ်လိုက်လေသည်။

❑

လေအေးများ တသုန်သုန်တိုက်ခတ်လာသည်။

မြင်းဟီသံများက တစ်ချက်တစ်ချက် ထွက်ပေါ်လာသည်။ မငြိမ်းချမ်း၏ခန္ဓာကိုယ်တစ်ခုလုံး၌ ဖောရွှေးများ ရွဲစိုနေသည်။ မိုးကြိုးတို့လူစုသည် သူမရှိနေသည့်နေရာနှင့် နီးကပ်လာနေပြီဖြစ်၏။

ရုတ်တရက် . . .

'ဝေါ'

ညလေပြည်လေးမှာ ရုတ်ခြည်းပင် ကြမ်းတမ်းခက်ထန်သောလေပြင်းအဖြစ် ပြောင်းလဲသွားသည်။ လေပြင်းနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



မိုးသီးမိုးပေါက်များက ချက်ချင်း ပြုဆင်းလာ၏။

"မိုးကလည်း ဆိုင်းမဆင့် ဗုံမဆင့်ကွာ"

"သေနတ်တွေ မိုးရေစိုကုန်ပြီကွ"

မိုးသံများကြားမှ ကြားရသောစကားသံသဲ့သဲ့ကြောင့် မေငြိမ်းချမ်း အားတက်သွားသည်။

"ငါ ဒီအတိုင်း ထိုင်ကြောက်နေလို့ မဖြစ်ဘူး။ တစ်ခုခုတော့ လုပ်မှပဲ"

ရုတ်တရက် သူမက သေနတ်ကို ပါးစပ်ဖြင့်ကိုက်ရင်း ကျောက်တုံးကြီးအပေါ် ကုပ်တွယ်တက်သွားသည်။ သူမ လျင်မြန်စွာပင် ကျောက်တုံးထိပ်ပေါ်သို့ ရောက်လာတာကို သူမကိုယ်တိုင်ပင် အံ့ဩနေ၏။ မိမိမှာ စွမ်းအင်ထူးတွေ ရှိနေသည်ဟူသော အသိဖြင့် အားတက်သွားသည်။

သူမ ကံကောင်းသည်ဟု ဆိုရပေမည်။ သူမရှိနေသော ကျောက်တုံး၏ ကျောက်စွန်းတစ်ခု၌ မြင်းတစ်ကောင်ကို ချည်နှောင်ထားတာ တွေ့ရ၏။ သူမ ကျောက်တုံးပေါ်၌ မှောက်ရင်း မိုးကြိုးတို့ကို လှမ်းကြည့်လိုက်သည်။

မိုးကြိုးတို့က သေနတ်ပြောင်းဝကို လက်ဝါးဖြင့်ပိတ်ရင်း သူမကို သည်းကြီးမည်းကြီး ရှာဖွေနေကြဆဲ။

မေငြိမ်းချမ်းက ပါးစပ်ဖြင့်ကိုက်ထားသော သေနတ်ကို ယူပြီး ကျောက်ဆောင်တစ်ခု၏နောက်သို့ အားပြင်းပြင်းဖြင့် ပစ်လိုက်သည်။





'ဒေါက်'

ကျောက်ဆောင်နှင့်သေနတ်ထိသံက မိုးသံလေသံကို ထိုးဖောက်၍ ခပ်သဲ့သဲ့လေးသာ ထွက်ပေါ်လာနိုင်သော်လည်း နားစွင့်ထားကြသော မိုးကြိုးတို့လူစုက ကြား၏။ သူတို့က တစ်ယောက်နှင့်တစ်ယောက် ခြေဟန်လက်ဟန်ပြပြီး အသံကြားရသော ကျောက်ဆောင်အနီးသို့ ချဉ်းကပ်သွားကြသည်။

ယင်းအချိန်တွင် မေငြိမ်းချမ်းက ကျောက်တုံးပေါ်မှ မြင်း၏ကျောပေါ် အသာလေး လျောဆင်းပြီး ကြိုးကိုဖြည်ကာ မြင်းကို တစ်ရှိန်ထိုး မောင်းသွား၏။

'ခွပ် ခွပ် ခွပ်'

"ဟီ ဟီ"

မြင်းခွာသံကြားမှ မိုးကြိုးတို့ ကျောက်ဆောင်နောက်မှ ပြေးထွက်လာကြသည်။ ချုံများကို တိုးဖြတ်ပြေးနေသော မြင်းကို လျှပ်စီးအလျှပ်မှာ ဝိုးတဝါးမြင်လိုက်ရသည်။ မြင်းကျောပေါ်၌ မှောက်လျက်ပါသွားသော မေငြိမ်းချမ်းကို မိုးကြိုးမြင်တော့ ဒေါသကြီးစွာ ဖြစ်လာသည်။

"တောက် ... သေနာမလေး လွတ်အောင်ပြေးစမ်း"

မိုးကြိုးက မြင်းပေါ်ခုန်တက်ကာ အပြင်းနှင်သွား၏။ ကျန်လူသုံးဦးတို့ကလည်း မြင်းကိုယ်စီဖြင့် လိုက်ပါသွားကြသည်။

❑



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအချိန်မှာ ရဲတပ်ဖွဲ့ကလည်း သူတို့ကို တော့နင်း ရှာနေပြီလေ၊ ရဲတပ်ဖွဲ့နဲ့အတူ တောကျွမ်းတဲ့ရွာသားတွေလည်း ပါသွားတယ်၊ မေငြိမ်းချမ်းအဖေ ဦးအောင်မောင်းလည်းပါတာ ပေါ့၊ လမ်းမှာ မြင်းတစ်စီးနဲ့ပြေးလာတဲ့ မေငြိမ်းချမ်းကို တွေ့တော့ သူ့အဖေက ပြေးခေါ်တော့တာပေါ့၊ ကျန်တဲ့လူတွေကတော့ နောက်ကလိုက်လာတဲ့ ဓားပြလေးယောက်ကို ပစ်ဖို့ နေရာယူ စောင့်နေကြတယ်"

ဒေါ်မြကြွက စကားဆက်လိုက်သည်။

"အဲဒီအချိန်မှာ တောင်တွေဟာ ချက်ချင်းပြိုကျလာ တယ်၊ ဓားပြလေးယောက်နဲ့အတူ မြင်းလေးကောင်စလုံး ပွဲချင်း ပြီး သေသွားတယ်၊ မမရဲ့"

ဒေါ်အင်ကြင်းအောင်မှာ ဒေါ်မြကြွစကားများကို စိတ် ဝင်တစား ပါးစပ်အဟောင်းသားဖြင့် နားထောင်နေသည်။ ဒေါ်မြ ကြွက ရေတဂွပ်ဂွပ်သောက်နေ၏။

အတန်ကြာမှ –

"အဲဒီကလေးမလေး အရေးယူမခံရဘူးလား"

"ဒီလို လူသတ်ဓားပြ ဝရမ်းပြေးတွေအတွက် ဘယ် အလုပ်ရှုပ်ခံကြပါ့မလဲ မမရယ်၊ သူတို့ကြောင့် ဆရာတော်ကြီး အလွယ်တကူ မဖူးနိုင်တော့တာကို အခုချိန်ထိ မြကြွတော့ မကျေနပ်သေးဘူး"





"စိတ်ကိုလျှော့ပါ မြကြွရယ်၊ ထမင်းဟင်းချက်ဖို့ ပြင် ပါဦး"

ဦးထွန်းကြည်က ပြောမှ ဒေါ်မြကြွ ဈေးသွားရန် ပြင် လေတော့သည်။

❑❑❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

## ရှုံးအောင်ချစ်တဲ့သူ

"ဘာ . . . မင်း မေငြိမ်းချမ်းကို ခိုးပြေးမယ် ဟုတ်လား"

သာကျော် တအံ့တဩဖြင့် ထအော်လိုက်ရာ မြင့်နိုင် ပြူးပြူးပျာပျာ ဖြစ်သွားသည်။

"ဟာ ဟောကောင် . . . တိုးတိုးပြောပါကွ၊ ငါ့အဖေ ကြားသွားပါဦးမယ်"

"ဩော် . . . အေး အေး မေ့သွားလို့ သူကြီးကြားသွားပြီ လားတောင် မသိဘူး၊ မင်းဖော် အခြေအနေ လှမ်းကြည့်လိုက် ဦး"

မင်းဇော်က တံခါးပေါက်ဝနှင့် တန်းနေသဖြင့် ခါးကို ကိုင်းကာ လှမ်းကြည့်ရုံနှင့် ဘုရားစင်ရှေ့မှာ အိပ်ပျော်နေဆဲဖြစ် သော သူကြီးဦးဖေမြင့်ကို တွေ့ရသည်။

"တုပ်တုပ်မှမလှုပ်ဘူးဟေ့၊ စိတ်ချလက်ချသာ ဆက် ပြောကြပေတော့"





သာကျော်က မြင့်နိုင်အနား . တိုးသွားသည်။

"မင်းတို့က ချစ်သူတွေ မဖြစ်သေးဘူး မဟုတ်လား"

"ငါက သူ့ကိုချစ်ခွင့်ပန်ထားပြီးပြီ၊ သူက ငါ့ကို ခင်ရုံပဲ ခင်တယ်တဲ့ကွာ၊ အဆင့်တက်မယ့်အရိပ်အယောင်မျိုး လုံးဝ မရှိဘူး၊ ဒီတော့ ငါ သူ့ကို ခိုးပြေးမှ ဖြစ်တော့မယ်"

"မင်းကွာ . . . ရှုံးတွေ ဂတ်တွေ ရောက်နေပါဦးမယ်၊ သူက ၁၈–နှစ်တောင် မပြည့်သေးဘူး၊ ပြည့်ပြီးရင်တောင် သူ့ဖေ ဦးအောင်မောင်းတို့ မကျေနပ်ရင် မင်း ဒုက္ခရောက်လိမ့်မယ် နော်"

မင်းဇော်က အရှည်ကိုတွေးပြီးတားသည်။ သာကျော် ကလည်း အားမပေးချေ။

"ဟုတ်တယ် မြင့်နိုင် . . . မင်းတို့က သမီးရည်းစားတွေ လည်း မဟုတ်ဘူး၊ ခိုးယူနိုင်တဲ့ အခွင့်အရေး မင်းမှာ လုံးဝမရှိဘူး သူငယ်ချင်း၊ စိတ်ထင်ရာတွေ လျှောက်မလုပ်ပါနဲ့ကွာ"

မြင့်နိုင် မျက်နှာညိုသွားသည်။

"ငါ သူ့ကို ဘယ်လောက်ထိ ချစ်တယ်ဆိုတာ မင်းတို့ သိမှာပါ၊ ငါ သူ့ကို စိတ်မချဘူး၊ သူ့အနားမှာ အမြဲစောင့်ရှောက် ပေးချင်တယ်၊ ဟိုနေ့ကလို အဖြစ်အပျက်မျိုးနဲ့ သူ ထပ်ကြုံမှာကို ငါ စိုးရိမ်တယ်ကွာ"

"အေး . . . ငါတို့ကလည်း မင်း မုန်တိုင်းလို အချေဆိုး နဲ့သေမှာကို စိုးရိမ်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



မင်းဇော်က စိတ်မရှည်သလိုပုံစံနှင့် ဝင်ပြောသည်။ မြင့်နိုင် ထိတ်ထိတ်ပျာပျာ ဖြစ်သွားသည်။

"ဟာ . . . မင်းကလည်း ပါးစပ်ပုပ်ကြီးနဲ့၊ ငါနဲ့သူက ငယ်သူငယ်ချင်းတွေပဲ၊ သူ ဒီလောက်ထိ ရက်စက်မှာမဟုတ်ပါ ဘူး၊ ငါ သူ့ကို ရူးမတတ်ချစ်တာ သူသိနေပါတယ်၊ ဦးလေး ဦးအောင်မောင်းတို့ကလည်း ငါ့ကိုဆို လိုလိုလားလားနဲ့ ကြည်ဖြူ ကြတယ်၊ ငါတို့ကို နီးစပ်စေချင်နေကြတာ မင်းတို့လည်း သိတာ ပဲ"

"ဒါပေမဲ့ . . . မေငြိမ်းချမ်းက အဓိကလေကွာ၊ မင်းကို သူ သူငယ်ချင်းတစ်ယောက်လို သံယောဇဉ်ရှိတာ မှန်ပေမယ့် ဒီလိုကိစ္စမျိုးကို သူ ဘယ်ခွင့်လွှတ်ပါ့မလဲ"

သာကျော်က မြင့်နိုင်၏ပခုံးကိုဖက်ရင်း နှစ်သိမ့်ဖျောင်းဖျ လေသည်။

"သူဟာ သာမန်မိန်းကလေးမဟုတ်တာတော့ သေချာ တယ် သူငယ်ချင်း၊ ဒီကိစ္စက မင်းအတွက် အန္တရာယ် သိပ်များ တယ်နော်၊ သေချာစဉ်းစားပါ၊ မင်းအတွက် မိန်းကလေး မရှားပါ ဘူးကွာ၊ မင်းအကြံကို ဖျက်လိုက်ကွာ နော်၊ ဟောကောင်"

မြင့်နိုင် သက်ပြင်းရှည်ချရင်း ခေါင်းခါ၏။

"ငါ့ကို မတားပါနဲ့တော့ကွာ၊ ငါ ဆုံးဖြတ်ပြီးပြီ၊ အဲဒါ ဘယ်လိုစီစဉ်ရမလဲဆိုတာကိုသာ ငါ့ကို အကြံပေးကြနော်၊ ကူညီ ကြပါဦးကွာ"





သူ့ကို တားလို့မရနိုင်တော့မှန်း မင်းဇော်နှင့်သာကျော်တို့ နားလည်လိုက်သည်။ သူ့နှလုံးသားဝေဒနာကို နားလည်သိရှိ ထားကြ၏။ အချစ်ဆုံးသူငယ်ချင်းဖြစ်သူ စိတ်ချမ်းသာစေရန်နှင့် အန္တရာယ်ကင်းစေရန် သူတို့ စဉ်းစားရလေတော့သည်။

❑

"မေ ငြိမ်း ချမ်း"

မြင့်နိုင် လှုပ်ရှားနေသောစိတ်ကိုထိန်းရင်း လှမ်းဝင် သွားသည်။ ဖိနပ်စီးနေသော မေငြိမ်းချမ်းက လှည့်ကြည့်လိုက် ၏။

သူမ၏လှုပ်ရှားပုံလေးက အလွန်ချစ်ဖို့ကောင်းနေ၏။

"နှင် ဘယ်သွားမလို့လဲ"

သူ့ကိုမြင်တော့ မေငြိမ်းချမ်း ဝမ်းသာသွားပုံရ၏။

"ဟယ် မြင့်နိုင် . . . ငါ နှင့်ဆီလာမလို့"

"အထူးအဆန်းပါလား၊ နှင် ငါ့ဆီ တစ်ခါမှ မလာဖူးပါ ဘူး၊ နားကြားများ မှားလေသလား မသိ"

"*မမှားပါဘူး၊ ငါ နှင့်ကို ကျေးဇူးတင်စကားလာပြော* မလို့၊ နှင်ရောက်လာတာနဲ့ အတော်ပဲ၊ နှင် မြင်းစီးသင်ပေးထား လို့ ငါ ခားပြဲတွေလက်ချက်နဲ့ မသေခဲ့တာ၊ အဲဒါ နှင့်ကို ကျေးဇူး တင်မလို့"



www.burmeseclassic.com

www.burmeseclassic.com



မြင့်နိုင်က ပြုံးစေ့စေ့မျက်နှာပေးဖြင့် မေငြိမ်းချမ်း
စိုက်ကြည့်လိုက်သည်။

"ကျေးဇူးတင်ရင် ကျေးဇူးဆပ်ရမယ်နော်၊ နင် ငါ့
ဘယ်လိုကျေးဇူးဆပ်မလဲ ပြော"

မေငြိမ်းချမ်းက သူ့ကို မျက်စောင်းထိုးလိုက်၏။

"အမယ်လေး ... ကျေးဇူးဆပ်ခံချင်နေလိုက်တာ
စေတနာတောင် ပျက်တယ်၊ ငါ မုန့်တိချက်ထားတာ နင့်
ကျွေးမလို့လေ၊ လာ ... အိမ်ပေါ်တက်"

"နေဦး မေငြိမ်းချမ်း ... ငါ မစားတော့ဘူး၊ အချိန်
တော့လို့"

"ဘာကိစ္စရှိလို့လဲဟဲ့"

"ငါ့အဖေ အရေးကြီးတဲ့ကိစ္စတစ်ခု ခိုင်းထားလို့ အ
ချက်ချင်း ခရီးထွက်ရမှာ၊ အဲဒါ နင့်ကို လာနှုတ်ဆက်တာ၊ ငါ
ကို ရွာထိပ်ထိ လိုက်ပို့ပါဟာ"

"ခရီးထွက်မယ်သာပြောတယ်၊ နင့်မှာ ဘာပစ္စည်း
လည်း ပါမလာပါလား မြင့်နိုင်ရယ်"

"မြင်းလှည်းပေါ်မှာ ပါတာပေါ့၊ မြင်းလှည်းနဲ့ ရွာထိပ်
ရောက်ပြီးမှ နင့်ကို မနှုတ်ဆက်ခဲ့မိတာ သတိရလို့ ပြန်ဝင်လာတာ
လေ၊ ရော့ ... ဒါလေး စားကြည့်စမ်း"

"ဒါက ဘာလဲ"

"ချောကလက်တဲ့၊ စားလို့ သိပ်ကောင်းတယ်ဟ"





"ဟုတ်လား"

မေငြိမ်းချမ်း ချောကလက်တောင့်ကို ကိုက်စားလိုက်
သည်။

"အေးဟဲ့ ... ငါ ဒီလို အရသာမျိုးကိုကြိုက်တယ်"

"ဒါဆို ရွာထိပ်လိုက်ပြီးယူလေ၊ ငါ့မှာ သုံးတောင့်
ယောက် ကျန်သေးတယ်၊ လိုက်ခဲ့ ... ဟုတ်ပြီလား"

"အေးပါ ... ငါလိုက်ခဲ့မယ်လေ"

မြင့်နိုင် ကျေနပ်စွာဖြင့် အဓိပ္ပာယ်ပါပါ ပြုံးလိုက်လေ
သည်။

❑

မေငြိမ်းချမ်းနှင့်မြင့်နိုင်တို့ စကားတပြောပြောဖြင့် လမ်း
လျှောက်လာကြသည်။ မေငြိမ်းချမ်းက ချောကလက်ကို အရသာ
ခံ၍ရင်း လိုက်ပါလာသည်။ သူတို့နှစ်ယောက် တွဲလာတာကို
မြင်သော ရွာသူတွေက တီးတိုးတီးတိုးဖြင့် သဖန်းပိုးထိုးနေကြ၏။
ရှိနေသော အမူအရာတွေကို မြင်ရုံနှင့် ထုံးစံအတိုင်း သူမ
အကောင်းကြောင်း ပြောနေတာဖြစ်မှာကို မေငြိမ်းချမ်း သိနေ
သည်။

မေငြိမ်းချမ်း သက်ပြင်းတစ်ချက် ကျိတ်ချလိုက်သည်။
ကျော်နှင့်မင်းဇော်တို့ကတော့ သူတို့ကိုတွေ့သောအခါ ပြုံးပြုံး



www.burmeseclassic.com

www.burmeseclassic.com



ရှင်ရှင်ဖြင့် နှုတ်ဆက်ကြလေသည်။ သာကျော်က မြင့်နိုင် စိတ်လှုပ်ရှားနေပုံကို သတိပြုကြည့်ရင်း ရယ်ကျဲကျဲဖြင့် နောက်၏။

"မြင့်နိုင် ... ငါတို့စားရတော့မယ်ပေါ့ ဟုတ်လား"

မြင့်နိုင် မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်သွား၏။

"ဟော့ကောင် ... မင်း စကားကလည်းကွာ"

"မင်း မြို့က ပြန်လာရင် ငါတို့အတွက် ချောကလက်တွေ ဝယ်လာမယ်ဆိုတာကို ပြောတာပါကွာ၊ ဟဲ ဟဲ ... မင်းဘာတွေ အတွေးချော်နေတာလဲ"

သာကျော်က စသလို မင်းဇော်ကလည်း ငြိမ်မနေပါ။

"အေးလေ ... မင်း ချောကလက်တွေ အများကြီးဝယ်လာနော်၊ ငါတို့ စားဖို့ ပါးစပ်ပြင်ရင်း စောင့်နေမယ်သိလား"

"အေးပါကွာ ... ငါ သွားပါရစေတော့"

မြင့်နိုင် စကားစအမြန်ဖြတ်ပြီး ရှေ့ဆက်လျှောက်လာသည်။ မငြိမ်းချမ်းက သူ့နောက်မှလိုက်လာရင်း တဝါးဝါးသမ်း လေသည်။ ချောကလက်ထဲ ထည့်ထားသော ဆေးစွမ်းစပြလာ ပြီဖြစ်ကြောင်းကို သူနားလည်လိုက်သည်။

"မြန်မြန်လျှောက်ပါဟ ... ငါ အရမ်းနောက်ကျနေပြီ"

"လျှောက်နေတာပဲ"





"နင်လျှောက်ပုံကလည်း မရွေ့တော့ဘူး၊ ဘာဖြစ်နေတာလဲ"

"ဘာဖြစ်မှန်းမသိပါဘူးကွယ်၊ ငါ ခေါင်းတွေမူးလာလို့ ချက်ချင်းကို ထိုးအိပ်ပစ်လိုက်ချင်ပြီ၊ အရမ်းပင်ပန်းနေသလိုပဲ"

"ချက်ချင်းကြီးပါလား မငြိမ်းချမ်းရယ်၊ ထိုးတော့ အိပ်လိုက်ပါနဲ့ဟာ"

"မနောက်နဲ့ မြင့်နိုင် ... ငါ အတည်ပြောနေတာ၊ ဒါမျိုး တစ်ခါမှ မဖြစ်ဖူးပါဘူး ... ဝါး"

မငြိမ်းချမ်းပြောနေရင်းပင် သမ်းနေပြန်၏။ မြင့်နိုင် စိတ်လှုပ်ရှားစွာဖြင့် အခြေအနေကို စောင့်ကြည့်နေသည်။ မငြိမ်းချမ်း၏ ခြေလှမ်းများမှာ တစ်စထက်တစ်စ ယိမ်းယိုင်လာပြီး မျက်လွှာကို ပင့်နိုင်ပုံမရတော့ချေ။ သတိလည်း ကင်းလွတ်သွားပုံသည်။

သူမ၏ သွယ်လျကျစ်လျစ်သော ခန္ဓာကိုယ်လေးသည် မြေပေါ်သို့ တအိအိလဲပြိုကျသွားသည်။ သူမကို မြင့်နိုင်က ထိုက်သင့် ဆီးကြိုပွေ့ယူလိုက်၏။

စွဲမက်ယစ်မူးဖွယ် အလှတရားများ ပြည့်နှက်နေသော သူမကို မြင့်နိုင်က ချစ်မြတ်နိုးမှု အတိပြည့်နေသော မျက်လုံးအစုံဖြင့် ငုံ့ကြည့်လိုက်သည်။

"ငါ့ကိုခွင့်လွှတ်ပါ မငြိမ်းချမ်းရယ်၊ နင့်ကို ငါ တစ်သက်လုံး ပိုင်ဆိုင်ဖို့အတွက် ဒီနည်းလမ်းတစ်ခုပဲ ရှိလို့ပါကွာ"

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူသည် မလှမ်းမကမ်းရှိ သူ၏မြင်းလှည်းထံ သို့ ခပ်သွက်သွက် လျှောက်သွားလေတော့သည်။

❑

'ခွပ် ခွပ် ခွပ်'

မြင်းနှစ်ကောင်ဆွဲထားသော မြင်းလှည်းကလေးသည် တောလမ်းကလေးပေါ်၌ ခပ်မှန်မှန်ပြေးလွှားနေသည်။ မြင်းလှည်း မောင်းသူမှာ မြင့်နိုင်ဖြစ်၏။ သူသည် မြင်းလှည်းအိမ်တွင်းရှိ သတိလစ်မေ့မြောနေသော မေငြိမ်းချမ်းကို မကြာခဏ လှည့်ကြည့်နေသည်။ အသင့်ပါလာသော အရက်ပုလင်းကိုလည်း ခဏ ခဏ မော့သောက်နေမိ၏။

နေဝင်ရီတရောအချိန်ဖြစ်၏။ ပြောက်တိပြောက်ကျား ရှိနေသော နေရောင်ဖျော့လေး ရန့်လွင့်နေသော ရောင်စုံတောပန်းလေးများနှင့် အိပ်တန်းပြန်ငှက်ကလေးများ၏ တေးသံတို့က သူ့ကို စိတ်ကြည်နူးစေလေသည်။

သူ မေငြိမ်းချမ်း သတိရလာလျှင် ပြောရမည့်စကားလုံး တွေကို စီနေမိ၏။ သူနှင့် မေငြိမ်းချမ်းတို့၏ ရှေ့ဆက်လျှောက်ရ မည့် ဘဝလေးကို စိတ်ကူးဖြင့် ပုံဖော်နေမိသည်။

ရုတ်တရက် –

'ရှီ ရှီ ရှီ'



ကျယ်လောင်စူးရှလွန်းသော မြွေတွန်သံများက လေး ဘက်လေးတန်မှ ထွက်ပေါ်လာသည်။ ခွာကျကျပြေးလွှားနေသော မြင်းနှစ်ကောင်မှာ တုံ့ခနဲ ရပ်တန့်သွားကြပြီး ထိတ်လန့်တကြား ဟီနေကြ၏။

မြင့်နိုင် ရင်ထိတ်သွား၏။ ရုတ်တရက် အမှောင်ထုက ပြီဆင်းလာ၏။ မြွေတွန်သံတွေကိုလည်း အဆက်မပြတ် ကြားနေ ရသည်။ သူ မြင်းနှစ်ကောင်ကို ထိန်းသိမ်းချော့မော့ရင်း ကျာ ပွတ်ဖြင့် ပြင်းပြင်းရိုက်သော်လည်း အကျိုးမထူးချေ။

"ဟေ့ကောင်ကြီးတွေ ... ပြေးလေကွာ၊ ဟာ ... ဒီ ကောင်တွေနဲ့တော့ ဒုက္ခပါပဲ၊ မြွေတွန်သံတွေကလည်း ကျယ် လိုက်တာနော်"

သူ အခက်ကြုံနေစဉ်မှာပင် လေပြင်းက ဝေါခနဲ တိုက် ခတ်လာသည်။ လေပြင်းက လေးဖက်လေးတန်လုံးမှ တစ်ပြိုင် နက်တည်း တိုက်ခတ်လိုက်သလို ခံစားမိ၏။ မြင့်နိုင် တစ်ကိုယ် လုံး အေးစက်တောင့်တင်းသွားသည်။

တိုက်ခတ်လာသည့် လေပြင်းနှင့်အတူ လွင့်မျောလိုက်ပါ လာသော ပုံရိပ်တချို့ကို မြင့်နိုင်တွေ့ရ၏။ အထက်အောက် ဆင်တူ ဝတ်ဆင်ထားကြသည့် မိန်းမလှလေးများ ဖြစ်သည်။

မြင့်နိုင် တအံ့တသြဖြင့် မိန်းမောသွား၏။ သူ မိန်းမလှ လေးများကို တအံ့တသြဖြင့် ငေးကြည့်နေစဉ် ရုတ်တရက် ထို မိန်းမလှလေးများသည် ကြောက်လန့်ဖွယ်ရာ မြွေမကြီးများပုံသို့



www.burmeseclassic.com

www.burmeseclassic.com



မျက်စိရှေ့မှာတင် ထူးဆန်းစွာ ပြောင်းလဲသွားလေသည်။

''ဟာ''

သူ အလွန်အမင်း ထိတ်လန့်သွားရ၏။ မယုံကြည်နိုင်စွာဖြင့် မျက်လုံးများကို ပွတ်တိုက်မိ၏။ ပြီးမှ ပြန်လှမ်းကြည့်၏။ မြွေမကြီးတို့၏ ပုံရိပ်များက ပျောက်ကွယ်မှုန်ဝါးသွားခြင်း မရှိချေ။ ပို၍ ဖိပြင်လာ၏။ မြွေတွန်သံတွေကလည်း ထိတ်လန့် ချောက်ချားဖွယ်ရာ။

စပါးကြီးမြွေမကြီးတစ်ကောင်သည် တခြားသောမြွေများထက် အနည်းငယ်ပိုကြီး၏။ သူမသည် တောလမ်း၏အလယ်တည့်တည့်၌ ပါးပျဉ်းထောင်ရင်း မြင့်နိုင်ကို စူးစိုက်ကြည့်နေသည်။

ချွေးများရွှဲနေသော မြင့်နိုင်တစ်ကိုယ်လုံး တုန်ယင်သွားသည်။ သူ့တစ်သက်နှင့်တစ်ကိုယ် ယခုလောက်အထိ ကြီးမားသည့် မြွေမျိုးတွေကို မမြင်ခဲ့ဖူးပါ။

မြွေများ၏ ခန္ဓာကိုယ်ပေါ်ရှိ အကြေးခွံချပ်များမှာ ယောက်ျားခြေမခန့် ကြီးကြ၏။ သူတို့သည် တရှဲရှဲတွန်ရင်း ပါးပျဉ်းကြီးများကို ယိမ်းနွဲ့လှုပ်ရှားနေကြ၏။ လျှာများကို ပြူတစ်ပြူတစ်လုပ်ရင်း မြင်းလှည်းကို ဝန်းရံထားကြလေသည်။

မြင့်နိုင်မှာ အိပ်မက်ပင်မမက်ဖူးသော အခြေအနေဆိုးဖြင့် ရင်ဆိုင်တိုးရလေပြီ။ သူ ဆောက်တည်ရာ မရလောက်အောင် တုန်လှုပ်ချောက်ချားသွားသည်။ သူ ကြောက်ရွံ့ထိတ်လန့်စွာဖြင့် မြင်းများကို ကျာပွတ်ရှည်ဖြင့် အဆက်မပြတ် အားကုန်





ရိုက်လေသည်။

''ဟဲ့မြင်း ... သွားစမ်း သွား''

'ရွှမ်း ရွှမ်း ရွှမ်း ရွှမ်း'

ကျာပွတ်ဖြင့် အရိုက်ခံရသော မြင်းနှစ်ကောင်က အကျင့်ဟန်မရှိချေ။ တုပ်တုပ်မျှမလှုပ်ဘဲ ရပ်တန့်နေကြသည်။ စောစောကလို ထိတ်လန့်တုန်လှုပ်နေဟန်လည်း မရှိတော့။ အောက်မြင်းရုပ်တွေအသွင်ဖြင့် ကျာပွတ်ဒဏ်ကို ငြိမ်သက်စွာ ခံယူနေကြ၏။

''ဘုရားကယ်ပါ''

သူ လှုပ်လှုပ်ရှားရှား လုပ်လိုက်သည်နှင့် တစ်ပြိုင်နက် သူ့ကို ဝန်းရံနေကြသော မြွေမကြီးများကလည်း လှုပ်ရှားလာကြသည်။ သူတို့သည် မြင်းလှည်းထံသို့ ဦးတည်ရွေ့လျားလာကြ၏။ သူ ကျာပွတ်ရှည်ကြီးကို ဝှေ့ယမ်းရင်း ကြောက်ရွံ့စွာ အော်ဟစ်သော၏။

''သွား မလာနဲ့ ... ရှူး ရှူး၊ မြွေသရဲတွေ သွားစမ်း၊ သရဲမတွေ လာမနှောင့်ယှက်နဲ့နော်''

မြွေမများက သူ၏ရိုက်ချက်များကို လှပကျွမ်းကျင်စွာ ရှောင်တိမ်းပြီး အလွန်လျင်မြန်စွာ ရှေ့ဆက်တိုးလာကြသည်။ မျက်စိတမှိတ်အတွင်းမှာပင် သူ့အနားသို့ နီးကပ်စွာ ရောက်လာကြ၏။

သူ အတိုင်းအဆမဲ့ ကြောက်ရွံ့တုန်လှုပ်သွား၏။ ညိုမြွေ



www.burmeseclassic.com

www.burmeseclassic.com



များ၏အန္တရာယ်မှ မလွတ်မြောက်နိုင်တော့မှန်းကို သူတွေးမိသည်။ ထိုအခါ သူ့အသက်နှင့်ထပ်တူ ချစ်မြတ်နိုးရသူ မိန်းမချောလေး မေငြိမ်းချမ်းအတွက် စိုးရိမ်ပူပန်သွားရ၏။ သူ မြွေများကို ကျာပွတ်ဖြင့်ရိုက်ရင်း မေငြိမ်းချမ်းအား လှုပ်နှိုးလိုက်သည်။

"မေ မေငြိမ်းချမ်း ထ"

သူ၏လက်သည် အကြေးခွံမာများ ပြည့်နှက်နေသော အရေပြားကို ထိတွေ့စမ်းသပ်မိသည်။ သူ အံ့ဩထိတ်လန့်စွာဖြင့် မေငြိမ်းချမ်းကို လှည့်ကြည့်လိုက်၏။

ထိုအခါ မေငြိမ်းချမ်း၏ခန္ဓာကိုယ်အနှံ့အပြား၌ မြွေအကြေးခွံများ ထူထပ်စွာ ဖုံးအုပ်နေခြင်းကို တွေ့ရ၏။ ချောမောလှပသော မျက်နှာပေါ်၌ မြွေအကြေးခွံများက နေရာယူလိုက်သောအခါ ကြောက်ရွံ့ ရွံရှာစဖွယ်ကောင်းအောင် အကျည်းတန်သွားလေသည်။

"ဟင်"

မြင့်နိုင်သည် ကျာပွတ်လွတ်ကျသွားသည်အထိ ကြောက်ရွံ့ထိတ်လန့်သွား၏။ သူ့နားထဲ၌ မကြာခဏ ကြားခဲ့ရသော စကားများကို ပြန်လည်ကြားယောင်လာသည်။

"မေငြိမ်းချမ်းဟာ ဝမ်းတွင်းစုန်းမဆိုတာ သေချာတယ်။ သူဟာ မြွေကြီးတွေကို လိုသလို ခိုင်းစေနိုင်တယ်၊ သတိထားပြီး နေကြနော်"

"သူက သူ့ကို စိတ်ဆိုးအောင်လုပ်တဲ့လူတွေကို



အသေဆိုးနဲ့ သေအောင် လုပ်နိုင်စွမ်းရှိတယ်ဟဲ့၊ သူနဲ့ ရောရောနှောနှော မနေကြနဲ့၊ အခန့်မသင့်လို့ ရန်ဖြစ်မိသွားရင် ဒုက္ခရောက်နေလိမ့်မယ်"

မြင့်နိုင် သွေးပျက်သွား၏။

"ဘုရား ဘုရား ...သူဟာ တကယ်ပဲ"

သူ၏မှတ်ချက်ချသံမဆုံးမီမှာပင် ရုတ်တရက် –

'ဝှီး'

လေတိုးသံနှင့်အတူ အကြေးခွံများပြည့်နေသော မြွေ၏အမြီးကြီးကို မျက်စိထောင့်စွန်း၌ ရိပ်ခနဲ တွေ့လိုက်ရသည်။

'ဖြောင်း'

'ဝုန်း'

မြင့်နိုင်၏ခန္ဓာကိုယ်မှာ မြေပေါ် လိမ့်ကျသွား၏။ ထိုစဉ် လျှာတိုက်ရွေ့လျားသံ တရှူးရှူး နှာမှုတ်သံများနှင့်အတူ မြွေကြီးများက သူ့ကို ဝန်းရံလာကြသည်။

သူ၏ကြောက်ရွံ့ထိတ်လန့်စိတ်မှာ အဆုံးစွန်ဆုံးထိ မြင့်တက်သွားပေပြီ။ မြွေကြီးများ၏ သွားစွယ်များကို မမြင်ရဲတော့သဖြင့် မျက်စိစုံမှိတ်ကာ အသံကုန်အော်ဟစ်လိုက်၏။

"အား"

❑

www.burmeseclassic.com

www.burmeseclassic.com



မေငြိမ်းချမ်းသည် မြင့်နိုင်၏ တုန်ယင်အက်ကွဲသော စကားသံနှင့် ထိတ်လန့်တုန်လှုပ်ခြင်းအပြည့်ဖြင့် အော်ဟစ်သံများကို ကြားနေရသည်။ မြွေတွန်သံနှင့် နာမှုတ်သံများကလည်း လေပြင်းတိုက်ခတ်သံနှင့်အတူ ရောထွေးကာ တစ်ချက်တစ်ချက် ထွက်ပေါ်နေ၏။

သူမ အဆမတန် လေးလံနေသော မျက်ခွံများကို အတင်းပင့်တင်ရန် ကြိုးစားနေ၏။ ခြေလက်များကို လှုပ်ရှားရုန်းကန်ရန် ကြိုးစားနေသလို အော်ဟစ်အသံပြုရန်လည်း အားထုတ်ကြည့်သည်။ ဘယ်လိုမှ မထူးခြားပါချေ။

သူမရင်ထဲ စိုးရိမ်ထိတ်လန့်လာ၏။ မြင့်နိုင်၏အော်သံကလည်း ခြေပျက်မတတ် စူးစူးရှရှ ထွက်ပေါ်လာသည်။ ထိုစဉ် သူမ၏ လေးပင်သောမျက်ခွံများမှာ တဖြည်းဖြည်း ပေါ့ပါးလာ၏။ ခြေလက်များကို လှုပ်သည်ဆိုရုံလေး လှုပ်ရှားလာနိုင်၏။ အသံကလည်း ခြောက်သွေ့နေသော လည်ချောင်းထဲမှ ခက်ခက်ခဲခဲ ထိုးထွက်လာ၏။

"မြင့်နိုင် ဘာဖြစ်နေတာလဲ . . . မြင့်နိုင်"

သူမအသံက မပီမပြင် ဗလုံးဗထွေးရယ်။ တိုးလျှ နွမ်းဖျော့လျက်။ ထိုစဉ် –

"ကြောက်ပါပြီ . . . ကြောက်ပါပြီဗျ။ ကျွန်တော် မေငြိမ်းချမ်းကို မယူတော့ပါဘူး၊ မေငြိမ်းချမ်း ငါ တောင်းပန်ပါတယ်





နင့်မြွေကြီးတွေကို ပြန်ခေါ်ပါ၊ ငါ့ကို ခွင့်လွှတ်ပါ"

မေငြိမ်းချမ်း တအံ့တသြဖြင့် မျက်လုံးဖွင့်ကြည့်လိုက်သည်။ အမှောင်ရိပ်သန်းနေပြီဖြစ်သော်လည်း ပတ်ဝန်းကျင်အနီးတစ်ဝိုက်ကို ကောင်းစွာမြင်နိုင်သေး၏။ မြင့်နိုင်၏မြင်းလှည်းပေါ်၌ သူမ ရှိနေတာကို သတိပြုမိလိုက်သည်။

သူမ ခေါက်ခနဲထပြီး ကြည့်၏။ မမြင်ရသော တစ္ဆေသူရဲများနှင့် သတ်ပုတ်နေဟန်ဖြင့် အော်ဟစ်ရုန်းကန်နေသည့် မြင့်နိုင်တစ်ကိုယ်လုံး ချွေးများဖြင့် စိုရွှဲနေသည်ကို တွေ့ရ၏။

"ရှူး ရှူး . . . သွားစမ်း၊ မေငြိမ်းချမ်း . . . နင့်မြွေတွေကို ဖယ်ပေးပါ၊ ငါကြောက်တယ် . . . ရှူး"

မြင့်နိုင်က မြေပြင်ပေါ်မှာ ဖင်တရွတ်ဆွဲရင်း လက်နှစ်ဖက်ကို အဆက်မပြတ် ဝှေ့ယမ်းအော်ဟစ်နေသည်။

မေငြိမ်းချမ်းက ကြောင်အမ်းအမ်းဖြင့် သူ့ကို ငေးကြည့်နေရင်းမှ အခြေအနေကို ခန့်မှန်းသိလိုက်သည်။

"မြင့်နိုင်တော့ အရက်ပြင်းတွေကို မသောက်စဖူး သောက်ပြီး အမူးလွန်နေပြီပဲ၊ ကြည့်စမ်း . . . ဒီကောင်သူယဉ်ချင်းအပေါ် မကြံသင့် မကြံအပ်တာတွေကို ကြံစည်တယ်၊ အကျင့်ယုတ်လိုက်တာ"

ထိုစဉ် မြင့်နိုင်က ခုန်ထပြီး နောက်လှည့်ကာ တစ်ဟုန်ထိုး ပြေးလွှားသွား၏။ ပြေးလွှားရင်း အော်ဟစ်ကာ ငိုကြွေးသွားလေသည်။ သူ့နောက်ကျောကို မေငြိမ်းချမ်းက ကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်၍ နှုတ်ခမ်းလေး မဲ့လိုက်၏။

"ကောင်းတယ်၊ ဒီလိုအောက်တန်းကျတဲ့လူ ဒါမျိုးဖြစ်မှ မှတ်မှာ၊ တောစောင့်နတ်မင်းကြီးက ငါ့ရဲ့အရှက်သိက္ခာကို ကယ်တင်လိုက်တာဖြစ်မယ်"

❑

"အဲဒီတုန်းက သူ အရက်မူးလွန်ပြီး ခေတ္တခဏ အသိကင်းမဲ့သွားရုံလောက်ပဲလို့ ကျွန်မထင်ခဲ့တယ်၊ နောက်မှ သူဟာ ရူးသွားတဲ့အထိ အခြေအနေဆိုးနေတာကို သိရတာ"

မေငြိမ်းချမ်းက စိတ်မကောင်းခြင်းကြီးစွာဖြင့် သက်ပြင်းတစ်ချက်ချ၏။

"အင်း ... အဲဒီတော့ မင်းလွင်ကုန်းရွာက လူတွေ ကျွန်မအပေါ် ပိုပြီး အမြင်စောင်းသွားကြတာပေါ့၊ ကျွန်မရဲ့ မိဘတွေ အပေါ်မှာတောင် သူတို့ရဲ့ဆက်ဆံရေးတွေ ပြောင်းလဲသွားတယ်၊ တချို့က ရွံမုန်းသလို ရှောင်နေကြတယ်၊ တချို့က ကြောက်လန့်သလို ပုံစံမျိုးတွေနဲ့ အဖေနဲ့အမေတို့ကို စိတ်ထိခိုက်အောင် ဖန်တီးကြတယ်လေ"

"ဩော်"

"နောက်ဆုံးမှာ အဖေနဲ့အမေဟာ ဆရာတော်ဦးဝိဇယရဲ့ လမ်းညွှန်မှုအတိုင်း တရားမေ့ကို နှလုံးသွင်းကြတယ်၊ တရား





ရေအေးက ရင်တွင်းကသောကအပူမီးတွေကို အေးငြိမ်းသက်သာစေတာကို အဖေတို့ လက်တွေ့သိသွားကြတယ်၊ အဲဒီတော့ အဖေဟာ သာသနာ့ဘောင်ကို အပြီးဝင်သွားတယ်၊ အမေကတော့ ကျွန်မအတွက် နောက်ဆံတင်းနေတုန်းပဲ၊ အခုတော့ အဖေ့ကို ပါရမီဖြည့်ရင်း ကျွန်မတို့သားအမိ ဒီတောထဲမှာပဲ နေလိုက်ကြတော့တယ်"

"ဖြစ်ရလေ ချန်နီရယ်"

ပြည့်နိုင်မင်းက မေငြိမ်းချမ်း၏ လက်ဝါးလေးနှစ်ဖက်ကို အသာအယာ ဖျစ်ညှစ် နှစ်သိမ့်ပေးသည်။ မေငြိမ်းချမ်းက သူ့ကို မျက်စောင်းထိုးလိုက်၏။

"သွားပါ ... အခုမှ လာပြီး ဝမ်းနည်းပြမနေနဲ့၊ ရှင်သာ စောစောစီးစီးလာရင် ကျွန်မ အဲဒီအခြေအနေအထိ ခံစားရလိမ့်မယ် မထင်ဘူး၊ အဲဒါ ရှင့်ကြောင့်"

"ကိုယ့်ကြောင့် ဟုတ်လား"

"ဟုတ်တယ်လေ၊ ကျွန်မမှာ ဘဝဟောင်းက မြွေမင်းသားလေး စိုင်းဆိုင်မော်ကို သစ္စာရှိရှိ ယုံယုံကြည်ကြည်နဲ့ စောင့်မျှော်နေခဲ့ရတာ ဘယ်လောက် စိတ်ပင်ပန်းနေတယ်ဆိုတာ သိရဲ့လား"

"ချန်နီက အားလုံးကို မှတ်မိနေတာကိုး၊ ကိုယ်က အဲဒီအဖြစ်အပျက်ဟောင်းတွေကို နားမလည်နိုင်ဘဲ တစ်ချိန်လုံး စဉ်းစားနေခဲ့ရတာ၊ အားလုံးကို နားလည်လည်ချင်းပဲ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ဒီကိုအပြေးထွက်လာခဲ့တာ ချန်နီရဲ့''

မေငြိမ်းချမ်းက ပြုံးရင်း –

''စိုင်းဆိုင်မော်၊ ကျွန်မ ရှင့်ကိုအပြစ်မမြင်ပါဘူး၊ ကျွန်မဆီကို အခုလို ရောက်အောင် လာတဲ့အတွက်ပဲ ကျေနပ်သွားပါပြီ အချစ်ရယ်''

သူမက နူးညံ့သိမ်မွေ့စွာ တိုးတိုးလေးပြောရင်း ပြည့်နိုင်မင်း၏ ပခုံးပေါ်သို့ ခေါင်းလေးကို မှေးမှိလိုက်လေသည်။

❑❑❑

# အခန်း (၁၄)

## သိုက်ပြောင်းခြင်း

''အစ်ကိုကြီး အစ်ကိုကြီး''

ပြည့်နိုင်မင်းနားထဲသို့ ရင်းနှီးပြီးသား အသံစူးစူးသြသြကြီး ဝင်ရောက်လာသည်။ သူ အသံလာရာသို့ လှမ်းကြည့်လိုက်၏။ သူ့ထံသို့ ခပ်သွက်သွက်လျှောက်လာနေသော လုံးအွန်ဆိုင်းကို တွေ့ရသည်။

''ဟာ ... ညီလတ်''

''အစ်ကိုကြီးရောက်တာ ကျွန်တော်တို့ သိတယ်၊ သိသိချင်း လာမလို့ဘဲ၊ မအားလပ်တာကြောင့် အခုမှပဲ လာတွေ့ဖြစ်တယ်''

''ရပါတယ် ညီလတ်ရယ်၊ မင်း ဘာတွေလုပ်နေရလို့လဲ''

''လုံခြုံလျှို့ဝှက်မယ့်နေရာကောင်းလေးတစ်ခုကို လိုက်ရှာနေကြရတာ''



www.burmeseclassic.com

www.burmeseclassic.com



"ရှာတွေ့ပြီလား"

"တွေ့ပြီ"

"စိတ်ကြိုက်ဖြစ်ရဲ့လား"

"ဖြစ်ပါတယ်၊ အဲဒီနေရာလေးကို အစ်ကိုကြီးကျေးဇူးကြောင့် ရှာတွေ့တာပါ"

"အစ်ကိုကြီး ညီလတ်တို့ကို ဘာမှ မကူညီရသေးပါဘူး"

"အစ်ကိုကြီးက ကူညီမှန်းမသိ ကူညီဖြစ်သွားတာလေ မနက်က အစ်ကိုကြီး ချန်နီနဲ့အတူ ရှိနေတာကို ကျွန်တော် တွေ့တယ်၊ အစ်ကိုကြီးရောက်တာဖြင့် နှစ်ရက်မပြည့်သေးဘူး သူနဲ့ဆုံတာ မြန်လှချည်လား"

လုံးအွန်ဆိုင်းက မကျေမနပ်ဟန်ဖြင့် ပြည့်နိုင်မင်းကို စေ့စေ့ကြည့်ရင်း ပြော၏။ ပြည့်နိုင်မင်းက သူ့ကို ချော့မော့သလို ပြုံးပြလိုက်သည်။

"ဟုတ်တယ်၊ အစ်ကိုကြီးတို့ စကားကောင်းနေတာနဲ့ နေစောင်းမှပဲ ပြန်ဖြစ်ကြတော့တယ်"

"သိပါတယ်၊ သူနဲ့ဆို အစ်ကိုကြီးက ထမင်းမေ့ဟင်းမေ့ ရုံ မကဘူး သွေးရင်းမောင်နှမတွေနဲ့ တစ်လောကလုံးကိုပါ မေ့နေတာကို သိပြီးသားပါဗျာ"

ပြည့်နိုင်မင်း ပါးစပ်ပိတ်ထားလိုက်သည်။ မှန်ပါ၏။ သူ မေငြိမ်းချမ်းနှင့် ရေးဟောင်းနှောင်းဖြစ်များကို အပြန်အလှန်





ပြောနေခဲ့တာ ရေတစ်ပေါက်တောင် သောက်ဖို့ မေ့နေခဲ့၏။

ဒေါ်အင်ကြင်းအောင်တို့က စိတ်ပူလာကြပြီး လိုက်လံရှာဖွေခဲ့ကြရ၏။ အောင်သူ့အသံကြားမှသာ သူတို့ လူချင်းခွဲပြီး အောင်သူနှင့်အတူ ပြန်လိုက်ခဲ့ခြင်းဖြစ်သည်။ အောင်သူက သူ့ကို တစ်ချိန်လုံး အကဲခတ်နေတာကို ရိပ်မိသည်။ သူတို့က သူ့ အတွက် အလွန်စိုးရိမ်ပူပန်နေကြပုံရ၏။ ဒါတောင် မေငြိမ်းချမ်းနှင့် သူ တွေ့ခဲ့ကြသည်ကို မသိကြသေးချေ။

လုံးအွန်ဆိုင်၏စကားသံက သူ့နားထဲ တိုးဝင်လာ၏။

"သူ့အကြောင်း မပြောချင်ပါဘူးဗျာ"

"ကဲ . . . ဒါဖြင့် ညီလတ် ဘာပြောချင်လဲ၊ ပြောလေ"

"အစ်ကိုကြီး ဒီကို လာတဲ့အတွက် ညီငယ်နဲ့ညီမလေးတို့က အတော်လေး ဝမ်းသာနေကြရှာတယ်၊ ကျွန်တော်တို့ မောင်နှမငါးယောက်စလုံး တစ်စုတစ်စည်းတည်း မတွေ့ဖြစ်တာ အနှစ်နှစ်ဆယ်ကျော်နေပြီနော်"

ပြည့်နိုင်မင်း၏မျက်လုံးအရောင် မှေးမှိန်သွား၏။ သူက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ အစ်ကိုကြီးလည်း အားလုံးကို တစ်စုတစ်စည်းတည်း တွေ့ချင် မြင်ချင်တဲ့ဆန္ဒ ရှိပါတယ်ကွာ"

လုံးအွန်ဆိုင်က အရောင်တောက်ပသော မျက်လုံးအစုံဖြင့် ပြည့်နိုင်မင်းကို စေ့စေ့ကြည့်ရင်း ပြုံးလိုက်၏။

"ကျွန်တော်သိတယ်၊ ဒါ့ကြောင့် ကျွန်တော် အစ်ကိုကြီး



www.burmeseclassic.com

www.burmeseclassic.com



ကို လာခေါ်တာပေါ့၊ လာ ...ကျွန်တော်တို့ သွားကြစို့"

ပြည့်နိုင်မင်းသည် လှည့်ထွက်သွားသော လုံးအွန်ဆိုင်း နောက်သို့ လိုက်ပါသွားလေတော့သည်။

❑

ည ...။

ကောင်းကင်ပေါ်တွင် လပြည့်ဝန်းကြီးသည် ကြယ်စင် အပေါင်းတို့၏ ဝန်းရံထားခြင်းကို ခံယူလျက် ဝင့်ဝင့်ထည်ထည် တောက်ပနေသည်။ ကောင်းကင်ပြင်က မည်းမှောင်နေတဲ့ ကြည် ပြာရောင် တောက်ပနေ၏။ ရွေ့လျားနေသော တိမ်တိုက်အချို့ကို ပင် မြင်နေရသည်။

လမင်း၏ ငွေရောင်အလင်းတန်းများအောက်တွင် ကြ ခတ်ဝါးရုံတောကြီးတစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်နေသည်။ ထိုဝါးရုံတောကြီးသည် သိပ်မမြင့်သော တောင်တစ်လုံး၏ထိပ် တွင် ရှိနေ၏။ ရုတ်တရက် –

'ဖောင်း'

ညဥ့်၏တိတ်ဆိတ်ခြင်းကို ဖျက်ဆီးထွက်ပေါ်လာသော အသံက ဝါးရုံတောထဲမှ ထွက်ပေါ်လာသည်။ ဝါးပိုးဝါးလုံးကွဲသွား သောအသံဖြစ်၏။

ဝါးရုံအလယ်တည့်တည့်ရှိ အလွန်ကြီးမားတုတ်ခိုင်သော





ဝါးပိုးဝါးကြီးမှာ 'ဖောင်း'ဟူသောအသံနှင့်အတူ ထူးဆန်းစွာပင် အလိုအလျောက် ထက်ခြမ်းကွဲသွားသည်။

ထိုကွဲသွားသော ဝါးပိုးဝါးအတွင်းမှ အဖြူရောင်အလင်း တန်းတစ်ခု ထိုးထွက်လာ၏။ အလင်းတန်း၏ အသွင်သဏ္ဍာန်က ရှေးဟောင်း လှည်းကြီးတစ်စီး၏ပုံစံမျိုး ရှိသည်။ ထိုလှည်းအား အဆွဲသော မြင်းဖြူ၏ကျောပေါ်တွင် ကြီးမားပြန့်ကားသော အတောင်ပံနှစ်ချောင်းပါ၏။ နဖူးအလယ်တည့်တည့်တွင် ချိုတစ် ချောင်းပါနေ၍ ပုံပြင်ထဲက နတ်မြင်းပျံ၏ပုံစံမျိုး ရှိသည်။

ရှေးဟောင်းလှည်းပေါ်တွင် ရွှေရောင်ငွေရောင်များ ဖိတ်ဖိတ်တောက်ပနေသော လက်ဝတ်လက်စား အမောက် အလှုံ ပြည့်နှက်နေပုံကို တွေ့ရသည်။ အလားတူလှည်းမျိုး နောက် ထပ် နှစ်စီးထွက်လာ၏။ အလင်းတန်းပုံစံမျိုးဖြင့် ထွက်လာကြ ခြင်း ဖြစ်သည်။

အဆိုပါ အလင်းစိုင်ခဲသုံးခုသည် ကောင်းကင်ပေါ်သို့ ဖြည်းဖြည်းမြင့်တက်သွားပြီး လေတိုက်ခတ်ရာနှင့် ဆန့်ကျင်ရာ ဘက်သို့ ခပ်မှန်မှန် ရွေ့လျားသွားသည်။

တိမ်စိုင်ဖြူလွှလွှလေးတချို့က လေနှင်ရာအတိုင်း လွင့် မျောနေ၏။ အလွန်နှေးကွေးစွာ ရွေ့လျားနေခြင်းဖြစ်သည်။ ၎င်း တိမ်စိုင်ခဲများကို ဆန့်ကျင်ဖြတ်ကျော်၍ ခပ်မြန်မြန်လေး ရွေ့လျား နေကြသော နတ်မြင်းပျံဆွဲသည့် ရှေးဟောင်းလှည်းအိမ်ပုံစံရှိသော အဖြူရောင် အစိုင်အခဲကြီးသုံးခုက ကောင်းကင်ပေါ်တွင် စီတန်း၍



www.burmeseclassic.com

www.burmeseclassic.com



ရွှေ့လျားနေသည်။

ထိုမြင်ကွင်းမှာ ထူးဆန်းလှပနေ၏။ သို့သော် ပြည့်နိုင်မင်းက တစ်စုံတစ်ရာ အံ့သြထူးဆန်းဟန်မပြဘဲ ထိုမြင်ကွင်းကို လှမ်းကြည့်နေသည်။ သူ၏ဘေးတွင် လုံးအွန်ဆိုင်းရှိနေ၏။ ပြည့်နိုင်မင်းက ကြံခတ်ဝါးရုံပင်များရှိနေသည့် တောင်လေးကို လှမ်းကြည့်လိုက်၏။

''ဒီနေရာလေးလည်း ကောင်းတာပဲ၊ ဘာလို့ သိုက်ပြောင်းပစ်လိုက်ရတာလဲ''

''မင်းဒင်နဲ့ဂိုဘင်တို့က ဒီနေရာကို မျက်စိကျနေကြပြီလေ၊ ဒါကြောင့် ပြောင်းပစ်လိုက်တာပါ''

''သူတို့က အခုထိ လက်မလျှော့ကြသေးဘဲကိုး''

''လောဘဇောနဲ့ မမောနိုင်ဖြစ်နေကြတယ် အစ်ကိုကြီးရေ၊ ဘုရားအတွက် ရည်ရွယ်ထားတဲ့ ပစ္စည်းတွေကိုမှ ပြစ်မှားချင်ကြတာ၊ ဇာတ်သိမ်းလှမှာမဟုတ်ဘူး''

''မှန်တာပေါ့ ညီလေးရယ်၊ ဒါနဲ့ အခု ဘယ်နေရာကို ပြောင်းကြတာလဲ၊ ညီလေး အစ်ကိုကြီးကို မပြောသေးဘူးနော်''

လုံးအွန်ဆိုင်းက လက်ကာပြလိုက်သည်။

''မလောနဲ့လေ၊ အခုပဲ အစ်ကိုကြီးကို ခေါ်သွားပြမှာပေါ့၊ လာ ကျွန်တော်တို့ ရတနာမြင်းလှည်းတွေနောက်က လိုက်သွားရအောင်''

သူက ပြည့်နိုင်မင်း၏လက်ကိုဆွဲကာ ပြေးလွှားသွား





သည်။ ပြည့်နိုင်မင်းကလည်း အလိုက်သင့် ပြေးလိုက်သွား၏။ သူတို့၏ခန္ဓာကိုယ်များသည် ဝါဂွမ်းစလေးသဖွယ် ပေါ့ပါးလျင်မြန်စွာ ရွှေ့လျားသွားသည်။

ရတနာမြင်းလှည်းသုံးစီးသည် တစ်နေရာသို့အရောက်၌ ောင်းကင်ပေါ်တွင် ရပ်တန့်သွားကြသည်။ ထိုနေရာမှာ ပြည့်နိုင်မင်းနှင့် မေငြိမ်းချမ်းတို့ တွေ့ဆုံစကားပြောခဲ့ကြသည့် နေရာဖြစ်၏။

လှပဆန်းကြယ်သော ရေကန်ကြီးအလယ်ရှိ ကျွန်းလေးဆီသို့ ရတနာမြင်းလှည်းသုံးစီး တဖြည်းဖြည်း နိမ့်ဆင်းသွားကြသည်။ မြက်ခင်းစိမ်းစိမ်းရှည်ရှည်များအကြားတွင် ပျောက်ကွယ်သွားကြ၏။

ပြည့်နိုင်မင်းက ရေကန်အစပ်၌ ခြေလှမ်းရပ်တန့်လိုက်၏။

''တကယ့်နေရာကောင်းပဲ၊ ကောင်းတယ် ညီလေး''

လုံးအွန်ဆိုင်းက ပြုံးလိုက်သည်။

''ဒီနေရာကို အစ်ကိုကြီးကြောင့် ကျွန်တော်ရှာတွေ့တာပါ။ မနက်က အစ်ကိုကြီးနောက်လိုက်ရင်း ဒီနေရာလေးကို တွေ့တာ''

''ဪ ... ညီလေးတို့လည်း တစ်ချိန်လုံး စိတ်ပင်ပန်းနေကြရမှာပေါ့''

''ကျွန်တော်တို့မောင်နှမငါးယောက်ရဲ့ ရည်ရွယ်ချက်



www.burmeseclassic.com

www.burmeseclassic.com



လေး မပျက်စီးမပျောက်ပျက်အောင် ဒီလိုပဲ ကြိုးစားရတာပေါ့။ ကျွန်တော်တို့မှမဟုတ်ပါဘူး။ ဒီနေရာမှာရှိတဲ့ အစောင့်အရှောက် ပုဂ္ဂိုလ်တွေ၊ ဥစ္စာစောင့်တွေ၊ သိုက်နန်းရှင်တွေအားလုံး ကိုယ့်တာဝန်ကိုယ် မလစ်ဟင်းရလေအောင် သတိထားနေကြရတယ်၊ လူယုတ်မာတွေ ကိုယ့်နေရာကို ရောက်မလာအောင်၊ ရောက်လာရင်လည်း မတွေ့သွားအောင် ဟန့်တားနေကြရတယ်လေ''

ပြည့်နိုင်မင်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

''အင်း ... အားလုံးရဲ့ မျှော်လင့်ချက်တွေ အမြန်ဆုံး ပြည့်အောင် အစ်ကိုကြီး နေ့တိုင်း ဆုတောင်းမေတ္တာပို့နေပါတယ်၊ အစ်ကိုကြီးတို့ရဲ့ရည်မှန်းချက်ကတော့ မကြာမီ ပြည့်ဝတော့မှာပါ''

''အစ်ကိုကြီးဆီက အဲဒီစကားကြားတိုင်း ကျွန်တော် အရမ်းဝမ်းမြောက်တာပဲ၊ တကယ်တမ်းသာ အကောင်အထည် ပေါ်သွားရင် ဘယ်လောက်တောင် ကြည်နူးနေမိမလဲ မသိဘူး''

''ဖြစ်ရမှာပေါ့၊ အဘက အဆင်ပြေအောင် လုပ်ပေးပါလိမ့်မယ်''

''အစ်ကိုကြီး ခန္ဓာပြောင်းသွားတာ ကျွန်တော်တို့အတွက် သိပ်ကို ကံကောင်းတာပဲ၊ ဟော ... ဟိုမှာ ညီငယ်နဲ့ညီမလေးတို့ လာကြပြီ''

လုံးအွန်ဆိုင်းက ကျွန်းကလေးသို့ လက်ညှိုးထိုးပြီး ပြော၏။ ပြည့်နိုင်မင်း လှမ်းကြည့်လိုက်သည်။ ထိုအခါ ရှမ်းရိုးရာ





ဝတ်စုံများကို ကိုယ်စီဝတ်ဆင်ထားကြသည့် ညီမလေးနန်းအိခိုင်၊ ညီငယ် နန်းအင်နှင့် ညီမငယ် နန်းအိမ်တို့ မြက်ခင်းစိမ်းရှည်ကြီးများအကြားမှ ထိုးထွက်လာကြတာကို တွေ့ရသည်။

သူတို့က ပြုံးပြုံးပျော်ပျော်ဖြင့် လက်ဝှေ့ယမ်းပြကြ၏။ ရုတ်တရက် သူတို့သည် ပါးပျဉ်းများ တယမ်းယမ်းဖြစ်နေကြသည်။ မြွေကြီးများအဖြစ် ပုံစံပြောင်းသွားကြသည်။

ထို့နောက် သူတို့သည် ရေထဲသို့ဆင်းကာ ခန္ဓာကိုယ်များကို လွန့်လူးလျက် ကူးခတ်လာကြ၏။ လုံးအွန်ဆိုင်းက သူတို့ကို ကြည့်နေရာမှ ပြည့်နိုင်မင်းကို လှည့်ကြည့်လိုက်၏။

''အစ်ကိုကြီး ... ဒီကပစ္စည်းတွေကို အမြန်ဆုံး လာယူနိုင်အောင် ကြိုးစားနော်''

''စိတ်ချပါကွာ''

❑

ပြည့်နိုင်မင်း နှစ်ခြိုက်စွာ အိပ်ပျော်နေရာမှ မျက်လုံးများ ဖြည်းညင်းစွာပွင့်လာသည်။ သူ ဖြည်းဖြည်းလေး ထထိုင်လိုက်၏။ ထို့နောက် အိပ်ပျော်နေဆဲဖြစ်သော အောင်သူကို တစ်ချက်လှည့်ကြည့်ပြီး ခြေဖော့နင်းကာ ထွက်သွားသည်။

သူ တံခါးမကြီးကို အသံမမြည်အောင်ဖွင့်ပြီး အိမ်ထဲမှ ထွက်ခဲ့သည်။ တံခါးချပ်ကို ပြန်စေ့ထားခဲ့ပြီးနောက် ခြံထဲရှိ



www.burmeseclassic.com

www.burmeseclassic.com



ဝါးကွပ်ပျစ်လေးပေါ် ထိုင်ရင်း စဉ်းစားခန်းဝင်နေ၏။

"အင်း . . . ငါ့ရတနာတွေ သွားယူဖို့က ဒီလောက်ကြီး ထိ ခက်ခဲမှာမဟုတ်ဘူး။ ခက်တာက ငါ ဒီရတနာတွေနဲ့ ဘယ်လို ဘုရားတည်ရမှာလဲ၊ ဘယ်နေရာမှာ သွားတည်ရမှာလဲ၊ အဘက လည်း ငါ့ကို ဘာအိပ်မက်မှ မပေးတော့ဘူး"

သူ သက်ပြင်းမောကို မကြာခဏ ချနေမိ၏။ ရုတ်တ ရက် သူ၏မျက်လုံးအစုံသည် ခြံဝသို့ရောက်သွားသည်။ ထိုအခါ သူ၏မျက်လုံးအစုံမှာ ဝိုင်းစက်ပြူးကျယ်သွား၏။

ခြံတံခါးရှေ့၌ ဘုန်းတော်ကြီးတစ်ပါး မတ်တတ်ရပ်နေ ၏။ သပိတ်တစ်လုံးပိုက်ထား၏။ ထိုဘုန်းတော်ကြီးထံမှ ကိုယ် ရောင်ကိုယ်ဝါများ ယှက်ဖြာထွက်ပေါ်နေသည်ဟု ပြည့်နိုင်မင်း ထင်မိ သည်။

"ဟင် . . . ဒီကိုယ်တော်ဟာ သာမန်ဘုန်းတော်ကြီး တော့ မဟုတ်လောက်ဘူး။ ညဥ့်နက်သန်းခေါင်မှာ သာမန်ဘုန်း ကြီးကတော့ အခုလို ဆွမ်းခံကြွမှာမဟုတ်ဘူး၊ ငါနဲ့ ပဋ္ဌာန်းဆက်ရှိ တဲ့ ရဟန်းထူး ရဟန်းမြတ်ပဲ ဖြစ်ရမယ်"

ထိုအတွေးကြောင့် သူ ဝမ်းမြောက်သွားသည်။ ချက်ချင်း ပင် ခြံတံခါးကို အပြေးအလွှား ဖွင့်ပေးလိုက်သည်။

"အိမ်ထဲကိုကြွပါ ဘုရား"

ကြည်ညိုစွာဖြင့် လျှောက်တင်ရင်း ထိုဘုန်းတော်ကြီးကို ကြည့်လိုက်သည်။ ဘုန်းတော်ကြီးမှာ သက်တော် ၇၀–ခန့်ရှိ၏။





မြင်သူတကာ ကြည်ညိုလေးစားလောက်အောင် ဥပဓိရုပ် ခန့်ငြား ၏။ အသားအရေမှာ ဝင်းဝါတောက်ပနေလေသည်။

ဘုန်းတော်ကြီးက မျက်လွှာကို ဖြည်းညင်းစွာပင့်၍ကြည့် လိုက်၏။ သူ၏မျက်လုံးအစုံမှာ အလွန်ကြည်လင်နေ၏။

"ဒကာလေး ပြည့်နိုင်မင်း ရောက်လာပြီကိုး"

ပြည့်နိုင်မင်း လှိုက်ခနဲ ဝမ်းမြောက်သွား၏။ သူ့အထင် မှန်ကန်ကြောင်းကို စိတ်ထဲမှကျိတ်၍ ထောက်ခံလိုက်သည်။ သူက မြေပေါ် ဒူးတုပ်ချ၍ ကန်တော့ပြီး . . .

"တင်ပါ့ဘုရား . . . ဦးပဥ္စင်းက ဆရာတော်ဦးဝိဇယ လို့ တပည့်တော် ထင်ပါတယ်"

"ဒကာလေးအထင် မမှားပါဘူး"

"တပည့်တော် ဦးလေးဦးထွန်းကြည်တို့ကို နှိုးလိုက်ဦး မယ်"

"မနှိုးပါနဲ့ . . . ဦးပဥ္စင်းက ဒကာလေးဆီကိုကြွလာတာ ပါ"

"အမိန့်ရှိပါ"

"မြို့ရိုးပေါ်မှာရှိတဲ့ စေတီတော်ငါးဆူကို ဒကာလေး ဖူးပြီးပြီလား"

"တင်ပါ . . . ဒဏ္ဍစေတီ, ရှုဥ္ဇာမဏိစေတီ, အေးချမ်း သာယာစေတီ, မြရတနာစေတီနဲ့ လွှမ်းစေတီတော်တို့ကို တပည့် တော် ရောက်ရောက်ချင်းနေ့ကပဲ ဖူးဖြစ်ပါတယ်၊ ဆရာတော်က



www.burmeseclassic.com

www.burmeseclassic.com



ဒုတ္တစေတီနဲ့ စူဠာမဏိစေတီ နှစ်ဆူကိုပဲ ပြန်လည်ပြုပြင်ခဲ့တယ် နော်၊ ကျန်တဲ့စေတီသုံးဆူကို ဘာလို့မပြင်ခဲ့တာလဲ ဘုရား"

ဆရာတော်ဦးဝိဇယက ကြည်လင်အေးချမ်းသောအပြုံး ဖြင့် ပြည့်နိုင်မင်းကို စိုက်ကြည့်လိုက်သည်။

"အဲဒီစေတီတော်သုံးဆူက ဦးပဉ္ဇင်းတည်ဖို့အတွက် မဟုတ်ဘူး၊ ဒကာလေးတို့နှစ်ဦး တည်ရလိမ့်မယ်၊ လိုအပ်တာ ဦးပဉ္ဇင်း ကူညီပေးမယ်"

"ဟာ . . . ဝမ်းသာလိုက်တာ ဆရာတော်ရယ်၊ တပည့် တော်လည်း ဘုရားတည်ချင်နေတာ၊ တစ်ဆူဖြစ်ဖြစ်ပေါ့၊ အခု တော့ သုံးဆူတောင် တည်ဖို့ ကုသိုလ်ကံ တပည့်တော်မှာ ရှိနေ တာ သိရလို့ ကြည်နူးမိပါတယ်၊ ဒါနဲ့ နောက်တစ်ဦးက ဘယ်သူ ပါလဲ"

"မေငြိမ်းချမ်းဆိုတဲ့ မိန်းကလေးပါ"

ပြည့်နိုင်မင်း၏မျက်လုံးအစုံမှာ အရောင်တလက်လက် တောက်ပလာသည်။

"ချန်နီ ချန်နီလည်း တပည့်တော်နဲ့အတူ ဒီကုသိုလ် ပါဝင်ခွင့်ရှိတာပေါ့နော်"

"ဒကာလေးတို့ရဲ့ မေတ္တာတရားဟာ တစ်ယောက် တစ်ယောက် ကမ္ဘာခြားနေမယ်ဆိုခဲ့ရင်တောင် ပြန်ဆုံနိုင်အောင် ဖန်တီးပေးနိုင်တဲ့ စွမ်းအားရှိပါတယ်၊ ဒကာတို့နှစ်ယောက် ပေါင်းလုပ်တဲ့ ဘယ်ကိစ္စမဆို အောင်မြင်ပါလိမ့်မယ်၊ အနော



အယုက်ကတော့ ရှိမှာပဲ၊ ဒကာလေးတို့ဘက်က အဆင်သင့်ဖြစ် ရင် ဦးပဉ္ဇင်း လာခဲ့ပါ့မယ်"

"တပည့်တော်တို့က ဘာကို အဆင်သင့်ဖြစ်အောင် လုပ်ပေးရမှာလဲ ဘုရား"

"စေတီသုံးဆူမှာ ဌာပနာမယ့် ရတနာပစ္စည်းတွေကို သွားယူလိုက်လေ"

"ဩော် . . . ဒီကိစ္စအတွက်တော့ စိတ်ချပါ ဆရာတော် ဘုရား"

ဦးဝိဇယ၏မျက်နှာထား တည်ကြည်လေးနက်သွား သည်။

"ဒီကိစ္စကို ပေါ့ပေါ့လျော့လျော့ သဘောမထားပါနဲ့၊ ဘယ်သူ့ကိုမှလည်း ပေးမသိနဲ့ဦး၊ သိတဲ့လူများလေ အန္တရာယ် ကြီးလေ၊ အနှောင့်အယှက်များလေပဲ၊ မှတ်ထားပါ"

"ဟို . . . ချန်နီကိုကော ပေးသိလို့ ဖြစ်မလား"

"သူသိပြီးနေလောက်ပြီ၊ သူတော်စင်အဘက သူ့ကို အသိပေးပါလိမ့်မယ်"

"ဒီလိုဆို ရတနာတွေ သွားယူဖို့ကိစ္စကို တပည့်တော်တို့ နှစ်ယောက်တည်းနဲ့ပဲ လုပ်ရမှာပေါ့နော်"

"ဟုတ်တယ်၊ လျှို့လျှို့ဝှက်ဝှက်လုပ်ကြပါ၊ မင်းတို့ကို သမ္မာဒေဝနတ်ကောင်းနတ်မြတ်တွေကလည်း ကူညီပေးကြပါ လိမ့်မယ်၊ ကဲ . . . ဦးပဉ္ဇင်း ပြန်ကြဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



''တင်ပါ့ဘုရား''

ပြည့်နိုင်စိုးက ထပ်မံဝတ်ပြုကန်တော့လိုက်သည်။ သူ ခေါင်းမော့ကြည့်လိုက်တော့ ဆရာတော်ဦးဝိဇယ ရှိမနေတော့ချေ။ သူ ကြည်နူးဝမ်းမြောက်စွာ ပြုံးမိ၏။

''ငါ အခု ဘာလုပ်ရမယ်ဆိုတာကို သေသေချာချာ သိလိုက်ရပြီ''

သူ စိတ်လှုပ်ရှားစွာဖြင့် တစ်ကိုယ်တည်း ရေရွတ်နေလေသည်။

❑ ❑ ❑

## အခန်း (၁၅)

## လက်မတင်လေး

နွေရာသီ၏ လပြည့်ညလေးမှာ အမှောင်ထုနည်းပါးလှ၏။

လရောင်အောက်တွင် လူတစ်ဆယ်ခန့် တိတ်ဆိတ်စွာ လှုပ်ရှားနေသည်ကို တွေ့ရသည်။ သူတို့သည် ကြံခတ်ဝါးရုံတောလေးတစ်ခု ရှိနေသော တောင်ပေါ်သို့ ကုပ်တွယ်တက်နေကြသည်။

မကြာပါချေ။ သူတို့အားလုံး တောင်ပေါ်သို့ ရောက်ရှိလာကြသည်။

ထိုလူများထဲတွင် အသက်အကြီးဆုံးအဘိုးကြီးမှာ ဘယ်လက်ပြတ်နေ၏။ ထိုအဘိုးကြီးမှာ မြွေအလမ္ပာယ်ဆရာ ဂိုဘင်ဖြစ်သည်။ သူ့အား အသက် ၁၈-နှစ်ခန့်ရှိသော အိန္ဒိယလူငယ်တစ်ဦးက ဖေးမထား၏။ ထိုလူငယ်မှာ ဂိုဘင်၏သား ဘားနက်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အသက် ၇၀–ခန့်ရှိသော အမျိုးသားကြီးမှာ သိုက်ဆရာ မင်းဒင်ဖြစ်၏။ ကျန်လူများမှာ လူငယ်များဖြစ်၏။ လူငယ်နှစ်ယောက်မှာ ဂိုဘင်၏လူယုံများဖြစ်၏။ ငါးယောက်က ဦးမင်းဒင်၏ တပည့်များပင်တည်း။

ဦးမင်းဒင်၏မျက်လုံးအစုံမှာ အရောင်တွေ တောက်ပြောင်နေ၏။ လောဘရိပ်တွေ၊ မျှော်လင့်ချက်တွေဖြင့် ပြည့်နှက်နေသည်။

သူက ဂိုဘင်ကို လှည့်ကြည့်လိုက်၏။

"အစ်ကိုကြီး . . . ဒီနားတစ်ဝိုက်မှာ မြွေတွေရှိသလား"

အသက်အရွယ်ကြီးပြီဖြစ်သော ဂိုဘင်မှာ မောဟိုက်နေတာကို ဖုံးကွယ်၍ ဟန်ဆောင်သန်စွမ်းပြနေရသည်။ မင်းဒင်၏ အပြောချိုပေမယ့် သဘောမချိုတာကို သူရိပ်မိသည်။ သူဘယ်လိုလူစားမျိုးဆိုတာကိုလည်း ဂိုဘင်မေ့ထား၍မဖြစ်။ မြွေမြွေချင်း ခြေမြင်သည်လေ၊

ဂိုဘင်က ကြေးပလွေကြီးကို ထုတ်ယူလိုက်၏။

"ခေါ်ကြည့်လိုက်မယ်လေ"

ပြောရင်း မြေပေါ်ထိုင်ချကာ ပလွေကို စတင်မှုတ်လိုက်သည်။ ပလွေသံ ခပ်တိုးတိုးလေး ထွက်ပေါ်လာသည်။ အားတက်ပျော်ရွှင်ဖွယ်ရာကောင်းသည့် စစ်သီချင်းသံမျိုးဖြစ်၏။

၁၅–မိနစ်ခန့်ကြာတော့ ဂိုဘင် ပလွေမှုတ်ခြင်းကို ရပ်တန့်လိုက်သည်။



"ဒီတောင်ပေါ်မှာ မြွေမရှိဘူး။ မင်းတို့စိတ်ကြိုက် မွှေနှောက်ရှာကြပေတော့"

"ဟုတ်ကဲ့ အစ်ကိုကြီး"

မင်းဒင်က ကျာပွတ်နက်ကို ခွေလျက် အသင့်ကိုင်ရင်း ရှေ့မှဦးဆောင်ကာ ဝါးတောထဲ တိုးဝင်သွားသည်။ သူ၏လူငါးယောက်လည်း လက်နက်ကိုယ်စီဖြင့် သူ့နောက်မှ အသင့်အနေအထားဖြင့် လိုက်ပါသွားကြသည်။

"ဒယ်ဒီ ကျွန်တော်တို့ လိုက်သွားမှာလား"

ဘားနက်က ဂိုဘင်ကိုဆွဲထူရင်း အသံတိုးတိုးဖြင့် မေးသည်။

"လိုက်ရမှာပေါ့၊ သီဟနဲ့သူရတို့ မင်းတို့ညီအစ်ကိုနှစ်ယောက် လိုက်ကြည့်၊ ဟုတ်လား"

ဂိုဘင်က သူ လက်သပ်မွေးထားသော ညီအစ်ကိုနှစ်ယောက်ကို အမိန့်ပေးလိုက်သည်။ သူတို့နှစ်ယောက်သည် တိုက်ရည်ခိုက်ရည် ပြည့်ဝပြီး သတ္တိကောင်းသူများ ဖြစ်၏။ သူတို့ကို ငယ်စဉ်ကတည်းက ကျွေးမွေးစောင့်ရှောက်ခဲ့သော ဂိုဘင်အပေါ်၌ အသက်ပေး သစ္စာစောင့်သိဖို့ ဆုံးဖြတ်ထားကြသူတွေဖြစ်သည်။

သူတို့က ခေါင်းလေးတွေညိတ်ပြီး မင်းဒင်တို့နောက်သို့ လိုက်သွားသည်။ နောက်ဆုံးမှ ဂိုဘင်တို့သားအဖက လိုက်ပါသွားသည်။

'ရွှမ်း'

www.burmeseclassic.com

www.burmeseclassic.com



မင်းဒင်က သူ၏ကျားပွတ်ကို လေထဲသို့ ဆန့်ထုတ်လိုက်သည်။ ကျားပွတ်က ပျော့ခွေကျလာ၏။ မင်းဒင် အလိုမကျခြင်းများဖြင့် ရက်စက်ကြမ်းကြုတ်ဟန်များကို ဖော်ဆောင်ပြနေသည့် သူ၏မျက်လုံးထူကြီးကို ကုပ်လိုက်သည်။

''လုပ်ပြန်ပြီ၊ မနေ့ကမနက်မှာ ငါ့ကျားပွတ်က ဒီတောင်ကို တည့်တည့်မတ်မတ် ညွှန်ပြနေခဲ့တာပဲ၊ အခု ဒီမှာ ရတနာ သိုက်မရှိတော့ဘူးတဲ့၊ ဒီနယ်မြေက သိုက်နန်းရှင်တွေက လျှင်လှချည်လား၊ ဒင်းတို့သိုက်ပြောင်းပြေးသွားကြပြီ''

ဂိုဘင်က ထက်ခြမ်းကွဲ၍ လဲပြိုနေသော ဝါးပိုးဝါးနှစ်ခြမ်းကို သတိပြုမိသွား၏။ ထို့ပြင် တချို့ဝါးပင်များ၏အောက်ခြေ၌ အလွန်ကြီးမားသော မြေတွင်းကြီးများ ရှိနေတာကို တွေ့ရသည်။ သူ စိတ်ပျက်ဟန်ဖြင့် သက်ပြင်းတစ်ချက် ချလိုက်သည်။

''အင်း ...ဒီတစ်ခါလည်း လွဲပြန်ပြီ''

''ကျွန်တော် ထပ်ပြီးလိုက်ရှာကြည့်မယ် အစ်ကိုကြီး သိုက်တစ်ခုမဟုတ်တစ်ခုတော့ ဖမ်းမိမှာပေါ့၊ တစ်ချိတည်းနဲ့ မီလျှံနာဖြစ်မယ့်ကိစ္စမျိုးဆိုတော့ ဒီလောက်လေး ခက်ခဲပင်ပန်းတာကို ကြည့်မနေသင့်ဘူး မဟုတ်လား''

''ဒီလိုတွေနဲ့ပဲ မင်းခေါ်တဲ့နောက်ကို ငါတို့လိုက်နေတာ ညပေါင်းမနည်းတော့ဘူး မင်းဒင်။ ဒီတစ်ချီတော့ ငါ ခေါ်တဲ့ နောက်ကို မင်းတို့လိုက်ခဲ့ပေးပါလား''

''အစ်ကိုကြီးက ဘယ်နေရာသွားမလို့လဲ''



''နာမည်ကြီးတဲ့ နတ်မြေစံအိမ်ဆီသွားမလို့''

ဂိုဘင်၏စကားသံက အေးစက် ခက်ထန်နေသလို မျက်နှာထားကလည်း တင်းနေ၏။ မျက်လုံးအစုံက သူ၏ ဘယ်ဘက်လက်ပြတ်ထဲသို့ ရောက်ရှိနေသည်။ ထိုမျက်လုံးထဲမှာ မုန်းတီးနာကြည်း ခံပြင်းရိပ်များ စွန်းထင်းနေလေသည်။ သူ ယခုကဲ့သို့ ဒုက္ခိတဘဝမျိုးရောက်အောင် ပြုလုပ်ခဲ့သည့် တရားခံအစစ်အမှန်ကို ကောင်းကောင်း ခန့်မှန်းသိနေခဲ့သည် မဟုတ်ပါလော။

မင်းဒင်က ဂိုဘင်၏ခံစားချက်ကို ရိပ်မိလိုက်၏။

''အဲဒီလောက် ကြမ်းတဲ့နေရာမျိုးကိုတော့ ရှောင်တာကောင်းလိမ့်မယ်၊ ဒီနယ်မြေမှာ တခြားရတနာသိုက်တွေလည်းရှိတာပဲ၊ လွယ်လွယ်ကူကူနဲ့ ယူနိုင်မယ့်နေရာမျိုးဆို ပိုမကောင်းဘူးလား''

ဂိုဘင်က မင်းဒင်ကို စေ့စေ့ကြည့်ရင်း လှောင်ပြုံး ပြုံးလိုက်သည်။

''မင်း ကြောက်လို့လား''

စကားသံကလည်း မထိတရိ။ မင်းဒင်က မျက်နှာတစ်ချက် မပျက်ဘဲ ခေါင်းခါပြ၏။

''ကြောက်လို့ မဟုတ်ပါဘူး၊ မိုက်ရူးရဲမဆန်ချင်တာပါ၊ မလိုအပ်ဘဲ စွန့်စားတာကို မိုက်ရူးရဲဆန်တယ်လို့ သတ်မှတ်ထားကြတယ်၊ အစ်ကိုကြီးစဉ်းစားကြည့်လေ ...အဲဒီလို လူသိများတဲ့ စေတီက ဌာပနာကိုဖောက်နိုင်ခဲ့ရင်တောင် တစ်ဖက်နိုင်ငံကို

www.burmeseclassic.com

www.burmeseclassic.com



ကူးဖို့ ဘယ်လွယ်ပါ့မလဲ၊ အားလုံး သံတိုင်နောက် ရောက်ကုန်မှာပေါ့''

''ဘယ်သူက ဒီလိုစဉ်းစားဉာဏ်မရှိတဲ့အလုပ်မျိုး လုပ်မှာလဲ၊ ငါ အဲဒီကိုသွားမှာ ဌာပနာသိုက်ကို ဖောက်ဖို့မဟုတ်ဘူး''

''ဒါဖြင့် အစ်ကိုကြီးက အချိန်ကုန်ခံပြီး ဘာသွားလုပ်မှာလဲ''

ဂိုဘင်က သွားများကိုစေ့ရင်း ရေခဲတမျှ အေးစက်သောလေသံဖြင့် မင်းဒင်၏မေးခွန်းကို အဖြေပေးလိုက်သည်။

''မီးရှို့ပစ်မလို့၊ အဲဒီ နတ်မြွေစံအိမ်ကို ငါ ပြာမှုန့်ပုံအဖြစ်ပြောင်းမယ်''

❑

'ဒေါင်'

မင်းလွင်ကုန်းရွာထိပ်ရှိ ကင်းလှည်းထဲမှ သံခေါက်သံတစ်ချက် ထွက်ပေါ်လာသည်။ ကင်းစောင့်သမားနှစ်ယောက်အနက် တစ်ယောက်က သံခေါက်ပြီးနောက် အိပ်ပျော်နေသောကျန်တစ်ယောက်ကိုလှုပ်နှိုးလိုက်သည်။

''ဟော့ကောင် ထ ထ . . . မင်းစောင့်ရမယ့်အလှည့်ရောက်ပြီ''





ယင်းအချိန်မှာပင် ရွာတွင်းမှ လူရိပ်တစ်ခု အလွန်င်မြန်စွာ ပြေးထွက်လာသည်။ ထိုလူရိပ်သည် ကင်းလှည်းကိုတ်ကျော်ပြီး ရွာပြင်သို့ ရောက်ရှိလာသည်။ မရပ်မနား ပြေးားလာသော လူရိပ်သည် စေတီလေးများရှိနေသော မြို့ရိုးရှေ့သို့ရောက်၍ ခြေလှမ်းရပ်တန့်လိုက်၏။

ထိုလူမှာ ပြည့်နိုင်မင်းဖြစ်၏။ ပြည့်နိုင်မင်း၏ မျက်နှာပေါ် စိတ်လှုပ်ရှားမှုနှင့်အတူ ပျော်ရွှင်ကြည်နူးမှုများဖြင့် အရောင်ာက်ပနေသည်။

သူသည် အသက်ကို ပြင်းပြင်းရှူရင်း စေတီပျက်လေးဆူကို အရောင်တောက်ပသော မျက်လုံးအစုံဖြင့် စိုက်ကြည့်နေသည်။ သူ့မျက်ဝန်းအိမ်၌ ထင်ဟပ်နေသော စေတီသုံးဆူမှာတ်ပုံအဖြစ်ရှိနေသော ပုံရိပ်မျိုးမဟုတ်။ စိန်ဖူးတော်များလက်လက်ဖြင့် တင့်တယ်နေသော စေတီမျိုးဖြစ်၏။ အမှန်ာ့ သူ့စိတ်ကူးထဲ ပုံဖော်မိသောမြင်ကွင်းမှာ မြင်ယောင်နေခြင်းစ်သည်။

ခဏကြာတော့ သူ အမောပြေသွား၏။ သူ အုတ်မြို့ရိုးနီးသို့ ချဉ်းကပ်ရန် ခြေလှမ်းပြင်လိုက်သည်။ ယင်းအချိန်တ်တရက် –

''ကျွီ''

ပြည့်နိုင်မင်း ခြေလှမ်းရပ်တန့်ပြီး အသံထွက်ပေါ်လာရာသို့ လှမ်းကြည့်လိုက်သည်။ အသံက ဤပတ်ဝန်းကျင်တစ်ဝိုက်မှာ



www.burmeseclassic.com

www.burmeseclassic.com



နာမည်ကြီးနေသော တားမြစ်နယ်မြေတစ်ခုဖြစ်သည့် နတ်မြွေစံအိမ်မှ ထွက်ပေါ်လာခြင်းဖြစ်သည်။

နတ်မြွေစံအိမ်၏ တံခါးချပ်မှာ ပွင့်သွား၏။ အိမ်တွင်းမှ မိန်းကလေးတစ်ယောက် ကြီးမားလေးလံသော ပစ္စည်းတစ်ခုကို မနိုင်မနင်းသယ်ရင်း ထွက်လာသည်။

"အီး အီး"

ထိုမိန်းကလေးထံမှထွက်ပေါ်လာသောအသံကို ပြည့်နိုင်မင်း ရင်းနှီးနေသလို ခံစားမိ၏။ သူ အသေအချာ စိုက်ကြည့်လိုက်၏။ ထိုအခါမှ ညဥ့်နက်သန်းခေါင်တွင် တားမြစ်နယ်မြေထဲဝင်ကာ ပစ္စည်းမထုတ်နေသူမှာ မေငြိမ်းချမ်းဖြစ်ကြောင်း တွေ့ရသည်။

"ဟင် ... ချန်နီပါလား"

သူ ချက်ချင်း ပြေးလွှားသွား၏။

"ချန်နီ ဘာတွေလုပ်နေတာလဲ"

ပါးစပ်ကမေးနေသော်လည်း သူ၏လက်နှစ်ဖက်ကတော့ မေငြိမ်းချမ်းမယူလာနေသော ပစ္စည်းကို ကူမပေးလိုက်သည်။ ထိုပစ္စည်းမှာ ပါးပျဥ်းထောင်နေသော ကျောက်မြွေရုပ်ကြီး တစ်ကောင် ဖြစ်သည်။

ထိုမြွေရုပ်မှာ အသေးစိတ်ထွင်းထုထားသည့်အပြင် ဆေးရောင်စုံခြယ်သထားသဖြင့် အလွန်လက်ရာမြောက်၏။ အသက်ဝင်လှ၏။ ရုတ်တရက်မြင်လျှင် တကယ့် သက်ရှိမြွေဟု သာ ထင်ကြပေမည်။





မေငြိမ်းချမ်းက သူ့ကိုမြင်တော့ မျက်လုံးများ ရွှန်းလဲ့တောက်ပသွားသည်။ အပြုံးပြန်းတစ်ပွင့်က သူမ၏နှုတ်ခမ်းဖူးဖူးလေးပေါ်မှာ လှပစွာ ထင်ဟပ်လာ၏။

"အို ... ကျွန်မ ရှင့်ကိုတမ်းတနေတာ၊ ကြည့်စမ်း ... ရှင် ကျွန်မဆီ တကယ်ရောက်လာပါလား"

"ကိုယ့်ကို ချန်နီ သိပ်လိုအပ်နေတယ်ပေါ့ ဟုတ်လား"

"အမှန်ပဲ ... ရှင့်ကို ကျွန်မ အရေးတကြီးကို လိုအပ်နေတယ်"

ပြည့်နိုင်မင်းက ပြုံးရင်း –

"ဘာလုပ်ဖို့လဲ၊ ဒီအိမ်ထဲက မြွေရုပ်တွေကို ကူရွှေ့ပေးဖို့လား"

မေငြိမ်းချမ်းက အလောတကြီးဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ရှင် ကျွန်မကိုကူညီမယ် မဟုတ်လား"

"မေးဖို့လိုသေးလို့လား ချန်နီရယ်၊ အခုပဲ ကူမပေးနေပြီပဲ ဒါကို ဘယ်နေရာထိ မ,သွားရမှာလဲ"

"ဟိုဘက်ထောင့်က ဝါးရုံတောထဲမှာ ထားထားရမယ်"

"ဘာကိစ္စကြောင့် အပင်ပန်းခံနေရတာလဲ"

"နောက်မှပြောပြမယ်၊ အခုချိန်မှာ အရေးကြီးဆုံးက အိမ်ထဲကမြွေရုပ်တွေကို သယ်နိုင်သမျှ သယ်ထုတ်ထားဖို့ပဲ"

"ဘာဖြစ်လို့လဲ၊ ကိုယ် သိပ်သိချင်နေပြီ ချန်နီ"



www.burmeseclassic.com

www.burmeseclassic.com



''အချိန်တန်တော့ သိရမှာပေါ့ရှင်''

မေငြိမ်းချမ်း၏အသံမှာ မောဟိုက်သံနှင့်အတူ စိတ်ထိခိုက်သံတွေ ရောယှက်ပါနေ၏။ ပြည့်နိုင်မင်း ဘာမှ ထပ်မမေးဘဲ မေငြိမ်းချမ်းလုပ်တဲ့ကိစ္စတွေကိုသာ ကူညီလုပ်ပေးလိုက်သေသည်။

❑

နတ်မြွေစံအိမ် (သို့မဟုတ်) မြွေနန်းတော်

အလွန်ချောမောလှပသော မိန်းကလေးများအသွင်သို့ ဖန်ဆင်းနိုင်စွမ်းရှိသည့် နတ်မြွေမများရှိသည်ဟု ရှေးလူကြီးတချို့ ပြောဆိုခဲ့သည့်စကားဖြင့် နာမည်ကြီးနေသော ကျွန်းအိမ်အိုကြီးမှာ တားမြစ်နယ်မြေတစ်ခုဖြစ်၏။ ထိုနေရာကို ဆရာတော်ဦးဝိဇယက တားမြစ်နယ်မြေအဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

ယနေ့ညမှာမူ ဘုရားစောင့်သိုက်မြွေမများရှိသည် ဆိုသော ထိုနယ်မြေသို့ လူများ တဖွဲဖွဲရောက်ရှိလာနေကြသည်။ သခါရသဘောတရား၏ နိယာမပေတကား။

ပထမ မေငြိမ်းချမ်းက တံခါးချပ်ပေါ်မှာ အသေပိတ်ကာ ရိုက်ထားသော သစ်သားချောင်းကို ဖျက်ဆီးကာ အတွင်းမှ မြွေရုပ်များကို ဒုတိယရောက်ရှိလာသော ပြည့်နိုင်မင်း၏ အကူအညီဖြင့် သယ်ထုတ်သွားခဲ့သည်။





ထိုနေရာသို့ တတိယရောက်ရှိလာသောလူစုမှာ ကိုဘင်နှင့် မင်းဒင်တို့လူစုဖြစ်၏။ ကိုဘင်က အချက်ပြလိုက်သည်နှင့် လူငယ် ရ-ယောက်တို့က အသင့်ကောက်ယူလာကြသော ထင်းချောက်များကို ကျွန်းအိမ်အိုကြီး၏ပတ်လည်မှာ စနစ်တကျ လျင်လျင်မြန်မြန် စုပုံပြီး အသီးသီး မီးရှို့လိုက်ကြသည်။

မကြာမီမှာပင် မီးတောက်ကြီးက ကျွန်းအိမ်အိုကြီးကို ဝါးမျိုတောက်လောင်လေသည်။ မီးတောက်မီးလျှံများကိုကြည့်ပြီး ကိုဘင်က ခေါင်းမော့ကာ ဟားတိုက်ရယ်မောလိုက်သည်။

''ဟား ဟား ဟား ... ဘာနတ်မြွေ ရှိလဲ ... ထွက်ခဲ့စမ်း ငါနဲ့ယှဉ်ပြိုင်ကြည့်ကြစမ်းပါ၊ ထွက်ခဲ့လေ ... ဟား ဟား ... မှတ်ပြီလား၊ ကိုဘင်တဲ့ဟေ့ ... ဟား ဟား''

စိတ်လွတ်ကိုယ်လွတ်ကို ကိုဘင်က အော်ဟစ်ရယ်မောလိုက်၏။ အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

''ဟာ အစ်ကိုကြီး ... ဘာလို့ ဒီလောက်အကျယ်ကြီး အော်ရယ်ရတာလဲ၊ ဟိုရွာကလူတွေ ကြားသွားပြီး ရောက်လာကြရင် ရှင်းရခက်မယ်နော်''

''ဟုတ်တယ် ဒယ်ဒီ၊ အသံကြားလို့ ထွက်ကြည့်တဲ့လူတွေက မီးရောင်တွေ့ရင် လူစုပြီးလာကြမှာပဲ၊ လာ ... ကျွန်တော်တို့ ဒီနေရာက အမြန်ခွာမှဖြစ်မယ်''

ဘားနက်က ပြောပြောဆိုဆိုဖြင့် ကိုဘင်လက်ကိုဆွဲကာ အတင်းခေါ်သွား၏။ ကိုဘင်က ကျေနပ်အားရစွာရယ်မောရင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါသွားသည်။

မင်းဒင်က မကျေနပ်စိတ်ကို ရင်ထဲမှာပဲ အလုံပိတ်သိမ်းလိုက်ရသည်။ ဒေါသကို မျိုချလိုက်ရ၏။ မြွေပေါသော ဤနေရာမျိုးတွင် ဂိုဘင်လိုလူမျိုး ရှိနေမှုဖြစ်မည် မဟုတ်ပါလော။

❑

မင်းဒင်တို့၏နောက်ကျောကိုကြည့်ရင်း ပြည့်နိုင်မင်းနှင့် မေငြိမ်းချမ်းတို့ သက်ပြင်းကိုယ်စီ ချလိုက်ကြသည်။ သူတို့သည် ဝါးရုံတောထဲ၌ ကျောက်မြွေရုပ် ၄–ရုပ်နှင့်အတူ ပုန်းအောင်းနေခြင်း ဖြစ်၏။

မေငြိမ်းချမ်းက မီးတောက်မီးလျှံကြီးထဲသို့ အကြည့်ကို ရွှေ့ပြောင်းလိုက်၏။ သူမ၏မျက်လုံးအစုံ၌ ကြေကွဲရိပ်များ စွန်းထင်းနေ၏။

ထိုစဉ် မီးတောက်မီးစွယ်များမှ အလင်းတန်းတချို့ ကောင်းကင်ပေါ်သို့ တစ်ဟုန်ထိုး တက်သွားကြသည်။ ကျွန်းသားကို မီးစားသည့် အသံများကြားမှ မိန်းမသံတချို့ကို မသဲမကွဲ ကြားရ၏။

'ဖျောက် ဖျစ် ဖျစ်'

မေငြိမ်းချမ်းက ငွေ့ငွေ့လေးပြုံးလိုက်သည်။





''သူတို့ ကျွန်မတို့ကို နှုတ်ဆက်သွားကြတာ ရှင်ကြားတယ်မဟုတ်လား''

''ကြားပါတယ်၊ သူတို့ ကောင်းမွန်ရာဘုံကိုရောက်ကြမှာပါ ချန်နီ သူတို့အတွက် ဝမ်းသာပေးသင့်တယ်''

''သူတို့က သူတို့က နောင်ပွင့်မယ့် အရိမေတ္တေယျဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ဖူးပြီး ကျွတ်တမ်းဝင်ချင်ကြတာ၊ ဒီအစွည်းတွေကို ဘုရားရှင်ဆီလှူဒါန်းရင်း နိဗ္ဗာန်ဆုကိုတောင်းကြမယ်ဆိုပြီး ရည်ရွယ်ထားကြတာလေ''

ပြည့်နိုင်မင်းက မေငြိမ်းချမ်း၏ပခုံးကို ပုတ်ကာ နှစ်သိမ့်လိုက်သည်။

''စိတ်မကောင်းမဖြစ်ပါနဲ့ ချန်နီ၊ လောကမှာ လိုချင်တိုင်း ဘယ်ပြည့်နိုင်ပါ့မလဲ၊ ဒါကို ကိုယ်တို့ အကြိမ်ကြိမ်တွေ့ကြုံနားလည်ခဲ့ပြီးပြီပဲ၊ ဖြစ်ချိန်တန်လို့ ဖြစ်လာခဲ့ပြီးရင် ပျက်ချိန်ဆိုတာ ရောက်လာမှာပဲလေ၊ ကိုယ်တို့ ဒီသဘောတရားကို အမြဲနှလုံးသွင်းထားကြရမယ် မဟုတ်လား''

''ကျွန်မ နားလည်ပါတယ်၊ ဖြစ်တဲ့ပျက်တတ်တဲ့ သင်္ခါရသဘောကိုလည်း အမြဲ ဆင်ခြင်မိပါရဲ့၊ ဒါကြောင့်လည်း အခုလိုအချိန်မျိုးမှာ ဒီလောက် ခံနိုင်ရည်ရှိနေတာပါ၊ ဒါပေမဲ့ စိတ်တော့ ဘယ်လိုလုပ် ကောင်းနိုင်ပါ့မလဲ''

''မကောင်းမရှိနဲ့ချန်နီ။ ဒီမြွေရုပ် ၄–ခုကို ပင်ပင်ပန်းပန်း ခက်ခက်ခဲခဲနဲ့ သယ်ထုတ်နိုင်ခဲ့တာကို ဝမ်းသာလိုက်ဦး၊



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပြီလား''

မေငြိမ်းချမ်းက မြေရုပ်ကြီး ၄–ခုကို ငေးကြည့်ရင်း ပြုံးမိသွားသည်။

''အဲဒါ ရှင်ကူညီပေးလို့ပါ၊ ပင်ပန်းသွားသလားဟင်''

ပြည့်နိုင်မင်း ပြုံးရင်း ခေါင်းခါသည်။

''နည်းနည်းလေးမှ မပင်ပန်းဘူး''

''ဟုတ်လား၊ ဒီလိုဆို ကူညီလက်စနဲ့ ဆက်ကူညီပါဦး''

''ပြောလေ ...ဘာမဆို ကူညီဖို့အဆင်သင့်ပဲ''

''ဒီကျောက်မြေရုပ်တွေကို ဒီနားတစ်ဝိုက်မှာပဲ လုံလုံခြုံခြုံ ဝှက်ထားရမယ်၊ အဲဒါ ဆက်လုပ်ပေးဦး''

''ကောင်းပြီဗျာ၊ ချန်နီဆီက ကိုယ်လည်း အကူအညီတောင်းစရာတွေရှိတယ်''

မေငြိမ်းချမ်းက လက်ကာပြလိုက်၏။

''ပြောမနေနဲ့ ကူညီမယ်''

ပြည့်နိုင်မင်း ရယ်မောလိုက်မိသည်။ မေငြိမ်းချမ်း၏ လှုပ်ရှားပုံဟန်ပန်နှင့် စကားသံလေးများမှာ အလွန်အပြစ်ကင်း၍ ချစ်စရာကောင်းနေသည်။ သူမနှင့် စကားပြောရသည့်အချိန်များတွင် သူ အလွန်စိတ်ချမ်းသာ ကြည်နူးနေမိ၏။

''ကဲ ...ဒီလိုဆို ကိုယ်တို့ သူတို့အတွက် နေရာကောင်းလေး ရှာပေးလိုက်ကြရအောင်''

''အခုရှာလို့ မဖြစ်သေးဘူး''





''ဘာဖြစ်လို့လဲ''

''ဟိုမှာ လူတွေလာနေပြီလေ''

မှန်ပါသည်။ လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြသော ရွာသားအချို့ ခပ်သွက်သွက်ပြေးလာနေကြ၏။ မကြာမီမှာပင် သူတို့သည် ပြာပုံဘဝရောက်နေသော နတ်မြေစံအိမ်ရှေ့သို့ စုရုံးရောက်ရှိလာကြသည်။ အားလုံး တအံ့တသြဖြင့် ငြိမ်သက်သွားကြ၏။ တဒင်္ဂမျှသာဖြစ်၏။ နောက်ပိုင်းတွင် သူတို့သည် ပဟေဠိများကို ခန့်မှန်းပြောဆိုနေကြလေသည်။

❑

ရွာသားများ ပြန်လည်ထွက်ခွာသွားကြပေပြီ။

ဝါးတောထဲတွင် ပုန်းအောင်းနေသော ပြည့်နိုင်မင်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

''အင်း ...ကိုယ့်အိပ်မက်တွေထဲက တစ်ခုကို ပြန်သတိရလာပြီ ချန်နီ''

''ဘယ်လိုအိပ်မက်မျိုးလဲ''

''အခုလို လပြည့်ညတစ်ညမှာ အခု ပြာပုံဘဝရောက်နေတဲ့ နတ်မြေစံအိမ်ထဲကို ကိုယ်မြင်နေခဲ့ရတယ်၊ အဲဒီမှာ ကိုယ်မြင်ခဲ့ရတဲ့ ကျောက်မြေရုပ်ကြီးတွေဟာ အသက်ဝင် လှုပ်ရှားလာ



www.burmeseclassic.com

www.burmeseclassic.com



ပြီး စံအိမ်ထဲက ထွက်လာကြတယ်၊ သူတို့ဟာ လရောင်အောက်မှာ ကခုန်ရင်း လူမိန်းကလေးတွေအဖြစ် ပြောင်းလဲသွားတာကို ကိုယ့်မျက်စိထဲ ပြန်မြင်နေမိတယ်''

''ဟုတ်တယ်၊ အရင် လပြည့်ညတွေမှာဆို သူတို့ဟာ ပျော်ရွှင်လှုပ်ရှားနေခဲ့ကြတယ်၊ ကနေ့ညကတော့ သူတို့အတွက် နောက်ဆုံးညဖြစ်နေတယ်လေ၊ ဒီနယ်မြေလေးမှာရှိခဲ့တဲ့ ဂမ္ဘီရပညာဆန်းလေးရဲ့ တစ်စိတ်တစ်ပိုင်းဟာလည်း ပျောက်ကွယ်ချိန်တန်ပြီမို့ အခုလို အဆုံးသတ်သွားတာပါ''

ပြည့်နိုင်မင်း၏မျက်လုံးအစုံက အိုဟောင်းနွမ်းနေသော ကျောက်မြွေရုပ်ကြီး လေးရုပ်ထံသို့ ဝေ့ဝဲရောက်ရှိသွားသည်။

''စိတ်မကောင်းမဖြစ်ပါနဲ့ ချန်နီ၊ အခု ကိုယ်တို့မှာ ကျောက်မြွေရုပ် ၄–ရုပ်တောင် ကျန်ပါသေးတယ်၊ လျှို့ဝှက် ဂမ္ဘီရပညာဟာ လုံးလုံးမပျောက်ကွယ်သေးပါဘူး''

သူ၏စကားအဆုံးမှာပင် ရုတ်တရက် –

'ဖျစ် ဖျစ်'

ကျောက်မြွေရုပ် ၄–ခုထံမှ အသံများထွက်ပေါ်လာ၏။ သူတို့ကြည့်လိုက်စဉ် အရုပ်များမှာ ပက်ကြားတွေအက်လာ၏။ ထို့နောက် တစ်စစီ ပြိုကျပျက်စီးသွားကြလေပြီ။

''ဟင်''

''အို''

ပြည့်နိုင်မင်းနှင့် မေငြိမ်းချမ်းတို့ တွေဝေငေးမောလျက်





အလိုအလျောက် ပျက်စီးပြိုကျသွားကြသည်ကို မျက်လုံးအပြူးသား၊ ပါးစပ်အဟောင်းသားဖြင့် ကြည့်နေသည်။

ကျောက်မြွေရုပ်များမှာ ကျောက်တုံးကျောက်စအပုံအဖြစ် လုံးဝပြောင်းလဲသွားပေပြီ။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွား၏။ အတန်ကြာမှ မေငြိမ်းချမ်း၏အသံက တိတ်ဆိတ်မှုကို ဖြိုခွင်းထွက်ပေါ်လာသည်။

''သွားပြီ၊ တကယ်ကို အားလုံး အဆုံးသတ်သွားပြီပဲ''

''ကံကြမ္မာဟာ ကိုယ်တို့ကို ကြိုမြင်ခွင့် ကြိုပြီးဖတ်ရှုခွင့်မပေးဘဲ သူ့ဘာသာပြဋ္ဌာန်းစာအုပ်တစ်အုပ်အဖြစ် စာမျက်နှာအပြည့် ရေးသားသတ်မှတ်ထားတာတွေရှိတယ်၊ ဒါကို ဘယ်သူကမှ ပြောင်းလဲပြင်ဆင်နိုင်စွမ်းမရှိဘူး ချန်နီ၊ ကိုယ်တို့ သူ့ကို ဆန့်ကျင်ဖီဆန်နေမယ့်အစား သူပေးတဲ့ အခြေအနေတိုင်းမှာ လိုက်လျောညီထွေဖြစ်အောင် ကြံ့ကြံ့ခံပြီး ရပ်တည်ကြတာ အကောင်းဆုံးပါပဲ''

ပြည့်နိုင်မင်းက တည်ငြိမ်အေးဆေးသောဟန်ပန်ဖြင့် ခပ်တိုးတိုးစကားဆိုရင်း နှစ်သိမ့်လိုက်သည်။ မေငြိမ်းချမ်းက သက်ပြင်းတစ်ချက်ချလိုက်၏။

''အင်း ... ကျွန်မ နားလည်ပါပြီ''

ပြည့်နိုင်မင်းက ပြုံးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဒီလိုဆို သူတို့အတွက် သောကတွေနဲ့ အချိန်ကုန်မခံပါနဲ့တော့"

မေငြိမ်းချမ်းက ရွှန်းလဲ့သောမျက်လုံးရွဲအစုံဖြင့် ပြည့်နိုင်မင်းကို အပြုံးဖြင့်စိုက်ကြည့်ရင်း ခေါင်းညိတ်ပြလိုက်သည်။

"စိတ်ချ၊ ကျွန်မအချိန်တိုင်းကို အကျိုးရှိရှိ အသုံးချခြင်းနဲ့ ကုန်ဆုံးစေပါ့မယ်"

ပြည့်နိုင်မင်းက ကျေနပ်စွာပြုံးရင်း ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။ ထိုစဉ် လေပြင်းတစ်ချက် ဝေ့၍တိုက်ခတ်လာသည်။ ပြာမှုန့်များက လေနှင်ရာလမ်းကြောင်းအတိုင်း ပလူပျံလျက် လွင့်မျောလိုက်ပါသွားလေတော့သည်။

❑❑❑

## အခန်း (၁၆)

## အရာခပ်သိမ်းသိသော မိန်းကလေး

နံနက်နှစ်နာရီထိုးပေပြီ။

ပြည့်နိုင်မင်း ရွာထဲပြန်ဝင်လာ၏။ ရွာထဲမှာ လူတွေ ဟိုတစ်စု သည်တစ်စုဖြင့် လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။ ကနေ့ညတွင် မင်းလွင်ကုန်းရွာလေးမှာ အသက်ဝင်လျက်ရှိသည်။

တကွဲတပြားဖြစ်နေသော လူအုပ်စုများမှာ ကိုယ့်လူနှင့်ကိုယ် စကားပြောနေကြ၏။ သူတို့ပြောနေသောအကြောင်းအရာကတော့ တူညီပါသည်။

"နတ်မြွေစံအိမ်ကို ဘယ်သူ မီးရှို့သွားတယ် မသိဘူး"

"ဘာအကြောင်းနဲ့ ရှို့သွားကြရတာလဲ"

"အဲဒီလူတွေ အခု ဘယ်ရောက်ပြီး ဘာဖြစ်နေကြမယ် ထင်သလဲ"

အစရှိသဖြင့် ပြောဆိုနေကြ၏။

ပြည့်နိုင်မင်းသည် တိတ်ဆိတ်စွာဖြင့် အားလုံးကို



www.burmeseclassic.com

www.burmeseclassic.com



ကွင်းရှောင်ပြီး အိမ်သို့ ခပ်သုတ်သုတ် ပြန်လာခဲ့သည်။

ဒေါ်အင်ကြင်းအောင်နှင့် အောင်သူတို့မိသားစုက ခြံထဲမှာ စိုးရိမ်ပူပန်စွာဖြင့် သူ့ကို စောင့်နေကြသည်။ သူ ခြံထဲဝင်လာတော့ အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။ ဒေါ်အင်ကြင်းအောင်က ရှေ့ဆုံးမှ ပြေးလာကာ ဆီး၍မေး၏။

"သား ... မင်း ဘယ်သွားနေတာလဲ၊ ဘာတွေဖြစ်ခဲ့လဲ၊ မေမေ့ကို အမှန်အတိုင်း ပြောစမ်း"

"ကျွန်တော် အိပ်မပျော်တာနဲ့ ခြံထဲဆင်းပြီး လမ်းလျှောက်ရင်းက စေတီလေးတွေရဲ့ ဘေးနားလောက် မီးရောင်တွေ လှမ်းတွေ့လို့ ဘာလဲဆိုပြီးသွားကြည့်တာ၊ လူတစ်စုက ကျွန်းအိမ်အိုကြီးကို မီးရှို့တာ တွေ့ခဲ့ရတယ် မေမေ"

အားလုံး စိတ်ဝင်စားကြသည်။ ပြည့်နိုင်မင်းက ဆက်ပြောလိုက်၏။

"အဲဒီလူစုမှာ လူဆယ်ယောက်ပါတယ်၊ အသက် ၇၀-လောက်ရှိတဲ့ အဘိုးကြီးက ဘယ်လက်ပြတ်နေတယ်၊ သူ့နာမည်က ဂိုဘင်တဲ့၊ သူက ကျွန်းအိမ်အိုကြီး မီးလောင်နေတာကိုကြည့်ပြီး ဝမ်းသာအားရ အော်ရယ်နေတာ၊ ဘာဖြစ်တယ်မသိဘူး ကျွန်တော်တော့ နားမလည်နိုင်တော့ဘူး"

"သားရယ် ဘာလို့ တစ်ယောက်တည်း ထွက်သွားတာလဲ၊ ညကြီးအချိန်မတော် အန္တရာယ်များပါဘိနဲ့ကွယ်"

"ကျွန်တော် မှားပါတယ် မေမေ၊ နောက် ... ဒါမျိုး





မဖြစ်အောင် ဆင်ခြင်ပါ့မယ်"

ဒေါ်အင်ကြင်းအောင်က ရင်ဘတ်ကို လက်ဝါးနှစ်ဖက်ဖြင့် ဖိရင်း စိတ်သက်သာရာ ရသွားဟန်ဖြင့် လေပူမှုတ်ထုတ်လိုက်သည်။

"ဟူး ... ဘာမှမဖြစ်ခဲ့ပေလို့ပေါ့ကွယ်၊ သား တစ်ခုခုသာ ဖြစ်ရင်တော့ မေမေ သေမှာပဲ၊ ဖွဟဲ့ ... လွဲပါစေ ဖယ်ပါစေ"

ပြည့်နိုင်မင်းက ရယ်မောပြီး –

"ဘာမှမဖြစ်ပါဘူး မေမေရယ်၊ ဒီအရွယ်တောင်ရောက်နေပြီပဲ၊ သား ကိုယ့်ကိုယ်ကိုယ် ကာကွယ်တတ်ပါတယ်"

သူကပြောရင်း မိခင်ကိုဖက်ပြီး အောင်သူတို့မိသားစုကို ဆုံကြည့်ရင်း ပြုံးပြလိုက်သည်။

"ဦးလေးတို့ မိသားစုကိုလည်း တောင်းပန်ပါတယ်၊ ကျွန်တော့်ကြောင့် စိတ်ပင်ပန်းနေကြရပြီ"

"တောင်းပန်ဖို့မလိုပါဘူး ငါ့တူ၊ မင်း အန္တရာယ်ကင်းနိုင် ပြီးတာပါပဲ၊ မင်းတစ်ခုခုဖြစ်ရင် ဦးလေးတို့မှာလည်း တာဝန်ကောင်းဘူးကွ၊ ကိုယ့်ကိုယ်ကိုယ်တော့ ဂရုတော့စိုက်ကွာ၊ ကိစ္စရှိသို့ သွားချင်လာချင်ရင် အောင်သူ့ကိုခေါ်သွား၊ သူကနယ်မြေခံဆိုတော့ မင်းအတွက် မင်းအမေ စိတ်ချရတာပေါ့၊ ကိုယ့်အတွက်ဘာကို စိတ်မပူပါစေနဲ့ကွ"

"ဟုတ်ကဲ့ ဦးလေး"



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းကြည်က ခေါင်းတစ်ချက်ညိတ်ပြီး အိမ်ပေါ် ပြန်တက်သွားသည်။ အောင်သူက ပြည့်နိုင်မင်းအနားကပ်လာသည်။

''မင်းပျောက်နေတော့ ငါအဆူခံလိုက်ရတာကွာ၊ မင်းဘာထကြောင်တာလဲ''

''ငါ သိပ်စိတ်ဝင်စားသွားလို့ပါကွာ''

''အေး ... ငါတို့မှာတော့ ဘာလုပ်ကိုလုပ်ရမယ်မှန်းမသိအောင် ပျာယာခတ်နေကြတာကွ၊ ရွာမှာက ဆူဆူပူပူဖြစ်နေရတဲ့ကြားထဲ မင်းက ပျောက်နေတာကို။ တခြားလူတွေကိုလည်းပေးမသိရဲဘူး၊ တော်ကြာ မင်းကို အထင်လွဲကုန်နိုင်တယ်လေ။ ညကြီးမင်းကြီး မင်းမို့လို့ တစ်ယောက်တည်းထွက်သွားတယ်''

''ခွင့်လွှတ်ကွာ''

''အေးပါ ... ဒါနဲ့ မင်း ဘာလို့ ဒီလောက်တောင်ကြာနေရတာလဲ''

ပြည့်နိုင်မင်း၏မျက်နှာ တည်သွားသည်။

''ဟိုလူတွေနောက်ကို ငါ လိုက်ချောင်းနေလို့''

''အမယ်လေး ပြည့်နိုင်မင်း ... မင်း တော်တော် သတ္တိကောင်းနေပါလား၊ ကိုယ့်အန္တရာယ် ကိုယ်ကြည့်မရှောင်ဘူး။ အဲဒီလူတွေက လူကောင်းမဖြစ်နိုင်ဘူးဆိုတာ မတွေးမိဘူးလားဟင်''

ဒေါ်အင်ကြင်းအောင်က ပြည့်နိုင်မင်း၏ပခုံးကို တဖတ်ဖတ်ရိုက်ရင်း စိတ်တိုတိုဖြင့် မေးသည်။ ပြည့်နိုင်မင်းက အငြိမ်





မပျက်ပါ။

''လူကောင်းမဟုတ်တာတော့ ကျိန်းသေတယ် မေမေရေ၊ သူတို့လက်ထဲမှာ လက်နက်တွေလည်းပါတယ်၊ ကြည့်ရတာ နိုးကြောင်နိုးဝှက်နဲ့ ဘာတွေလုပ်နေတယ်မသိဘူး၊ ဒီနယ်မြေကိုလည်း အတော်လေး ကျွမ်းကျင်နေကြတယ်၊ ကျွန်တော်လည်း ကိုယ်မှတ်မိတဲ့နေရာတွင် ကျော်လာတာနဲ့ လှည့်ပြန်လာတာ''

''ကြည့်စမ်း ... မြကြွေရေ၊ ဒီကောင့်ကို ဒီမှာ ဆက်ထားလို့တော့ မဖြစ်တော့ဘူး၊ မမတို့ အမြန်ပြန်မှဖြစ်မယ်၊ ပြည့်နိုင်မင်း မနက်ဖြန်ပြန်ဖို့ ပြင်ပေတော့''

ပြည့်နိုင်မင်းမျက်နှာ ကွက်ခနဲပျက်သွားသည်။

''ဟာ ... မေမေကလည်း၊ သားကို မေမေကတိပေးထားတာ မေ့နေပြီလား။ ကတိမပျက်နဲ့လေဗျာ''

''ဖျက်သင့်ရင် ဖျက်ရမှာပဲ ပြည့်နိုင်မင်း။ မင်းအတွက် အန္တရာယ်ကင်းဖို့က အရေးကြီးတယ်''

''ကျွန်တော် ဘာမှမဖြစ်ဘူး၊ ခြစ်ရာပွန်းရာတောင် မရှိဘူး''

''အခုမရှိပေမယ့် မင်းစိတ်ကြိုက်ဆိုပြီး ဆက်လွှတ်ထားလို့ကတော့ မင်း ဒုက္ခရောက်တော့မယ်လေ''

''မေမေ ကျွန်တော့်မှာ ဘာအန္တရာယ်မှ မရှိပါဘူး။ မေမေ ကျွန်တော့်ကို ယုံကြည်ပေးပါ၊ ကျွန်တော် ဒီမှာ နှစ်ပတ်လောက်ပဲ ဆက်နေပါ့မယ်၊ မေမေ ခွင့်မပြုရင်လည်း ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ဒီမှာ အတင်းနေခဲ့မှာပဲ''

ဒေါ်အင်ကြင်းအောင်၏ မျက်လုံးအစုံ ပြူးကျယ်သွားသည်။ ပြည့်နိုင်မင်းသည် သူမအပေါ် ဘယ်တုန်းကမှ ယခုလို မဆက်ဆံခဲ့ပါ။ သူမ မယုံကြည်နိုင်ခြင်းနှင့်အတူ ရင်နာသွား၏။ ရှက်ဒေါသလည်း ထွက်လာသည်။

''ဟင် . . . မင်း မင်း ဘယ်တုန်းက ငါ့ကို ဒီလိုပြောဖူးလို့လဲ၊ အခု ဒီရောက်မှ ဘာမှုင်းတွေမိလို့ ပြောင်းလဲသွားရတာလဲ၊ ပြောစမ်း ပြည့်နိုင်မင်း . . . ငါ့ကိုပြောစမ်းပါဟဲ့''

သူမ ပြည့်နိုင်မင်း၏ရင်ဘတ်ကို တဝုန်းဝုန်းထုရင်း မေးလိုက်၏။ ပြည့်နိုင်မင်းက မလှုပ်မယှက်။ သူသည် အဆင်ပြေမည် ထင်၍ ပြောခဲ့မိသောစကားများအတွက် နောင်တရနေမိသည်။

ဒေါ်မြကြွေက ဒေါ်အင်ကြင်းအောင်ကို အတင်းဝင်ဆွဲဟန့်တားလေသည်။

''ဒီလိုမလုပ်ပါနဲ့မမရယ်၊ စိတ်ကိုထိန်းပါ၊ သားအငယ်နှစ်ယောက် အေးအေးဆေးဆေး ပြောကြမှပေါ့''

အောင်သူကလည်း ဝင်ဆွဲလေ၏။

''ဟုတ်ပါတယ် အန်တီရယ်၊ သူ့အတွက် သိပ်ပြီး စိတ်ပူမနေပါနဲ့၊ အန်တီက အစိုးရိမ်ကြီးနေတာပါ၊ အခုချိန်ကစပြီး ကျွန်တော် နိုင်မင်းအနားမှာ အမြဲနေပေးပါ့မယ်၊ အန်တီ စိတ်ချပါ''

''မေမေ''





ဒေါ်မြကြွေက ဒေါ်အင်ကြင်းအောင်ကို ပြည့်နိုင်မင်းနှင့် ဝေးရာသို့ ဆွဲခေါ်သွားရင်း တိုးတိုးလေးပြောသည်။

''မမ ဒီကိစ္စကို လောလော လောလော ဖြေရှင်းလို့ မဖြစ်ဘူး၊ မမသားတော့ ဟိုဝမ်းတွင်းစုန်းမလေး ပြုစားတာကို ခံနေရပြီ၊ ကျွန်မတို့က ပါးပါးနပ်နပ်နဲ့ ဖြေရှင်းနိုင်မှဖြစ်မယ်''

ဒေါ်အင်ကြင်းအောင် ငြိမ်ကျသွားသည်။ မေငြိမ်းချမ်းဆိုသော မိန်းကလေးမှာ သူမ၏သားကို အန္တရာယ်ပေးမည့်သူ မဟုတ်တာကိုတော့ သူမ အလိုအလျောက် ယုံကြည်နေမိသည်။ သည်အတွက် သူမ စိတ်မပူပါ။ သူမ စိတ်ပူနေတာက သားပြောပြသော ဂိုဘင်ဆိုသည့်လူစုနှင့် သားတို့တွေ့ရင် အန္တရာယ်ဖြစ်မှာကို တွေးပူနေခြင်း ဖြစ်သည်။

သူမ ပြည့်နိုင်မင်းကို ကြည့်လိုက်၏။ ပြည့်နိုင်မင်းဘက်က လျော့မည့်ပုံမပေါ်။ မျက်နှာတစ်ခုလုံး တည်ကြည်လေးနက်နေသည်။ သည်လိုပုံစံကိုမြင်တော့ သူမ စိတ်ပျော့သွားသည်။

''ကောင်းပြီ သား၊ မေမေ မင်းကို နှစ်ပတ်နေခွင့်ပေးမယ်''

ပြည့်နိုင်မင်း၏ မျက်လုံးအစုံမှာ အရောင်တောက်ပသွားသည်။

''ကျေးဇူးတင်ပါတယ် မေမေ၊ သားလည်း မေမေ့ကို အတိုက်အခံလုပ်ရတဲ့အတွက် တကယ် စိတ်မကောင်းပါဘူး၊ ခွင့်လွှတ်ပါ''



www.burmeseclassic.com

www.burmeseclassic.com



သူပြောပြီး ထိုင်ကန်တော့လိုက်သည်။ ဒေါ်အင်ကြင်းအောင်၏ တင်းမာခက်ထန်နေသောမျက်နှာထားမှာ ပြေလျော့သွားသည်။

''နှစ်ပတ်ပဲနော် သား၊ ကဲ ... သွားအိပ်လိုက်ဦး ... သွား သွား''

ပြည့်နိုင်မင်းက ခေါင်းညိတ်ပြီး အိမ်ပေါ်တက်သွားသည်။

ဒေါ်မြကြွေနှင့် အောင်သူတို့က ဒေါ်အင်ကြင်းအောင် ပြည့်နိုင်မင်းအပေး နားလည်မှုပေးလိုက်သည့်အပေါ် အဓိပ္ပာယ်လွဲမှားစွာ ကောက်ယူနားလည်ထားကြသည်။

ဒေါ်မြကြွေက ဒေါ်အင်ကြင်းအောင်နှင့် မျက်နှာချင်းဆိုင်ပြီး တိုးတိုးလေးပြောသည်မှာ –

''ကျွန်မတို့ ဆရာကောင်းကောင်းကို ကျိတ်ရှာရမယ်၊ ဟိုစုန်းမလေးကို မလှန်နိုင်မီတော့ ပြည့်နိုင်မင်းကို အောင်သူက ကြည့်ထိန်းထား ... ကြားလား သား၊ မင်းသူငယ်ချင်းကို မျက်ခြည်မပြတ်ကြည့်နေ''

''စိတ်ချ မေမေ''

အောင်သူက တိုက်ပွဲဝင်တော့မည့် စစ်သူကြီး တစ်ယောက် အသွင်ဖြင့် ကတိပေး၏။

သူတို့သားအမိကိုကြည့်ရင်း ဒေါ်အင်ကြင်းအောင် သက်ပြင်းတစ်ချက် ချလိုက်လေသည်။

❑





ကိုယ်လက်သန့်စင်နေသော ပြည့်နိုင်မင်းအနားသို့ ဒေါ်အင်ကြင်းအောင် ခေါင်းစုတ်ဖွားဖြင့် ရောက်လာသည်။

''သား''

''ဗျာ မေမေ''

''မေမေ ညက သူတော်စင်ကြီးတစ်ပါးကို အိပ်မက်မက်တယ်''

ပြည့်နိုင်မင်းက သူ၏လှုပ်ရှားမှုအားလုံးကို ရပ်တန့်ပြီး ဒေါ်အင်ကြင်းအောင်ကို ခေါင်းထောင်ကြည့်လိုက်သည်။

''အဲဒါ မေမေ့ကို အိပ်မက်လာပေးတယ် ဟုတ်လား''

ဒေါ်အင်ကြင်းအောင်က ပြည့်နိုင်မင်းကို စေ့စေ့ကြည့်လိုက်၏။

''သား မေမေ့ကိုလိမ်တယ်''

''ကျွန်တော် ဘာလိမ်မိလို့လဲ''

''မင်း အိပ်မက်တွေ မမက်တော့ဘူးဆို''

ပြည့်နိုင်မင်း ပါးစပ်ပိတ်သွား၏။ ခဏကြာတော့မှ သူ့နှုတ်ခမ်းသား လှုပ်လာသည်။

''တောင်းပန်ပါတယ် မေမေ၊ မေမေ စိုးရိမ်ပူပန်နေတာကို မကြည့်ရက်လို့ပါ''

''အင်းလေ ... ဒီကိစ္စ သားမှာအပြစ်မရှိပါဘူး မေမေ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သားစိတ်အနှောင့်အယှက်တွေ ဖြစ်ခဲ့မယ်ထင်တယ်၊ မေမေက ငါ့သားကို မြွေသိုက်ကလာတာလို့ပဲ ထင်ခဲ့မိတာ၊ ဒါကြောင့် သိုက်ကြိုးတွေဖြတ်ပြီး သားအခြေအနေကို အမြဲ စောင့်ကြည့်နေတာ၊ သားသွားလေရာ တကောက်ကောက်လိုက်ပြီး မနက်တိုင်း ရေတစ်ခွက်ခပ်တိုက်တာ ဘာဖြစ်လို့လဲသိလား"

"ကျန်းမာရေးအတွက် ကောင်းတယ်ဆို"

"အဲဒါထက် အဓိကက သားနဲ့မြွေသိုက်က သားဆွေမျိုးတွေ မဆုံဆည်းနိုင်အောင်ဆိုပြီး ရေမန်းတွေ ရောရောတိုက်ခဲ့တာ၊ ဟိုနတ်ကတော်ဒေါ်စိမ်းနိုင်းလို့လေ"

"ဩော် ... မေမေရယ်၊ ကျွန်တော့်အတွက် မေမေ စိတ်ရော ကိုယ်ပါ ပင်ပန်းနေခဲ့တာကိုး"

ဒေါ်အင်ကြင်းအောင်က စိတ်လက်ချမ်းသာစွာဖြင့် ရယ်မောရင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် သားရေ၊ ဒါပေမဲ့ ဒီနေ့ကစပြီး မေမေ စိုးရိမ်ပူပန်မနေတော့ဘူး၊ သားအကြောင်းကို မေမေက အသေအချာမသိဘဲ စိတ်ထင်နဲ့ လျှောက်လုပ်ခဲ့တာတွေကိုတွေးပြီး ရယ်တောင်ရယ်ချင်တယ်"

ပြည့်နိုင်မင်း ဒေါ်အင်ကြင်းအောင်၏ခါးကို ဖက်လိုက်သည်။

"ဒီလိုမှန်းသိရင် ကျွန်တော်ကိုယ်တိုင် မေမေ့ကို အကြောင်းစုံပြောပြပါတယ်၊ အလကားနေရင်း သားအမိ





နှစ်ယောက်လုံး စိတ်ညစ်နေကြရတယ်"

"အဲဒါပေါ့ ... မအေပေါ်မှာ ပွင့်ပွင့်လင်းလင်းမှမရှိဘဲ၊ ကဲ ... တို့သားအမိတွေကြားမှာ အခုချိန်ကစပြီး နားလည်မှုတွေ အပြည့်အဝရသွားပြီနော်"

"ဝမ်းသာလိုက်တာ မေမေရာ၊ ဒီလိုဆို ကျွန်တော် သွားလေရာအောင်သူကို ခေါ်သွားဖို့ မလိုတော့ဘူးပေါ့နော်"

ဒေါ်အင်ကြင်းအောင်က ပြည့်နိုင်မင်း၏ဦးခေါင်းကို ပွတ်သပ်ရင်း ခေါင်းညိတ်၏။

"ဒါပေါ့ မေမေ ... ငါ့သားက ဘယ်လောက်မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ထူးဖြစ်တယ်ဆိုတဲ့အကြောင်း မေမေ သူတို့ကို အသေအချာ ပြောပြလိုက်ပါ့မယ်"

"ဟာ ... မပြောနဲ့ မေမေ"

"ဘာဖြစ်လို့လဲ သားရဲ့"

"အခုလောလောဆယ်၊ သိတဲ့လူနည်းလေ ကောင်းလေပဲ မေမေ မပြောနဲ့နော်၊ ဒီအတိုင်း မှုန်မှုန်ပျက်သာနေ"

"ဒီလိုဆို ... မင်းသူငယ်ချင်းက"

"သူ့ကို ကျွန်တော့်ဘာသာ ကြည့်ရှောင်မယ်၊ မဖြစ်နေ အခြေအနေကြုံမှပဲ သူ သိသင့်သလောက်ကို ကျွန်တော် ပြောပြလိုက်ပါ့မယ်"

"အေး အေး ... ဒီလိုဆိုလည်း ပြီးတာပါပဲကွယ်၊ သတိ တော့ထားနော်၊ သား"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချ မမေ"

ပြည့်နိုင်မင်း အလွန်ရှင်လန်းအားတက်သွား၏။ သူ ချက်ချင်းပင် ရေသုတ်ပြီး အဝတ်အစားကို နိုးကြောင်ခိုးဝှက် အမြန်လဲကာ အိမ်မှ ထွက်သွားလေသည်။

□

ပြည့်နိုင်မင်းသည် ရေလယ်ခေါင်တွင် ပေသုံးဆယ် ပတ်လည်ကျွန်းလေးရှိသော လှပဆန်းကြယ်သည့် ရေကန်ကြီးနံဘေးသို့ ရောက်လာသည်။ ထူးခြားချက်တစ်ခုကို ချက်ချင်း သတိပြုမိလိုက်၏။

ကျောက်ဆောင်တစ်ခု၏နံဘေး၌ ဖျာကြမ်းတစ်ချပ် ခင်းထား၏။ ဖျာကြမ်းပေါ်တွင် လင်ပန်းတစ်ချပ်ရှိနေ၏။ လင်ပန်းပေါ်တွင် အငွေ့တထောင်းထောင်းထွက်နေသော ကောက်ညှင်းပေါင်း တစ်ပန်းကန်၊ ငါးရံ့ခြောက်ဖုတ် ဆီဆမ်းပြီးသား တစ်ပန်းကန်လုံး ရှိနေ၏။ ထို့ပြင် ရေနွေးတစ်ကရားနှင့် အကြမ်းပန်းကန်နှစ်လုံး ရှိနေလေသည်။

ထိုအရာများကိုမြင်သည်နှင့် ပြည့်နိုင်မင်း၏မျက်လုံးအစုံ ဝင်းလက်တောက်ပသွားသည်။

"ချန်နီ ... ချန်နီ"

သူ၏ခေါ်သံအဆုံး၌ ကျောက်ဆောင်နောက်မှ မိန်းမ





ချောလေးတစ်ယောက် ထွက်လာသည်။ မေငြိမ်းချမ်း ဖြစ်၏။

မေငြိမ်းချမ်းက ချစ်စဖွယ်ပြုံးပြလိုက်သည်။

"ရှင် ရောက်လာပြီကိုး။ လာထိုင်လေ၊ ဒီမှာ ရှင့်အတွက် မနက်စာပြင်ပေးထားတယ်၊ ရှင် ဘာမှ မစားလာခဲ့ဘူး မဟုတ်လား"

"ဟုတ်တယ် ... ချန်နီ ဘယ်လိုသိလဲ"

ပြည့်နိုင်မင်း မေးခွန်းပြန်ထုတ်ရင်း လျှောက်သွားပြီး ဖျာကြမ်းပေါ် ထိုင်ချလိုက်သည်။ မေငြိမ်းချမ်းကလည်း သူနှင့် မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်သည်။

"အခြေအနေကို သုံးသပ်ကြည့်ရင် သိတာပေါ့ရှင်၊ ခက်တာမှ မဟုတ်တဲ၊ အခု ရှင် ဘာအကြံထုတ်လာလည်းဆိုတာတောင် ကျွန်မသိတယ်"

"ဟုတ်လား ... ပြောကြည့်ပါဦး"

"ရှင် ဝါးဖောင်တစ်ခုဖွဲ့ဖို့ ဆုံးဖြတ်လာတာ မဟုတ်လား"

ပြည့်နိုင်မင်းက ခေါင်းညိတ်လိုက်၏။

"အမှန်ပဲ ချန်နီ"

"ရှင့်အကြံက မစွံပါဘူး စိုင်းဆိုင်မော်ရယ်"

"ဘာဖြစ်လို့လဲ"

"ရှင်စဉ်းစားကြည့်လေ၊ ... ဝါးဖောင်ဆိုတာ ရေစီးအတိုင်း မျှောလိုက်လို့ရတဲ့အခြေအနေနဲ့မှ အဆင်ချောမှာ၊ အခု



www.burmeseclassic.com

www.burmeseclassic.com



ဒီကန်ထဲက ရေက ရွေ့လျားစီးဆင်းမှုမရှိတဲ့ ရေသေပဲ၊ ဝါးဖောင်နဲ့ ရေလယ်ကျွန်းကို ဘယ်လိုလုပ် လှော်ခတ်သွားနိုင်ပါ့မလဲ''

''ဟုတ်သားပဲ ... လှေနဲ့သွားမှ အဆင်ပြေမှာပေါ့နော်''

''ဟုတ်တယ်၊ လှေမှာက လိုရာဦးတည်ချက်ဆီကို လှော်ခတ်သွားနိုင်ဖို့ လှေဦးပိုင်းရှိတော့ အဆင်ပြေတယ်လေ၊ ဒါကြောင့် ကျွန်မတို့ လှေရအောင် အရင်ကြိုးစားရမယ်၊ ရှင် လှေမထွင်းတတ်ဘူး မဟုတ်လား''

''အင်း''

''ဘာမှမပူနဲ့ ... လှေထွင်းပုံထွင်းနည်းကို ကျွန်မပြောပြမယ်၊ လိုတဲ့ပစ္စည်းတွေကိုလည်း ကျွန်မ စုဆောင်းပေးမယ်၊ ရှင် လှေနှစ်စီး ထွင်းရမယ်၊ လှော်တက်နှစ်ချောင်း လုပ်ရမယ် ရှင့်''

ပြည့်နိုင်မင်း မျက်မှောင်ကုတ်ရင်း မေငြိမ်းချမ်းကို ကြည့်လိုက်သည်။

''လှေတစ်စီးက ဘာအတွက်လဲ''

မေငြိမ်းချမ်းက ရေလယ်ကျွန်းစိမ်းလေးကို လှမ်းငေးကြည့်ရင်း ပြုံးလိုက်သည်။

''ကျွန်မတို့နှစ်ယောက် စီးမယ့်လှေပေါ်မှာ ရှင်တို့ပစ္စည်းတွေကို တင်လို့မဖြစ်ဘူး၊ ဒါကြောင့် ပစ္စည်းတွေတင်ဖို့အတွက် သီးသန့်လှေတစ်စီး ထွင်းရမယ်လေ''





''ကိုယ်တို့စီးမယ့်လှေပေါ်မှာတင် တင်ယူလာရင် ဘာဖြစ်မှာ မို့လို့လဲ''

''ရှင်တို့ပစ္စည်းတွေက နည်းနည်းလေးမှမဟုတ်ဘဲ၊ လေးလည်းလေးလံကြမှာ၊ ဒီတော့ လူနှစ်ယောက်ရှိနေတဲ့ လှေပေါ်တင်ရွှေ့ရင် နစ်သွားနိုင်လို့ပါ''

ပြည့်နိုင်မင်းက အကွက်ကျကျ စေ့စေ့စပ်စပ် တွေးမြင်တတ်သော မေငြိမ်းချမ်းကို အထင်ကြီး လေးစားသွားမိသည်။

''ချွန်နီက တကယ်ထက်မြက်တဲ့ မိန်းကလေးပဲ၊ ချီးကျူးပါတယ်ကွာ''

''ဒါတောင် ကျွန်မမှာရှိတဲ့ စိတ်ကူးကောင်းလေးကို မပြောပြရသေးဘူး''

''ဟုတ်လား ပြောလေကွာ''

မေငြိမ်းချမ်း၏မျက်နှာ တည်ကြည်လေးနက်သွားသည်။

''ပစ္စည်းတွေတင်ဖို့လှေကို ထွင်းတဲ့နေရာမှာ ခက်တော့ ခက်လိမ့်မယ်၊ လှေသေတ္တာလေးတစ်စီးကို ရှင်လုပ်နိုင်အောင် ကြိုးစားရလိမ့်မယ်နော်''

''လှေသေတ္တာ ဟုတ်လား''

''အင်း ... ဟုတ်တယ်၊ လှေကို အပေါ်က သစ်သား အဖုံးလေး တပ်ပေးရမယ်၊ ဒါဆို ပစ္စည်းတွေထည့်ပြီး သော့ခတ်လိုက်ရင် အတော်လေး အဆင်ပြေသွားပြီလေ၊ မတော်တဆ



www.burmeseclassic.com

www.burmeseclassic.com



နစ်သွားခဲ့ရင်တောင် အဆင်ပြေပြေနဲ့ ပြန်ရအောင် လုပ်နိုင်လိမ့်မယ်''

''ဘယ်လိုလုပ်နိုင်မှာလဲ''

''ဒီလိုလေ ...အဲဒီလှေသေတ္တာလေးမှာ ကြိုးရှည်တစ်စကို အသေချည်မယ်၊ ကျန်တဲ့တစ်စကို ဒီကမ်းပေါ်က တစ်ခုခုမှာ လူမမြင်အောင် ဝှက်ပြီးချည်ထားမယ်၊ ကြိုးကတော့ အတော်ရှည်ဖို့ လိုတာပေါ့''

သူမအကြံကို နားထောင်ရင်း ပြည့်နိုင်မင်း၏မျက်လုံးအစုံမှာ အရောင်တလက်လက် တောက်ပလာသည်။

''ကိုယ်နားလည်ပြီ ချန်နီ၊ မတော်လို့များ ကိုယ်တို့ရဲ့ လှေသေတ္တာလေး နစ်သွားခဲ့ရင် ကြိုးစကို ဆွဲလိုက်ရုံနဲ့ လွယ်လွယ်ကူကူ ပြန်ရနိုင်ဖို့ မဟုတ်ဘား''

''အဲဒီထက်ကောင်းတဲ့နည်း ရှိသေးတယ်''

''ဘယ်လိုနည်းလမ်းမျိုးလဲ''

ပြည့်နိုင်မင်းက မျက်မှောင်ကုတ်ရင်း မေးခွန်းထုတ်ရပြန်သည်။

''ကျွန်မ စဉ်းစားထားတာကတော့ အဲဒီလှေသေတ္တာလေးကို ရေလယ်ကျွန်းလေးဆီ တင်သွားမယ်၊ ပြီးရင် ရတနာတွေကိုလည်း သော့ခတ်လိုက်ကော၊ ပြီးတော့ ကျွန်မတို့ ဒီဘက်ပြန်လာပြီးမှ ကြိုးကို ဆွဲယူလိုက်ရင် ပိုအဆင်ပြေမလားလို့''

''ဟာ ...ဟုတ်တာပေါ့၊ မဟုတ်ရင် လှေသေတ္တာလေးကို ကိုယ်တို့စီးမယ့်လှေနဲ့ ကြိုးချင်းချည်ပြီး ဆွဲယူနေရရင် ပိုပင်ပန်းပြီး အန္တရာယ်ရှိတယ်၊ ပိုပြီးလည်း အချိန်ကုန်မှာပေါ့၊ ချန်နီအစီအစဉ်တွေ အားလုံးကောင်းပါတယ်၊ အဲဒီအတိုင်း လုပ်ကြမယ်လေ''

မေငြိမ်းချမ်းက လှပစွာပြုံးရင်း ခေါင်းညိတ်လိုက်သည်။ ထို့နောက် သူတို့သည် ကောက်ညှင်းပေါင်းနှင့်ငါးခြောက်ဖုတ်များကို စားလိုက်၊ ရေနွေးသောက်လိုက်ဖြင့် သူတို့အစီအစဉ်အတွက် ဆက်လက်ပြောဆို ဆွေးနွေးနေကြလေသည်။

❑❑❑





www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

## သူငယ်ချင်း

ပြည့်နိုင်မင်းသည် မေငြိမ်းချမ်းပြောပြထားသည့် နည်းလမ်းအတိုင်း ကြီးမားသော သစ်လုံးအပိုင်းပြတ်တစ်လုံးကို လှေတစ်စင်းအဖြစ် ပုံဖော်ရန် စိတ်နှစ်၍ ထွင်းထုနေသည်။ မေငြိမ်းချမ်းက နံဘေးမှနေ၍ ကူညီပေးနေ၏။

မွန်းတည့်ချိန်သို့ ရောက်လာသောအခါ ပြည့်နိုင်မင်းက လုပ်လက်စအလုပ်များကို ရပ်တန့်ပြီး မျက်နှာပေါ်မှချွေးများကို အင်္ကျီစဖြင့် သုတ်လိုက်သည်။

"ကိုယ် နေ့လယ်စာ စားတော့မယ် ချန်နီ"

"ကျွန်မ အဆင်သင့်ပြင်ထားပြီးပါပြီ၊ လာ အတူစားကြရအောင်"

သူတို့သည် လက်ချင်းယှက်ပြီး ကျောက်ဆောင်များကြားရှိ ဖျာကြမ်းထံသို့ လျှောက်သွားကြသည်။ ဖျာကြမ်းနံဘေး၌ ဒန်အိုးငယ် ၂-လုံး၊ ပန်းကန် ၂-ချပ်၊ ရေဘူးနှင့် ရေခွက်များ



ရှိနေ၏။ သူတို့သည် မျက်နှာချင်းဆိုင်ပြီး ထမင်းလက်ဆုံစားရင်း စကားပြောနေကြသည်။

"ကိုယ်တို့အကြောင်းကို ချန်နီမိဘတွေ သိနေပြီပေါ့နော်"

"သိပါတယ်၊ အမေက သိပ်ကိုဝမ်းသာနေရှာတာ၊ ခဏနေရင် ကျွန်မပြန်ပြီး အမေ့ကို ကူညီပေးရမယ်၊ ရှင်တစ်ယောက်တည်း ဖြစ်ပါတယ်နော်"

"ရပါတယ်ချန်နီ၊ ညစာကိုတော့ ကိုယ် အိမ်မှာပဲ စားမယ်၊ ချန်နီ မယူလာနဲ့တော့နော်"

မေငြိမ်းချမ်းက ပြည့်နိုင်မင်းကို စိုက်ကြည့်ရင်း –

"ပင်ပန်းနေပြီလားဟင်"

"ဟာ ... ဘယ်က ပင်ပန်းရမှာလဲ၊ ကိုယ် အားတွေပြည့်နေတယ်၊ ဘယ်ကရောက်လာတဲ့ စွမ်းအားတွေလဲတော့ မသိဘူး ... ဟား ဟား"

"အကျယ်ကြီးမရယ်ပါနဲ့၊ ကဲ ကျွန်မ ခဏပြန်ဦးမယ်၊ အလုပ်လုပ်ရင်း ပတ်ဝန်းကျင် အခြေအနေကိုလည်း သတိထားဦး"

မေငြိမ်းချမ်းက ကြိမ်ခြင်းကြီးထဲကို ပစ္စည်းများ စနစ်တကျထည့်ပြီးထွက်သွားသည်။ ပြည့်နိုင်မင်းက သူမနောက်ကျောကို အပြုံးဖြင့် ငေးကြည့်နေသည်။

ယင်းအချိန် ရုတ်တရက် လူရိပ်တစ်ခုက ချုံရှေ့ရှိ


www.burmeseclassic.com

www.burmeseclassic.com



ဖျာကြမ်းပေါ်၌ ထင်ဟပ်လာ၏။

"ဟင်"

ပြည့်နိုင်မင်း ထိတ်ခနဲဖြစ်သွားပြီး ချာခနဲလှည့်ကာ အရိပ်ပိုင်ရှင်ကို လှည့်ကြည့်လိုက်သည်။

"ငါပါ နိုင်မင်း . . . မင်းသူငယ်ချင်း အောင်သူလေ"

အောင်သူက ခပ်ယဲ့ယဲ့ပြုံး၍ပြောရင်း ပြည့်နိုင်မင်းနံဘေး၌ ဝင်ထိုင်လိုက်သည်။

"နိုင်မင်း . . . မင်း ငါ့ကို သူငယ်ချင်းအဖြစ်ရော သတိမှတ်သေးရဲ့လားဟင်"

ပြည့်နိုင်မင်း လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

"ဘယ်လိုပြောလိုက်တာလဲ အောင်သူရာ၊ မင်းဟာ ငါ့ရဲ့အချစ်ဆုံးသူငယ်ချင်းပါကွာ၊ ဒါကို မင်းသိပါတယ်"

"ဟုတ်ရဲ့လား၊ မင်း ငါ့ကို လျှို့ဝှက်ထားတာတွေ သိပ်များလွန်းနေပြီနော်၊ ဒီလောက်ရင်းနှီးတဲ့သူငယ်ချင်းတွေကြားမှာ လျှို့ဝှက်ဖုံးကွယ်မှုဆိုတာ မရှိးသားမှု၊ သစ္စာဖောက်မှုပဲနော် နိုင်မင်း"

"ငါ ငါ တောင်းပန်ပါတယ် အောင်သူ၊ ငါ မင်းကို တမင်ဖုံးကွယ်ထားတာ မဟုတ်ပါဘူး၊ မင်းက ချန်နီ့အပေါ် အတော်ကြီး အမြင်စောင်းနေတယ်လေ၊ ဒါကြောင့် ငါပြောပြတဲ့ ဟာတွေကို မင်း ယုံချင်မှယုံမှာ၊ မင်းယုံရင် ပြဿနာမရှိပေမယ့် မယုံရင် ငါတို့ကိစ္စမှာ အနှောင့်အယှက်တွေ ဖြစ်လာနိုင်လို့ပါ"





အောင်သူက မျက်မှောင်ကုတ်ရင်း ပြည့်နိုင်မင်းကို စေ့စေ့ကြည့်လိုက်သည်။

"မင်းတို့ကိစ္စဆိုတာ ဘာကိစ္စလဲ၊ ငါ့ကိုပြောပြလို့ ဖြစ်မလား"

"ပြောပြပါ့မယ်ကွာ၊ အင်း . . . မင်း နားလည်အောင် ငါ ငါ့ရဲ့အတိတ်ဘဝတွေကစပြီး ပြောမှဖြစ်မယ်"

"ဘာ . . . မင်းရဲ့အတိတ်ဘဝ . . . ဟုတ်လား"

"ဟုတ်တယ်အောင်သူ၊ လွန်ခဲ့တဲ့ နှစ်ဘဝလောက်က ငါဟာ ရှမ်းလူမျိုးတစ်ယောက်ပေါ့၊ ငါ့မှာ ညီနှစ်ယောက်နဲ့ ညီမနှစ်ယောက်ရှိခဲ့တယ်၊ အဲဒီဘဝမှာ ငါတို့မောင်နှမငါးယောက်ဟာ ဘုရားတည်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ စီးပွားရှာပြီး စုဆောင်းထားခဲ့တယ်၊ အဲဒီဘဝမှာ ဘုရားတည်ဖို့ ကုသိုလ်ကံ ငါတို့မှာ မပါဘူး အောင်သူ"

အောင်သူက မျက်လုံးအပြူးသား၊ ပါးစပ်အဟောင်းသားဖြင့် ပြည့်နိုင်မင်းကို မယုံကြည်နိုင်စွာ ငေးကြည့်နေသည်။ ပြည့်နိုင်မင်းက ဆက်ပြော၏။

"ငါတို့မောင်နှမငါးယောက်လုံး ရေလမ်းခရီးသွားရင်း ရေနစ်သေခဲ့ကြတယ်၊ ဥစ္စာပစ္စည်းအပေါ် စွဲလမ်းစိတ်က ရှိနေတော့ ငါတို့အားလုံး မြွေတွေအဖြစ် ကိုယ့်ပစ္စည်းကိုယ် စောင့်ရှောက်ကြရတယ်၊ နှစ်တွေကြာလာတဲ့အခါမှာတော့ ငါတို့ဟာ လူသားအသွင် ခေတ္တခဏ ဖန်ဆင်းနိုင်စွမ်းရှိတဲ့ နတ်မြွေတွေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားကြတယ်''

''နတ်မြွေ ... ဟုတ်လား၊ ဟား ဟား ဟား ... နိုင်မင်းရာ လက်စသတ်တော့ မင်း ငါ့ကို ပုံပြောပြီး ချော့နေတာကိုး''

ပြည့်နိုင်မင်းက တည်ကြည်လေးနက်သောဟန်ပန်ဖြင့် အောင်သူကို စိုက်ကြည့်၏။

''ငါ တကယ့်ဖြစ်ရပ်မှန်ကို ပြောနေတာပါ''

အောင်သူက ပြုံးစေ့စေ့မျက်နှာလေးဖြင့် လက်ကာပြလိုက်သည်။

''တော်ပါတော့ကွာ၊ ငါ မင်းကို ခွင့်လွှတ်ပါတယ်၊ ငါ့မှာ သူငယ်ချင်းဆိုလို့ မင်းပဲရှိတာ၊ မင်း ဘာလုပ်လုပ် ငါ ခွင့်လွှတ်ပြီးသားပါ၊ ငါ့ကို အထူးတလည်ချော့နေဖို့ မလိုဘူး၊ အဲ ဒါပေမဲ့ မင်းပုံကိုတော့ ဆက်ပြောကွာ၊ ဒီပုံပြင်လေးကို ငါ သိပ်စိတ်ဝင်စားသွားပြီ''

ပြည့်နိုင်မင်းက မျက်လုံးအကြည့်ကို ရေလယ်ကျွန်းလေးထံသို့ ရွှေ့ပြောင်းလိုက်၏။ သူ၏မျက်နှာပေါ်ရှိ တည်ကြည် လေးနက်မှုက ပို၍အားကောင်းလာသည်။

''မင်းမယုံတာကတော့ မင်းအပိုင်းလေ၊ ငါ ဆက်ပြောပြဦးမယ်၊ တစ်နေ့မှာ အင်မတန်လှပတဲ့ လပြည့်ညလေးတစ်ညမှာပေါ့၊ အဲဒီမှာ ငါ ချန်နီ့ကိုတွေ့ပြီး ချစ်မိသွားတယ်၊ ငါတို့နှစ်ယောက် အားလုံးကို စွန့်လွှတ်ပြီး ပေါင်းသင်းနေထိုင်





ခဲ့ကြတယ်''

''ပြောကွာ ဆက်ပြောစမ်း''

''အေး ... အဲဒီမှာ မြွေအလှမှာယ်ပြစားတဲ့ လင်မယားနှစ်ယောက်ကြောင့် ငါတို့ သေသွားပြီး အခု လူ့ဘဝမှာ ပြန်တွေ့ကြတာပဲ၊ မင်း နားလည်ပြီလား''

အောင်သူ ငေးငိုင်သွားသည်။ ပြည့်နိုင်မင်းနှင့် မေငြိမ်းချမ်းတို့မှာ ထူးခြားသူများဖြစ်တာကိုတော့ သူ မငြင်းနိုင်ပါ။ တစ်ဦးနှင့်တစ်ဦး ပထမဆုံး မြင်မြင်ချင်းမှာပင် ဝမ်းပန်းတသာဖြင့် အပြန်အလှန် နှုတ်ဆက်ကြပုံကို ပြန်လည်မြင်ယောင်လာသည်။ သူ ယုံရအခက် မယုံရအခက်ဖြင့် တွေဝေနေ၏။ အတန်ကြာမှ သူက ခေါင်းကို လက်နှစ်ဖက်လုံးဖြင့် တဗျင်းဗျင်းကုတ်ရင်း စိတ်ရှုပ်ရှုပ်ဖြင့် အော်လေသည်။

''ဟုတ်ဟုတ် မဟုတ်ဟုတ် ထားလိုက်တော့ကွာ၊ ဖြစ်ပြီးခဲ့တာတွေက ဘာအကြောင်းလဲ၊ အရေးကြီးတာက အခုလက်ရှိအချိန်ပဲ၊ မင်း အခု ဘယ်လိုရည်ရွယ်ချက်နဲ့ လှေလုပ်ဖို့ ကြိုးပမ်းနေရတာလဲကွာ''

''ငါတို့ပစ္စည်းတွေကို သွားယူမလို့လေ၊ ငါ အေးချမ်းသာယာစေတီ, မြရတနာစေတီနဲ့ လွမ်းစေတီတော်တို့ကို ပြန်ပြီး ပြုပြင်တည်ဆောက်မယ်ကွ''

ပြည့်နိုင်မင်းက အားတက်သရောပြော၏။ အောင်သူက ပြည့်နိုင်မင်းကို အသေအချာ အကဲခတ်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းပစ္စည်းတွေကို လှေနဲ့သွားယူရမယ် ဟုတ်လား"

"ဟုတ်တယ်၊ ပစ္စည်းတွေ ဟိုရေလယ်ကျွန်းပေါ်မှာ ရှိနေတာကိုး"

"အင်း . . . ဒီကောင့်ပုံက ရူးသွားတာနဲ့တော့ လုံးဝမတူဘူး၊ ဘယ်လိုပဲဖြစ်ဖြစ် ငါ သူ့ကို အနီးကပ်စောင့်ရှောက်မှ ဖြစ်မယ်"

အောင်သူက ထိုသို့ စိတ်ထဲမှကျိတ်၍ တွေးမိသည်နှင့် မျက်နှာထားကို ဝမ်းသာအားရဖြစ်နေသည့်ပုံ ပြောင်းလိုက်သည်။

"ဟာ . . . ဒီလိုဆို ငါလည်း မင်းနဲ့အတူ ကူသိုလ်ဝင်ယူမှာပဲ၊ ငါလည်း ကူလုပ်ပေးမယ်လေ"

"ဒီလိုဆို သိပ်ကောင်းတာပေါ့ကွာ၊ ငါ အားတက်သွားပြီ"

ပြည့်နိုင်မင်းက လှိုက်လှိုက်လှဲလှဲပြောရင်း အောင်သူ့ကို ပွေ့ဖက်လိုက်သည်။ အောင်သူ့ရင်ထဲ နွေးထွေးသွားလေသည်။

❑ ❑ ❑



## အခန်း (၁၈)

## ရေလယ်ကျွန်းသို့

အောင်သူသည် နောက်ပိုင်းရက်များတွင် ပြည့်နိုင်မင်းနှင့်အတူ လှေထွင်းလေသည်။ မေငြိမ်းချမ်းက သူတို့ကို ဂရုတစိုက် ကူညီပေး၏။

နေ့ရက်များ တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးသွားသည်နှင့်အမျှ အောင်သူမှာ မေငြိမ်းချမ်းအပေါ် အမြင်ကြည်လင်လာသည်။ ပြည့်နိုင်မင်းပြောပြသော ဝမ္မီရဆန်ဆန်ပုံပြင်လေးအပေါ် သက်ဝင်ယုံကြည်လာ၏။

ဤသို့ဖြင့် သူတို့သည် ရေလယ်ကျွန်းသို့သွားရောက်ရန်အားလုံးကို အဆင်သင့်ပြင်ဆင်ပြီးနောက် တစ်ရက်အနားယူရင်းအားဖြည့်၏။ သူတို့သည် လပြည့်ညဌ် ကန်ဘေးသို့ တိတ်တဆိတ် စုရုံးရောက်ရှိလာကြ၏။

နွေရာသီ၏လပြည့်ည၌ ကမ္ဘာမြေတစ်ခွင်အပေါ် ဖြန့်ကျဲထားသော အလင်းရောင်အေးမြမြလေးက အားကောင်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြည့်နိုင်မင်း၊ မေငြိမ်းချမ်းနှင့် အောင်သူတို့သည် အလင်းရောင်အေးကိုခံယူရင်း ရွှင်လန်းတက်ကြွနေကြသည်။ သူတို့သည် လှေနှင့် လှေသေတ္တာလေးတို့ကို ရေထဲသို့ ဂရုတစိုက် တွန်းချလိုက်၏။ ရေမှာ အေးစိမ့်လွန်းနေ၏။

ထို့နောက် ပြည့်နိုင်မင်းက လှေဦးမှာထိုင်၍ အောင်သူက လှေနောက်ပိုင်းမှာထိုင်ကာ မေငြိမ်းချမ်းက အလယ်မှာ နေရာယူလိုက်သည်။ ပြီးလျှင် ပြည့်နိုင်မင်းနှင့် အောင်သူတို့က လှော်တက်ကိုယ်စီဖြင့် အားသွန်ခွန်စိုက် လှော်ခတ်လိုက်ကြ၏။

လှေကလေးမှာ ရေပြင်ပေါ်တွင် ရှပ်တိုက်ရွေ့လျားသွားသည်။ ၎င်းလှေကို လှေသေတ္တာလေးနှင့် ကြိုးဖြင့်ချိတ်ဆက်ထားသောကြောင့် လှေသေတ္တာလေးကပါ စီးလှေနောက်မှ ပြေးလိုက်လာသည်။

ကန်ရေပြင်ပေါ် ဖြတ်တိုက်လာသော လေနုအေးက သူတို့ကို အားပါးတရ ဆီးကြိုပွေ့ဖက်လိုက်သည်။ ရေလယ်ကျွန်းလေးဆီသို့ လှေလေးက တရိပ်ရိပ် ပြေးလွှားသွား၏။ သူတို့ ပို၍ ပို၍ လန်းဆန်းလာကြ၏။

"ကမ်းပေါ်က လှမ်းကြည့်တော့ သိပ်မဝေးသလိုလို့နဲ့ ဝေးသားဟ"

အောင်သူက လှေလှော်ရင်း အော်ပြော၏။

ပြည့်နိုင်မင်းက အားသွန်ခွန်စိုက် တက်ကြွစွာ လှော်တက်ဖြင့် အဆက်မပြတ် ဘယ်ညာပြောင်းလှော်နေ၏။ သူ၏





မျက်လုံးအစုံသည် တဖြည်းဖြည်းနီးကပ်လာသော ရေလယ်ကျွန်းဆန်းလေးဆီသို့ မမိတ်မသုန် ရောက်ရှိနေသည်။

ရုတ်တရက် ကျွန်းလေးပေါ်ရှိ ရှည်လျားသော မြက်ခင်းစိမ်းများမှာ ပြင်းပြင်းထန်ထန် လှုပ်ရှားယိမ်းနွဲ့လာသည်။ ညောင်ပင်ကြီးပေါ်ရှိ သစ်ရွက်များကလည်း လှုပ်ခတ်လာကြ၏။ ထိုကျွန်းနား၌သာ ကွက်၍ လေပြင်းတိုက်ခတ်နေဟန်ရှိ၏။

ပြည့်နိုင်မင်းတို့၏လှေလေးက ရေလယ်ကျွန်း၏အစပ်ပေါ်သို့ မေးတင်ရပ်တန့်သွားသည်။

"ရောက်ပြီဟေ့"

အောင်သူက ပျော်ရွှင်တက်ကြွစွာ အော်ဟစ်လိုက်၏။

ပြည့်နိုင်မင်းက လှော်တက်ကို လှေဝမ်းထဲထည့်ပြီး မေငြိမ်းချမ်းကို တောက်ပသောမျက်လုံးများဖြင့် လှမ်းကြည့်လိုက်သည်။ မေငြိမ်းချမ်းက အတော်လေး တည်ငြိမ်နေ၏။ စိတ်လှုပ်ရှားပုံမရှိ။

သူကတော့ အတော်လေး စိတ်လှုပ်ရှားနေမိ၏။ သူ၏အိပ်မက်အပေါ် ပုံအောယုံပြီး ဤနေရာလေးသို့ ကြိုးစားပမ်းစား အရောက်လာခဲ့ပြီးခါမှ မျှော်လင့်ထားသလို မဖြစ်လာမှာကို စိုးရိမ်ပူပန်နေမိ၏။

"ကျွန်းလေးပေါ်တော့ရောက်ပြီ ချန်နီ"

မေငြိမ်းချမ်းက ရိက္ခာခြောက်နှင့် အသုံးအဆောင်ပစ္စည်းအချို့ထည့်ထားသော ဝါးပလိုင်းကို ကောက်လွယ်ပြီး သူ့ကိုလက်



www.burmeseclassic.com

www.burmeseclassic.com



စွာပင် ကမ်းပေါ် ခုန်တက်သွားသည်။

"လှေတွေကို ဟောဟိုက ချုံတွေကြားထဲမှာ ဝှက်ခဲ့မယ်၊ မြန်မြန်လုပ်"

ပြည့်နိုင်မင်းနှင့်အောင်သူတို့က ကျွန်းမြေပေါ် ခြေချပြီးသည်နှင့် လှေနှစ်စီးကို လုံခြုံစွာ ဝှက်ထားလိုက်ကြသည်။ ထို့နောက် ပြည့်နိုင်မင်းက ရှေ့မှဦးဆောင်၍ မြက်ခင်းစိမ်းများကြားသို့ တိုးဝင်သွား၏။

မေငြိမ်းချမ်းက သူ့နောက်မှ ထက်ကြပ်မကွာ ကပ်လိုက်သွားသည်။

အောင်သူကတော့ မားလွှတ်ကိုအသင့်ကိုင်ရင်း သူတို့နောက်က လိုက်ရင်းမှ အော်ဟစ်သတိပေးလိုက်သည်။

"ဟေ့ ... သတိထားကြနော်၊ အဆိပ်ရှိတဲ့ပိုးမွှားတွေ အကိုက်ခံရဦးမယ်"

ထိုသို့အော်ပြီးမှ ပြည့်နိုင်မင်းနှင့် မေငြိမ်းချမ်းတို့သည် အဆိပ်ပြီးသူများဖြစ်သည်ကို အမှတ်ရသွားသည်။ သူတို့၏ အသွေးအသားကိုက အဆိပ်နှင့်တည့်လေဟန်ရှိ၏။

သည်လိုတွေးမိတော့ အောင်သူ ခေါင်းနပမ်းကြီးသွား၏။

"ဟာ ... သူတို့အတွက်က ပူစရာမလိုဘူး။ ငါ့အတွက် ငါပူရမှာ၊ သူတို့လျှောက်သွားတဲ့လမ်းအတိုင်း နောက်ကလိုက်လျှောက်ရမယ်"

ထိုသို့မှတ်ချက်ချပြီး အပြေးအလွှား လိုက်သွားသည်။





သူတို့သည် မြက်ခင်းရှည်များထဲသို့ အသီးသီး ဝင်ရောက်ပျောက်ကွယ်သွားကြလေတော့သည်။

❑

"စိုင်းဆိုင်မော် ... ရှင် ဘယ်ကိုသွားနေတာလဲ"

"ဟို ညောင်ပင်ကြီးဆီသွားနေတာ၊ ဒီကျွန်းပေါ်မှာ ထင်ထင်ရှားရှားရှိတာ အဲဒီအပင်ပဲ၊ အဲဒီနားတစ်ဝိုက်လောက်မှာ ရှာကြည့်ရမယ်"

"အင်း ... ကျွန်မလည်း အဲဒီလိုပဲ တွေးမိတယ်၊ အဲဒီမှာရှိရင်တော့ ကောင်းတာပေါ့၊ မဟုတ်ရင် ဒီတစ်ကျွန်းလုံး နေရာအနှံ့ လိုက်ရှာတာနဲ့ ကျွန်းပျောက်မှာ စိုးရတယ်"

"ကိုယ်တော့ ဒီကျွန်းပေါ် ခြေချမိတာနဲ့ စိတ်ထဲနွေးထွေး လုံခြုံသွားတယ်၊ ဘာအန္တရာယ်မှ မရှိဘဲ ကိုယ်တို့ရဲ့ပစ္စည်းတွေကို လွယ်လွယ်ကူကူ ယူသွားနိုင်မှာပဲလို့ ယုံကြည်နေမိတယ်"

မေငြိမ်းချမ်းက ပြည့်နိုင်မင်း၏စကားကို ခေါင်းညိတ်ထောက်ခံလိုက်သည်။

"ဟုတ်တယ်၊ ရှင့်ရဲ့ညီတွေ မောင်တွေက ရှင့်ကို ကူညီကြပါလိမ့်မယ်"

သူမ၏စကားအဆုံး၌ ရုတ်တရက် စူးရှကျယ်လောင်



www.burmeseclassic.com

www.burmeseclassic.com



လွှန်းသော မြေတွန်သံများက ခပ်ကြမ်းကြမ်းလေး တိုက်ခတ်နေသော လေပြင်းနှင့်အတူ ရောထွေးထွက်ပေါ်လာသည်။ ပြည့်နိုင်မင်းနှင့် မေငြိမ်းချမ်းတို့က နှစ်ခြိုက်ပျော်ရွှင်သွားကြသော်လည်း အောင်သူကတော့ ကျောတွန့်သွား၏။

ထိုစဉ် သူတို့ရှေ့ရှိ မြက်ပင်ရှည်များမှာ မြွေကြီးတစ်ကောင် လျှောတိုက်သွားသလို အသံမျိုးနှင့်အတူ လဲပြိုသွားသည်ကိုတွေ့ရ၏။ အောင်သူ အလွန်အံ့ဩသွား၏။

ယင်းအချိန် ပြည့်နိုင်မင်းက မြက်ခင်းများ လဲပြိုသွား၍ ဖြစ်ပေါ်လာနေသော လမ်းကြောင်းလေးကိုကြည့်ရင်း တစ်စုံတစ်ယောက်အား တွေ့မြင်ဟန်ဖြင့် ဝမ်းသာအားရ နှုတ်ဆက်စကားဆို၏။

"ဟော . . . ဟိုမှာ ညီလေး လုံးအွန်ဆိုင်းပါလား။ လာ ချန်နီ ကိုယ်တို့ သူ့နောက်လိုက်သွားကြမယ်"

သူက ပြောပြောဆိုဆိုဖြင့် မေငြိမ်းချမ်းလက်ကိုဆွဲကာ ပြိုလဲသွားသော မြက်ခင်းများပေါ်သို့ ပြေးနင်းလိုက်သွား၏။ အောင်သူကလည်း ကသောကမျော ပြေးလိုက်သွားသည်။

ရုတ်တရက် အရှိန်ဖြင့်ပြေးလွှားလာနေသော သူတို့၏ ခန္ဓာကိုယ်များသည် အောက်သို့ နိမ့်ဆင်းလျှောကျသွား၏။ မြေလွတ်လက်လွတ် ပြုတ်ကျသွားကြခြင်း ဖြစ်သည်။

"အား"

"အမယ်လေး"



"အမေ့"

မြက်ခင်းစိမ်းများက အနိမ့်ပိုင်းသို့ လဲပြိုသွားတာကို သတိမထားမိသော သူတို့သည် အတော်လေးနက်သော မြေကျွင်းကြီးထဲသို့ ကျသွားကြပေပြီ။ သူတို့သည် မြက်ပင်များကို ဖယ်ရှားပြီး လူးလိမ့်ထလိုက်ကြ၏။

"ဘာဖြစ်သွားသေးလဲ ချန်နီ"

"ဘာမှမဖြစ်ဘူး ရှင်ကော"

"ကိုယ်က အကောင်းပကတိပဲ၊ အောင်သူ မင်းကော"

"နည်းနည်းပါးပါး ပွန်းပဲ့ရုံလောက်ပါပဲ"

အောင်သူက ပြောရင်း မြက်ပင်များကို ဆွဲနုတ်ကာ ထရပ်ပြီး အပေါ်သို့ မော့ကြည့်လိုက်သည်။

"သိပ်မမြင့်လို့ တော်သေးတာပေါ့၊ လာ ငါတို့အပေါ် ပြန်တက်ဖို့ မော့ကြည့်လိုက်သည်။

"သိပ်မမြင့်လို့ တော်သေးတာပေါ့၊ လာ ငါတို့အပေါ် ပြန်တက်ဖို့ ကြိုးစားကြပါစို့"

"နေဦးကိုအောင်သူ။ ကျွန်မတို့ကို ခရီးဦးကြိုပြုတဲ့သူက ဒီထဲခေါ်လာပုံထောက်တော့ အကြောင်းကိစ္စ တစ်စုံတစ်ရာရှိလို့ ဖြစ်လိမ့်မယ်၊ ဒီမှာပဲ ခဏစောင့်ကြည့်ကြရအောင်"

"ဘယ်လိုအကြောင်းကိစ္စမျိုး ရှိနိုင်လို့လဲ"

ယင်းအချိန် ရုတ်တရက် –

"ဝေါ ဝေါ ဝေါ"





www.burmeseclassic.com

www.burmeseclassic.com



လေက ပို၍ပြင်းထန်ကြမ်းတမ်းစွာ တိုက်ခတ်လေပြီ။ လေပွေကြီးတစ်ခုက မွှေနှောက်သောင်းကျန်းနေတာကို လှမ်းတွေ့နေရ၏။ လေတိုက်သံတွေက ကမ္ဘာပျက်နေသည့်အလား။

''ဟော လေပြင်းတိုက်နေတာပဲ၊ ဝပ်နေကြ ဝပ်နေကြ''

မေငြိမ်းချမ်းက အော်ဟစ်သတိပေးရင်း ပြည့်နိုင်မင်းကို ဖက်ကာ မြေပေါ်ဝပ်နေကြသည်။ အောင်သူကလည်း မြေနံရံ၌ ကပ်ရင်း ခေါင်းငုံ့ထားလိုက်၏။

လေတိုက်ခတ်သံတွေကြားမှ သစ်ပင်ကြီးငယ်တို့ ကျိုးကြေပျက်စီးသံတွေကို ကြားနေရသည်။ အောင်သူက မြေနံရံထဲသို့ ဖောက်ဝင်တော့မတတ် ကျောကိုကပ်ရင်း အပေါ်သို့ မော့ကြည့်မိ၏။

သစ်ကိုင်းအပိုင်းအစများ လေထဲတွင် ပလူပျံနေ၏။ အမြစ်မှ ကျွတ်ထွက်လာသော သစ်ပင်ငယ်တချို့ပင် ရှိသေးသည်။ အောင်သူ လန့်သွား၏။

''တော်သေးတာပေါ့၊ အခုချိန် ငါတို့သာ ဒီမြေကျင်းထဲမှာ မရှိဘဲ အပေါ်မှာသာရောက်နေရင် ဒီလေပြင်းကြောင့် ဘယ်ကမ္ဘာထိ လွင့်စဉ်မယ်မသိဘူး၊ ကြောက်ဖို့ကောင်းလိုက်တာ''

ထိုစဉ် –

'ဂျွတ် ဂျွတ် ဂျွတ် ‥ ဝုန်း'

ကျယ်လောင်လွန်းသောလဲပြိုသံက နားကွဲမတတ် ရှူးရှူး ထွက်ပေါ်လာ၏။ ကျွန်းတစ်ကျွန်းလုံးပင် တုန်ခါသွား၏။





အောင်သူ စိုးရိမ်ကြောက်ရွံ့သွားသည်။

''ဘုရား ဘုရား ‥‥ ကျွန်းပြိုတော့မယ်နဲ့တူတယ်၊ ငါကလည်း ကျွမ်းကျွမ်းကျင်ကျင် ရေမကူးတတ်ဘူး၊ ရေထဲမှာလည်း ဘယ်လိုသတ္တဝါတွေ ရှိနေတယ် မသိ ‥‥ ဒုက္ခပဲ''

သူတွေးပူနေစဉ်မှာပင် လေတိုက်ခတ်နှုန်းက သိသိသာသာ လျော့ကျသွားသည်။ တဒင်္ဂအတွင်းမှာပင် လေကြမ်းများ ချက်ချင်းငြိမ်သက်ကာ ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်သွား၏။

ရုတ်တရက် ဖြစ်ပေါ်လာသော လေပြင်းမုန်တိုင်းသည် ရုတ်ချည်းပင် ရပ်တန့်သွားပေပြီ။

ပြည့်နိုင်မင်း၊ မေငြိမ်းချမ်းနှင့်အောင်သူတို့သည် ဖြည်းညင်းစွာ ထရပ်လိုက်ကြ၏။

ကျွန်းလေးပေါ်တွင် သစ်ကိုင်းအကျိုးအပဲ့များက နေရာအနှံ့ ပြန့်ကျဲနေ၏။ သစ်ရွက်များက မြေပေါ်သို့ တဖွဲဖွဲကျဆင်းနေလေသည်။ အောင်သူက အပေါ်သို့ တွယ်တက်သွား၏။

''ဟာ ‥‥ ဟိုမှာကြည့်စမ်း နိုင်မင်း''

သူက သူ့နောက်မှ အပေါ်တက်လာကြသော ပြည့်နိုင်မင်းနှင့် မေငြိမ်းချမ်းတို့ကို တစ်နေရာသို့ လက်ညှိုးညွှန်ပြရင်း အထိတ်တလန့်လန့်ဖြင့် အော်လေသည်။

သူညွှန်ပြသောနေရာ၌ ညောင်ပင်ကြီး လဲပြိုနေသည်ကို လရောင်ဖြင့် ရှင်းလင်းပြတ်သားစွာ တွေ့မြင်ကြရ၏။ လေပြင်း

www.burmeseclassic.com

www.burmeseclassic.com



မုန်တိုင်းဒဏ်ကြောင့် တမာပင်ကြီးမှာ အမြစ်မှ ကျွတ်ထွက်သွားလေပြီ။

"ခုနက ကျွန်းတစ်ကျွန်းလုံး တုန်သွားတာဟာ ဒီတမာပင်ကြီး ကျွတ်ထွက်သွားလို့ကို၊ ဒါဟာ ထူးခြားမှုတစ်ခုပဲ၊ လာ ... အဲဒီကို သွားကြည့်ကြမယ်"

ပြည့်နိုင်မင်းက ရှေ့မှဦးဆောင်လျှောက်သွားသည်။ ညောင်ပင်ကျွတ်ထွက်သွားသောနေရာလောက်၌ ရွှေရောင်အလင်းတန်းများ ဖြာထွက်နေတာကို သူတို့သတိပြုမိကြသဖြင့် ထိုနေရာသို့ အပြေးသွားကြ၏။

ထိုအခါ ရွှေကလပ်ကြီးတစ်ခုပေါ်သို့ ရွှေငွေရတနာအမောက်အလျှံရှိနေသည်ကို တွေ့ရ၏။ ကလပ်၏အလယ်တည့်တည့်တွင်မူ ဖန်ပုလင်းတစ်လုံး ရှိနေသည်။

ရွှေကလပ်ကြီး၏ပတ်လည်၌ ရှေးဟောင်းအုတ်ချပ်ခဲအချို့ ရှိနေ၏။

သူတို့သည် ထိုမြင်ကွင်းအား ငေးငိုင်ကြည့်နေကြ၏။ ပထမဆုံး သတိဝင်လာသူက ပြည့်နိုင်မင်း ဖြစ်သည်။

"တွေ့ပြီ၊ ဒီပစ္စည်းတွေဟာ ကိုယ်တို့မောင်နှမ ငါးယောက် ဘုရားတည်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ စုဆောင်းဖွက်ထားခဲ့တဲ့ ရတနာတွေပဲ ချန်နီ"

မေငြိမ်းချမ်းက ခေါင်းတစ်ချက်ညိတ်ပြီး –

"ဟို ... ဖန်ပုလင်းလေးထဲက ဘာတွေလဲဟင်"





ထိုအခါမှ အောင်သူက ရတနာများကြားရှိ ဖန်ပုလင်းလေးကို သတိပြုမိသွားသည်။

"ဟုတ်ပါရဲ့၊ ပုလင်းထဲမှာ ရေတွေနဲ့၊ အထဲမှာ ပဲနောက်စေ့လိုလို အဖြူရောင်အလုံးလေးတွေက ပါသေး၊ အဲဒါ ဘာလဲ နိုင်မင်း"

ပြည့်နိုင်မင်းက ညောင်ပင်၏အမြစ်ရင်းနံဘေး၌ ဒူးတုပ်ထိုင်ပြီး လက်အုပ်မိုးရင်း –

"ဒါ ရဟန္တာတစ်ပါးရဲ့ ဓာတ်တော်တွေပါ၊ အင်း ... ဒီဓာတ်တော်တွေကို ကိုယ်တို့မောင်နှမတွေ ဘယ်လိုရလာတယ်တော့ မမှတ်မိတော့ဘူး"

"ရဟန္တာရဲ့ဘွဲ့တော်ကိုကော မှတ်မိသေးလား"

မေငြိမ်းချမ်းက စိတ်ဝင်တစားဖြင့်မေး၏။ ပြည့်နိုင်မင်းက သူမကို လှမ်းကြည့်ရင်း ခေါင်းခါပြသည်။

"မမှတ်မိကြတော့ဘူး၊ ကဲ ... ဒါတွေထက် အရေးကြီးတာက ဒီပစ္စည်းတို့က ဒီက အမြန်သယ်ဖို့ပဲ၊ အောင်သူ ... မင်းလှေသေတ္တာလေးကို သွားယူကွာ"

"အေး အေး"

အောင်သူက တအံ့တသြဖြင့် ငေးငိုင်နေရာမှ လှည့်ထွက်လာပြီး လှေသေတ္တာလေး ဝှက်ထားခဲ့သည့်နေရာသို့ ပြန်ပြေးရ၏။ မြွေတွန်သံတွေက အရပ်လေးမျက်နှာမှ ထွက်ပေါ်နေသည်။ သို့သော် ယခုအချိန်တွင်တော့ သူ ကြောက်မနေတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ ကြုံတွေ့နေရသော အဖြစ်အပျက်အပေါ် အံ့ဩစိတ်က ကြီးမားစွာ ဖြစ်ပေါ်နေ၏။ သိပ္ပံနည်းပညာဖြင့် ဆက်စပ်တွေးခေါ် စဉ်းစားမရနိုင်သည့် ယခုအခြေအနေကို မယုံနိုင်အောင် ဖြစ်နေရ၏။ သို့သော် လက်မခံ၍တော့ မရတော့ပေ။ ဘာသာသာသနာနှင့် ဂမ္ဘီရနည်းပညာများဖြင့် ပေါင်းစပ်ပြီး အဖြေထုတ်ကာ လက်ခံလိုက်ရသည်။

''အင်း . . . ဒီကိစ္စမှာ ငါ ပါဝင်ခွင့်ရတာ ကံထူးလို့ပဲ ဝမ်းသာလိုက်တာ''

သူ ဇဝေဇဝါတွေးလေ၊ တအံ့တဩဖြင့် ကြည့်နူးလေလေ ဖြစ်နေ၏။ သူ ကြိုးချည်ထားသော လှေသေတ္တာလေးကို အလျင်အမြန်ယူပြီး ပြန်ပြေးလာ၏။ သူ့ခန္ဓာကိုယ်တစ်ခုလုံး အားအင်ပြည့်လျက် ပေါ့ပါးလန်းဆန်းနေသည်ကို သတိပြုမိလိုက်သည်။ စိတ်ဇောကြောင့် ဖြစ်ပေလိမ့်မည်။

သူသည် လှေသေတ္တာကို ပခုံးပေါ်ထမ်းရင်း ပြည့်နိုင်မင်းတို့ထံသို့ ပြန်ရောက်လာ၏။ လျင်မြန်သွက်လက်လွန်းသော သူ၏ လှုပ်ရှားမှုအပေါ် ပြည့်နိုင်မင်းပင် အံ့ဩယူရလေသည်။

''ဟာ အောင်သူ . . . မြန်လှချည်လားကွ၊ ငါတောင် မင်းနောက် အခုပဲလိုက်လာမလို့''

''ဒီလှေပေါ့ပေါ့လေးလောက်ကိုများကွာ၊ လာ . . . ပစ္စည်းတွေကို အသေအချာဂရုစိုက်ထည့်၊ နှစ်ချို့ညောင်ပင်ကြီးရဲ့ အမြစ်အောက်တည့်တည့်မှာ မပျက်မစီး ရှိနေနိုင်တာ အံ့ဩဖို့





ကောင်းတယ်နော်''

သူတို့သည် ပစ္စည်းများကို လှေထဲသို့ထည့်ပြီး အဖုံးပိတ်ကာ သော့ခတ်ပစ်လိုက်သည်။ ထို့နောက် ပြည့်နိုင်မင်းနှင့် အောင်သူတို့က လှေကိုတရိုတသေဖြင့် မပြီး ကျွန်းစပ်သို့ ပြန်လျှောက်လာသည်။ လှေသေတ္တာလေးကို ရေစပ်၌ ချထားလိုက်၏။

ယင်းနောက် စီးလှေကိုထုတ်ယူပြီး ရေထဲချကာ အသီးသီး တက်ထိုင်လိုက်ကြသည်။ ပြည့်နိုင်မင်းက ကျောက်စွယ်တစ်ခုမှာချည်ထားသော လှေကြိုးကို ရုပ်သိမ်းဟန်ပြင်နေစဉ် ရုတ်တရက် သာယာကြည်နူးဖွယ် ပလွေသံ ထွက်ပေါ်လာ၏။ ပလွေသံစဉ်မှာ အလွန်ငြိမ့်ညောင်းသာယာသဖြင့် စိတ်နူးညံ့ ပျော်ရွှင်အောင် ဖန်တီးနိုင်လေသည်။

''ဟင်''

''အို''

ပြည့်နိုင်မင်းနှင့် မငြိမ်းချမ်းတို့ လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ သူတို့သည် ကိုယ့်နားကိုကိုယ်ပြန်ပိတ်ထားကြ၏။ မျက်နှာများပေါ်၌ ထိတ်လန့်တုန်လှုပ်နေဟန်နှင့် စိတ်လှုပ်ရှားဟန်များ အထင်းသားပေါ်လွင်လာသည်။

သူတို့ကိုကြည့်ပြီး အောင်သူ အံ့ဩသွား၏။ စောစောက ကျွန်းပေါ်တွင် ဆူညံစွာထွက်ပေါ်နေခဲ့သော မြွေတွန်သံများ လုံးဝ



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ကွယ် . တိတ်ဆိတ်သွားတာကိုလည်း သတိပြုမိလိုက်သည်။

ထို့ကြောင့် သူ ယခုကြားနေရသော ပလွေသံမှာ ထူးခြားဆန်းကြယ်သော အစွမ်းသတ္တိတွေ ကိန်းဝပ်ပါဝင်နေမှန်းနားလည်လိုက်သည်။

"နိုင်မင်း ... မင်းတို့ ဘာဖြစ်နေတာလဲ"

ပြည့်နိုင်မင်းက မကြား။ သူက ကျွန်းပေါ်သို့ အလျှင်စလို ပြန်ခုန်တက်သွား၏။ မေငြိမ်းချမ်းကလည်း သူ့နောက်မှ လိုက်တက်၏။ ယင်းနောက် သူတို့သည် တစ်ယောက်လက်တစ်ယောက် ဆုပ်ကိုင်ရင်း မြက်ပင်များကြားသို့ ပြေးလွှားသွားကြလေသည်။

အောင်သူ ကြောင်အမ်းအမ်း ဖြစ်သွား၏။ နောက်မှ သတိဝင်လာပြီး ပလွေသံထွက်ပေးလာရာ ကမ်းဘက်သို့ လှမ်းကြည့်လိုက်သည်။ ကမ်းပေါ်၌ လူဆယ်ယောက်လောက် ရှိနေတာကို လရောင်ဖြင့် တွေ့မြင်လိုက်ရ၏။

ထိုလူများအနက် လူတစ်ယောက်က အလယ်မှာဘုကြီးပါသော ပလွေတစ်ချောင်းကို မှုတ်နေတာတွေ့ရသည်။ ထိုလူမှာ အိန္ဒိယလူမျိုးတစ်ဦးဖြစ်ပြီး ဘယ်လက်ပြတ်နေတာကိုပါ အောင်သူ သတိပြုမိလိုက်၏။

"ဒီလူဟာ မြွေအလမ္ပာယ်ဆရာတစ်ယောက် ဖြစ်လိမ့်မယ်၊ ပုံစံတွေကြည့်ရတာ ဘယ်နည်းနဲ့မှတော့ လူကောင်းတွေ





မဖြစ်နိုင်ဘူး။ အခုတလော ငါတို့နယ်မြေထဲမှာ သိုက်ဆရာယုတ်တွေ ခြေချင်းလိမ်နေတယ်လို့လည်းကြားတယ်၊ ကေန္တတော့ ဒီလူတွေဟာ နိုင်မင်းရဲ့ရတနာသိုက်ကို လိုချင်နေကြတာ ဖြစ်မယ်"

သူ ထိုသို့ တွေးမိသည်နှင့် ရင်ထိတ်သွား၏။ ကမ်းပေါ်က လူတွေကလည်း သူ့ကို မြင်သွားကြဟန်ဖြင့် လှုပ်လှုပ်ရှားရှား ဖြစ်နေကြသည်။

"ဒီသိုက်သမားတွေလက်ထဲ ဌာပနာမယ့်ပစ္စည်းတွေနဲ့ ဓာတ်တော်တွေ ရောက်သွားလို့မဖြစ်ဘူး။ နိုင်မင်းတို့ကလည်း ပလွေသံကြောင့် ယောက်ယက်ခတ်နေကြတယ်၊ ဒီတော့ ငါပဲ အဲဒါတွေကို ကာကွယ်စောင့်ရှောက်ရမှာပေါ့"

သူ အားငယ်ကြောက်ရွံ့စိတ်ကို ဖယ်ထုတ်ပြီး ဘယ်လိုဘယ်ပုံ လုပ်ရမယ်ဆိုတာကို စဉ်းစားရသည်။ လှေသေတ္တာလေးဘက် မျက်နှာမူပြီး လက်အုပ်ချီရင်း ဓာတ်တော်ကို စိတ်ကည်မှန်း၍ တိုင်တည်လိုက်၏။

"အရှင်မြတ်ဘုရား ... မြွေဝင်စားတွေဖြစ်တဲ့ ပြည့်နိုင်မင်းနဲ့ မေငြိမ်းချမ်းတို့ဟာ မြွေအလမ္ပာယ်ဆရာရဲ့ ပလွေသံကြောင့် ဒုက္ခရောက်နေပါတယ်၊ မေတ္တာကရုဏာထား၍ သာသနာအားစောင့်ရှောက်သောအားဖြင့် ဤသူယုတ်မာများအား တပည့်တော်အောင်သူ တိုက်ခိုက်ရာ၌ ထိရောက်လေအောင် စွမ်းအားများပေးသနားတော်မူကြပါ၊ ရေမြေတောတောင်စောင့်နတ်အပေါင်း



www.burmeseclassic.com

www.burmeseclassic.com



တို့ ကူညီကြပါ၊ ဥာပနာပစ္စည်းများ သူယုတ်မာတို့မရအောင် စောင့်ရှောက်ကြပါကုန်လော့''

သူ ယုံယုံကြည်ကြည် လေးလေးနက်နက်တိုင်တည်ရင်း ခွန်အားများ ပြည့်လာသလို စိတ်ကြွလာသလို ခံစားလာရသည်။ ရဲရင့်မှုတွေက သူ့ရင်ထဲ ဘယ်လိုဝင်လာမှန်းမသိ။ စိတ်ကူး ကောင်းတစ်ခုကလည်း ထွက်လာ၏။

''ငါ လှေသေတ္တာလေးကို အရင်ဖွက်တော့မှဖြစ်မယ်၊ မတော်တဆ ငါ တစ်စုံတစ်ရာဖြစ်သွားခဲ့ရင်တောင် ဒီလူတွေ အလွယ်တကူ မရစေရဘူး''

သူသည် ချက်ချင်းပင် လှေကြိုးကို ဓားဖြင့် ဖြတ်လိုက်၏။ ထို့နောက် လှေသေတ္တာကို ချည်ထားသည့် ကြိုးကိုလည်း ဆွဲဖြတ်ပစ်လိုက်သည်။ (၎င်းကြိုးမှာ ကမ်းပေါ်ရှိ ကျောက်ဆောင် တစ်ခုနှင့် လှေသေတ္တာတို့ကို တစ်ဖက်စီ ချည်နှောင်ဆက်သွယ် ထားသော ကြိုးရှည်ဖြစ်၏)

လှေကြိုးအချင်းချင်းကို ဆက်လိုက်၏။ ပြီးလျှင် လှော် တက်ကို ကောက်ကိုင်ကာ လှော်ခတ်လိုက်သည်။ ကျွန်းကိုပတ်၍ လှော်ခတ်သွားခြင်းဖြစ်၏။ သူ၏အကြံမှာ ကျွန်းအား အကာ အကွယ်ယူ၍ လှေသေတ္တာလေးကို တစ်ဖက်ကမ်းရှိ ချုံနွယ်ပိတ် ပေါင်းများ ထူထပ်ရှုပ်ထွေးနေသော ကမ်းပေါ်မှာ ဝှက်ထားလိုက် ရန် ဖြစ်သည်။

၎င်းကမ်းနှင့် ရေလယ်ကျွန်းမှာ ပို၍နီး၏။ သူသည်





ကျွန်းနောက်ဘက်ပိုင်းသို့ ရောက်လာသည်။ သူ ကျွန်းပေါ်သို့ လှမ်း၍ မေးကြည့်လိုက်သည်။

ထိုအခါ ကျွန်းပေါ်တွင် လှုပ်ရှားနေသောအရိပ်များကို တွေ့ရ၏။ ယောကျ်ားတစ်ယောက် မိန်းမတစ်ယောက်နှင့် သတ္တဝါ ကြီးလေးကောင်တို့၏ပုံရိပ်များကို လရောင်ဖြင့် သူ ထင်ထင် ရှားရှား မြင်လိုက်ရသည်။

ယောကျ်ားပုံရိပ်မှာ ပြည့်နိုင်မင်းဖြစ်ပြီး မိန်းမပုံရိပ်ပိုင်ရှင် မှာ မေငြိမ်းချမ်းဖြစ်သည်။ သတ္တဝါကြီးလေးကောင်မှာ အလွန် ကြီးမားလှပကြသော နှစ်ချို့မြွေကြီးများဖြစ်၏။

''ဟင်''

အောင်သူမှာ လူနှင့်မြွေများကို အတူတကွ တွေ့ရသဖြင့် အံ့သြငေးငိုင်သွား၏။

ထိုစဉ် ပြည့်နိုင်မင်းနှင့်မေငြိမ်းချမ်းတို့က လက်ယက်ခေါ် လေ၏။ အောင်သူ သတိဝင်လာပြီး လှေကို ကျွန်းဘေးသို့ ကပ်လိုက်သည်။

ပြည့်နိုင်မင်းနှင့် မေငြိမ်းချမ်းတို့က လှေပေါ်တက်လာကြ ၏။ လှေမှာ ဘယ်ညာလူးလွန့်သွားသဖြင့် အောင်သူ သတိကြီး စွာဖြင့် ထိန်းလိုက်ရသည်။

ယင်းအချိန်တွင် မြွေကြီးလေးကောင်က ကမ်းစပ်သို့ ရောက်လာကြ၏။ သူတို့၏ပါးစပ်တွေမှာ အနီရောင် သစ်မြစ် တစ်ခုစီ ကိုက်ခဲထားသည်ကို အံ့သြထူးဆန်းဖွယ် တွေ့မြင်



www.burmeseclassic.com

www.burmeseclassic.com



ရသည်။ သူတို့သည် ရေထဲသို့ လျှောဆင်းသွားကြ၏။ ရေလှုပ်ရှားသံတွေ ဆူညံစွာ ထွက်ပေါ်လာ၏။

အောင်သူက တအံ့တသြဖြင့် မြွေတွေအကြောင်းမေးရန် ပြည့်နိုင်မင်းနှင့်မငြိမ်းချမ်းတို့ကို လှမ်းကြည့်လိုက်သောအခါ သူ၏ အံ့သြမှုအတိုင်းအတာမှာ ပို၍မြင့်တက်သွားရသည်။

ပြည့်နိုင်မင်းနှင့် မငြိမ်းချမ်းတို့သည် ရေထဲဆင်းသွားသော မြွေကြီးလေးကောင်ကဲ့သို့ပင် အနီရောင်ဆေးမြစ်ကိုယ်စီ ကိုက်ခဲထားကြသည် မဟုတ်ပါလား။

ထိုအနီရောင်ဆေးမြစ်မှာ မြွေအလမ္ပာယ်ဆရာ၏ ညှို့ယူဖမ်းစားနိုင်စွမ်းရှိသော ပလွေသံစဉ်ကို အန်တုနားဆင်နိုင်စွမ်းရှိမှာကို အောင်သူ ခန့်မှန်းသိရှိလိုက်သည်။ သူ ဘာလိုမေးမေး သူတို့ ဖြေပေးနိုင်ကြမှာ မဟုတ်တာကတော့ သေချာလေ၏။ ထို့ကြောင့် သူ လေဦးကို ရှေ့သို့ ပြန်လှည့်နိုင်အောင်သာ ကြိုးပမ်းရသည်။

ပြည့်နိုင်မင်းက လှော်တက်ကိုကောက်ယူပြီး သူ့ကို ကူညီ၏။ ပလွေသံစဉ် တစထက်တစ တိုး၍ ကျယ်လောင်လာသလို နားဆင်သူတွေကို စိတ်ပျော်ရွှင် တက်ကြွအောင် ဖန်တီးနိုင်သည့်စွမ်းအားက ပို၍ မြင့်တက်လာသည်။

အောင်သူပင် ပလွေသံစဉ်ထဲ မျောသွားမိ၏။ သူ ပလွေသံကို အာရုံစိုက်နားထောင်နေမိ၏။ ပြည့်နိုင်မင်းက သူ့ကို လှော်တက်ဖြင့် လှမ်းတို့ပြီး မေးဆတ်သတိပေးမှ သတိဝင်လာပြီး





အားသွန်ခွန်စိုက် လှော်ဟန်ပြင်လိုက်သည်။ ထိုစဉ် –

'ဗွမ်း ဗွမ်း ဗွမ်း'

ရေသံတွေနှင့်အတူ သူတို့လှေရှေ့သို့ သစ်လုံးကြီး တစ်လုံးက ကန့်လန့်ဖြတ်ပိတ်၍ ရောက်ရှိလာသည်။

၎င်းသစ်လုံးပေါ်၌ လူခြောက်ယောက်ပါလာ၏။ ထိုလူများမှာ သိုက်ဆရာဦးမင်းဒင်၏ တပည့်လေးယောက်နှင့် မြွေအလမ္ပာယ်ဆရာကိုဘင်၏တပည့်နှစ်ယောက် ဖြစ်သည်။ သူတို့သည် သစ်ကိုင်းဖြင့် လှော်ခတ်သူကလှော်၊ ခြေဖြင့်ခတ်သူကခတ်၊ လက်ဖြင့်ယက်သူကယက်နှင့် သစ်လုံးကို လှေသဖွယ်ကျွမ်းကျင်စွာ အသုံးချလျက် အောင်သူတို့ထံ အမီလိုက်လာကြခြင်း ဖြစ်၏။

"ဟော့ မသေချင်ရင် လှေရပ်လိုက်စမ်း"

သူတို့က ခါးပေါ်က ဓားတွေကို ဆွဲထုတ်ပြီး ရှေ့သို့ ဆန့်ထုတ်ထားလိုက်ကြ၏။

အောင်သူနှင့်ပြည့်နိုင်မင်းတို့က လှေပေါ်က သံဆူးကြိုးနှစ်ခုကို ဘယ်တစ်ခု ညာတစ်ခုပစ်ချပြီး လှေကို ကမန်းကတန်း ရပ်ပစ်လိုက်ရသည်။

ထိုသို့မှမရပ်လျှင် လှေဦးမှာရှိနေသော အောင်သူ့ခန္ဓာကိုယ်ပေါ်မှာ ဓားတွေ တန်းစီစိုက်သွားမှာ ဖြစ်သလို လှေသည်း သစ်လုံးနှင့်တိုက်မိပြီး ပျက်စီးသွားနိုင်သည် မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



သစ်လုံးပေါ်က လူခြောက်ယောက်အနက် နှစ်ယောက်က ရေထဲဆင်းပြီး သစ်လုံးကို တစ်ဖက်တစ်ချက်မှ ထိန်းပေးထားကြသည်။ ထိုလူနှစ်ယောက်မှာ ဗလတောင့်သည့်အပြင် ရေကူးကျွမ်းကျင်ပုံရသည်။ သစ်လုံးမှာ ရေပေါ်၌ တည်ငြိမ်စွာ ရပ်တန့်သွားပေပြီ။

"ဟေ့ . . . ဒီကောင်တွေ လှေနောက်က အဖုံးပါတဲ့လှေက စိတ်ဝင်စားစရာပဲ၊ ဆရာကြီးထင်တာ မှန်နေပြီဟေ့"

တစ်ယောက်က ဝမ်းသာအားရဖြင့် အော်ပြောလိုက်လျှင် အားလုံးမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ ဂိုဘင်၏ မွေးစားသားနှစ်ယောက်အနက် အငယ်ဖြစ်သူ သူရဆိုလျှင် မျက်လုံးအရောင်တွေ တဖျတ်ဖျတ်လက်သွား၏။

သူရက ဓားရှည်ကို အောင်သူထံချိန်ရွယ်ရင်း မျက်နှာထားတင်းတင်းဖြင့် အော်ဟစ်အမိန့်ပေးလေသည်။

"ဟေ့ကောင် . . . မင်းတို့နောက်က လှေကို ကြိုးဖြတ်ပြီး ဒီဘက်ကို လွှတ်လိုက်စမ်း၊ မဟုတ်ရင် မင်းတစ်ကိုယ်လုံး အပိုင်းပိုင်းအတစ်တစ်ဖြစ်အောင် လုပ်ပစ်လိုက်မယ်"

သူ ခြိမ်းခြောက်စကားဆိုနေစဉ်မှာပင် ရုတ်တရက် သစ်လုံးကိုထိန်းထားသော ဗလတောင့်တောင့် လူသန်ကြီး နှစ်ယောက်မှာ ထိတ်လန့်တုန်လှုပ်စွာဖြင့် အော်ဟစ်ကြလေသည်။

"ဟာ . . . အောက်မှာ ငါ့ခြေထောက်ကို လာပတ်တာ ဘာကောင်လဲမသိဘူး၊ လုပ်ကြပါဦး"





"အမယ်လေး . . . ငါ့ရဲ့ခါးကိုလည်း လိုက်ပတ်နေပြီ ရေဘဝဲကြီးများ ရှိသလားမသိဘူး . . . ကယ်ကြပါဦး"

သူတို့၏အော်သံကြောင့် အားလုံးမှာ ထိတ်လန့်တုန်လှုပ်သွားကြသည်။

လူသန်ကြီးနှစ်ယောက်သည် သစ်လုံးကိုဖက်တွယ်ရင်း အပေါ်သို့တက်ရန် အထိတ်တလန့် ကျားကုတ်ကျားခဲ ကြိုးစားကြရလေပြီ။ သူတို့ကို ရေအောက်မှ အားကောင်းသော သတ္တဝါတစ်ကောင်ကောင် (သို့မဟုတ်) သတ္တဝါအများအပြားက အားကောင်းကောင်းဖြင့် ရေထဲသို့ ဆွဲချနေကြဟန်ရှိသည်။

"ဟေ့ . . . ငါတို့ ဒီနေရာက အမြန်ခွာကြရအောင်၊ အသက်အန္တရာယ်ရှိတယ်"

သူရက ရေထဲကို ဓားဖြင့် ထိုးမွှေနှောက်၍ အော်ပြောလိုက်သည်။ ထိုအခါ သစ်လုံးပေါ်ရှိ လူများသည် လူသန်ကြီးနှစ်ယောက်တို့၏ သစ်လုံးကို ဖက်တွယ်ထားသော လက်များကို ထုရိုက်၍ တစ်မျိုး၊ နင်း၍တစ်ဖုံ၊ ဓားဦးဖြင့် ဆွ၍တစ်မျိုး ဖယ်ရှားကြလေသည်။

"ငါတို့ကို ပစ်မထားပါနဲ့၊ ကယ်ပါ တောင်းပန်ပါတယ်"

"ဖရူး ဝူး ဝူး . . . နေကြပါဦး"

လူသန်ကြီးနှစ်ယောက်မှာ နာနာကျင်ကျင်အော်လိုက်၊ တောင်းပန်လိုက်၊ ရုန်းကန်လိုက်ဖြင့် ထိတ်လန့်ကြောက်ရွံ့နေကြသည်။ သူတို့၏ခန္ဓာကိုယ်များသည် ရေအောက်သို့ စုန်ဆုန်းမြုပ်



www.burmeseclassic.com

www.burmeseclassic.com



သွားလိုက်၊ အတင်းရုန်းကန်ရင်း ပြန်ပေါ်လာပြီး အော်ဟစ်အကူအညီတောင်းလိုက်ဖြင့် ပွက်လောရိုက်နေ၏။ နောက်ဆုံးတွင် သူတို့ လုံးဝ ပြန်မပေါ်လာတော့ချေ။

ထိုစဉ် သစ်လုံးကို လေသဖွယ်အသုံးပြုလော်ခတ်ရင်း ထွက်ပြေးရန် ကြိုးပမ်းနေကြသူလေးယောက်တို့ထံမှ စူးစူးရှရှ အော်သံတွေ ထွက်လာကြသည်။ သစ်လုံးမှာ ရေထဲသို့ နစ်မြုပ်သွား၏။

လူလေးယောက်မှာ ထိတ်လန့်တုန်လှုပ်စွာ အော်ဟစ်အကူအညီတောင်းရင်း ကူးခတ်ကြသည်။

''ဟေ ကျွန်းဆီကို ကူးဟေ့၊ အမယ်လေး . . . မြွေမြွေ . . . ရောမမြွေကြီး''

''မြွေ မဟုတ်ဘူး နဂါးကြီး။ ခွင့်လွှတ်ပေးကြပါ၊ နောက်မလုပ်တော့ပါဘူး''

'ဖလူး ပူး'

'ဝုန်း'

ထိုလူလေးယောက်မှာလည်း ရေထဲမှ ထိုးထွက်လာသော မြွေများ၏ ရစ်ပတ်ချုပ်နှောင်၍ ရေထဲသို့ ဆွဲနှစ်ခြင်းမှ လွတ်မြောက်အောင် ရုန်းကန်ကြရတော့သည်။ ကန်ရေပြင်မှ တဝုန်းဝုန်းဖြင့် ပြင်းပြင်းထန်ထန် လှုပ်ရှားနေသည်။ ပလွေသံကိုပင် ရင်းအသံများက ဖုံးလွှမ်းသွားပေပြီ။

အောင်သူမှာ ဆေးမြစ်နီကိုက်ထားသော မြွေများနှင့်



လူသားတို့၏ ရေထဲတိုက်ပွဲဝင်နေပုံကို တအံ့တသြဖြင့် ငေးငိုင်ကြည့်နေသည်။

ပြည့်နိုင်မင်းနှင့် မေငြိမ်းချမ်းတို့က ကျောက်ဆူးကြိုးများကို အလျင်အမြန် ပြန်ရုပ်သိမ်းရသည်။ ဤသို့မှု မလုပ်လျှင် ပြင်းပြင်းထန်ထန် လှုပ်ရှားလူးလွန့်နေသော ကန်ရေပြင်ပေါ်တွင် လှေမှာ အလိုက်သင့် မရပ်တည်နိုင်ဘဲ တစ်ဖက်ဖက်သို့ စောင်းကာ နစ်မြုပ်သွားမည် မဟုတ်ပါလော။

သူတို့အားလုံး ကိုယ့်အာရုံနှင့်ကိုယ် အလုပ်ရှုပ်နေကြစဉ် စီးလှေနှင့် လှေသေတ္တာငယ်ကို ချည်နှောင်ထားသော ကြိုးမှာ အလိုအလျောက် ပြည်သွား၏။ ခတ်တော်နှင့် ဥပနာပစ္စည်းများ ရှိနေသော လှေသေတ္တာလေးမှာ တိတ်ဆိတ်စွာပင် ရွေ့လျားသွားသည်။

ယင်းအချိန်တွင် သိုက်သမားများအနက် နှစ်ယောက်မှာ ချုံနွယ်များ ပိတ်ဖုံးနေသော ကမ်းပေါ်သို့ ပြေးတက်လွတ်မြောက်သွားကြသည်။ ကျန်နှစ်ယောက်ကတော့ ရေအောက်သချိုင်း၌ စံမြန်းသွားကြပြီထင်သည်။

မြွေကြီးများကလည်း လုံးဝ ပေါ်မလာပေ။ ကန်ရေပြင်က တစထက်တစ ငြိမ်သက်သွားသည်။ ပလွေသံကလည်း ပျောက်ကွယ်သွားပေပြီ။

အောင်သူ သတိဝင်လာပြီး ပြည့်နိုင်မင်းနှင့် မေငြိမ်းချမ်းတို့ကို လှည့်ကြည့်လိုက်သည်။ ပြည့်နိုင်မင်းနှင့် မေငြိမ်းချမ်းတို့

www.burmeseclassic.com

www.burmeseclassic.com



သည် ဆေးမြစ်နီများကိုက်ရင်း ငြိမ်သက်နေကြဆဲ။

❑

ကိုဘင်မှာ စိတ်လှုပ်ရှားလွန်း၍ ပလွေပင် မမှုတ်နိုင်တော့ပေ။ မသဲမကွဲ ကြားနေရသောအသံများကို နားစိုက်ထောင်နေသည်။

ငြိမ်သက်နေခဲ့သော ရေပြင်ပေါ်သို့ လှိုင်းဂယက်များကို ကြည့်ရင်း လှုပ်လှုပ်ရွရွ ဖြစ်နေ၏။

ဦးမင်းဒင်ကတော့ နတ်လက်ညှိုးဟု သူအမည်ပေး စီရင်ထားသော ကျာပွတ်နက်ကိုကြည့်ရင်း ပြုံးနေသည်။ သူ၏ ကျာပွတ်နက်မှာ တုတ်တစ်ချောင်းပမာ တောင့်တင်းလျက် ကျွန်းလေးသို့ ညွှန်ပြနေသည် မဟုတ်ပါလော။

ထိုစဉ် သူ့နံဘေးသို့ ကိုဘင်ရောက်လာ၏။

''သူတို့တစ်တွေ အခုထိ ပြန်မလာကြသေးဘူး၊ အခြေအနေမှ ကောင်းရဲ့လားပဲ၊ ဘာသံမှလည်း မကြားရတော့ဘူး''

''စိတ်မပူပါနဲ့အစ်ကိုကြီးရယ်၊ ကျွန်တော်တို့ လူခြောက်ယောက်ကို သူတို့ ဘယ်လိုမှ မယှဉ်နိုင်ပါဘူး၊ စိတ်အေးအေးနဲ့သာ စောင့်နေပေတော့၊ ဒီမှာ ကျွန်တော့်ကျာပွတ်နက်က ရတနာပစ္စည်းတွေရှိမယ့်နေရာကို ပြနေပြီ၊ ဒီတစ်ချီတော့ မလွဲနိုင်တော့ဘူး''





''မဟုတ်သေးဘူး မင်းဒင်၊ ငါ့စိတ်ထဲ တစ်မျိုးကြီးပဲကွာ''

မင်းဒင်က ကျာပွတ်ကို သူ၏တပည့် ဝေဠုကိုပေးပြီး ကိုဘင်ကို စေ့စေ့ကြည့်လိုက်၏။

''ဘယ်လိုတစ်မျိုးကြီးလဲ ... ပြောပါဦးဗျာ''

ကိုဘင် မျက်နှာတည်သွားသည်။

''ဒီပတ်ဝန်းကျင်တစ်ဝိုက်မှာ မြွေတစ်ကောင်ထက်မနည်း ရှိတယ်ဆိုတာ ငါသိနေတယ်၊ မြွေတွန်သံတွေကိုလည်း ငါ ကြားနေရတယ်၊ ဒါပေမဲ့ ငါ သူတို့ကို ညှို့ခေါ်လို့မရဘူး၊ ဒါကြောင့် ဒီမြွေတွေဟာ ရိုးရိုးသာမန်မြွေတွေတော့ မဖြစ်တန်ဘူး၊ ငါ့အထင် ဒီမှာ ရတနာသိုက်နဲ့အတူ နတ်မြွေတွေပါ ရှိနေလိမ့်မယ်''

''လာပြန်ပြီလား နတ်မြွေ၊ အစ်ကိုကြီးပါးစပ်က ဒီနတ်မြွေဆိုတဲ့ စကားလုံးကိုပဲ ကြားနေရတယ်၊ အဲဒီနတ်မြွေက ဘယ်လောက်စွမ်းလို့လဲ၊ ကျွန်တော်က သိပ်တွေ့ချင်နေပြီ''

''မင်းက ကိုယ်တွေ့မကြုံဖူးတော့ ဒီလိုပဲ ပြောနေဦးမှာပေါ့၊ မင်းကိုယ်တိုင်ကြုံတဲ့အခါမှ သိမယ်''

ဦးမင်းဒင်က ဂရုမစိုက်ဟန်ဖြင့် ပခုံးများကိုတွန့်ပြီး တစ်ဖက်သို့ လှည့်သွား၏။ ထိုစဉ် သူ၏တပည့်ဖြစ်သူ ဝေဠုထံမှ အော်သံထွက်လာသည်။

''ဟာ ဆရာကြီး .. ဒီမှာ ဆရာကြီးရဲ့ နတ်လက်ညှိုးက



www.burmeseclassic.com

www.burmeseclassic.com



အတင်းလှုပ်နေပြီ''

''ပေးစမ်း''

သူ၏ကျာပွတ်နက်အဖျားသည် ရေပြင်ပေါ်သို့ ဦးတည်ထားရင်း တဖျပ်ဖျပ် လွန့်လူးနေသည်။ ထိုနေရာ၌ လှေသေတ္တာလေးတစ်စီး နေးကွေးစွာ လှုပ်ရှားနေတာကို တွေ့ရ၏။

''ငါ့ကျာပွတ်ကတော့ အဲဒီလှေထဲမှာ ရတနာတွေရှိနေတယ်ဆိုပြီး ပြနေတယ်ဟေ့၊ အဲဒီလှေကို ဆယ်ဖို့လုပ်ကြဦး''

သူ၏စကားအဆုံးမှာပင် သီဟသည် ရေထဲသို့ ချက်ချင်းပြေးဆင်းကာ လှေသေတ္တာလေးထဲသို့ ကူးခတ်သွားသည်။

မင်းဒင်က ပျာပျာသလဲဖြင့် ဝေဠုလက်ထဲက သူ၏ကျာပွတ်ကို ပြန်ယူလိုက်သည်။

''ဝေဠု ... သွား သီဟကို သွားကူညီလိုက်စမ်း''

ဝေဠုက ရေထဲသို့ ကပျာကယာပင် ပြေးဆင်းသွား၏။ သူနှင့်သီဟတို့သည် လှေသေတ္တာလေးသို့ အလုအယက် ကူးခတ်သွားကြသည်။ သူတို့၏လှုပ်ရှားမှု ရေပြင်မှာ လှိုင်းကယက်တွေပေါ်လာ၏။ လှိုင်းကယက်တွေ၏ ရိုက်ခတ်မှုကြောင့် လှေသေတ္တာလေးမှာ နောက်သို့ ပြန်ရွေ့နေသည်။ သူတို့ ကြိုးစားပမ်းစား ကူးခတ်နေကြသော်လည်း လှေသေတ္တာနှင့်က လက်ကမ်း၍ မမီနိုင်သော အကွာအဝေး၌သာ ရှိနေဆဲ။

ထိုမြင်ကွင်းကိုကြည့်ရင်း ဘားနက်တစ်ယောက် အားမလို အားမရဖြစ်လာ၏။





''ဒယ်ဒီ ... ကျွန်တော်သွားမှဖြစ်တော့မယ် ထင်တယ်''

ဂိုဘင်က ချက်ချင်းပင် ခေါင်းညိတ်လိုက်သည်။

''ဟုတ်တယ်သား''

ဘားနက်က ရေထဲသို့ခုန်ဆင်းပြီး ကျွမ်းကျွမ်းကျင်ကျင် ကူးခတ်သွား၏။ ကူးရင်းက အော်ပြောသေး၏။

''ဟေ့ကောင်တွေ ... မင်းတို့ဖယ်စမ်း''

သီဟနှင့်ဝေဠုတို့ ဘေးနှစ်ဖက်သို့ လူချင်းခွဲ၍ ဖယ်ပေးလိုက်သည်။ ဘားနက်က လှေသေတ္တာလေးကို လက်ဖြင့် ဖက်တွယ်လိုက်နိုင်ပါပြီ။

ထိုအခါ လှေသေတ္တာလေးမှာ အားကောင်းကောင်းဖြင့် အလိုအလျောက် လှုပ်ခါလာ၏။ ဘားနက်၏ လက်ထဲမှ လွတ်မြောက်ရန် ကြိုးပမ်းနေပုံရသည်။ ဘားနက် တအံ့တသြဖြင့် လှေသေတ္တာလေးကို တင်းတင်းကျပ်ကျပ် ဖက်တွယ်ရင်း လှမ်းအော်ပြောရ၏။

''ထူးဆန်းတယ်ဗျို့၊ ဒီမှာ လှေသေတ္တာလေးက အတင်းရုန်းနေတယ်၊ လာကူကြဦး''

သီဟနှင့် ဝေဠုတို့က ဘားနက်အားကူညီ၍ လှေသေတ္တာလေးကို ထိန်းပေးထားကြသည်။ လှေသေတ္တာလေး ငြိမ်သွားတော့မှ ဘားနက်က ဓားမြှောင်တိုဖြင့် အဖုံးကို ထိုးစိုက်ပြီး လှုပ်ယမ်းခြင်းဖြင့် အပေါက်တစ်ခု ပြုလုပ်လိုက်၏။ သူ ဓား



www.burmeseclassic.com

www.burmeseclassic.com



မြှောင်ကို ဖယ်လိုက်သည်နှင့် အတွင်းမှ ရွှေရောင်အလင်းတန်းများ ထိုးထွက်လာသည်။

သူတို့ အတွင်းသို့ ငုံ့ကြည့်လိုက်ကြ၏။ ရတနာပစ္စည်းတွေကို မြင်သည်နှင့် ဝမ်းသာအားရဖြင့် တစ်ယောက်တစ်ပေါက် အော်ဟစ်ကြလေသည်။

''အားပါးပါး . . . ရွှေတွေ ရွှေတွေ အများကြီးပဲ''

''ငါတို့တစ်တွေ သူဌေးဖြစ်ပြီဟေ့''

''ဟေး . . . တွေ့ပြီကွ''

ထိုအခြင်းအရာကို ကမ်းပေါ်ရှိ ဦးမင်းဒင်နှင့် ဂိုဘင်တို့ ကြည့်ရင်း လှုပ်လှုပ်ရွရွ ဖြစ်နေ၏။ လှေသေတ္တာထဲမှ ထွက်နေသော ရွှေရောင်အလင်းတန်းကို လောဘအရောင်များဖြင့် ပြောင်လက်နေကြသည့် မျက်လုံးတို့ဖြင့် လှမ်းကြည့်ရင်း စိတ်လှုပ်ရှားနေကြသည်။

''ဟေ့ကောင်တွေ . . . ဒီကို အမြန်ယူလာခဲ့လေကွာ''

ဂိုဘင်က အော်ပြောနေစဉ် မင်းဒင်က ကျာပွတ်နက်ကို ပစ်ချပြီး ရေထဲသို့ ပြေးဆင်းသွား၏။ ဂိုဘင် ပို၍ ယောက်ယက်ခတ်သွား၏။ သူ ရေစပ်သို့ဆင်းပြီး ကျန်ရှိသော လက်တစ်ဖက်နှင့် ခြေတို့ဖြင့်ပင် ကူးခတ်၍ ရမရကို ချင့်ချိန်နေသည်။

ထိုစဉ် ရုတ်တရက် –

'ဗွမ်း'

'ဝှီး'





'ဖတ်'

ရေပြင်ကိုခွဲကာ ထွက်လာသော မြွေကြီးက ဂိုဘင်ကို အမြီးဖြင့် ရိုက်ချလိုက်၏။ ဂိုဘင်၏ခန္ဓာကိုယ်ကြီးမှာ အပေါ်သို့ မြောက်တက်သွား၏။ သူ အလွန်အမင်း ထိတ်လန့်တုန်လှုပ်သွား၏။ ထိတ်လန့်တုန်လှုပ်စွာဖြင့် ရူးရူးဝါးဝါး အော်နေသောဂိုဘင်မှာ ရေနက်ပိုင်းကို ပြုတ်ကျသွားသည်။

'ဝုန်း'

ဂိုဘင်၏ခန္ဓာကိုယ်သည် အေးစိမ့်နေသော ရေအောက်သို့ နစ်မြုပ်သွား၏။ သူ အသက်အောင့်ပြီး လက်တစ်ဖက်နှင့် ခြေများကို လှုပ်ခတ်ရင်းပင် ကန်၏အောက်မြေပြင်သို့ ရောက်လာသည်။ သူ အောက်ခြေကို ခြေနှစ်ဖက်ဖြင့် ဆောင့်ကန်ပြီး ကိုယ်ကို မြှောက်ထားလိုက်၏။ သူ၏ခန္ဓာကိုယ်မှာ အပေါ်သို့ ပြန်ထိုးတက်လာသည်။

ရုတ်တရက် မြွေကြီးတစ်ကောင်က အပေါ်သို့ထိုးထောင်နေသော သူ၏ခန္ဓာကိုယ်ကို တစ်ပတ်ပြီးတစ်ပတ် ရစ်ပတ်ထားတားကာ ဖျစ်ညှစ်ရင်း အောက်သို့ ပြန်လည်ဆွဲချသွားသည်။

ဂိုဘင်က ထိတ်လန့်တုန်လှုပ်စွာဖြင့် အော်လိုက်ရာ သူ၏ပါးစပ်တွင်းသို့ ရေများ အလုံးအရင်းနှင့် ဝင်လာသည်။ သူ ရှုန်းကန်ရင်း ရှုန်းကန်ရင်းဖြင့် နောက်ဆုံး၌ လုံးဝ ငြိမ်သက်သွား၏။

အလားတူပင် မင်းဒင်၊ ဘားနက်နှင့် ဝေလှေတို့သည်



www.burmeseclassic.com

www.burmeseclassic.com



မြေကြီးများ၏ တိုက်ခိုက်ခြင်းကို ခံရပြီး အသံပင်မထွက်နိုင်ဘဲ သေဆုံးသွားကြရသည်။

ကန်ရေပြင်မှာ တဖြည်းဖြည်း ပြန်လည်ငြိမ်သက်လာ၏။ ရွှေရောင်အလင်းတန်းထွက်ပေါ်နေသော လှေသေတ္တာလေးမှာ ရေပြင်ပေါ်မှာ တလှုပ်လှုပ်ဖြင့် ရွေ့လျားနေဆဲ။

လှေသေတ္တာလေးနံဘေးသို့ လှေငယ်တစ်စီး ချဉ်းကပ်ရောက်ရှိလာ၏။ ပြည့်နိုင်မင်း၊ မေငြိမ်းချမ်းနှင့်အောင်သူတို့ စီးနင်းလာသော လှေဖြစ်၏။

ပြည့်နိုင်မင်းနှင့် မေငြိမ်းချမ်းတို့၏မျက်နှာများမှာ ပြုံးရွှင်နေကြ၏။ သူတို့၏ မျက်လုံးများ၌ ထီးတော်အသစ်များဖြင့် တင့်တယ် သပ္ပာယ်နေကြသည့် အေးချမ်းသာယာစေတီ၊ မြရတနာစေတီနှင့် လွှမ်းစေတီတော်၏ပုံတော်များ ထင်ဟပ်နေလျက်။

စာဖတ်သူများ၏ မေတ္တာကိုခံယူတဲ့

မင်းစက္က

BURMESE CLASSIC



www.burmeseclassic.com